www.burmeseclassic.com

# နတ်သျှင်နောင်
# ရတုပေါင်းချုပ်



ဟံသာဝတီ

www.burmeseclassic.com

www.burmeseclassic.com

နတ်သျှင်နောင်ရတုပေါင်းချုပ်
ပုံနှိပ်ခြင်း

ပထမအကြိမ် ၁၉၂၀-ခု၊
ဒုတိယအကြိမ် ၁၉၂၈-ခု၊
တတိယအကြိမ် ၁၉၆၆-ခု၊ ဧပြီလ
စတုတ္ထအကြိမ် ၁၉၆၆-ခု ဇူလိုင်လ

Made and Printed in the Union of Burma
by the Hanthawaddy Press, Rangoon.

★

ရန်ကုန်မြို့ အမှတ် ၅၃-နတ်မောက်လမ်းသွယ်ရှိ၊ ဟံသာဝတီပုံနှိပ်တိုက်တွင် (မှတ်ပုံတင်အမှတ် ၀၀၀၃-၀၀၀၄) ဦးဇော်ဝင်းက ပုံနှိပ်ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


ဦးရေ အကြောင်းအရာ စာမျက်နှာ

* နိဒါန်း

၁။ မုဋ္ဌောဘုရားတိုင်-မယ်ဘွဲ့ရတု ... ၅
(ပ) တသောင်းရှစ်ပြန်
(ဒု) မပျောင်းရစ်ဟန်
(တ) ခပေါင်းမြစ်ဝှန်...ချီ

၂။ ကျောက်ဆောက်ဘုရားတိုင်-မယ်ဘွဲ့ရတု ... ၇
(ပ) တသောင်းရှစ်မည်
(ဒု) မပျောင်းရစ်တည်
(တ) ခပေါင်းမြစ်လည်...ချီ

၃။ ကျောက်ဆောက်ဘုရားတိုင်-မယ်ဘွဲ့ရတု ... ၉
(ပ) လွတ်ဦးသဘင်
(ဒု) ပြတ်မူးအကြင်
(တ) ညွတ်နူးမရှင်...ချီ

၄။ သကျမုနိဘုရားတိုင်-မောင်ဘွဲ့ရတု ... ၁၀
(ပ) သကျမုနိ
(ဒု) ဖက်မျှရည်တူ
(ဘ) မြွက်ဟသည်မှူ...ချီ

၅။ သကျမုနိဘုရားတိုင်-မောင်ဘွဲ့ရတု ... ၁၂
(ပ) မကြောက်ခြည်မြူ
(ဒု) မလျောက်သည်မှု
(တ) မထောက်ရည်တူ...ချီ

၆။ သစ္စာတိုင်-မယ်ဘွဲ့ရတု ... ၁၃
(ပ) ရှစ်ဆိုင်ရွက်ကြာ
(ဒု) နှစ်ပြိုင်ဘက်ရှာ
(တ) ချစ်ပိုင်ဆက်ရာ...ချီ


www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| ဦးစရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | သစ္စာတိုင်-မယ်ဘွဲ့ရတု ··· | ၁၄ |
| | (ပ) ဖြူညွန့်ရွက်ဆိုင် | |
| | (ဒု) တူခန့်ဘက်ပြိုင် | |
| | (တ) ယှုသွန့်ဆက်ပိုင်···ချီ | |
| ၈။ | မြသိတင်ဘုရားတိုင်-မယ်ဘွဲ့ရတု ··· | ၁၆ |
| | (ပ) မနှီးရုံလည် | |
| | (ဒု) တသီးလျှံခြည် | |
| | (တ) အပြီးကြံစည်···ချီ | |
| ၉။ | စွန်းတောင်ဘုရားတိုင်-မယ်ဘွဲ့ရတု ··· | ၁၇ |
| | (ပ) နေလရစ်လည် | |
| | (ဒု) ဝေမျှချစ်ရည် | |
| | (တ) စွေစထစ်မြည်···ချီ | |
| ၁၀။ | စစ်ချီပူပုံ-မယ်ဘွဲ့ရတု ··· | ၁၉ |
| | (ပ) မှာခဲ့ရက်လျှင် | |
| | (ဒု) ဖြာနွဲ့ခက်ရှင် | |
| | (တ) ပြာလဲ့ညက်စင်···ချီ | |
| ၁၁။ | စစ်ချီ-မယ်ဘွဲ့ရတု ··· | ၂၀ |
| | (ပ) ပေါ်နွေလလျှင် | |
| | (ဒု) မြော်ချေကလျှင် | |
| | (တ) ဖျော်ဖြေမှလျှင်···ချီ | |
| ၁၂။ | ရွှေမော်တောဘုရားတိုင်-မယ်ဘွဲ့ရတု ··· | ၂ |
| | (ပ) ခေါင်ထွတ်ဆက်ကာ | |
| | (ဒု) ရောင်လွှတ်စက်ဝါ | |
| | (တ) ရောင်မွတ်ညက်ပြာ···ချီ | |
| ၁၃။ | နွေရာသီ-မယ်ဘွဲ့ရတု ··· | ၂၄ |
| | (ပ) ဖန်စကြာလျှင် | |


www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


ဦးရေ　အကြောင်းအရာ　စာမျက်နှာ

(ဒု) ချန်ရက်ကြာတင်
(တ) မြိန်သက်ရာဝင်…ချီ

၁၄။ မြသီတင်ဘုရားတိုင်-မယ်ဘွဲ့ရတု … ၂၅
(ပ) သမုဒ်ရော
(ဒု) ကမုတ်ရွှေကြာ
(တ) တမုတ်ပြေဝါ…ချီ

၁၅။ မြသီတင်ဘုရားတိုင်-မိုးတောမောင်ဘွဲ့ရတု ၂၇
(ပ) လွှမ်းလှရာတွင်
(ဒု) ရွှမ်းကျရွှာစင်
(တ) နွှမ်းလျကြာတင်…ချီ

၁၆။ မိုးတော-မယ်ဘွဲ့ရတု … ၂၀
(ပ) ဆွတ်ပျံ့ဘွယ်အောင်
(ဒု) ပတ်ခြံ့ကွယ်မှောင်
(တ) မှတ်ငံ့ရွှယ်စောင်…ချီ

၁၇။ မိုးတော-မောင်ဘွဲ့ရတု …. ၃၀
(ပ) နွှေနှောင်းရက်လျှင်
(ဒု) လေညှောင်းရွက်ဆင်
(တ) ခွေပျောင်းလျက်ပင်…ချီ

၁၈။ ကျိုက်ကိုဘုရားတိုင်-မယ်ဘွဲ့ရတု … ၃၁
(ပ) မွှန်းချက်အထွေ
(ဒု) ထွန်းစက်သရေ
(တ) မြိန်းရွက်မကြွေ…ချီ

၁၉။ မြတ်စောညီနောင်ဘုရားတိုင်-မောင်ဘွဲ့ရတု … ၃၂
(ပ) တဆဲ့နှစ်ခွေ
(ဒု) မဖွဲ့ချစ်နေ
(တ) အလဲ့ရစ်ဖြေ…ချီ


www.burmeseclassic.com

www.burmeseclassic.com



| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၀။ | မိုးတော-မယ်ဘွဲ့ရတု | ... ၃၄ |
| | (ပ) တဆယ့်နှစ်ခွင် | |
| | (ဒု) အလယ့်ရစ်ထင် | |
| | (တ) မဖွယ့်ချစ်ခင်...ချီ | |
| ၂၁။ | စစ်ချီစာပြိုင်အလိုက်ရတု | ... ၃၆ |
| | (ပ) အောက်မေ့ချေချေ | |
| | (ဒု) ခြောက်သွေ့ရွှေရွှေ | |
| | (တ) နောက်ရှေ့ဝေဝေ...ချီ | |
| ၂၂။ | မိုးတော-မောင်ဘွဲ့ရတု | ... ၃၇ |
| | (ပ) ဘဝက်လုံးလျှင် | |
| | (ဒု) တသံက်လုံးတွင် | |
| | (တ) အခက်လုံးပင်...ချီ | |
| ၂၃။ | မိုးတော-မောင်ဘွဲ့ရတု | ... ၃၀ |
| | (ပ) ဘဝဂ်ကပင် | |
| | (ဒု) တဖက်မျှအင် | |
| | (တ) မရက်စချင်...ချီ | |
| ၂၄။ | မိုးတော-မောင်ဘွဲ့ရတု | ... ၄၀ |
| | (ပ) ဘဝဂ်ရှည့်ညီ | |
| | (ဒု) မမြွက်လှည့်ဤ | |
| | (တ) အရွက်မှည့်စီ...ချီ | |
| ၂၅။ | မိုးတော-အဖြည့်ခံရတု | |
| | (ပ) ဘဝဂ်ရှည့်ဝေ | |
| | (ဒု) မမြွက်လှည့်ထွေ | |
| | (တ) အရွက်မှည့်ကြွေ...ချီ | |
| ၂၆။ | မိုးတော-မောင်ဘွဲ့ရတု | ... ၄၃ |
| | (ပ) စက်ပြသာဒ်လျှင် | |

www.burmeseclassic.com

www.burmeseclassic.com



| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | (ဒု) သက်မမှတ်ချင် | |
| | (တ) ဖက်အလွှတ်တွင်…ချီ | |
| ၂၇။ | မိုးတော-မယ်ဘွဲ့ရတု …… | ၄၄ |
| | (ပ) ယခုကာစင် | |
| | (ဒု) အနုမြသွင် | |
| | (တ) ရတုလလျှင်…ချီ | |
| (၂၈) | မိုးတော-မောင်ဘွဲ့ရတု … | ၄၅ |
| | (ပ) ထစ်မည်လိုမှု | |
| | (ဒု) ချစ်သည်ကိုမှု | |
| | (တ) ရှစ်မည်ဂြိုဟ်မှု…ချီ | |
| ၂၉။ | ကျေးစေ-ရတု … | ၄၇ |
| | (ပ) ကိုးထွေမျက်လည် | |
| | (ဒု) ဖြိုးဝေစက်ခြည် | |
| | (တ) မိုးနေထက်ပြည်…ချီ | |
| ၃၀။ | မိုးတော-မယ်ဘွဲ့ရတု … | ၄၈ |
| | (ပ) အာကာတသွန် | |
| | (ဒု) ဗျာပါစတန် | |
| | (တ) ခါခါဝသန်…ချီ | |
| ၃၁။ | မိုးတော-မယ်ဘွဲ့ရတု … | ၅၀ |
| | (ပ) တပေါင်းကာစင် | |
| | (ဒု) နှမောင်းမြသွင် | |
| | (တ) မပျောင်းပျချင်…ချီ | |
| ၃၂။ | မိုးတော-မယ်ဘွဲ့ရတု … | ၅၁ |
| | (ပ) ပြဆန်းမဆင် | |
| | (ဒု) ပျမြန်းမရှင် | |
| | (တ) စယွန်းမထင်…ချီ | |

www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ

၃၃။ စစ်ချီ-မယ်ဘွဲ့ရတု ···· ၅၃
(ပ) ကြာမည်ရက်လည်း
(ဒု) သာကြည်မြွက်လည်း
(တ) ဝါသည်ရွက်လည်း···ချီ

၃၄။ မိုးတော-မောင်ဘွဲ့ရတု ··· ၅၄
(ပ) မည်းမျှဆင်သည်
(ဒု) ကျည်းကာပင်သည်
(တ) နည်းမှကြင်သည်···ချီ

၃၅။ မိုးတော-မောင်ဘွဲ့ရတု ··· ၅၆
(ပ) မည်းမျှရစ်လည်
(ဒု) နည်းမှချစ်သည်
(တ) ကျည်းကာဖြစ်သည်···ချီ

၃၆။ မိုးတော-မောင်ဘွဲ့ ရတု ··· ၅၇
(ပ) မည်းမျှလာသည်
(ဒု) ကျည်းကာပါသည်
(တ) ချည်းလျှပြာသည်···ချီ

၃၇။ မိုးတောမောင်ဘွဲ့ရတု ··· ၅၀
(ပ) မည်းမျှပတ်သည်
(ဒု) ကျည်းကာသတ်သည်
(တ) ချည်းလျှညွှတ်သည်···ချီ

၃၀။ မြတ်စောညီနောင်ဘုရားတိုင်-ရတု ··· ၆၀
(ပ) မင်းသာနေမှတ်
(ဒု) ကြွင်းဝါကြွေလွှတ်
(တ) နှင်းခွါစွေပတ်···ချီ

၃၉။ မြင်ထင်မြင်ပေါ်ဘုရားတိုင်-ရတု ··· ၆၁
(ပ) အရွှေမတ်မတ်

www.burmeseclassic.com

www.burmeseclassic.com



ဦးရေ အကြောင်းအရာ စာမျက်နှာ

(ဒ) တစေ့ရှာရှာ
(တ) မမေ့ထွေထွေ…ချီ
၄၀။ မိုးတော-မောင်ဘွဲ့ရတု … ၆၂
(ပ) ရွှန်းမြေ့သည်လျှင်
(ဒ) ဝန်းဝေ့လည်လျှင်
(တ) ညွှန်းရွှေရည်လျှင်…ချီ
၄၁။ မိုးတောမယ်ဘွဲ့ရတု … ၆၄
(ပ) သိန်ခရာဇ်လျှင်
(ဒ) ရှိန်ကာထစ်လျှင်
(တ) ချိန်အသစ်လျှင်…ချီ
၄၂။ မိုးတော-မယ်ဘွဲ့ရတု … ၆၅
(ပ) စက်ခြည်လျှံဝေ
(ဒ) မြွက်သည်သံခြေ
(တ) ဖက်ရည်စိမ်နေ…ချီ
၄၃။ ကျေးစေ-မင်သေ့ဘွဲ့ရတု … ၆၆
(ပ) နဝမျက်ခြည်
(ဒ) တမျှသက်ကြည်
(တ) မမြှက်လည်…ချီ
၄၄။ ကျေးစေ-မင်ခသေ့ဘွဲ့ရတု … ၆၀
(ပ) နတ်နန်းဘုံသာ
(ဒ) ဆွတ်ဖျန်းထုံလှာ
(တ) ပတ်ဝန်းစုံမြွာ…ချီ
၄၅။ ကျေးစေ-မင်သေ့ဘွဲ့ရတု … ၆၉
(ပ) အထွတ်ထက်မှာ
(ဒ) ကမှတ်သက်သာ
(တ) ရဟတ်စကြာ…ချီ

www.burmeseclassic.com

www.burmeseclassic.com



ဦးရေ အကြောင်းအရာ စာမျက်နှာ

၄၆။ မိုးတော-မယ်ဘွဲ့ရတု ... ၇၀
(ပ) မဖြော်က်ဖြည်းပါ
(ဒု) မပြောက်မည်းမြာ
(တ) မဖောက်သည်းချာ…ချီ

၄၇။ ယပ်စောင့်ဘုရားတိုင်-ရတု ... ၇၂
(ပ) ယပ်စောင့်မည်သာ
(ဒု) ခပ်ကောက်ဖည်ခွါ
(တ) ထပ်ချောက်ကြည်စွာ....ချီ

၄၈။ သစ္စာတိုင်-မယ်ဘွဲ့ရတု ... ၇၃
(ပ) သက်မှတ်ပါမည်
(ဒု) စက်ပတ်ပြာလည်
(တ) ညက်မွတ်ပြာကြည်…ချီ

၄၉။ မိုးတောမယ်ဘွဲ့ရှတု .... ၇၅
(ပ) တာရက်လကို
(ဒု) ပြာညက်မြည်ို
(တ) ရှာမြွက်တဆို…ချီ

၅၀။ ရာဇမာတုကလျာဘွဲ့ရတု ... ၇၆
(ပ) တင့်လှပေဟန်
(ဒု) ရင့်မှုရွှေကျန်
(တ) ဆင့်ချွေသွန်....ချီ

၅၁။ မြင်ထင်ဘုရားတိုင်-မယ်ဘွဲ့ရတု ... ၇၇
(ပ) ဖူးပါစေချင်
(ဒု) ဦးကာရွှေစင်
(တ) ဖြူးကာဝေဆင်…ချီ

၅၂။ စစ်ချီ-မောင်ဘွဲ့ရတု ... ၇၉
(ပ) ရေဖျန်းသဘင်

www.burmeseclassic.com

www.burmeseclassic.com



ဦးရေ | အကြောင်းအရာ | စာမျက်နှာ


(ခ) ရွှေမြန်းမရှင်
(ဂ) ဝေ့ဆန်းတပြင်...ချီ
၅၃။ သကျမည့်ဘုရားတိုင်-မယ်ဘွဲ့ရတု ... ၁၀
(က) ညွတ်ညွတ်ညိုသွယ်
(ခ) တွတ်တွတ်ဆိုဘွယ်
(ဂ) ထွတ်ထွတ်ပျိုရွယ်...ချီ
၅၄။ ချောင်းမဘုရားတိုင်-မောင်ဘွဲ့ရတု ... ၁၁
(က) ချောင်းမမွှေတော်
(ခ) မောင်းမျှရွှေလှော်
(ဂ) ကြောင်းစတွေငေါ...ချီ
၅၅။ ရွှေဆံတော်ဘုရားတိုင်-မောင်ဘွဲ့ရတု ... ၁၃
(က) ရက်လခါကျော်
(ခ) မြွက်ဟာသာမျှော်
(ဂ) တွက်ဆရှာသော်...ချီ
၅၆။ ကျေးစေ-မည့်သကာပန်းဘွဲ့ ရတု ... ၁၅
(က) ဆက်ဒန်အိုင်သာ
(ခ) ခက်သန်ခိုင်မြဲ
(ဂ) ဖက်ရန်ပြိုင်ရာ...ချီ
၅၇။ မြင်းမိုရ်ကျေးစေ-မယ်ဘွဲ့စစ်ရတု ... ၁၇
(က) ရှုတိုင်းဖွေလည်
(ခ) နှုတ်ကျိုင်းဝေစည်
(ဂ) တုနှိုင်းဖွေနှည်...ချီ
၅၈။ စစ်ချီ-မယ်ဘွဲ့ရတု ... ၁၉
(က) ရွှေရက်နီးလျှင်
(ခ) ကြေ့ရွက်ပြီးလျှင်
(ဂ) စေသက်ကြီးလျှင်...ချီ




www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၅၉။ | ရင်းမာကျေးစေ-ကူလီဘွဲ့ရတု<br>(ပ) ခုနစ်တောင်စွန်<br>(ဒု) ညခင်းချုပ်နေ<br>(တ) နိုင်မည်ရည်းထင်…ချီ | … ၉၀ |
| ၆၀။ | မြင်းမိုရ်ကျေးစေ-ကူလီဘွဲ့ရတု<br>(ပ) ဝေယန္တာတွင်<br>(ဒု) နေဖန်ဝါလျှင်<br>(တ) လေသွန်ညာတင်…ချီ | … ၉၂ |
| ၆၁။ | ဆောင်းရာသီ-မယ်ဘွဲ့ရတု<br>(ပ) မြမြမြေး၍<br>(ဒု) ဖုဖုမွေး၍<br>(တ) ရွှရွှကွေး၍…ချီ | … ၉၃ |
| ၆၂။ | သစ္စာတိုင်-မယ်ဘွဲ့ရတု<br>(ပ) မထိုက်ရစ်ရာ<br>(ဒု) သမိုက်အပ်စွာ<br>(တ) တလိုက်လျှပ်ဝါ…ချီ | … ၉၅ |
| ၆၃။ | ကျေးစေ-ရတု<br>(ပ) ချင့်တာသုံးထောင်<br>(ဒု) ဆင့်ကာကုံးမြောင်<br>(တ) သင့်စွာထုံးနှောင်…ချီ | … ၉၆ |
| ၆၄။ | ကျေးစေ-ရတု<br>(ပ) ယုဇနာလျှင်<br>(ဒု) တွမက္ကာလျှင်<br>(တ) လုတကာလျှင်…ချီ | … ၉၈ |
| ၆၅။ | ကျေးစေ-ရတု<br>(ပ) ရေးမှတ်လင့်ရည် | … ၉၉ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ




| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | (ဒု) ဝေးထွတ်မြင့်ရှည် | |
| | (တ) လေးမြှာ်တင့်သည်….ချီ | |
| ၆၆၊ | ဆောင်းရာသီ-မယ်ဘွဲ့ရတု … | ၁၀၁ |
| | (ပ) နတ်လကျွန်း၌ | |
| | (ဒု) ညွှတ်ခဝန်း၌ | |
| | (တ) ဆွတ်မျှဖျန်း၌…ချီ | |
| ၆၇။ | ကျိုက်ခေါက်ဘုရားတိုင်-မယ်ဘွဲ့ရတု… | ၁၀၂ |
| | (ပ) ဖြန့်ဝန်းစကြာ | |
| | (ဒု) ကွန့်ရွန်းရက်ဖြာ | |
| | (တ) ခန့်မှန်းသက်သာ…ချီ | |
| ၆၈။ | လက်ဝဲနော်ရထာ ပေတင်နိဂုံး … | ၁၀၄ |

**နောက်ဆက်တွဲ**

| | | |
| --- | --- | --- |
| ၁။ | ဘုရားတိုင်-ရတု … | ၁၀၆ |
| | (ပ) ဘက်လွတ်စံရာ | |
| | (ဒု) စက်ပတ်လျှံဖြာ | |
| | (တ) သက်မှတ်နှံရာ…ချီ | |
| ၂။ | ကျေးစေ-ရတု … | ၁၀၈ |
| | (ပ) လုံးစုံမြ၌ | |
| | (ဒု) ထုံးပုံမြ၌ | |
| | (တ) သုံးပုံပ၌…ချီ | |
| ၃။ | ကျေးစေ-ရတု … | ၁၀၉ |
| | (ပ) နဝမျက်ရှင် | |
| | (ဒု) မမျှဘက်အင် | |
| | (တ) တမျှသက်တင်…ချီ | |
| ၄။ | ကျေးစေ-ရတု … | ၁၁၀ |
| | (ပ) သီတာလုံရေ | |


www.burmeseclassic.com

www.burmeseclassic.com



မာတိကာ

ဦးရေ အကြောင်းအရာ စာမျက်နှာ
(ဒ) ဂီဝါမုံရွေ
(တ) နီလာဘုံနေ…ချီ
၅။ မိုးတော-ရတု … ၁၁၁
(ပ) တန်းခူးကစင်
(ဒ) ဝန်းမြူးကျူဆင်
(တ) ဆန်းတူးမြသွင်…ချီ
နှစ်သျှင်နောင်ရတု ခက်ဆစ်အဖြေများ … ၁၁၅
သတ်ညွှန်းခွဲထားအဆိုနှင့်နှစ်သျှင်နောင်ရတု … ၂၄၉
နှစ်သျှင်နောင်ရတု ခွဲထားများ … ၂၆၃

www.burmeseclassic.com

www.burmeseclassic.com



# နိဒါန်း

**ကဗျာ** "ရတု-ရကန်-အဲ-အန်-လူးတား- ချေင်း တမ်းချင်း-လွမ်းချင်း-ကာချင်း-သာချင်း ဒိုးချင်း-ဟန့်ချင်း-ညည်းချင်း-အိုင်ချင်း-ရဲတင်း-မော်ကွန်း-သံပိုင်း-သမိုင်း-သံပေါက်-တေးထပ်- သဖြန့်-ဒွေးချိုး-တြိချိုး-လေးချိုး-ပတ်ပျိုး-ဘွဲ့-ကြိုး-ယိုးဒယား သီချင်းခံ-ဘောလယ်-မေတ္တာစာ- ဩဘာစာ- ဆောင်းပါးစာ-မှာတမ်း-နတ်သံ-စည်တော်သံ- လှေတော်သံ-သံချို-"စသည်တို့ကား-မြန်မာမှုကဗျာလင်္ကာများဖြစ်ကြသည်၊ ကဗျာ-လင်္ကာ ခေါ်ဆိုရာတွင် ဂိုဏ်း-ဂရု-လဟု-ကာရန် အစပ်ကို မှတ်၍ ဖွဲ့ဆိုသော အရာကို လင်္ကာဟုခေါ်၍ ဂိုဏ်း-ဂရု-လဟု-ကာရန်-အစပ်ကို မမှတ်မူ၍ ရိုးရိုးစကားသွားဖြင့် ဖွဲ့ဆိုသော အရာကို စကားပြေဟုခေါ်ဆိုသည်၊ အဆိုပါလင်္ကာသက်သက်အဖွဲ့ကိုဇင်း, စကားပြေသက်သက်အဖွဲ့ကိုဇင်း,လင်္ကာနှင့် စကားပြေရောသော အဖွဲ့ကိုဇင်း-ပညာရှိ ကဝိတို့သာဖွဲ့ဆိုနိုင်သည်ဖြစ်၍ ကဝိတို့ ဥစ္စာရတနာဖြစ်သောကြောင့် ကဗျာဟုခေါ်ဆိုသည်၊သို့ဖြစ်၍ ကဗျာဝေါဟာရ၏အနက်အဓိပ္ပါယ်အရကျယ်ဝန်းပြီးလင်္ကာဝေါဟာရ၏ အနက်အဓိပ္ပါယ်အရကျဉ်းနေပုံကိုသိရပေသည်၊

**လင်္ကာ** "အလင်္ကာရ" သဒ္ဒါသည် လူတို့အသုံးအဆောင် အဆင် တန်ဆာကိုမှုချအားဖြင့် ဟော၏၊ အဆင်တန်ဆာသည်-ဝတ်ဆင်သောသူအား

www.burmeseclassic.com

www.burmeseclassic.com



လှပတင့်တယ် ရှုချင်စဖွယ်ဖြစ်စေသကဲ့သို့-ထို့အတူ ဝိုဏ်း- ဂရု- လဟု- ကာရန်- အစပ်-အဟပ်-အချိုးဟူသော အင်္ဂါလက္ခဏာသည်ဖွဲ့ဆိုအပ်သော စကားစဉ်အား သာယာနာပျော်ဘွယ်ဖြစ်စေရကား-အဆင်တန်ဆာ အလင်္ကာနှင့်တူသောကြောင့် အလင်္ကာဟု ခေါ်ရာမှ မြန်မာမှု အနေအားဖြင့် 'အနှင့်ရ' ကို ချေ၍ လင်္ကာဟု ခေါ်ဆိုခြင်းဖြစ်သည်၊ ထို့ကြောင့် ရှေးဆရာတို့သည် "အလံ ကရောတီတိ အလင်္ကာရော၊ အလင်္ကာရော ဝိယာတိ အလင်္ကာရော" ဟု သဒ္ဒါသူပစာ-ဥပမာတဒ္ဓိတ် ဝိဂြိုဟ် ပြုတော်မူခဲ့ကြသည်။

**ရတု** ရတု ဟူသော ဝေါဟာရမှာ ရာသီချိန်ခါဟော"ရိတု"ဟူသောသက္ကတဘာသာဖျက်၍ရတုဖြစ်လာသည်ဟုအချို့ကယူဆကြ၏၊ ယင်းသို့ဆိုလျှင် ၁၂-ရာသီဘွဲ့ ရတုများနှင့်သာ ဝေါဟာရနှင့်အနက်အဓိပ္ပါယ်ညီညွတ်၍ ဘုရားတိုင်-ကျေးစေ-စစ်ချီစသော ရတုများနှင့် မူကား ဝေါဟာရနှင့် အနက်အဓိပ္ပါယ် မညီညွတ်ဖြစ်နေတော့သည်။

ရိုးသားလှသော အမျိုးသမီးအနက်ဟော"ရတု"ဟူသောပါဠိဘာသာမှ ရတု-ဖြစ်လာသည်ဟုလည်းဆိုနိုင်၏၊ ဒွေးချိုး-လေးချိုး-တေးထပ် စသည်တို့ ကဲ့သို့အချိုးအဆစ်အကွရာလုံးရေအားဖြင့်အဆန်းတကြယ်ဖွဲ့နွဲ့စီကုံးခြင်းမပြုမူ၍ အချိုးမဖက် ၄-လုံးစပ် ရိုးသားသောမိန်းမပျိုပမာ ရိုးရိုးကလေးစီကုံးသော အဖွဲ့အနွဲ့သည်-ရတုမည်၏ဟုဆိုလို၏၊ ရတုသွားများကို ရှုကြည့်လျှင်လည်း ဤအတိုင်းပင် တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာမှုတွင်-ဥတု ၃-ပါး, ရတု ၆-ပါးကို ရတု ၃-ပါး,ရတု ၆-ပါးဟု ဆိုသကဲ့သို့ရှင်း, အနံ့ကိုရနံ့ ဟု ဆိုသကဲ့သို့ရှင်း-အတုဟူသော မြန်မာစကားတွင် အ-နေရာ၌ ရ-ကိုသွင်းကာ ရတုဖြစ်လာသည် ဟူ၍ လည်းဆိုသင့်၏၊ရကန်-ဟူသောကဗျာလင်္ကာ စီကုံးရာ၌ တပါးသူတို့၏စာသွားစာလာကို-ကန်ကျောက်တွန်းလှန်၍ ရေးစပ်ရ၏၊ ရတုမှာ ထိုသို့မဟုတ် ရှေးသူဟောင်းတို့ စာသွားစာလာကိုအတုယူ၍စီကုံးဖွဲ့နွဲ့ကြရသည်၊ ရှေးပုဒ်အချီအချကို နောက်ပုဒ်က အတုလိုက်၍ ချီရ-ချရသည်၊ သို့ဖြစ်၍ အတုယူကာ အတုပြုကာ ဖွဲ့ဆိုရသော အဖွဲ့ကို ရတု-ဟု ဆိုလို၏

ရတုအမျိုးအစားကို အဖွဲ့အနေအားဖြင့် ကြည့်လျှင် တပိုဒ်တည်းဖွဲ့ဆိုသောကေပိုဒ်ရတု,အခြားသူတို့ဖြည့်ရန်အတွက် တပိုဒ်ချန်ထား၍ ၂-ပိုဒ်သာ ဖွဲ့ဆိုသော အဖြည့်ခံရတု,အချီသော်ရှင်း, အချသော်ရှင်း, ၂-ပါးစုံသော်ရှင်း ညီစေ၍ ၃-ပိုဒ် ဖွဲ့ဆိုသော ပိုဒ်စုံရတု-ဟု ၃-မျိုး ၃-စားတွေ့ရသည်၊ စာဖွဲ့အကြောင်းခံအားဖြင့် ကြည့်လျှင် ဘုရားတိုင်ရတု- သိကြားတိုင်ရတု- သစ္စာတိုင် ရတု- စစ်ချီရတု- ကျေးစေရတု-သာလိကာစေ ရတု-ရာသီဘွဲ့ရတု-တောလားရတု-ရေလားရတု-မိုးတောရတု-မြို့ဘွဲ့ရတု-ဘုန်းတော်ဘွဲ့ရတု-မောင်ဘွဲ့မယ်ဘွဲ့ရတု-မေးဖြေရတု-မင်္ဂလာရတုစသောအားဖြင့် များစွာရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



**ရတု အမျိုးအစား** ရတုချိန်နည်းချနည်း စပ်နည်း အားဖြင့် ထူးဆန်း တွေလာ-ညွှန့်ရှင်-ပေါက်ပြု ငုံဖူး-ပုလဲသွယ်- လည်ကုပ်ချိ- အဖျားကောက်-ရွှေလောင်းပျံ-သော်တာရောင်-ကဏ္ဍုဆူးချိ ဆူးချ- နေရောင်ခြည်ပြေး- ဖျော်ကိဆိပ်လလယ်- ညွှန့်ဟုန်-ခိုင်ညွှန့်ခက်ဖြာ- မဏိဆံကျင်- အာသာဝတီဝတ်ဆံ-မဏိဦးပြည်း-ဇော်တခိုင်လုံး-မပြတ်ကေသာ-ဇမ္ဗူ့သပြေသီးမှည့်- ချိန်ခွင်လျှာ-ဘီလူးရယ်- စာကြိုး- စာတုံး-စာဆန်း-ဟူ၍ ၂၅-မျိုးရှိသည်၊ထို၂၅-မျိုးတို့တွင် အက္ခရာလုံးရေကို မှတ်၍ချအပ်သော ရတုမျိုးမှာ ၇-လုံးချရသော ခိုင်ညွှန့်ခက်ဖြာ- ၉-လုံးချရသော မဏိဆံကျင်, ၁၁-လုံးချရသော အာသာဝတီဝတ်ဆံ, ၁၅-လုံးချရသော မဏိဦးပြည်း, ၁၉-လုံးချရသော ဇော်တခိုင်လုံး, ၂၉-လုံးချရသော မပြတ်ကေသာ, ၃၅-လုံးချရသော ဇမ္ဗူ့သပြေသီးမှည့်ဟူ၍ ရတု ၇-မျိုးတွေ့ရသည်၊ ၇-လုံးချခိုင်ညွှန့်ခက်ဖြာ ရတုမျိုးသာများ၍ အခြားချနည်းရတုမျိုးမှာ အလွန်နည်းပါးလှသည်။

**ရတု စာဆိုရှင်** ရတု စာဆိုရှင်တို့ကို ကြည့်လိုက်လျှင် ရှင်မဟာသီလဝံသ, ရှင်မဟာရဋ္ဌသာရ, ရှင်တေဇောဒိပ-စသော ရဟန်းပညာရှိများ၊ မင်းနဝဒေး, မင်းလက်ဝဲသုန္ဒြ, မင်းဥက္ကာပျံ- စသော အမတ်ပညာရှိများ၊ လျော်ကားသုံးထောင်မှူး,ထောင်သင်းမှူး, ဇေယျရန္တမိတ်, ရှင်သံကိုယ်-စသော အရာရှိအရာခံများ၊ ရာဇဓာတုကလျာမင်းသမီး, ဆင်ဖြူရှင်မင်းတရားသို့မီးတော်နှင့် ကြီးညွှပ်မင်းသမီးစသော သမီးတော်

www.burmeseclassic.com



များအပြင် ဇင်းမယ်ဘုရင်မင်းမြတ်, တောင်ငူဘုရင် မင်းမြတ်တို့ဖြစ်ရာ ဘုရင်မင်းမြတ် စာဆိုသူအဖြစ်အာ လွန်နည်းပါးလှသည်၊ နဝဒေးကြီးကလွဲလျှင် စာဖွဲ့အာ များဆုံးနှင့်အထင်ရှားဆုံးရတုစာဆိုရှင်မှာ တောင်ငူ ဘုရင် နတ်ရှင်နောင်ပင်ဖြစ်တော့သည်။

**ရတု အရှည်အသေး**

နတ်သျှင်နောင်ရတုမှာ နောက်လူတို့ "ကြား၍မသိ၊ ကြည့်၍မမြင်၊ သင်၍ မဖြစ်" ရှိမည့်အရေးကို တွေးတော မြော်မြင်တော်မူကြသော ဆရာတော် ရှင်ဥက္ကံသမာလာ,ဦးတိုးနှင့် ဦးရွှန်းတို့သည် အဖြေများကို ရေး သား၍ထားတော်မူကြသည်၊ ဤသည်ကို ထောက်၍ နတ်သျှင်နောင်ရတုသည် မည်မျှနက်နဲသိမ်မွေ့၍ သိပ် သည်းကျစ်လစ်သော ဝေါဟာရ စကားလုံးများဖြင့် သီကုံး ဖွဲ့နွဲ့ထားကြောင်း သိနိုင်ပေသည်။

နတ်သျှင်နောင်ရတု အရှည်အသေးကို စိစစ်ကြည့် ရှုသောအခါ ဘုရားတိုင်ရတုများတွင် ဘုရားရှင်အား တိုင်ကြားလျှောက်ထားရုံသာမက မယ်ဘွဲ့, မောင်ဘွဲ့, သစ္စာထား, သစ္စာပျက်, မြှောက်ပင့် စသည်တို့ပါရှိ အောင် ဖွဲ့ဆိုထားသည်ကို တွေ့ရသည်၊ မိုးတောရတု, ကျေးစေရတုများမှာလည်း၎င်းနည်းအတူပင် မောင် ဘွဲ့,မယ်ဘွဲ့ စသည်တို့ပါရှိအောင် ဖွဲ့ဆိုထားပေသည်၊ နတ်သျှင်နောင်ရတု၏ ထူးခြားချက်တရပ်မှာ စကား လုံးတိုင်း,စကားလုံးတိုင်း သိမ်မွေ့ ယဉ်ကျေး ဆန်း သစ်၍ အဓိပ္ပါယ်သိပ်သည်းနေသည်ကို တွေ့ရသည်။

www.burmeseclassic.com



"တသောင်းရှစ်ပြန်၊ လေးထောင်လွန်သား၊ ယုဂန်လှည့်သွား၊ လရထားနှင့်၊ နတ်သားနီးကြ၊ သောကာလဝယ်၊ သောကမ္မာ၊ ဌာပနာသား၊ သစ္စာဉာဏ်ပေါင်း၊ မရှုတောင်းသည်၊ ညီနှောင်းနှောင်စော၊ မြတ်မုဌ္ဌော"။

ဟူသော ရွှေမုဌ္ဌောဘုရားတိုင်ရတုတွင်—

"ရှစ်သောင်းတတန်၊ လေးထောင်လွန်သား"ဟုရိုးရိုးစကားလုံးဖြင့် မစီကုံးဘဲ "တသောင်းရှစ်ပြန်" ဟု ဆန်းသစ်သော စကားလုံးကိုထွင်၍ စီကုံးထားသည်၊ "ယုဂန်လှည့်သွား၊ လရထားနှင့်၊ နတ်သားနီးကြ၊ သောကာလဝယ်၊ သောကမ္မာ၊ ဌာပနာသား" ဟူသောစကားမှာ အလွန်အသိခက်၍ သိပ်သည်းနေပေသည်၊ စာရှိသည့်အတိုင်း တိုက်ရိုက် အဓိပ္ပါယ်ယူသော် ယုဂန္ဓိုရ်တောင်အမြင့်နှင့်အညီ လှည့်လည်သွားလာသောလရထားနှင့် နတ်သားတို့ နီးကြဆုံတွေ့ကြသော အခါ သီရိမ္မာသောက မင်းတရားသည် ဓာတ်တော်များကို ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့သော ရွှေမုဌ္ဌောစေတီတော်-ဟု သာ ဆိုသကဲ့သို့ ဖြစ်နေသည်။

စင်စစ်ကား ထိုသို့မဟုတ်ပေ၊ တသောင်းရှစ်မည်ချီအလိုက်ရတု၏ "လပြာသာဒ်နှင့်၊ ရန်နတ်နီးခိုက်"ဟူသောစာပိုဒ်ကိုထောက်၍ "နတ်သားနီးကြ"ဟူသော စာပိုဒ်အရ နတ်သားဟူသည် လနတ်သားကိုလည်း မဆိုလို၊ အခြားနတ်သား တဦးဦးကိုလည်း မဆိုလို၊ ရန်သူသဘွယ်ဖြစ်သော အသူရိန် နတ်သားကြီးကိုသာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုသည်၊ "နီးကြ" ဟူသော စကား အရလည်း—

"ညီနှောင်းနှောင်စော၊ မြတ်မုဋ္ဌော…"

ဟူသော စကားတွင် လွတ်မြောက်ခြင်း အနက်ဟော"မုဋ္ဌော"ဟူသော ပါဠိစကားကို ထောက်၍ လနှင့် ရာဟုအသူရိန်တို့ နီးရုံ,တိုက်ဆိုင်ရုံ, ဖမ်းယူဖုံးအုပ်ရုံ အဓိပ္ပါယ်တပိုင်းတစကိုသာ မယူသင့်၊ လနှင့်ရာဟုအသူရိန် နီးကပ်တိုက်ဆိုင် ဖမ်းယူဖုံးအုပ်ပြီး၍ လွတ်မြောက်ခါစ လနှင့်အသူရိန် မဝေးမီ စေတီတော်ကို ခါတ်တော်ဌာပနာ၍ တည်ထားခဲ့သဖြင့် ရန်သူဖြစ်သော အသူရိန်လက်မှ လွတ်မြောက်ခြင်း ဟူသော ဗျူပ္ပတ္တိကိုစွဲ၍ ဘွဲ့နာမံ သမုတ်အပ်သော မုဋ္ဌော စေတီတော်-ဟု ဆိုလိုသည်၊ စေတီတော် သမိုင်းကိုလည်း ညွှန်ပြနေပေသည်၊ လကို အသူရိန် ဖမ်းခြင်း ဟူသော စကားသည် သုတိသံအားဖြင့် မသိမ်မမွေ့ ဖြစ်နေ၍ အဓိပ္ပါယ်တူ သိမ်မွေ့သောစကားကို ယူခြင်း ငှါ"လရထားနှင့်၊နတ်သားနီးကြ"ဟု ဆိုလိုက်သဖြင့် အလွန်သိမ်မွေ့သော အဖွဲ့ဖြစ်သွားသည်။

ဤကဲ့သို့သော အရည် အသွေး ကဗျာ့ စွမ်းအင်ကို ထောက်ရှုလိုက်လျှင် နတ်သျှင်နှောင်ရတုသည် ပုဒ်တိုင်း ပုဒ်တိုင်း စကားအသုံးသိမ်မွေ့ပြီး ပရိယာယ် ကြွယ်ဝရုံသာမက ဆန်းသစ်၍ သိပ်သည်းကျစ်လစ်နေသည်ကို တွေ့ရမည်၊ ထို့ကြောင့်"ကြား၍မသိ၊ ကြည့်၍ မမြင်၊ သင်၍မဖြစ်" မရှိကြစေရန် ဟံသာဝတီက ခက်ဆစ်အဓိပ္ပါယ်ကို ထည့်သွင်း ဖော်ပြလိုက်ခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



**ရတု စိစစ်ချက်**

ရတုများမှာ နဝဒေးကြီး-ဆို ရတု၊ တောင်ငူဘုရင် နတ်သျှင်နောင်ဆိုရတု နှင့် အခြားစာဆို အသီးသီးဆို ရတုဟူ၍ ၃-မျိုး ၃-စားရှိရာ ၎င်းရတုတို့သည် အချို့ကမှည်းလိပ်စာတပ်လျက် အချို့ မတပ်ဘဲ အရောရော အထွေးထွေး ဖြစ်နေသည်၊ လိပ်စာ တပ်သော်လည်း အမှားမှားအယွင်းယွင်း ဖြစ်နေသည်၊ သို့ဖြစ်၍ လက်ဝဲနော်ရထာ အမတ်ကြီးသည် အရောရော အထွေးထွေး ဖြစ်နေသော ရတု၊ လိပ်စာကပ်မှားနေသောရတု-များကို စုပေါင်းကာ နဝဒေးကြီး၏ ရတုများကို တသန့်၊ နတ်သျှင်နောင်၏ရတုများကိုတသန့်၊ အခြားဆရာတို့၏ ရတုများကို တသန့်စီခြားလျက် ရတုသုံးစုပြုကာတည်း ဖြတ်၍ပေသို့စာင်ခဲ့သည်၊ ထိုအကြောင်းကို မင်းလက်ဝဲနော်ရထာ စုဆောင်းသော ရတုပေါင်းချုပ် ပေမူ နိဒါန်းတွင်---

> "ကန့်တွင်းစည်းခုံစေတီတော် ဒါယကာ မင်းတရားလက်ထက်စည်သူကျော်ထင်ဘွဲ့ခံသည့် ကာလစုရုံးပြင်ဆင်စီစဉ်ရေးထားသောရာဇာကြီး, ထောင်သင်းဆို, တောင်ငူဆို ရတုနှစ်စောင်ကို အခြားထား၍ စီစဉ်ရေးထားသော ရတုတစု"

ဟု ပါရှိလေသည်။

မင်းလက်ဝဲနော်ရထာ စီစဉ် ပြဆိုခဲ့သော ရတုသုံးစုတွင် နတ်သျှင်နောင်ရတုအစု၌ ရတုပိုဒ်စု ၆၇-ပုဒ် တွေ့ရသည်၊ ယင်း ၆၇-ပုဒ်တွင်(၅၆) "ဆက်ဒန်အိုင်သာ"-ချီ ရတုနှင့်(၅၇) "ရှုတိုင်းတွေလည်"-ချီ

www.burmeseclassic.com

www.burmeseclassic.com



ရတုနှစ်စုံကိုလက်ဝဲနော်ရထာစုသော ရတုပေါင်းချုပ် ပေမူ၌ပင် ဦးရေ ၁၅၁-မင်းရဲနန္ဒာရေး”-ဟု တွေ့ရှိရသည်၊ ၆၃-“ချင့်တာသုံးထောင်”-ချီရတု,၆၆- “နတ်သကျွန်းရွှေ”ချီရတု,၆၁-“မြမြမြွေးရွှေ”ချီရတု သုံးပုံကို နဝဒေးရတုပေါင်းချုပ်၌တွေ့ရပြန်သည်၊ ဤရတုငါးစုံသည် နတ်သျှင်နောင်ရေးမဟုတ်ဟုဆိုရမည်ဖြစ်သော်လည်း လက်ဝဲနော်ရထာ မူရင်းမပျက်စေလို၍ ဤနတ်သျှင်နောင် ရတုပေါင်းချုပ်တွင် ထည့်သွင်းရိုက်နှိပ်ထားပါသည်။

ထို့ပြင် နတ်သျှင်နောင် ရေးဟု ဆိုရသော်လည်း ကိုယ်မတွေ့ရသေးသောရတုများမှာ—

(၁) ဝိဘင္ဂထပိတခွဲထား ၂၁၇- အဆို ခါကောင်းကြိုက်၍-ချီ။

(၂) မုံရွေးသတ်ညွှန်းအဆိုမစက်တပ်၍-ချီ။

(၃) မြန်မာသံယောဂဒီပနီ ၁၂-အဆိုတောက်ပြောင်စက်နေ-ချီ။

(၄) ၎င်း၇၃-တရား့တမည်-ချီ။

(၅) ကဝိလက္ခဏာဒီပနီ ၂၅၁-အဆို ရက်ဖြင့်ရှောက်လည်-ချီ။

(၆) ကဗျာဗန္ဓသာရ ၂၄၅-အဆို တစေ့ရှာရှာ-ချီ။

(၇) ၎င်း ၂၄၅-အဆို မမေ့တွေ့တွေ့-ချီ။

(၈) ရှင်ဥက္ကံသမာလာသတ်ညွှန်းအဆို သည်တဖြစ်တွင်-ချီ။

(၉) ဦးတိုးအဆို တန်ခူးကစင်-ချီ

www.burmeseclassic.com



**တည်းဖြတ် ပြင်ဆင်ခြင်း**

ဤနတ်သျှင်နောင်ရတုကို မန္တလေးမြို့ မြောက်ပြင် လုံးတော် ကျောင်းတိုက် ပေမူမှ ကူးယူတိုက်ဆိုင်ကာ **မေမြို့ မိုးကြည်**ကကျေးဇူးပြုပါသည်၊နောက်တဖန်**ဦးအုန်းရွှေ** [သတ်ပုံအဘိဓာန်ကျမ်းပြုက ]တည်းဖြတ်၍ ခက်ဆစ် အဖြေများ ရေးပေးသည့်အပြင် နတ်သျှင်နောင်ရတု မှန်ကန်ကြောင်း ခွဲထား သတ်ညွှန်းများ၌ ကိုးကား၍ သာဓကပြုထားပုံကို စုဆောင်းရှာဖွေတင်ပြကာ ကျေးဇူးပြုပါသည်၊ စာမူအသီးသီး ရောက်ရှိလာသော အခါ ရှင်ဥက္ကံသမာလာ အဖြေ, ဦးရွှန်း အဖြေ, ၁၉၂၀-ခုနှစ်, ၁၉၂၈-ခုနှစ်ရိုက် ဟံသာဝတီပုံ နှိပ်မူ, မြန်မာ့ကြက်သရေ ပုံနှိပ်မူ, ကဗျာသင်္ဂဟ မေဒနီမူတို့နှင့် ယခု ရရှိသော လက်ဝဲနော်ရထာ ပေမူကို တိုက်ဆိုင်တည်းဖြတ်ပြီးလျှင် ရှင်ဥက္ကံသမူကို (ဥ), ဦးရွှန်းမူကို(ရ) မြန်မာ့ကြက်သရေမူကို (မ) လက်ဝဲနော်ရထာပေမူကို (လ) ကဗျာသင်္ဂဟမေဒနီ မူကို(ကဗျာ) ဟု သင်္ကေတအက္ခရာတို့ဖြင့် စာကိုယ် အောက်တွင် မူကွဲများကို ညွှန်ပြလျက် **ဆရာဦးခင်စိုး [သာသနဓဇသိရိပဝရ ဓမ္မာစရိယ ]**နှင့် ဆရာ ဦးသိန်း ဟန်(၁), ဦးတင်နွယ်, ဦးဟန်ထွန်း, ဦးပု, ဦးရွှေဖူး, ဦးသိန်းဟန် (၂) ဟံသာဝတီ ပါဠိဆရာများအဖွဲ့က ကောင်းစွာ တည်းဖြတ် ကြပ်မသုတ်သင် ပြင်ဆင်ပုံနှိပ် အပ်သည် ဖြစ်ပါကြောင်း။

"ဟံသာဝတီ"

www.burmeseclassic.com

www.burmeseclassic.com



(၁၀) လက်ဝဲနော်ရထာ ကျောက်ထိုးအဆို တာ သောင်းရှစ်ခါ-ချီ။

နတ်သျှင်နောင် သားချင်းညီနောင်တစုအတ္ထုပ္ပတ်ကိုမှန်နန်းရာဇဝင်ဟောင်းတွင်မပါ၊ မုံရွေးဆရာတော် အရှင်အာဒိစ္စရံသီ မဟာထေရ်၏ မှန်နန်းရာဇဝင်ကျော်ပေမူထျောချုပ်ကျောဘက်၌နတ်သျှင်နောင်၏ညီ မင်းရဲကျော်ထင်ခင်မရွှေတိုးဇနီးမောင်နှံအတ္ထုပ္ပတ်ဖြ အဖြေနှင့်တကွ "နေနတ်ကသည်, ခွေပတ်ပလည်, ဝေ မှတ်မျှရည်"-အချီ ရှင်သံကိုယ်ဆို ရတုဖြင့် ပြထား သည်။ နတ်သျှင်နောင်ရတုများကိုစိစစ်လျှင် ၆၇-ပုဒ် အနက် နတ်သျှင်နောင်ရေးမဟုတ်သော ရတု၅-ပုဒ် ကိုနုတ်၍ ကျန် ၆၂-စုံနှင့် မတွေ့ရသေးသော ရတု ၁၀-စုံကိုပေါင်းလျှင် နတ်သျှင်နောင်ရေးသော ရတု ပေါင်း၇၂-စုံရှိမည်ဖြစ်ပါသည်၊ ထိုမတွေ့ရသေးသော ရတုများကိုလည်း ရှာဖွေစုဆောင်း၍ နောက်တကြိမ် ရိုက်သောအခါတွင် ထည့်သွင်းဖေါ်ပြနိုင်လိမ့်မည်ဟု မြော်လင့်ရပေသည်။

ယခုရရှိသော လက်ဝဲနော်ရထာပေမူမှာ ရွှေမျဉ်း ကြီးဆစ် ၁၃-ကြောင်းရေး၊ အလျားလက်မ ၁၉၂ အနံလက်မ ၂၁၆၊ ရေးကူးပြီးခုနှစ်၁၂၁၇-ခု၊ တော် သလင်းလပြည့်ကျော် ၁၅-ရက်အင်္ဂါနေ့ နေ့တစ် တီးခါကျော် က-အစ-ခု-အဆုံး ပေတအင်္ဂါနှင့်ဖ-ရွက် ရှိသည်၊ ၎င်းပေတွင် ဘုရားတိုင်ရတု ၂၀, မိုးတော ၂၂,ကျေးစေ ၁၁,သစ္စာတိုင် ၅,စစ်ချီ- ၅,ရာသီဘွဲ့ ၃,ရာဇဓိတုကလျာဘွဲ့ ၁-ပေါင်း၆၇-စုံပါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်တော်ကို မင်းဆွေမင်းမျိုးများ ကြပ်မပို့ ရသည်၊ ယင်းသည့်နေ့ ရာဇဒေဝီရှင်မိဖုရား သမီးတော်ကို မျက်နှာမြင်သည်၊ ဓာတ်တော်ပို့ သနေ့ ဖွားတော်မူသည်ကို အကြောင်းပြု၍ ရာဇဓာတု ကလျာ-မှည့်သည်] ဦးကုလား-၃-၃၂၃, မှန်နန်းရာဇဝင်-၃-၃၄၈။

သက္ကရာဇ် ၉၃၄-ခု တပေါင်းလဆန်း ခုနစ်ရက် ဗုဒ္ဓဟူးနေ့ သမီးတော် ရာဇဓာတုကလျာကို နားထွင်း တော်မူသည်၊ (မှန်နန်းရာဇဝင်-တ-၁၁, ဦးကုလား ရာဇဝင်-တ-၉)

* * * * *

နတ်သျှင်နောင်-၉၃၉-ခုဘွား အင်္ဂါသား၊

[သက္ကရာဇ် ၉၇၄-ခု တန်ခူးလပြည့်ကျော် သုံးရက် စနေနေ့ လွန်သည်၊ သက်တော်-၃၅။ ။သံလျှင်ရောက် မင်းတရားကား အိမ် နိမ့်သုံးဆယ့်တနှစ်+စည်းစိမ်တနှစ်+နောက် မြို့စားအဖြစ် နေရသည် နှစ်နှစ်+သံလျှင်မှာ တနှစ်၊ လေးစုပေါင်း သက်တော် သုံးဆယ့်ငါး နှစ်တည်း၊ ထိုမင်းနေ့နံကို ရာဇဝင်တို့၌ မဆို] မှန်နန်း-တ-၁၇၆။ မုံရွေးမှန်နန်း ရာဇဝင် ကျော် ရွှေချုပ် ဝမ်းဘက်၊ နေ့နံကိုကား အင်္ဂါ နေ့ဟု တွင်းသင်းရာဇဝင်၌ ဆိုကြောင်းမှန် နန်း တ-၁၇၆-ကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# နတ်သျှင်နောင် အဋ္ဌုပ္ပတ္တိ
## အကျဉ်း

(၁) ထောင့်တိုင်းစပ်ရှည်။
(၂) မြစ်ခပေါင်း၊ ပေါင်းလောင်း လက်ယာကွေ့၊ နန်းမြွေစံတည်။
(၃) ပုပ်ပဲကစိုက်လည်၊ မြောက်ဆီကဆွာဖိုး။
(၄) ကြက်ညွှန်း နောင်ညီတို့၊ တရထည် မြရည်ဆို့၊ လွှမ်းဘို့မဆုံး။

ဤလေးဆစ် တိုကလေးကို သက္ကရာဇ် ၉၀၀-ကျော်မှာ ရှင်ဘုရင်ပြုသော နတ်သျှင်နောင်ဆို လေးဆစ်ဟု ပုဂံဝန်ထောက်မင်း ဦးတင်က ကဗျာဗန္ဓသာရကျမ်း ၅၀၅-တွင် မှတ်တမ်းတင်ခဲ့သည်၊ ဤမှတ်တမ်းအရဆိုလျှင် နတ်သျှင်နောင်သည်- ရတုမျှမက လေးဆစ်ချိုးကဗျာကိုပါ မျိုးစေ့ချသွားသည် ဆိုရပေမည်။

နတ်သျှင်နောင်နှင့် ရာဇဓာတု ကလျာတို့ အကြောင်းကို ရာဇဝင် မှတ်တမ်း လာရှိသလောက် ဖွေနှည်စစ်ထုတ်သော် အောက်ပါအတိုင်း ဖြစ်၏။

ရာဇ ဓာတုကလျာ ဖွားသက္ကရာဇ် ၉၂၁-ခု နတ်တော်လဆန်း-တဆဲ့လေးရက် တနင်္ဂနွေနေ့။

[သက္ကရာဇ် ၉၂၁-ခု ဝါဆိုလဆန်းငါး ရက် ကြာသပတေးနေ့ ကောင်းမှုတော်မဟာ စေတီ ဘိနပ်ရာ တွင်းတူးသည်၊ ထိုသက္ကရာဇ် နတ်တော်လဆန်း တဆဲ့လေးရက်တနင်္ဂနွေနေ့

www.burmeseclassic.com

www.burmeseclassic.com



ဤရာဇဝင်စကားအရ နဘ်သျှင်နောင်လွန် ၉၇၄-တည်၊ အသက်-၃၅-နှစ်နုတ်၊ နတ်သျှင်နောင်ဖွားသက္ကရာဇ်-၉၃၉-ဖြစ်၏။]

နတ်သျှင်နောင် ဖွား-၉၃၉၊ ရာဇဓိရာတုကလျာ-၉၂၁-ခု ဖွားဖြစ်၍ ရာဇဓိရာတုကလျာက နတ်သျှင်နောင်ထက် ၁၈-နှစ်ကြီး၍ ၁၈-နှစ်ကြီး၁၈-နှစ်ငယ်ဟုသိရ၏။

**နတ်သျှင်နောင် လေးနှစ်သား**

သက္ကရာဇ် ၉၄၃-ခု၊တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရင့်နောင်ခေါ် ဟံသာဝတီဆင်ဖြူရှင်လွန်၍ ငါးဆူဒါယကာ နန္ဒဘုရင် ဟံသာဝတီမှာ ရှင်ဘုရင်ဖြစ်သည်၊ နန္ဒဘုရင်၏ သားတော်ကြီး မင်းကြီးစွာ အိမ်ရှေ့မင်းဖြစ်သည်၊ အိမ်ရှေ့မိဖုရားမှာအင်းဝဘုရင် သတိုးမင်းစော၏သမီးတော် ချောင်းဘွဲ့ခံ နတ်ရှင့်မယ်တော်ဖြစ်သည်(ဦးကုလား-ဟ-၇၀,မှန်နန်း-တ-၇၇၊)ထို အခါရာဇဓိရာတုကလျာမှာ ၂၂-နှစ်ရွယ်ရှိ၍ နတ်သျှင်နောင်လေးနှစ်သားမျှသာရှိသေးသည်။

ဤအချိန်အခါမှာ ယိုးဒယား၌ဗြဲနရာဇ် မင်းဖြစ်၍ ဟံသာဝတီ တောင်ငူသို့ ချီတက် တိုက်ခိုက်လာသည်၊ ၉၄၅-ခုတွင် အိမ်ရှေ့မင်း မင်းကြီးစွာနှင့် အိမ်ရှေ့မိဖုရား နတ်ရှင်မယ်တော် မကြည်ရှိကြသည်ကိုအကြောင်းပြု၍ ငါးဆူဒါယကာနှင့်အင်းဝဘုရင်သတိုးမင်းစောစစ်ဖြစ် စီးချင်းထိုးရာ အင်းဝသတိုးမင်းစောရှုံး၍ လူသူစုရုံးမည်ဟု တရုပ်ပြည်အသွား လမ်းခရီး

www.burmeseclassic.com

www.burmeseclassic.com

## (ဂ) နတ်သျှင်နောင်အတ္ထုပ္ပတ္တိအကျဉ်း

၌လွန်သည်၊ ငါးဆူဒါယကာသည် အင်းဝကိုသိမ်းပြီးလျှင် ပဌမမင်းတရားရွှေထီး၏ သားတော် မင်းလက်ျာ၊ နောက်မင်းလက်ျာလွန်လျှင် သားတော်မင်းရဲကျော်စွာကို အင်းဝမြို့စားထားလေသည်။

**နတ်သျှင်နောင် ကိုးနှစ်သား** သက္ကရာဇ် ၉၄၈-ခု၊ တန်ဆောင်မုန်းလဆန်းကိုးရက်တနင်္ဂနွေနေ့တွင် ငါးဆူဒါယကာ ဘုရင်ကိုယ်တိုင် တပ်မတော်တွင်ချုပ်၍ ယိုးဒယားသို့ ချီသည်၊ သားတော် မဟာဥပရာဇာ အိမ်ရှေ့မင်းကြီးစွာကို ဟံသာဝတီ၌ မြို့စောင့်ထားခဲ့သည်၊ (မှန်နန်းရာဇဝင်-၈၇, မှုံရွေး မှန်နန်းရာဇဝင်ကျော်-ထျု၀မ်းချုပ်)

ငါးဆူဒါယကာ ယိုးဒယားစစ်မြေမှာ ရှိနေခိုက် အိမ်ရှေ့ မဟာဥပရာဇာ မင်းကြီးစွာသည် ရာဇဓိဘတ္ကလျာကို သိမ်းပိုက်၍အိမ်ရှေ့မိဖုရားမြှောက်နှင့်လေသည်၊ (မှန်နန်း-တ-၉၀, ဦးကုလား-တ၈၃,မှုံရွေး မှန်နန်းရာဇဝင်ကျော်-ထျု ချုပ်)

ဤအချိန်အခါတွင် ရာဇဒေတုကလျာ ၂၇-နှစ်ရှိပြီဖြစ်၍ နတ်သျှင်နောင်မှာ ကိုးနှစ်သားမျှသာ ရှိသေးသည်၊ မင်းကြီးစွာအိမ်ရှေ့နှင့် ရာဇဓိဘတ္ကလျာကား တနှစ်ကြီး တနှစ်ငယ်မျှသာဖြစ်သည်၊မင်းကြီးစွာ၏ သက္ကရာဇ်ကို "သက္ကရာဇ်သျှာ၊ မှန်စွာအစ၊ ဖိုးရာ နှစ်ဆယ်၊ စွန်းဝယ်နှစ်ခု၊ ရတုဟေမ၊ နတ်တော်လ၌၊ မြည့်ထတနင်္ဂနွေ"ဟုတလုပ်မြို့စား သင်္ချာက မဟာဥပရာဇာချေင်း အပိုဒ်၆၉-၌ စပ်သည်၊

www.burmeseclassic.com

www.burmeseclassic.com

## (၅) နတ်သျှင်နောင်အထ္ထုပ္ပတ္တိအကျဉ်း

ဦးကုလားရာဇဝင်က မဆိုခြင်းအကြောင်းကိုရှာသော် ဤသက္ကရာဇ် ၉၄၈-မှာ နတ်သျှင်နောင် ကိုးနှစ်သား အရွယ်မျှသာ ရှိသေးသဖြင့် လူမမယ်မျှသာ ဖြစ်သောကြောင့် ဦးကုလားက မဆိုခြင်း ဖြစ်ဟန်တူသည်။

**နတ်သျှင်နောင် ၁၃-နှစ်**

သက္ကရာဇ် ၉၅၂-ခုတွင်မိုးကောင်းစော်ဘွား ပုန်ကန်သဖြင့် သက္ကရာဇ် ၉၅၂-ခု၊ တန်ဆောင်မုန်းလဆန်း ငါးရက်နေ့တွင် ပြည်သတိုးဓမ္မရာဇာ တပ်မှူးချုပ်၍ မိုးကောင်းသို့ချီရာတွင်မှ တောင်ငူမင်းသားတော်နတ်သျှင်နောင် တောင်ငူအားနှင့် တတပ်ပါသည်။ (မှန်နန်း-တ-၉၃,ဦးကုလား-တ-၇၆, မုံရွေးမှန်နန်းရာဇဝင်ကျော်-ထျောချပ် ဝမ်းဘက်)

အိမ်ရှေ့မင်း မင်းကြီးစွာမှာ ထိုအချိန်၌ကပင် တန်ဆောင်မုန်းလပြည့်ကျော် ၁၂-ရက်နေ့ ယိုးဒယားသို့ချီတက်တိုက်ခိုက်ရရာ ၂၄-တပ်လုံးပျက်၍အရေးမသာသဖြင့် ပြန်ဆုတ်ခဲ့ရသည်၊တန်ခူးလဟံသာဝတီသို့ ပြန်ရောက်သည်။

မိုးကောင်းသို့ချီသောပြည်သတိုးဓမ္မရာဇာတို့တပ်မှာ မိုးကောင်းစော်ဘွားခံနှင့်သည်ကိုရှပ်ရှပ်ချွံချွံတိုက်ခိုက်သောကြောင့်အောင်မြင်ပြီးမှ ပြန်ခဲ့ကြရာတန်ခူးပင် ဟံသာဝတီသို့ ပြန်ရောက်သည်၊ ဤမိုးကောင်း စစ်ပွဲ၌ အရေးရသောကြောင့် မိုးကောင်းစစ်ပွဲ အပြန်တွင် နတ်သျှင်နောင်အား အဆောင်အယောင်ပေးသည်ဆို

www.burmeseclassic.com

www.burmeseclassic.com



ယိုးဒယားသို့ ၉၄၅,၉၄၇,၉၄၈,၉၅၂–လေးကြိမ်ချီရာ ဤတတိယအကြိမ် ၉၄၈-ခုချီသည့်စစ်ပွဲမှာ နတ်သျှင်နောင်ပါသည်ဟု မှန်နန်းကဆို၏၊ ယိုးဒယားမှာ အရေးနိမ့်သဖြင့် ၉၄၉-ခု၊ ကဆုန်လဆန်း ၁၄-ရက်နေ့ ယိုးဒယားကငါးဆူဒါယကာပြန်ခဲ့သည်၊ ထိုအခါ တောင်ငူမင်း သားတော် နတ်သျှင်နောင်တတပ်တအားပါခဲ့ပြီးလျှင် အပြန်တွင် တောင်ငူမင်းနှင့် နတ်သျှင်နောင် အသေခံ နောက်တပ်အုပ်ထားခဲ့၍ ဘုရင်ပြန်ခဲ့ကြောင်း မှန်နန်း ရာဇဝင်–တ–၈၇-၌ ဆိုသော်လည်း ဦးကုလားရာဇဝင်၌မပါ၊ မှန်နန်းကဆိုပုံမှာ–

ယိုးဒယားဘုရင် ဖြနရာဇ်လည်း ဟံသာဝတီဘုရင် ပြန်လာကြောင်းကို သိလျှင် ကဆယ့်ငါးတပ်စီရင်၍ တရောမိုင်းတတ် အင်းတော် အရပ်တိုင်အောင် လိုက်လာသည်ကို နောက်အုပ်ခန့်ထားခဲ့သောတောင်ငူ ဘုရင်နှင့် တောင်ငူဘုရင့်သားတော် နတ်သျှင်နောင်တို့ ခံတိုက်လေလျှင်ယိုးဒယားဘုရင်ဖြနရာဇ်အင်းတော်ကပြန်ဆုတ်ရသည်၊ (မှန်နန်းရာဇဝင်–တ-၈၉)၊ ဦးကုလားရာဇဝင်၌ လုံးဝမပါသော်လည်းမှန်နန်းကမင်းရဲနရာချောင်း၁၄-ကို အကိုးပြု၍ဦးကုလားရာဇဝင်ကြီးကိုအမှားဆိုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဝမြို့စား မင်းရဲကျော်စွာကို ဟံသာဝတီသို့ ခေါ်၍ အိမ်ရှေ့အရာပေးသည်။

**နတ်သျှင်နောင် ၂၅-နှစ်**

၉၅၉-ခုတွင် ဟံသာဝတီကိုတောင်ငူမင်း၊ရခိုင်မင်းတို့ လုပ်ကြံ၍ ပြည်နယ်အများ ထောင်ထားကြသော အခါ ဟံသာဝတီဆင်ဖြူရှင်မင်း သားတော်အငယ် ညောင်ရမ်းမြို့စား မင်းရဲရန္တမိတ်သည် အင်းဝကို အသစ်တည်ထောင်၍ ညောင်ရမ်းဆက်ကို အစပြုသည်၊ ၉၆၀-တွင် တောင်ငူဘုရင်နှင့် ရခိုင်မင်းရာဇာကြီး ပေါင်း၍ ဟံသာဝတီကိုတိုက်ရာ ၉၆၁-ခု ပြာသိုဆန်း ၄-ရက် ဟံသာဝတီပျက်၍ ဟံသာဝတီဘုရင် ငါးဆုဒါယကာ နန္ဒဘုရင် တောင်ငူရောက်သည်၊ ၉၆၂-ခုတွင် နတ်သျှင်နောင်လုပ်ကြံ၍ ဟံသာဝတီဘုရင် လွန်သည်၊ နတ်သျှင်နောင်၏ ခမည်းတော်သည် လက်အောက်ခံ မြို့စားအဖြစ်မှ တော်လှန်၍ တောင်ငူမြို့ကို အသစ်ပြန်တည်ပြီးလျှင် တထီးတနန်း တောင်ငူနန်းတက်ရာ ၉၆၄-ခု နတ်တော်လဆန်း ၈-ရက် နေ့တွင် နတ်သျှင်နောင် အိမ်ရှေ့ဖြစ်၍ ရာဇဓာတုကလျာကို အိမ်ရှေ့မိဖုရား မြှောက်သည်၊ (မှန်နန်း တ-၁၁၄)

ရာဇဓာတုကလျာသည် အိမ်ရှေ့မိဖုရား ဖြစ်ပြီးမှ ၉၆၄-ခု တန်ဆောင်မုန်းလတွင်လွန်သည်၊ (မှန်နန်း တ-၁၁၆၊ ဦးကုလား-တ-၁၀၂၊ မုံရွေးမှန်နန်း ရာဇဝင်ကျော်-ထျော်ချုပ်-ကျော)

www.burmeseclassic.com

www.burmeseclassic.com



၍၊ ဤအခါနတ်သျှင်နောင် ၁၃-နှစ်၊ ရာဇဓာတုကလျာ ၃၁-နှစ်ရှိလေပြီ၊ နတ်သျှင်နောင်ခမည်းတော်တောင်ငူမြို့တည်မင်း နန်းသိမ်း၍ နတ်သျှင်နောင် အိမ်ရှေ့ဖြစ်သောအခန်းတွင် သားတော်အကြီး နတ်သျှင်နောင်ကို ဥပရာဇာ ဟူသောအမည်နှင့် အိမ်ရှေ့မိဖုရားဖြစ်လေပြီးသော ဇင်းမယ်ဘုရင် နှမတော် ရာဇဓာတုကလျာနှင့်လည်း စုံဘက်တော်မူသည်ဟု မှန်နန်း-တ-၁၁၄-မှာဆိုသည်၊ မည်သည့်အခါက ရည်ငံဘူးသည်ဟု အသေအချာမပါ။

**နတ်သျှင်နောင် ၁၅-နှစ်ရွယ်**

၉၅၄-ခု နတ်တော်လဆန်း ၂-ရက် ဗုဒ္ဓဟူးနေ့တွင် အိမ်ရှေ့ဥပရာဇာမင်းကြီးစွာ ဗိုလ်မှူး တပ်ချုပ်ပြု၍ ၂၆-တပ် ယိုးဒယားသို့ချီသည်၊ ထိုအခါ တောင်ငူက နတ်သျှင်နောင် တောင်ငူ တတပ်တအား ပါရသည်။ (မှန်နန်း တ-၉၇, ဦးကုလားရာဇဝင်-တ-၉၁)

'ထိုစစ်ပွဲ၌ ညီတော် သတိုးမဟာ ဓမ္မရာဇာက လက်ျာတပ်,နတ်သျှင်နောင် လက်ဝဲတပ်ပြု၍ လိုက်ရသည်၊ ၉၅၄-ခု တပို့တွဲလဆန်း ၇-ရက်နေ့ ယိုးဒယားသို့ ရောက်၍ ဗြနရာဇ်နှင့်စစ်တိုက်ရာ ထိုစစ်ပွဲမှာ ဥပရာဇာမင်းကြီးစွာ ကျဆုံးသည်၊ လက်ဝဲတပ်မှူး နတ်သျှင်နောင်သည် ဆင်တော်ဥပေါသထကိုစီး၍ ခုခံတိုက်ခိုက်သဖြင့် ယိုးဒယားဘုရင်ဗြနရာဇ်ရွှေသည်ဩယားဗတ်,ဩယားစက္ကိ-ယိုးဒယား အမတ်နှစ်ယောက်တို့ကို နတ်သျှင်နောင်က အရှင်သုံ့ပန်းရမိလိုက်သည်၊ ဤစစ်ပွဲအပြီးတွင် ၉၅၅-ခုတပို့တွဲလဆန်း၇-ရက်နေ့

www.burmeseclassic.com



**နတ်သျှင်နောင် ၃၂-နှစ်** တောင်ငူမြို့တည် ဘုရင် လွန်သဖြင့် ၉၇၁-ခု ဝါခေါင် လပြည့်ကျော် ၆-ရက်သောကြာနေ့တွင် "ဘုရင်သီဟသူရ"ဘွဲ့ခံ၍ နတ်သျှင်နောင် တောင်ငူဘုရင်ဖြစ်သည်၊ ညီတော်မင်းရဲကျော်စွာကို အိမ်ရှေ့ပေးသည်၊ (မှန်နန်း-တ-၁၁၉,ဦးကုလား-တ-၁၁၂)

နတ်သျှင်နောင်-ညီတော်သုံးယောက်ကား—

၁။ ညီအလတ်- နရာဓမ္မဘွဲ့ မင်းရဲကျော်စွာ။
၂။ " ရဲစောသီဟဘွဲ့ မင်းရဲသီဟသူ၊
၃။ ညီအငယ်- နေမျိုးဒတ္တဘွဲ့ မင်းရဲကျော်ထင်၊

ညီအငယ် မင်းရဲကျော်ထင်ဘွဲ့ရ နေမျိုးဒတ္တမှာ ဟံသာဝတီဘုရင့်သမီးတော် ခင်ရွှေတုံးနှင့် လက်ဆက်သည်။ (မှန်နန်း တ-၁၁၄)

**နတ်သျှင်နောင် ၃၃-နှစ်** နတ်သျှင်နောင် တောင်ငူတွင် ဘုရင်ပြုခိုက် ၉၆၇-ခုတွင် ညောင်ရမ်းဆက် အစဖြစ်သည့် ညောင်ရမ်းမင်းလွန်သဖြင့် ထိုမင်းသားတော်ကြီး အင်းဝ၌ နန်းစံသည်၊ နောင်အခါ ပဲခူးအနောက်ဘက်၌ လွန်သောကြောင့် အနောက်ဘက် လွန်မင်း ခေါ်သည်၊ ထိုအနောက်ဘက်လွန်မင်းသည် တောင်ငူကို ချီတက်လုပ်ကြံရာ နတ်သျှင်နောင် တောင်ငူဘုရင်အရေးနိမ့်သဖြင့် ၉၇၂-ခု တော်သလင်းလတွင် နန်းကျ၍ မြို့စားအဖြစ်နေရသည်၊ ညီတော်သုံးယောက်ကိုကား အင်းဝသို့ခေါ်သွား၍ သူကောင်းပြုထားသည်။

www.burmeseclassic.com

## (ဂေါ) နတ်သျှင်နောင်အတ္ထုပ္ပတ္တိအကျဉ်း

**နတ်သျှင်နောင် ၃၅-နှစ်**

၉၇၄-ခု ဝါခေါင်လ သံလျင်မြို့စား ဇေဂ်ါ တောင်ငူကို လာရောက်တိုက် ခိုက်ရာ နတ်သျှင် နောင်၏ ညီတော်မင်းရဲကျော်စွာ မြို့ပြင်ကဆင်စီး၍ခုခံရာကျဆုံးသည်၊ နတ်သျှင်နောင်ကို သံလျင်သို ဖမ်းသွားသည်၊ သံလျင်ရောက်မင်းဟု ခေါ်ပြန်သည် (မှန်နန်းရာဇဝင်-၁၇၀)

အနောက်ဘက်လွန်မင်းသည်ထိုသက္ကရာဇ်တွင်ပင် သံလျင်ကို ချီမည်ဟု ပြင်ဆင်သည်၊သီတင်းကျွတ်လျှင် အရောက်လာမည်ဟု စော်ဘွား,မြို့စားများကို ဆင့်ဆို သည်၊ (မှန်နန်း-တ-၁၇၁, မုံရွေးမှန်နန်း ရာဇဝင် ကျော်-၃၅၀မ်း)

၉၇၄-ခု၊ပြာသိုလဆန်း လေးရက် တနင်္ဂနွေနေ့ည သုံးချက်တီးကျော်-မာရ်အောင်တံခါးကထွက်တော်မူ၍ သံလျင်သို့စုန်သည်၊(ဦးကုလားတ-၁၇၂,မှန်နန်းတ- ၁၇၃-မုံရွေးမှန်နန်းရာဇဝင်ကျော်-၃၂၀မ်း)

**နတ်သျှင်နောင် သံလျင်မှ၁ အနိစ္စရောက်**

အနောက် ဘက်လွန် မင်းတရား တန်ခူးလဆန်း ၅ရက် ဗုဒ္ဓဟူး နေ့သို အဝင် ည၌ သန်းယံ အချိန် သံလျင်မြို့ကို တက်သည်၊ သံလျင်ကို အလိုတော်ပြည့်၍ ငါးရက်ရှိလျှင် ဇေဂ်ါကို စစ်သည်၊ တန်ခူးလပြည့်ကျော်-သုံးရက် ဖနေ့တွင် နတ်သျှင်နောင်ကို ကွပ်၍ (နတ်သျှင်နောင် အသက် ၃၅-နှစ် )ညီတော်မင်းရဲကျော်ထင်တိုသင်္ဂြိုဟ်စေသည်၊

www.burmeseclassic.com

www.burmeseclassic.com


(ဦးကုလား-တ- ၁၆၄, မှန်နန်း တ-၁၇၆,မုံရွေး မှန်နန်းရာဇဝင်ကျော်-ချုံချပ် ကျော်ဘက်)

သံလျှင်ရောက်မင်း နတ်သျှင်နောင်မိဖုရား ရာဇဓာတုကလျာတွင် သားတော်သမီးတော်မမြင်၊ ကိုယ်လုပ်တော်ငါးပါးတွင်မြင်သည်၊သားတော်-၆+သမီးတော် ၁=ပေါင်း ကိုးပါးတည်း။

---

www.burmeseclassic.com

www.burmeseclassic.com

## လက်ဝဲနော်ရထာ,မဟာသီဟသူရ, နှစ်ဘွဲ့ခံနှစ်မည်ရအမတ်ကြီး၏ နတ်သျှင်နောင်ရတုများကို တည်းဖြတ်၍ ပေသို့တင်ခြင်းအကြောင်း

ဇေယျဝဍ္ဎနတိုင်း တောင်ငူ ကေတုမတီပြည်ကြီး မှစ၍ ရတနာပူရ,ဇေယျပူရ, ရတနာသိင်္ဃ, အမရပူရ ရွှေပြည်တော်ကြီး များတွင် ရွှေထီး ရွှေနန်း စိုက် ဆောက်စံပယ်တော်မူကုန်သော မင်းဧကရာဇ်အဆက် ဆက်၊ ရွှေနန်းရွှေဘုန်း ရွှေပြည်တော်ပတ်လည် တိုင်း နိုင်ငံတော်တွင် အမျိုးလေးပါးနှင့် ကဝိအဆက်ဆက် တို့ သုံးဆောင် လေ့လာမှတ်သား ပြန်ဆိုကုန်သော တောင်ငူမင်းဆိုသော ရတုများသည် လိပ်မှတ် မှား ယွင်း၍ တချို့လည်း ရတုစုံတရာကျော်,နှစ်ရာကျော်ခန့် ရှိသည်,တချို့လည်း ရတုစုံမှုနှစ်ဆယ်ကျော်ခန့်ရှိသည်, နှစ်ဆယ်ကျော်ခန့် ရှိသည်၊ တချို့လည်း ရတုစုံ သုံး ဆယ်ကျော်, လေးဆယ်ကျော်ခန့်ရှိသည်၊ အငြင်းအခုံ ရှိကြသည်၊ တချို့ မူရင်းများမှာလည်း သဒ္ဒါနေ, ဓာတ်,ကံ,ကတ္တား အနေအထား မမှန်မကန်ရှိသည့် အရာလည်း ရှိသည်၊ လောကဝတ်စကား အလည်, အပတ်, အသတ် အရစ်နှင့်အလင်္ကာ ဒေါသမကင်း သောအရာလည်းရှိသည်များကို အလောင်းမင်းတရား ကြီးလက်ထက် ဟံသာဝတီနန်းတော်တွင် "လက်ဝဲ နော်ရထာ"ဘွဲ့ သနားတော်ခံရသော အမရပူရမြို့ တည်, နန်းတည်, ဆင်ဖြူရှင်ဘုရား လက်ထက်တော်

www.burmeseclassic.com

## ၂ လက်ဝဲနော်ရထာတည်းဖြတ်ခြင်းအကြောင်း

ရတနာပူရ အင်းဝရွှေနန်းတော်တွင် အတွင်းဝန်ခန့်ထားတော်မူ၍ အမရပူရ ရွှေနန်းတော်တွင် "မဟာသီဟသူရ"ဘွဲ့အမည် သနားတော်ခံရသော ကဝိအမတ်သည် ကဝိအဆက်ဆက် မင်းဧကရာဇ် အဆက်ဆက် ရွှေနန်းရွှေဘုံ၌ သုံးဆောင် ပြန်လျှောက်သော တောင်ငူမင်းဆိုရတုများကို သိကျွမ်း လေ့ကျက်ရင်းရှိသည့်အတိုင်း တောင်ငူမင်းဆို ရတုအစောင်စောင်နှင့် ယင်းတောင်ငူမင်းဆို ရတုကို ချင်ဥက္ကံသမာလာဖြေသောအဖြေ၌ ဝိဘတ်ခုနစ်သွယ် ကံ, ကတ္တားသဒ္ဒါနေများမှစ၍ တောင်ငူမှုဟောင်း အစောင်စောင်တွင် ယုတ္တိ လက္ခဏာ မင်းဘွယ်စိုးရ စကားအရာရာကို တည်းဖြင့်,ဆင်ခြင်,ညှိနှိုင်းပြင်ဆင် အကြိမ်ကြိမ်ကြည့်ရှုပြီးလျှင် ယုတ္တိနှင့်တကွ ရတုစုံ ခြောက်ဆယ့်ခုနစ် (၆၇)ရသည်ကို ပေသို့တင်ပေအံ့။

ထိုရတုကို ဆိုသော တောင်ငူမင်းနှင့် တောင်ငူကေတုမတီမြို့အကြောင်းကား— သက္ကရာဇ် ၆၄၁-ခု၊ ကဆုန်လဆန်း ၉-ရက်၊ ဗုဒ္ဓဟူးနေ့၊ နက္ခတ် ဂ-လုံးတွင် ကျောက်ဆောက်ဘုရားရှိသော မင်းနေညီနောင်မြို့ထွတ်ခေါင်ကို သဝန်ကြီးတည်သည်၊ ထိုအကြောင်းကား— တောင်ငူမြို့ မတည်မီ ဆွာချောင်းနားတွင် ကမ်းပါးမြင့်ရွာ ရှိသည်၊ ထိုရွာသူကြီး, ရွာသားတို့ကိုမွန်တို့ လိုက်လံယူသွား၍ ပျူအရပ်တွင် ထားသည်၊ ကမ်းပါးမြင့်သူကြီးတွင်လည်း သားသဝန်ကြီး, သဝန်ငယ်တို့ မွန်ပြည်သို့ပါသည်၊ အဖကမ်းပါးမြင့် သူကြီးက သားသဝန်ကြီး, သဝန်ငယ်တို့ကို မှာသည်ကား—

www.burmeseclassic.com

www.burmeseclassic.com



"ပေါင်းလောင်းမြစ်လက်ဝဲက ချောင်းသက် ရှိသည်၊ ထိုချောင်းကိုလျှောက်၍လိုက်လျှင် တောင်ငူငယ်ကိုတွေ့မည်၊ တွေ့လျှင် မြို့ရွာတည်ထောင်နေကြလေ"ဟူ၍ မှာသည်၊အဖမရှိသည့်နောက် သဝန်ကြီး,သဝန်ငယ်တို့သည် ပေါင်းလောင်းမြစ်ကို ဆန်လာသော် ခပေါင်းမြစ်ကိုတွေ့လျှင်အဖမှာသော ဆွံချောင်းဟု အမှတ်ရှိ၏၊ခပေါင်းမြစ်ကိုဆန်၍ မြို့ရာရှာကြလျှင် ကျောက်ဆောက်ဘုရားနှင့် ရွာဟောင်းကိုတွေ့၍ တောင်ငူမြို့ကိုတည်သည်၊ထိုအကြောင်းရည်၍"တသောင်းရှစ်ပြန်"ချိုရတုတွင်"ခပေါင်းမြစ်ဇုန်"ချီသောအပိုဒ်၌--

> "ခပေါင်းမြစ်ဇုန်၊သည်ကိုဆန်၍၊ရန်မာန်အောင်မြေ၊ လှည့်ကြဖွေသား၊ မင်းနေညီနောင်၊ မြို့ထွတ်ခေါင်ဝယ်"--

ဟူ၍ စပ်လေသည်၊ ထိုမြို့၌ မင်း ၂၈-ဆက်တွင် "မဟာသီရိဇေယျသူရ" အမည်ခံသော မင်းကြီးညီလက်ထက် သက္ကရာဇ် ၈၇၇-ခု၊ တန်ဆောင်မုန်း လဆန်း ၁၂-ရက်၊ အင်္ဂါနေ့၊ နက္ခတ် ၂၆-လုံးတွင် ယခုကေတုမတီမြို့ကို တည်တော်မူသည်၊ ကေတုမတီကို တည်တော်မူသော မဟာသီရိ ဇေယျသူရ ကသည် သားတော်မင်းတရားရွှေထီး၊ ထိုမင်းကသည် နေနတ်နွယ် ဟု ရာဇဝင်ဆိုသော အထိန်းတော် သိပ်သူ၊ ထိုကသည် သားတော်ဘုရင့်နောင်တော် ဆင်ဖြူများရှင်၊ ထိုကသည် ညီတော်ကိုးသိန်းသခင် ဘုရင်မင်းခေါင်၊ ထိုကသည် သားတော်မဟာဓမ္မရာဇာ ဓမ္မရာ

www.burmeseclassic.com



ဇာ အမည်ခံသော သားတော် ရွှေနန်းတည်မင်း၊ ထို ကာသည် ကေတုမတီမြို့တွင် ၈-ဆက်မြောက်၌“မဟာ ဓမ္မရာဇာအမည်ခံသော တောင်ငူမင်း နတ်သျှင်နောင် သည် ကဗျာတို့၌ နှောက်ရှက်သော-ပဒ၌ ရှစ်ပါး, ဝါကျ၌ ကိုးပါး,ပဒတ္တ၌ ခြောက်ပါးသော ဒေါသ အပြစ်ကင်းလျက် အထူးထူးသောကျမ်းလာ နည်းနာ ဂုဏ်ဆယ်ဖြာစသော စကားအရာ အင်္ဂါလေးတန်နှင့် ရောပြွမ်းသော မင်းဘွယ်စိုးရန့်တကွ ထူးပြား ဆန်း ကြယ်သော ကဝိ ကဗျာ လင်္ကာဖွဲ့ခြင်း၌ လိမ္မာစွာ ကျစ် လစ်ယဉ်ကျေးဘွယ်ရာ လျောက်ပတ်စွာသော ရာဇသံရှိ သော ထိုထိုရတုကို ဆိုတော်မူသတည်း။

---

www.burmeseclassic.com

www.burmeseclassic.com

# နုတ်သျှင်နှောင်ရတု

## ပေါင်းချုပ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-မုဋ္ဌောဘုရားတိုင်-မယ်ဘွဲ့(စာပြိုင်-အခံ) ရတု

(ပ) * **တသောင်းရှစ်ပြန်၊** လေးထောင်လွန်*သား၊ *ယုဂန်*လှည့်သွား၊ *လ,ရထားနှင့်၊ *နတ်သား*နိုးကြ၊ *သောကာလဝယ်၊ *သောကစံမှာ၊

---

**မှတ်ချက်။** ။ ပုဒ်ကွဲများဖေါ်ပြရာတွင်ရှင်ဥတ္တမကျော်သမာလာအဖြေမှုကို (ဥ) ဦးရွှန်းအဖြေမှုကို (ရ) လက်ဝဲနော်ရထာပေမှုကို (လ) မြန်မာ့ကြက်သရေ စာအုပ်မှုကို (မ) ဟု သင်္ကေတ အက္ခရာများဖြင့်၎င်း၊ ခက်ခဲအဖြေရှိသော စာပုဒ်များရှေ့တွင် (*) ခရေပွင့်ဖြင့်၎င်း၊ ခွဲထားစာလုံးများ နောက်တွင်(/+)ဤအမှတ်လက္ခဏာဖြင့်၎င်း ညွှန်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



*ဌာပနာ့သား၊ သစ္စာဉာဏ်ပေါင်း၊ * မရှုတောင်းသည်၊*ညီနှောင်းနှောင်စော၊*မြတ်မုဋ္ဌော။ ။*ကြာမောနွေရက်၊သက်ဆက်သည်ချည်း၊ မနည်း*ကုံးသီ၊ မျှားလေပြီတည့်၊နွဲ့မှီတူစုံ†၊ဘုန်းချင်းဆုံ†ကို၊*ကြေးမုံအသွင်၊ *ရှုမြင်နေကျ ၊ ပါချင်လှ၍၊ *ထိန်းယရွှေဖော်၊ လျှောက်ပါသော်လည်း၂၊ နားတော်မညွတ်၊ *ဆင်းကြာနတ်သည်။ ။**နှုတ်လွှတ်မပါ မြွက်သော့ကြောင့်။**

(၃) **မပျောင်းရစ်ဟန်၊** *ဗျာပါချွန်ခွဲ၊ *ပြုန်ပြုန်ကြိုးခက်၊ *တုံ့မမြွက်၍၊ *ဘုန်းစက်ဗျာဒိတ်၊ ချစ်နိမိတ်ကို၊ မယ့်စိတ် ယုံထိုက်၊ *သို့စင် ကြိုက်ဝယ်၃၊ *သုံးတိုက် ပယ်မှောင်၊ ထွတ်ဘုန်းခေါင်လျှင်၊ ငြိမ်းအောင် ပြေကြောင်း၊ ဖြည့်ပါတောင်း၏၊ တသောင်းဇမ္ဗူ၊ လှည့်ယူကြိုက်ရာ†၊ ရွေးခဲ့ရှာ†လည်း၊ စကြာရဟတ်၊ *ပန်းကာ ပတ်လိမ့်၊ ညွတ်ညွတ် ခခ၊ ယုယပျော်ပါး၄၊ သနား*ခလေလေ၊ ထွေထွေမသိ၊ မျက်စိ*တန်ဆောင်၊ *ထွန်းပြောင် လျှံဝါ၊ သခင် သာဟု၊ မေတ္တာ မတန့်၊ *သက်လုံးခန့်သည်။ ။***ကြင်ညွှန့်မဖြာ ရက်သော့ကြောင့်။**

---

၁။. သို့ပင်ကျန (ဥ) (လ)

၂။ လျှောက်ပန်သော်လည်း (လ)

၃။ သိစင်ကြိုက်ဝယ် (လ)

၄။ ယုယသာဖျား (အ)

www.burmeseclassic.com

www.burmeseclassic.com



(ဏ) *ခပေါင်းမြစ်ဝှန်၊ *သည်ကိုဆန်၍[၁]၊ *ရန်မာန်အောင်မြေ၊လှည့်ကြဖွေသား၊ *မင်းနေညီနောင်၊ မြို့ထွတ်ခေါင်ဝယ်၊ *ခြောက်ရောင် *ဘဝင်၊ နှင့်သာ *စက်မျှ၊ *ကွန်ရက်ခြည်စုံ၊ပွင့်ဇုံလျှံတောက်၊ *သုံးပါးနောက်ကို၊ မရောက်ဘူးပါ၊ ခုသာချောက်ပန်း၊ *မလွန်ခေါက်ရက်၊ ကြားတိုင်းထက်လည်း၊ ရွှေစက်တင်ဦး၊ ရသော်ထူး၏၊ *ညွှတ်နူးစိမ့်သား၊ သည်စကားမူ၊ *ပျို့ရှား*မဉ္စူ၊ နှင့်သာတူရှင့်၊ မဖြူစိတ်ညို၊ ရှိမည်ကိုလည်း၊ *မြွက်ဆိုဟာခဲ့[၂]၊ *မတုံ့ဖဲသည်[၃]။ ။*ချေလဲမသာ ခက်သော့ကြောင့်[၄]။

---

## ၂-ကျောက်ဆောက်ဘုရားတိုင်-မယ်ဘွဲ့ (စာမြိုင်အလိုက်) ရတု

(ပ) *တသောင်းရှစ်မည်၊ *လေးထောင်တည်ကို၊ ရစ်လည်လှည့်ပတ်၊ လ-ပြာသာဒ်နှင့်၊ ရန်နတ်နီးခိုက်၊ သောစဉ် ကြိုက်ဝယ်၊ *ထိန့်ရိုက် သပြေ၊ အာဏာမွေ့သား၊ သရေဓမ္မ၊ သောကရွှေမှောက်၊ တည်ခဲ့မြောက်သည်၊ * ကျောက်ဆောက် လျှံပြောင်[၅]၊ မိတည်းနောင်။ ။ရည်ဆောင်လနှစ်[၆]၊ အသစ်အသင့်၊ ကြား

---

၁။ သည်ကိုလွှန်၍ (ဉ)

၂။ မြွက်ဆိုသမ်းမဲ့(ဉ) ရိပ်ဆိုဟာခဲ့ (လ)

၃။ မတုံ့ပဲသည် (လ) မရှိပဲသည် (ရ)

၄။ သောကြောင့်ဟု ချရာတို့၌ အမြစ်မပေါ် (ဃ)

၅။ ကျောက်ဆောင် လျှံပြောင် (လ)

၆။ ရည်ဆောင်လနှစ် (ဉ) (လ)

www.burmeseclassic.com

www.burmeseclassic.com



ဆင့်လေသို့၊ *မပျိုစဘူး၊ *အမူးအမော်၊ ကြိုးသည် သော်ကား၊ နားတော်ပျိုညောင်း၊ ညွတ်ပေကောင်း ဟု၊ ရွှေပေါင်းလှည့်ဖြား၊ လျှောက်ပါ ငြားလည်း *ရွှေသားမြလျှံ၊*မှတ်ညက်စံသည်။ ။**ချစ်သံမြွက် မခြည်သော့ကြောင့်။**

(၃) * **မပျောင်းရစ်တည်**၊ * ဗျာပါရည်နှင့်၊ သာကြည်ကြားခက်၊ မိန့်မမြွက်တည့်၊ *ခွဲဝက်သံချို၊ အလိုလိုလျှင်၊ ကဲ့ပြိုလွင့်ရှာ၊ သူ့စိတ်မှာကို၊ အာဏာ ကြီးဘိ၊ ငြီး*ဘွယ်ရှိမျှ၊ *ပြစ်တိဖွေဖွေ၊ ရိပ်ကာနေ လည်း၊ ခြောက်ထွေကွန့်ရစ်၊ ရှင်တော်စစ်ကို၊* သစ် သစ် ပြန်ခေါက်၊ ပန်ခဲ့လျှောက်ရှင့်၊ မလျှောက်သင့် *တောင်း၊ညို့နွဲ့နှောင်းလျှင်၊ယုံကြောင်းယုံမြဲ[၁]၊မယုံပဲ ကို[၂]၊ မှတ်စွဲတထွေ၊ ပါလေစေဟု၊ ဖြေဖြေခခ၊ ထိန်း ယယ်ချို၊*သွေးသီမသာ၊ * ကြိုးကာကာသည်။ ။ **မေတ္တာစကာ် မလည်သော့ကြောင့်။**

(၈) * **ခပေါင်းမြစ်လည်**။ ခုနစ်မည်လျှင်၊ဖန် ရည်ရောင်ဖုံး[၃]၊ တောင်အလုံးကို၊ မြှုံးရိပတ်၊ ခွဲခဲ့ ညွတ်မှ၊ ရန်လွတ်ညီနောင်၊ နော်ပြည်ထောင်ကို၊ တင့် အောင်လက်ယာ၊ လည်ခဲ့ပါသား၊ အဝါခြောက်စုံ၊ တက်ပျံဖြိုးဖြိုး†၊ ပြိုးပြိုး†ပြောင်လက်၊ မတန်ပြက်၍ ကွန်ရက်ခြည်ထူး၊ ပြပါဦးလော့၊ နှုးနှုးညှံ့ညှံ့၊ ပျံ့၍

---

၁။ ယုံကြောင်းယုံခဲ(ဥ)(မ)

၂။ မှတုံ့ပဲကို(လ)

၃။ ဖန်းရည်ရောင်ဖုံး(ဥ)(လ)(မ)

www.burmeseclassic.com

www.burmeseclassic.com



ဖြားဖြား၊ စကား*မည္ဟု၊ ကြားသူသံချို[၁]၊ သို့သာဆိုရှင့်[၂]၊ နှန်းညှိစိတ်မှာ၊ မသိသာခဲ့၊ သစ္စာတွေးခေါ်၊ နှောင်းနှန်းမြော်သည်။ ။မိန့်တော်ခက် မရည်သော့ကြောင့်။

---

၃-ကျောက်ဆောက်ဘုရားတိုင်-မယ်ဘွဲ့
(စာပြိုင်-အခံ)ရတု

(၁) *လွတ်ဦးသဘင်၊ စီညာခွင်က၊ ပလ္လင်ပြောင်နှန်း၊ ဖြိုရိုပ်ဝန်းလျက်[၃]၊ *တသန်းနေ-နှင့်၊ လ-နှယ်တင့်သား၊ *ဘုံမြင့်နန်းသူ၊ ကြည်ဆုယူသည်၊ မဠ္ဈူ*ခုန်ကင်း၊ မြတ်ရှင်ရင်း။ ။*ညင်းညင်းပျူပျူ[၄]၊ ယုယခြေညောင်း၊ ညွတ်ညွတ်ပျောင်းမျှ၊ ယုံကြောင်းယုံဘွယ်၊ အသွယ်သွယ်ကို၊ နားဝယ် မြဲမြဲ၊ ဆို*မောလှလျက်၊ စစ်စန္ဒဖင့်၊ နောင်ဘုန်းမြင့်သည်။ ။ရှေးနှင့်မတူ ထွေသော့ကြောင့်။

(၃) *ပြတ်မူးအကြင်၊ ပန်းနှယ်ပင်တည့်၊ လည်ကျင်ခွေပတ်၊ ဆင်မတတ်ဟု၊ *အထွတ်တိုင်ထိ၊ ဆိုဦးချက်၊ *ချစ်မိမချစ်၊ အသစ်သစ်လျှင်၊ မရင်စုံမက်၊ ကြွာ*ယွက်၍[၅]၊ *မျှသက်ဝေမြဲ၊ မဝေပဲ့နှင့်၊ မင်းရဲ

---

၁။ ကြာတူသံချို(လ)ကြားသူနောင်ချို(ရ)
၂။ သို့သာဆိုလည်း(လ)
၃။ ဖြိုရိပ်ဝန်းထက်(လ)
၄။ ညှင်းညှင်းပျူပျူ(လ)ညင်းညင်းဖျူဖျူ(မ)
၅။ မေတ္တာယှက်၍(မ)



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမြင့်၊ ကြင်စိတ်ဖင့်၍၊ သူနှင့်ကျွမ်းဟန်၊ အလွမ်း ချန်ခဲ့၊ ရောင်ဝှန်လျံညီ၊ ဉာဏ်တော်သိလော့၊ *ဆံမို့ မမေ့၊ ဖြစ်သရွေ့ကို၊ စေ့စေ့သာဖြည်း၊ လျှောက်ရိုး စည်းသည်၊ ။မွဲချည်းမကြင် နေသော့ကြောင့်။ ·

(ဓ) **ညွတ်နူးမရှင်**၊ ဗျာပါ*စင်လည်း၊ ပူပင် *ညှိုးမြန်း၊ မကြီးလွန်းတည့်၊ ဆို*ဆန်းမဆို၊ တော်မည် ကိုမူ၊ မြင်းမိုရ်ထက်မျှ^၁၊ လွန်မကဟု၊ နောင်မြည်မှတ်†၊ လှည့်စားမှတ်†ဖြင့်၊ ပတ်ပတ်ဝန်းဝန်း၊ ဆန်းဆန်းထူး ထူး၊ မူးမူးလည်အောင်၊ တော်ယောင်*ဘနန်း၊ ကျိန် မျိုး*ကျွန်း၍၊ ချစ်ပန်းမဆင့်၊ လင့်နွဲ့ဖင့်သော်၊ သူနှင့် ကြင်မှ၊ မကြင်ရဟု၊ သိဂ်မဉ္ဇူ^၂၊ ဆင်းရုပ်တူကို၊ ဆုယူ ရှိုင်၊ လျှောက်သည်တိုက်ကား၊ မစုံချင်လစ်၊ အသစ်သစ် သည်။ ။အချစ်သူသို့ ဝေသော့ကြောင့်။

---

## ၄-သကျမဥ္ဇူဘုရားတိုင်-မောင်ဘွဲ့ (စာပြိုင်-အလိုက်)ရတု

(ပ) **သကျမဥ္ဇူ**†၊ ထိန့်ရှိက်ဆူ†သား၊ ရိပ်ဖြူ ရွက်ရှင်၊ ဖြန့်မိုးဆင်လျက်၊ ပလ္လင်ရွှေနန်း၊ လွှတ်ညာ စွန်းက၊ စက်ရွှန်းမိုးမျှ၊ *တိုင်းမဲ့ပသည်၊ *သိဂ် စံလျော်၊ ဆင်းရုပ်တော်။ ။*မူးမော်ဘနန်း*၊ အ သက်ကျွန်းမျှ၊ ဝန်းဝန်းပတ်ပတ်၊ ညွတ်ညွတ်ခွေခေါက်၊ မလျှောက်* စတောင်း၊ နေ့ရက်ပေါင်းလျက်၊ ယို ကြောင်းယုံအောင်၊ သက်လက်ဆောင်နှင့်၊ တော်*

---

၁။ မြင်းမိုရ် ထိုက်(မျှ)
၂။ သိဂ်မဉ္ဇူ(လ)

www.burmeseclassic.com

www.burmeseclassic.com



ဆောင်သံချို၊သို့စင်ဆိုမှ၊နောင်ညှိရဲဖျား၊ရန်ညွန့်တားသည်။ ။**တပါးသူနှင့် ကြင်သော့ကြောင့်။**

(၃) ***ဖက်မျှရည်တူ**၊ ကိုယ်ကိုဟူက၊ မည်သူမတန့်၊ သို့သည်ဟန်နှင့်၊ အလွန်အကြူး၊ ဆိုစဦးက၊ ဖြည့်ဖြူးသည်သော်[၁]၊နာသူပျော်မျှ၊မတော်ပဲပင်၊ခတော်ရှုပ်ဆင်၍၊ မကြင်လတုံ၊ကြင်လတုံနှင့်၊မယုံကြည်သာ၊ လေပြည်လာသို့၊မယ့်မှာရစ်ခွေ[၂]၊ သူ့ကြောင့်ဖြေသော်၊ ခြောက်တွေ ရောင်တောက်၊ ငါးမာရ် ဖျောက်ကိုမ လျောက်ပံ့ထွေ၊ကြောက်ရွံ့နေလည်း၊မပြေဖြေဖျော်†၊ တိုင်မြွက်ဖော်†သည်။ ။**ဉာဏ်တော်သိစေချင်သော့ကြောင့်။**

(၈) **မြွက်ဟသည်မူ**၊ရောင်ခြည်စက်မြူး၊ တန်းခိုးထူးသား၊ လွတ်ဦးဥကင်၊ နန်းညာတင်သည်၊ ရှင်ပင်မဉ္ဇူ၊ သိတော်မူလော့၊ ဇမ္ဗူလုံးတွင်၊ သည့်နှယ်ပင်တည့်၊နာချင်ဘွယ်သာ၊ပျားသကာသို၊မေတ္တာပျံ့ကြည်၊ ဆိုတတ်သည်ကို၊***ဖွေနှည့်ရည်တူ ရှာ*** မေးမြှလည်း၊ ခြည်သူပင်မျှ၊ဖက်မရတည့်၊ သစ္စာ့အပုံ၊ ကျိန်မျိုးစုံကို၊ ***လုံးချုံအသက်**[၃]၊ စုနှင်းဆက်ရှင့်၊ ***မယ့်ထက် ချစ်ရန်**[၄]၊ ယုံမိလွန်သည်။ ။**ကေန်တော်မည် ထင်သော့ကြောင့်။**

---

၁။ ဖြည့်ဖြူးသည်ဖျော်(လ)
၂။ မယ့်မှာချစ်ခွေ(ဥ)(မ)
၃။ လုံးခြုံအသက်(လ)(မ)
၄။ မယ့်သက်ချစ်ရန်(ဥ)(မ)

www.burmeseclassic.com

www.burmeseclassic.com



## ၅-သကျမန္တူ ဘုရားတိုင်မောင်ဘွဲ့ရတု

(ပ) ***မကြောက်ခြည်မြူ**၊သစ္စာဟူက၊ ရိပ်မြူဖြန့်
ဝန်း၊ ရာ့ တနန်းသို့၊ *ပြဋ္ဌာန်းစိုးဆောင်၊ မည့်အ
ခေါင်လျှင်၊ သောင်းထောင် ဆယ်ပြန်၊ကျိန်မျိုးလွန်
လျက်၊သက်ချန့်မှတ်ရော်၊ မဝေသော်လည်း၊ မူးမော်
စိတ်ပန်း၊ မျှ*မပြန်းတည့်[၁]၊ *ထောင်မွန်း နေတူ၊
ဘုန်းညွှန့်လူသည်၊ မန္တူသကျာ၊ မြတ်သည်ရာကို၊
သူသာ မသင့်၊ လေ*တမင့်ဟု၊ ဉာဏ်ဖြင့်* မြော်သိ၊
မတိုင်မိလည်း၊ ခု*ပြို့မြွက်ဖေါ်†၊ မလျော့ကျဖျော်†
သည်။ ။**နားတော်နှင့်မလျော့ကျသော့ကြောင့်။**

(ဒု) **†မလျော့ကျ သည်မှု**၊ လျော့ကျမည်
*ကြောင်းလျား၊ ရှိလှည့်ငြားလည်း၊ ထွတ်ဖျားခေါင်
ရောက်၊ မကြားလောက်၍၊မအောက်မေ့ရှာ၊ မယ့်ဗျာ
ပါတည့်၊ အာကာ*တရှည့်၊ မိုးပြင်ပြည့်မျှ၊ ဆိုသည့်
နှုတ်ထွက်၊ နှင့်ယှဉ်းကွက်ခဲ့၊ *မြိုးမြွက်ရိပ်ခြည်၊ရှိမည်
စင်ထား၊ သူ့နားလေသံ့၊ မပျံ့တွေးတော၊ **နေစမော**
ရှင့်၊ မ*လျော့ပြီချင်[၂]၊ ဆက်တိုင်းပင်ဟု၊ *ဉကင်
သနန်း၊လွှတ်ညာစွန်းက၊ ရေသွန်းပုံ့ကြိုင်၊ *မန္တူခိုင်
နှင့်၊ ဆက်တိုင်ရှိရည်၊ ခုလျော့ကျသည်မှု။ ။**မြူခြည်
မျှ မထောက်သော့ကြောင့်[၃]။**

(တ) ***မထောက် ရည်တူ**၊ ဘက်မပြုတည့်၊ဗမ္မာ
ခွန်ဆွတ်၊ ပွင့်မည်နတ်ကို၊ မယ်မှတ်ဝမ်းနည်း*ဘွယ်

---

၁။ မျှားမမြန်းတည့်(မ)
၂။ မရော့ပြီချင်(မ)
၃။ မကြောက်သောကြောင့်(မ)

www.burmeseclassic.com



ာပည်း၏၊ ဆုလည်းမြွက်တောင်း၊ လျှောက်သော
ကြောင်းမူ၊ သက်ပေါင်းမစုံ၊ ယုံမည်မခန့်၊စိတ်တွန့်ကြ
း၊ရည်ညွှန့်တားလျှင်၊မခြားတောင်းပ၊*နေ့,လချိုး
က်၊ မှန်မည်ခက်ခဲ့၊ ဘုန်းစက်ပွံ့ကြည်၊ *ဗျာဒိတ်
ည်လည်း၊ မြရည်ရဲလွေ့၊ ဆိုသရွေ့ကို၊ အောက်မေ့
*အာကာ၊မသက်သာသည်။ ။**သစ္စာကျိန်မကြောက်
သော့ကြောင့်[1]**။

---

**၆-သစ္စာတိုင်မယ်ဘွဲ့(ဓာပြိုင်-အခံ)ရတု**

(ပ) **ရှစ်ဆိုင်ရွက်ကြာ**၊ဖြန့်မိုးကာလျက်၊မင်းသာ
တ်၊စက်ပြာသာဒ်သို့၊ရှိညွှတ်ရည်ဆက်†[2]၊ ဖူးသည်
က်ဝယ်၊ *စိတ်†စက်နှလုံး။ စုရုံးကြွင်းမဲ့၊ ကြွေခဲ့
တ်၊*ဆွတ်လွတ်လှည့်ကာ၊ ဗျာပါကျိုး,ပြစ်၊ စင်
ခသိ၊ မျက်စိလိုလိုက်၊* ပါကြိုက်သရွေ၊ *မြော်
ည့်နေ့က၊ မမေ့စဖူး၊ အကြူးအလွန်၊ ဆယ်ပြန်
ယ်တစ်၊ တည်ရပ်မဲ့ဆုံး၊ *ယူသို့ကျုံးသည်။ ။
**တ်လုံးဆက်ပါ ချင်တော့သည်**။

(၃) ***နှစ်ပြိုင်ဘက်ရှာ**၊ ဝတီ သာမှ၊ စံရာစံထား၊
ဲခြား†၍၊ သိကြား†တမျှ၊ ပြိုင်*လှာသလည်း၊
*သော်တော့ရောင်တွင်၊ကြယ်နှယ်ဆင်ဟု၊သခင်ကကို၊
မိန့်ဆိုလိမ့်၊ ဝင်းညိုမွေးမွတ်[3]၊ ပြာလတ်နွဲ့ချော၊
သောာစင်ဖြူ၊ မည်သို့ဟူ၍၊ *မြင်သူမူးမော်၊ တော

---

၁။ မရောက်သောကြောင့်(လ)
၂။ ရှိညွှတ်ရည်ဆက်(လ)
၃။ ဝင်းညိုမွေ့မွတ်(ရ)

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဟမြွက်၊ ဆိုမျိုးခက်ခဲ့၊ အဘက်ကျူးလွန်[၁]၊ ဘင့်မော်ဟန်ကို၊ *မြော်ပြန်မြင်နှိုင်း၊ တန့်မဆိုင်းသည်။ ။ **ရှုတိုင်းမျက်နှာ ထင်တော့သည်။**

(တ) **ချစ်ပိုင်ဆက်ရာ၊**လက်ဆောင်*လျာမူ၊သက်သာဖြစ်သင့်၊ ပေထိုက်တင့်ဟု၊ ကြိုးခွင့်လျောက်မည်၊ ကြံချင်သည်လည်း[၂]၊ *ဝိုက်လည်ခ,ယ၊ ဘယ်သူသချ၊ *လှမျှော်းစံကျွန်း၊ မိန့်တော်ပန်းကို[၃]၊ *မြဝန်းရစ်သီ၊ မဆင်မီဝယ်၊ *ချစ်ဆီတည့်လျော်၊ ကြွားရသော်မျှ၊ လွှမ်းဖော်ကြွေလွတ်[၄]၊ မြေတို့တတ်၏[၅]၊ ပြတ်ပြတ်ခန့်ရည်[၆]၊ မသိသည်နှင့်၊ နွေလည်ရာသီ၊ ပွင့်ဖြိုင်ညီက၊ နာရီ*ပါဒ်ဝက်၊ လျှပ်တပြက်မျှ၊ စုံမက် ဆပွါး၊ ချန်မထားသည်[၇]။ ။**သနားရက်သာ * ဖျင်တော့သည်**[၈]။

## ၇-သစ္စာတိုင်မယ်ဘွဲ့ (စာဖြိုင်-အလိုက်) ရတု

(ပ) ***ဖြူညွန့်ရှက်ဆိုင်၊**ဝန်းရိပ်မြိုင်လျက်၊ ရောက်တိုင်တိမ်ထွတ်၊ ပုံမတတ်တည့်၊ ပြာသာဒ်လျှံလန်း၊ စံနတ်နန်းသို့[၉]၊ ရည်ညွန်းရှိဦး၊ *စက်ထံဖူးသော်[၁၀]၊

၁။ အဆက်ကျူးလွန် (ရ)
၂။ ကြံခင်းစည်ဝယ် (ဥ) (မ)
၃။ မိန့်တော်ခွန်·ကို (မ)
၄။ လွှမ်းပျော်ကြွေကျွတ် (ရ)
၅။ မြေတို့တတ်၏ (ရ)
၆။ ပြတ်ပြတ်ဟရည် (လ)
၇။ ချန်မအားသည် (မ)
၈။ မြင်တော့သည် (မ)
၉။ စံနတ်နန်း၌ (လ)
၁၀။ စက်တူဖူးသော် (ရ)

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းကျူးနွေစ၊ သာလွန်ညဝယ်၊ သက်မျှစုရုံး၊ နှလုံးကြွင်းမဲ့၊ ကြွေခဲ့မတတ်၊ *ဆွတ်လွတ်အူ့,သည်း၊ နေလည်းဗျာပါ၊ ရံခါခဏ၊ *လျှပ်တပြမျှ၊ တွေးဆပြစ်ရှိ၊ မကြိမိတည့်၊ မျက်စိလျှံမျှ၊ မှတ်မျှော်ကလျှင်၊ ကြင်စကြင်ခွေ၊ * ဖြိုးတွေ*မွှမ်းစိုင်၊†၊ သွယ်ကုံးဆိုင်†သည်။ ॥သက်ပိုင်စိုးစေ ချင်တော့သည်॥

(၃) **တူခန့်ဘက်ပြိုင်၊** စံသာတိုင်သား၊ *ခြောက်ဆိုင်မြင့်ခန်း[၁]၊ လှတဝန်းဝယ်၊ တောင်စွန်း*ညာဖျား၊ ထွတ်တင်ထားနှင့်၊ နှစ်ပါးနိုင်းရှည့်၊ နှုန်းလှာလှည့်လည်း၊ ဖြိုးပြည့်လလျှံ†၊ ကြယ်နှယ်ရံလိမ့်၊ ဘက်လံ†ခြားဝေး၊ *မုလေးညွန့်ဖူး၊ *စံပယ်ဦးသို့၊ အကျူးအလွန်၊ ဆယ်ပြန်ဆယ်ထက်၊ ဆယ်ဆသက်ကို၊ နှစ်ချက်မထင်၊ ဆက်ပါချင်၏၊ စက်လျှင်မြော်နိုင်း၊ နွေတိုင်းမြော်လွန်၊ လွမ်းသာ*ဝှန်သည်။ ॥***မကန်မိုးမြေ ဖျင်တော့သည်။**

(တ) ***ယူသွန့်ဆက်ပိုင်**[၂]၊ လက်ဆောင် ခိုင်မူ၊ ထွတ်တိုင်အသက်၊ ပန်သာထွက်၍၊ ကြိုးရက်မစစ်၊ ကြင်သည်ဖြစ်ကို၊ *ကျစ်လျစ်*စသိပ်၊ ဘယ်သူရိပ်၍၊ လှထိပ်စံမြောက်၊ နားတော်ရောက်လိမ့်၊ *ကျူးမြောက်မြစင်၊ မဆင်ခင်†ဝယ်၊ သခင်†တွေသာ၊ ကြားရပါမူ၊ *သီတာမယိမ်း၊ စိတ်ပွဲ့ငြိမ်းရှင့်၊ ချစ်တိမ်းမသွေဘဲ၊ စမသတ်တည့်၊ ပြတ်ပြတ်ရေးရာ၊ မသိသာခဲ့၊ အခါရတုး

၁။ ခြောက်တိုင်မြင့်ခန်း (လ)
၂။ ယူညွှန့်ဆက်ပိုင် (လ)

www.burmeseclassic.com



*ဆောင်းလုနွေစ၊ ပွင့်ညီလှကာ၊ *လျှပ်မျှမကျန်၊ ဆယ်သို့လွန်သည်။ ။မတန်ဖြိုးဝေ ဆင်တော့သည်။

---

### ၈-မြသိတင်ဘုရား-မယ်ဘွဲ့ (စာဖြိုင်-အခံ) ရတု

(ပ) *မနီးရုံလည်၊ တောင်တို့သည်လည်း၊ ရှေ့ရည်အထွတ်၊ သို့သာညွတ်၍[၁]၊ သုံးပတ်လှည့်လာ၊ ဆင်ရှိရာက၊ အာကာကွန့်ရစ်၊ ကမ်းနီမြစ်ထက်၊ *ထစ်ထစ်ရောင်ထင်†၊ *မြသိတင်†ဟု[၂]၊ *ပလ္လင်ဖေါင်းကျည်၊ *နတ်လည်ကြာနား၊ *ချရားရွှေငုံ၊ ပွင့်ရုံရှက်တင်†၊ ထွေထွေထင်†လျက်၊ *ကေသျှင်စုဋ္ဌာ[၃]၊ လူတကာတို့၊ ဆင်ရာဦးစွန်း၊ မြတ်တု ကျွန်းကို၊ ဖူးပန် ကြီးအင်၊ ရည်ထင်ခန့်ရော်၊ ရောက်ရမြော်သည်။ ။နားတော်လျှောက်ဘွယ်ရှိသော့ကြောင့်။

(၃) *တသီးလျှံခြည်၊ နေ့,လသည်လည်း၊ မြုပ်ဖည်နိမ့်ပိုက်[၄]၊ ရှင်တော်ရိုက်သို့၊ ရောက်ကြိုက်ကလျှင်၊ စိတ်ဝယ်ထင်စွ၊ *မြသွင်လိုလို၊ ရွှေကို*လျှောလျှော၊ ခတောလည်းခြယ်သင့်၊ ပင်တိုင်းတင့်သား၊ ကြားဆင့်*လေသွန်၊ ကျော်စောဟန်ထက်၊ *တိုင်းလွန်မသိ၊ ခမြော်သော်ရှိ၏၊ မျက်စိမပန်း၊ လျှံထွန်းသရေ၊ အထွေထွတ်၊ *မီးရေတက်ပုံ၊ စောဘုန်းလျှံကို၊ *နှစ်ကြ

---

၁။ သို့ချည်းညွတ်၍ (လ)
၂။ မြသိတင်းဟု (ရ)
၃။ ဆံရှင်စုဋ္ဌာ (လ) (မ)
၄။ မြုပ်သည်နိမ့်ပိုက်(ရ)

www.burmeseclassic.com

www.burmeseclassic.com



မဖေါက်၊ ပြန်လျှောက်ခဲ့၏၊ *နတ်အောက်မဟူ၁၊ လှမဥ္စူသည်။ ။**မှတ်ယူတွေးလေ သိသော့ကြောင့်။**

(တ) **အပြီးကြံစည်၊** ကျိုးပေသည်ဟု၊ နားလည်ရေးရာ၊ သိတန်ပါလျက်၊ မေတ္တာ*စပ်သိပ်၊ တုံ့မရိပ်ခဲ့၊ သုံးကျိပ်သုံးမည်၊ နေရာတည်သား၊ ထက်ပြည်မြင့်မှာ၊ ဆံ*စူဠာသို့၊ သဒ္ဓါကြည်ညွတ်၊ ဆွတ်ဆွတ် စုံမက်၊ *မရက်သွားချင်၂၊ ရွှေတော်ပြင်ဝယ်၊ ဦးတင်ပြန်ခေါက်၊ ကျိုး၍လျှောက်ပိမ့်၊ ဖြေဖျောက်သံချို၊ မယ့်စိတ် ကိုလည်း၊ မငြိုပျှံ့မွေး၊ ပြည့်မည်ရေးကို၊ ကွန့်ရှေးစက်ရှင်၊ ဖြည့်စေချင်သည်။ ။**သက်ထင်စုပုံ မိသော့ကြောင့်။**

---

## ၉-စွန်းတောင်ဘုရားတိုင် မယ်အွဲရတု

(ပ) ***နေလရစ်လည်၊** တောင်တို့သည်*လည်း၊ ဘုန်းစည် ထွတ်ချာ၊ ထံ စကြာ†သို့၊ လကျာ†လှည့်ဗိုက်၊ နှိမ်၍ဆိုက်သား၃၊ *လိုက်လိုက်သပ်သပ်၊ *ကြာချပ်,ချရား၊ ရှိရှား,ဖေါင်းရစ်၊ *ကုံးနစ်*သက်တင်†၊ ရောင်ထင်†သွယ်ခွေ၊ အထွေထွေတိ၊ *စုံခြေထက်ဝန်း၊ ပန်းလည်းခိုင်ဆင့်၊ ခါသင့် မင့်၊ မွှေးပျံ့ရစ်ရပ်၊ ပွင့်ရောင်စပ်မျှ၄၊ *ခြောက်ထပ်ဘုံသာ၊ ကြိုက်ရာရာကို၊ မကြာတောင့်တ၊ တောင်းတိုင်းရသား၊ နေ့,လတာသန်း၊ မကထွန်းသည်။ ။***တောင်စွန်းစံနေ ရာကသော။**

---

၁။ နတ်အောက်မကူ(လ)
၂။ မရက်ဖွားချင်(လ)
၃။ နှိမ့်၍ဆိုသား(ရ)
၄။ ရောင်ချင်းစပ်မျှ(ရ)

www.burmeseclassic.com

www.burmeseclassic.com



(၃) **ဝေမျှချစ်ရည်၊** ကြိုပါမည်ကို[၁]၊ ဝိုက်လည်ခဲခက်၊ တညရက်ဝယ်၊ဆယ်ထက်မက၊ လျှောက်များလှလည်း၊ *စ,နု ရိပ်ခြည်†၊ မည်သို့သည်မျှ၊ ဝင်းကြည်†*ဗြိမ့်မွှတ်၊ နှုတ်မလွှတ်ခဲ့၊ *ပြာသာဒ်ကိုးပါး၊ စက်ရထားနှင့်၊ကြွားကြွားပုံမှတ်၊မင်းသာညွတ်သည်၊ *မွေခါတ်*သရီ၊ *နောင်တော် ညီကို၊ ရာသီခါသင့်၊ အချိန်ပွင့်သား၊စုံခွင့်သည့်တွင်၊နိမိတ်*ရင်၍ သဇင်* နှစ်ခိုင်၊ ဆက်ပန်းတိုင်ရှင့်၊ ရောင်စိုင် ပ ဝန်း၊သောင်းတိုက်ခန်းသည်။ ။**ပြောင်ရွှန်းလျှံထွေ ဖြာမျှသော။**

(ဏ) **စွေစထစ်မြည်၊***ဝါကသည်လျှင်၊*တောင်လည်ပြန်ဆွတ်[၂]၊ နွေသို့ပက်မျှ၊ ညွတ်ညွတ်ပုံ့လွှင့်၊ နားတော်နှင့်ကို၊ မသင့် သင့်အောင်၊ ရည်စောင်သံချို၊ လျှောက်သည်ကိုမျှ၊မြွက်ဆိုမေတ္တာ၊သူနှင့်စာ၍ သစ္စာဇကန်၊ မှန် မမှန်ကို၊ ထောက်ပြန်ယူဆ၊ သိပါရ†မူ၊ ခယ†ထွေထွေ၊ ချေသော်ကျေ၏၊ ဆံမွေ ရတနာ၊ မယ့်စိတ်မှာကို၊ ဉာဏ်ဝါခြည်မောင်း၊ ဖြည့်ပါကောင်းစွ၊ မပြောင်း ကျိုးပြစ်†၊ ကျွန်ုပ်*ဖြစ်†မူ၊ *နှစ်သစ်မဆန်း[၃]၊ စ,မယွန်းသည်။ ။**ဆောင်ညွှန်းကံဝေ ပါမှသော။**

---

၁။ ကြိုပါမည်မှ(မ)

၂။ ထောင်လည်ပြန်ဆွတ်(လ)

၃။ သစ်သစ်မဆန်း(ရ)

www.burmeseclassic.com

www.burmeseclassic.com



## ၁၀–စစ်ချီပူပုံ မယ်ဘွဲ့ရတု

(ပ) *မှာခဲ့ ရက်လျှင်၊*ဆောင်းသက် မယွန်း၊ နွေမဆန်းတည့်[၁]၊မဝန်းလေပြည်၊မိလမည်ဟု၊ဆိုသည်နှင့်ညီ၊ရောက်တန်ပြီလျက်၊လွမ်းသည်ရစ်ခွေ[၂]၊*မဆင်လေပဲ၊ ဖျော်ဖြေစရာ၊ စစ်မြေတာဝယ်၊ *ပစာပျော်ကွယ်၊ ပျော်ကြောင်းချယ်၍၊ မယ့်ဝယ်ဆွတ်လွတ်[၃]၊ မေ့ကျွန်တတ်ဟု၊ *ချစ်ထွတ်တင်သည်၊ လေးပင် စုံမြောက်၊နတ်နှင့်ထောက်သည်၊*ခြောက်ယောက် နတ်နှောင်း†၊ပြာ*နွဲ့နှောင်း†သည်။ ။**တပေါင်းရောက်လျှင် မှတ်လိမ့်မည်။**

(ဒ) **ဖြာနွဲ့ခက်ရှင်**၊ပန်းတို့လျှင်လည်း၊ ပွင့်ချင်ကြမူး၊ အထူးထူးတိ၊ ဆွတ်ခူးရင့်*ကြန်၊*တောင်ပြန်ရစ်သည်း၊နှင်းညွန့်နည်းက၊တောလည်းတောလုံး၊ရွှေကုံးရွှေ*နစ်၊မြစ်လည်းမြစ်ခွင်၊ ကြည်စင်*မြမြ၊ *ပြင်စပြင်ထိပ်၊ နွဲ့အိပ် လည်ရှက်၊ ကျေးငှက်စုံစုံ၊ ကင်းငုံ*ခြေဆွတ်၊ *ရက်ယူဝတ်၍၊ *ဆယ်မြတ် *အခေါင်၊ လ*ကုန်အောင်ထက်၊*ချမ်းရှောင်ပူယွန်း၊ တပေါင်းဆန်းက၊ထက်ဝန်းကြည်း,ရေ၊အထွေထွေသည်။ ။**မင်းနေသာတု လွတ်လိမ့်မည်။**

(တ) **ပြာလဲ့ညက်စင်**†၊*စိရွှေတွင်၌၊ခြယ်ဆင်†နှိုင်းဆ၊ *ဇောတိရသို့၊*ခြောက်ပါးအစွန်း၊ လှပင်

၁။ နွေမစွန်းတည့်(ဥ)(လ)
၂။ ရစ်သီလွမ်းခွေ(ဥ)(လ)
၃။ တို့ဝယ်ဆွတ်လွတ်(ရ)(မ)

www.burmeseclassic.com

www.burmeseclassic.com


ပန်းကို၁၊ *ဖြေဆန်းဗျာပါ၊ ဖြေသည်သာတည့်၊ လာပြီး သို့စင်၊ *ကြာတင်*ဘွယ်နို့၂၊ ရောက်တိုအံ့ဟု၊ *ဆွတ်ပျို့ မယိမ်း†၊ *မရှိမ်း†မသွယ်၊ *အိုးဝယ်အပ၊ *ပတ်မျှ ဗီဗီ၊ မမှီမနွဲ၊ နေမြဲပျော်ပါး၊ ရှိမည်ထားဘိ၊ နည်းများ ရက်နွေ့၊ ကြာ*သရွေ†ကို၊ ချေ၍†ကျောက်၊ တို့မမြောက် တည့်၊ ချစ်ပျက်တွေးယူ၃၊ နေကိုတူသည်။ ။*မဥူကဲ့ သို့ ညွတ်လိမ့်မည်။

[ထိုရတုစုံဝယ် အချို့စာစောင်တို့၌ "လေးပင် စံမြောက်၊ သူနှင့်ထောက်လည်း"ဟု ရှိသည်၊ သူနှင့် ထောက်လည်းဟုမဆို၊ နတ်နှင့်ထောက်လည်း ရေး သားပြန်လျှောက်များသည်၊ အဖြေတွင်လည်းနတ်နှင့် ထောက်လည်းဟုဖြေသည့်အတိုင်း နတ်နှင့်ထောက် လည်း-ဟူ၍သာ သင့်သည်။ ။လက်ဝဲနော်ရထာ မှတ်ချက်။]

---

## ၁၁-စစ်ချီ မယ်ဘွဲ့ရတု

(ပ) **ပေါ်နွေလလျှင်၊** တောင်ကမြိမ့်မြူး၊ *မင်း လွင်ဦးနှင့်၊ ပျိုပျူးချုပ်ထိုင်း၄။ မုန်တိုင်းဆင်လို၊ တိမ် ညိုမှိုင်းထပ်၊ ပြက်လျှပ်ပြကာ၊ စိမ်းဝါမိုးပန်း၊ *ထွေထွေ စွန်းက၊ ရေသွန်းသာကြည်၊ ပျော်ရမည်ကို၊ မြရည်သက်

၁။ ပြာလဲ့ရွှန်းကို(မ) ဖြူနှဲ့ရွှန်းလျှင်(လ)
၂။ ကြာတင်ဘွယ်စံ့ (မ)
၃။ ချစ်မျက်ထွေယူ(ဥ)(မ) မ-မူတွင် ဒုတိယပိုဒ်, တတိယပိုဒ်ပြန်နေသည်။
၄။ ပျို့ပျူးချုပ်ဆိုင်း(ရ)

www.burmeseclassic.com

www.burmeseclassic.com



မှတ်၊ ရောက်ခဲလတ်ဟု၊ ချစ်ထွတ်တင်သည်၊ ပြာစင်ရွှန်းလတ်၊ ဖြူဝန်းမွတ်လျှင်၊ ကြာညွတ်ဖယောင်း၊ နေရှိန်ပျောင်းသို့[1]၊ ဆင့်လောင်းလွှမ်းဌန်၊ ရှိလိမ့်ဟန်ကို၊ တိမ်စွန်လေလျှင်၊ ဖူးရောက်ချင်သည်။ ။ **ငှက်သွင် ပျံ့ကြမတတ်သော၊**

(ဒ) **မြေခြေ ကလျှင်၊** ကာလအလျောက်၊ ပိတောက်လျှံခဲ၊ (ရွှေရည်စွဲက[2])၊ ပုလဲငုံသွယ်၊ အလှယ်လှယ်တိ၊ *စံပယ်ဖြူမွှေး၊*စံကားသေးကို၊ မြတ်လေးစုံမက်၊ ကျွန်ပ်လက်ဖြင့်[3]၊ ရွေးလျက်ရွှရွ၊ မဆင်ရတည့်၊ ကာလသို့အောင်၊ ရည်စောင်ပန်းမှန်၊ *မမီလွန်ကဲ[4]၊ နှိုန်တန်သို့သည်၊ ပြန်မည်လေသာ၊ မရောက်လှာဟု၊ ကြိကာခွေ၍၊ နေလိမ့်မည်ကို၊ ရှိသည်မှုရန်၊ မင်းရေးဝန်ကြောင့်၊ လျှောက်ပန်စေ့မျှ၊ မချေရသော်[5]၊ *ပြိုက်ကျွသွယ်ဖြည်း၊ နှင်းထက်သည်း၍၊ ဝမ်းနည်းလျက်ပင်၊ ပျောင်းလိမ့်ထင်သည်။ ။ **ညက်စင်စံမျှ်အထွတ်သော၊**

(တ) **ဖျော်ဖြေမှုလျှင်၊** ယုယ သံချိ၊ ပြေလိုစိမ့်သား၊ ကျူး*ပိုက်ဖြား၍၊ ချီသွား*မူးမူး၊ ရွှေရက်ဦးက၊ *မကျူးထင်ထင်၊ ကဆုန်တွင်ကို၊ * ကျိုင်းစင်မြခဲ၊ စစ်ပွဲ*ရန်နှည်၊ ပြန်လျှင်းမည်ဟု၊ နှုတ်ခြည်ပေါ်သာ၊

---

၁။ နေရှိန်ပြောင်းသို့(လ)
၂။ (…)မ-မှဋ္ဌမပါရှိ၊
၃။ ကျွန်ုပ်လက်နှင့်(ဥ)(လ)
၄။ မမီလွန်ကဲ(ဥ)(လ)
၅။ လျှောက်ပန်ချေမျှ၊ မစေရသော်(ရ)

www.burmeseclassic.com

www.burmeseclassic.com



ဆိုလေရှာသော်[၁]၊ *မလွှဲရနှံ့၊ ထုံပျံ့*ပန်းသတ်၊ ခြူး
နတ်ဆင့်ကုံး၊စိန်ပွင့်အုံးဝယ်၊ *ပင့်ရှုံးရွှန်း *လက်သင်
မချိ၊သက်မျှငယ်ချစ်၊ ပျောင်းလိမ့်ဖြစ်ကို၊ စိစစ်*မိမိ၊
*သတိချုပ်ဆည်၊ ပြေမည်မျှဝေး၊ ချစ်ဝန်လေးသို့၊ရေး
ရေးဖူးချင်၊ မယ်သို့လျှင်†သည်။ ။ဌက်ရှင်†လျှံမျှ
**ရဟတ်သော။**

---

**၁၂-စစ္စမော်တော ဘုရားတိုင် မယ်ဘွဲ့ရတု**

(ပ) ***ခေါင်ထွတ် ဆက်ကာ**၊ မင်းတို့သာလျှင်၊
ဆင်ရာမကိုင်ရ၊ *ရှင်တော်ရိုက်ဟု၊ထိဆိုက်*ယူးယူး†၊
မိုးညွှတ်ဦးဝယ်၊ *သောက်ရှူး†ရောင်ခြည်၊ နေ့လ
သည်လည်း၊ တူမည်ပြိုင်ခိုင်း၊မျှမနိုင်းတည့်၊တိမ်ဆိုင်း
ဘဝင်၊ပြိုးပြက် တင့်*မော၊ ရောင်စုံရောသည်၊ မော်
တောမည်ရှန်း[၂]၊ လူ့ထိပ်စွန်းကို၊ ပန်းလည်း*နံ့သင့်၊
သခင့်ရက်တူ၊ *မဥ္ဇူမျှားရှင်၊ ဂမုန်းအင်နှင့်၊ဖူးချင်
ခန့်ရည်၊ ခုလျှောက်သည်ကား၊ ရွှေပြည်ခရီး၊ ရောက်
ပန်းကြီးသည်။ ။***ဆောင်းမြီးမချို ချိစေသော။**

(ဒု) **ရောင်လွှတ်စက်ဝါ**၊ ဉာဏ်သီတာဖြင့်၊ဗျာပါ
ဟူက၊ မကြာရတည့်[၃]၊ ကြောင့်ကြဖြေချွတ်[၄]၊ ငြိမ်းစေ
တတ်ဟု၊လူနတ်ယုံကြည်၊ ကျော်စောရည်ထက်၊ မြော်
သည်လွန်ကျူး၊ ဆယ်ဆထူး၏၊ ဖူးလည်သံချိ၊ကျွတ်

---

၁။ ဆိုလေရှာကြောင့်(မ)
၂။ မော်တောမည်ရှန်း(မ)
၃။ မရှိရတည့်(ရ)
၄။ သောကဖြေချွတ်(ရ)

www.burmeseclassic.com

www.burmeseclassic.com



ဆုကိုမျှ၊မဆိုရက်သေး၊ တောင်းဖေါ်ဝေးခဲ့၊လွမ်းရေး
တချို့၊ မယ်သို့ရွှေရည်၊ရောက်ချင်သည်နှင့်၊ ရွှေပြည်
*သနစ်၊သာသည့်ဖြစ်ကို၊စိစစ်ပြန်မိ၊ နှစ်ထပ်ရှိခဲ့၊ ညို
သော့ဘုန်းစက်၊ တပေါင်းရက်ဝယ်၊ ပျံ့ငှက်*မယွန်း၊
သည်ကမှန်းသည်။ ။**မဝန်းပြည့်မိ မိစေသော**။

(တ) **ယောင်မွှတ်ညက်ပြာ**[၁]၊ ခြောက်ဘုံသာက၊
*စီရာစံထက်၊နတ်ပင်သက်ဟု၊ မှတ်မြွက်ဆိုမိ၊ပြစ်မရှိ
သည့်၊မျက်စိမပန်း၊ လျှံထွန်းသရေ၊ လှခေါင်နေကို၊
သွေတွေကြည့်လျှင်[၂]၊ ချစ်၍ထင်ခဲ့၊ လေးပင်မြတ်မော၊
သဘောစင်သန့်၊ မြရည်ညွန့်နှင့်၊ ရောင်ခန့်ခြယ်နစ်၊
*စမ္ဗူရစ်သို့၊ ဘျစ်လျှစ်သွင်ရုပ်၊လှခေါင်ချုပ်ကြောင့်၊
ကျွန်ုပ်ညွတ်တွား[၃]၊ရှင်တော်စားဝယ်၊လွမ်းအားခေါင်
ဆောက်၊ ရေသို့မြောက်မျှ၊ဖြေဖျောက်ကယ်မ၊ လျောက်
ချကို၊ သုံးပါးဦးစွန်း၊ မိန့်တော်မှန်းလော့၊ မယွန်း
သို့၊ဆက်တိုင်းကိုလည်း၊ကုသိုလ်ရည်ဖြိုး†၊ ထပ်၍
ဖြိုး†သည်။ ။**ချစ်ကြိုးတင်းညီ ညီစေသော**။

[ထို"ခေါင်ထွတ်ဆက်ကာ" ချီသော ရွှေမော်
တောဘွဲ့ရတုစုံတွင် အချို့စာဉ် ပထမပိုဒ်အချမှာ-
"ဆောင်းမြီးသည်လ ချီစေသော၊ ဒုတိယပိုဒ်အချ
မှာ-မဝန်းပြည့်မိ မိစေသော၊ တတိယပိုဒ်အချမှာ-
ချစ်ကြိုးတင်းလွန်းညီစေသော"ဟူ၍ရှိသည်၊ စပ်ဆို
ရင်းနည်းမဟုတ်ချေ၊ "မော်တောမွှေရှင်၊ ကျော်
စောမြေပြင်၊ ပျော်မောပေချင်" ချီသော နဝဒေး
ဆို ရွှေမော်တောဘွဲ့ ရတုသုံးပုဒ်၌ ပထမပိုဒ်တွင်

---

၁။ ယောင်မွှတ်ညက်ပြာ(ဥ)
၂။ ကျွန်ုပ်ဆီးတား(ရ)

www.burmeseclassic.com

www.burmeseclassic.com



"နွေဦးမပြန် ပြန်စေသော၊ ဒုတိယပိုဒ်တွင်-နှောင်းသို့မရန် ရန်စေသော၊ တတိယ ပိုဒ်တွင်- လေညှော်းမဆန် ဆန်စေသော" ဟူ၍ ချသည်၊ ထိုရတုအမှာတွင် အချ ယမကဆိုနည်း,နွယ်ပန်းသံဆိုနည်း- ဟူ၍ ပါသည့်အတိုင်း အချတွင် သုံးလုံး၊ နောက် နှစ်လုံးစီ ချသည်၊ ယမကအစုံဖြစ်၍ ယခင်ရတုတွင် ချသည့်အတိုင်းသာ သင့်သည်။ ။**လက်ဝဲနော်ရထာ မှတ်ချက်**။]

---

## ၁၃-နွေရာသီမယ်ဘွဲ့ရတု

(ပ) **ဖန်စကြာလျှင်**၊နွေခါအလျောက်၊*မြောက်သို့ချဉ်း၍၊ပျဉ်ကား ပုံ့ရှင်း၊ အင်ကြင်းပေါက်လဲ၊ ရဲရဲတွေးတွေး၊ ရွှန်းရွှန်းကွေးမျှ၊ *စံမေးပြင်ခုံ၊ မြစ်မှာတုံလည်း၊ စုံစုံကျေးငှက်၊လည်ရှက်လည်တင်၊ လွှမ်းဘွယ်ရင်သို့[၁]၊ ရှင်ကြမြူးစံ၊ ချစ်သံခေါ်ထူး၊* ရင့်ကျူး*ဝမ်းပါး၊သနားဘွယ်မှု၊ သည်ရတုမှု၊ရှုကာကဲလွန်၊ အလွမ်းသန်†သည်။ ။***လေသွန်နီ†သာညီ လ တကား**။

(ဒု) **ချန်ရက်ကြာတင်**၊ ရှေးနှယ်ပင်တည့်၊ပြာစင်ရွှေလျှော်၊ တွေးနှောင်းမြော်လျှင်၊ စိတ်တော်နှစ်ကြိုးသူ့သို့*လံ၍၊ မြလျှိုလိုလို၊ စိမ်းစိမ်းညိုသား၊ *နဂိုဦးကိုင်၊ ရွှေစံပိုင်လျှင်၊ ယိမ်းယိုင်တတ်၏၊ မှတ်လိမ့်မည့်ကြောင့်[၂]၊ ယုံသည့်တမန်၊ လျှင်စဟန်နှင့်၊*ပြန်ပေခဲ၍ *သမ်းမဲပျောင်းခွေ့[၃]၊ အောက်မေ့မြော်နိုက်၊ တစ်စဉ်

---

၁။ လွှမ်းဘွယ်ရင်၍ (မ)
၂။ မှတ်ခဲ့မည်ကြောင့် (မ)
၃။ ပြန်ပေခဲ့၍၊ သမ်းမဲ့ပျောင်းခွေ့ (ရ)

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ဝယ်၊ ရွှေဥသာမော၊ ရောက်ပြီပြောသို့၊ *ဥဩ တည့်မှန်၊ ပြာလှာ ညွန့်သည်။ ။**စေကျွန်လာဆိက တကား။**

(တ) ***ပြန်သက် ရာစင်၊** ဝေသက် ကြင်သား၊ နှောင်းမြင်ငြိမ့်လေး†၊ ဖြူမွတ်မွှေးလျှင်၊ သုံး,လေး† ရက်ငါး၊မှာစင်ထားဘိ၊ နည်းများဆွတ်ပုံ့၊ *ဆယ်ရံ့ ရံ့ဖန်၊*ကြောင်းဝန်ရှိ၍၊ တနေ့တည၊သာကိုမျှလည်း၊ မကသောင်းနှစ်၊ စင်ရှိလစ်သို့၊ချစ်သည့်သူ့ဝမ်း[၁]၊ အ လွမ်းဇွန်သွယ်၊ နောင့်နည်းကြွယ်၍[၂]၊ ရှိဘွယ်ပေပင်၊ ရေးရေးထင်ခွဲ၊ ထက်ခွင်ယုဂန်၊ ပူရှိန်ထန်သည်။ ။ ***နွေပြန်ရာသီ စ တကား။**

---

## ၁၄-မြသိတင်ဘုရားတိုင် မယ်ဘွဲ့ရတု

(ပ) **သမုဒ်ရော**[၃]၊မြစ်ငါးဖြာမှ၊ ဆုံလှာလှည့်ပိုက်၊ ရစ်၍ဆိုက်သား၊ လိုက်လိုက် ဖြိုးဖြိုး၊ ဖြန့်မိုးစကြာ၊ *အဝါဟူးဟူး၊နေထက်ထူးမျှ၊*ပန်းဦးမဥ္ဇူ၊ဆက်လှူ သဘင်၊ မြသိတင်ဟု၊ ကျွန်းခွင်ပုံ့မွှေး၊ *လေသွန်ပြေး သည်၊ညီထွေးနှောင်*နည်း၊*တမျှတည်းကို၊သာဖြည်း ပျံ့ပျူး၊ လျှောက်ပါဦးအံ့၊ အမူးအမော်၊ ညိုးယော်[၄] ခွေပျောင်း၊ မဖြစ်တောင်းတည့်၊ ရှင်နှောင်း နွဲ့ညို၊ ယုံမည်ကိုမျှ၊ သံချို ဟမြွက်၊ ရိပ်ခြည်ခက်ခဲ့၊ ကိုးချက် နာရီ၊နွဲ့မှီစက်ပါး၊ *လ,ရထားသည်။ ။**နဂါးငြိမ်း ခဲ့တကား။**

---

၁။ ချစ်သည်စိတ်ဝမ်း (မ) ၂။ နောင့်နှမ်းကြွယ်၍(မ)
၃။ သမုတ်ရော (ဥ) ၄။ ညိုးရော် (ဥ)

www.burmeseclassic.com

www.burmeseclassic.com



(ဃ) **ကမုတ် ရွှေကြာ**၊ ချပ်တရာမှ၊ ရောက်လှာ ပြိုင်ဖေါ်၊ သခင်သော်လည်း[၁]၊ တွေးခေါ် မည်ပင်၊ လူမျိုး ထင်လိမ့်၊ မြသွင်လိုလို၊ ရွှေကို ရှိမ်းရှိမ်း†၊ ပြစ်ယိမ်း† ကင်းနေ၊ သွယ်ခွေ ရွက်ညို့၊ *မြူမြိတ် စို့လည်း[၂]၊ နားသို့သွယ်ညွတ်၊ မလွတ်လောက်သေး၊ ထွန်းရိပ်ပြေးရှင့်၊ *မုလေးစိပယ်၊နံ့ကြွယ်ကြိုင်ဖြည်း၊ မိန့်မည်နည်းခဲ့၊ *နတ်လည်းနိုးခဲ၊ *ခဲဝဲပွင့်သော် *ရိုက်ဆော်မိုးသား[၃]၊ မကြားအောင်မျှ၊ ကြာမော လှ၏၊*ပန်းလျှဆန်းသာ၊ စိတ်မှာဖြေချက်၊ *ဝါရက် ဝယ်ဝင်၊စုံလျှင်ခန့်ရည်၊သျှောက်ပါသည်ကို၊သွန်းကြည် *စိလှော်[၄]၊ နှောင်းစွန်း မြော်သည်။ ။**နားတော် ငြိမ်းပြန်ခဲ့ တကား**။

(င) * **တမုတ်ပြေဝါ**၊ စိမ်းပြာညိုမြ၊ ချည်း လှသို့၊ ညွန့်ပ မ*မြန်း၊ တွေ့တွေ့*စွန်းသား၊ရေပန်း မြစ်ထိပ်၊ပွင့်မျောရိပ်က၊ *နတ်အိပ်ခဲ့သေး၊ *ရင်းမ မွှေး၍၊ငှက်ကြေးနှုန်းပုံ၊ပျော်ချင်တုံလည်း၊ဆောင်းရုံ ရက်[၅]၊လင့်မည်ခက်ခဲ့၊သည်ထက်ကြာဘိ၊မေ့ဘွယ်ရှိ မျက်စိစိတ်ချွှန်၊ မကြိုးဝံ့တည်[၆]၊နူးညံ့သံချို၊ ဆိုသည် နှင့် မညီသော်၊ကုံးသီမြဝတ်၊လွတ်,မလွတ်ကို၊ချစ်ထွေ

---

၁။ နှိုင်းဆသော်လည်း (မ)
၂။ မြူရိပ်စို့လည်း (သံ၊ (မ)
၃။ ရိုက်ဆော်ကျူးဖြား (မ)
၄။ သွန်းရစိလှော် (မ)
၅။ ပေါင်းရုံမျှရက် (မ)
၆။ မကြိုးဝံ့တည် (ရ)

www.burmeseclassic.com

www.burmeseclassic.com



တင်ထား၊ သနားပါအောင်၊ လက်ဆောင် အသက်၊ နှင်းဆက်ချင်ချင်၊ *ဝါလိုးစင်သည်။ ။**လွှမ်းအင် ကြီးပြန်ခဲ့တကား။**

---

၁၅-မြသိတင်ဘုရားတိုင်မိုးတော်မောင်ဘွဲ့ရတု

(ပ) **လွှမ်းလှရာတွင်**၊အာကာယုဂန်၊ထက်စွန်ရွှေ နောက်၊ တောင်,မြောက်မလပ်၊ *ကိုးရပ်ပတ်လည်၊ မြခြည်မြညွန့်၊ ခြယ်တန့်ခြယ်ဆန်း[၁]၊ တိမ်ပန်းတိမ်ဦး၊ သွန်းမြူးမသည်း၊ကျဖြည်းဆီးဖြောက်၊ လွှမ်းလှောက် လွှမ်းဝေ၊ ကြီးလေစေဟု၊ မြောက်လေ ပို့ဖြည်း၊ နောင့်ချည်း ဖေါက်ဘွား၊ နေလှည့်ရာကို၊ အာကာ တိမ်ထွတ်၊ ခေါင်နေနတ်လျှင်၊ နှင်းဆွတ်မြ*မို့၊ဖြူအို့ ဝေမှိုင်း၊ လျှပ်ပန်းဆိုင်းသည်။ ။**နေ့တိုင်းသို့ပင် ဇွေ ခန့်လော။**

(၃) **ရှမ်းကျ ရှာဆင်၊**နေ့ညပင်တည့်၊ မင်းလွင် မှိုင်းဝေ၊ မြောက်လေချိုပျ၊ သွန်းချ ဖြောက်ဖြန်း၊ လျှပ်ပန်း လျှပ်ခြည်၊ ဝန်းလည် ရစ်ခွေ၊ ထွေထွေ ခြယ်ဆန်း[၂] တိမ်ပန်းရွှေပွင့်၊ ကိုးဆင့် ကိုးနှစ်၊ ကြွေးဟစ်ရင့်ကျူး၊ တောင်ကူးမြောက်ပါး၊တိမ်သား မှိုင်းဝေ၊ လွှမ်းသာဖွေက၊ ရစ်ခွေရှက်သန်း[၃]၊ မှီအုံး ဝန်းဝယ်၊ဆယ်ကျွန်းစံနေ၊*လှော်သစ်ရွှေသို့၊ *သဒ္ဒေ ရစ်ထွန်း၊ ချွံငြိမ့်ရွှန်းလျှင်၊ ပျောင်းမြန်းပူပန်၊ ရှုလိမ့်

---

၁။ ခြယ်တန့်ခြယ်သန်း (ရ)
၂။ ထွေထွေခြယ်သန်း(ရ)
၃။ ရစ်ခွေ ရစ်သန်း(မ)

www.burmeseclassic.com

www.burmeseclassic.com



ဟန်ကို၊ *တည့်မှန်သို့ပင်၊ ထင်စဉ့်တွင်၌၊ *စက်ရှင် စီကုံး၊ကိုးရပ်လုံးသည်။ ။လွှမ်းဖုံးသို့ပင် ဝေခန့်လော။

(တ) နွှမ်းလျကြွာတင်၊နေ့ရက်ဖျင်မျှ၊ သောင်း ခွင်လကျာ†၊ကျွန်းအောင်ချာဝယ်၊ စကြာ†ရဟတ်၊ လေးမည်ပတ်သား၊ မန္တာတ်တွင်မော၊ ဘေးလောင်း စောသို့၊ *မုနော ခံမြောက်†၊ ဘိသိက်မြောက်†၍၊ *ကွန်းပြောက်သဘင်၊ ဘုံသာခွင်ဝယ်၊ ရှက်ရှင်လှစ် တွန်း†၊ထောင်နေထွန်း†သို့၊ ဖြန့်ဝန်းရိပ်ဖြူ၊ စံတော် မူက၊ *နှစ် ဟူ ပေသင့်၊ လွှမ်းရက်မြင့်ခဲ့၊ သခင့် ရှုပ်ရည်၊ *ပြစ်ခြည်မစွန်း၊ ဝန်းရွှန်းသရေ၊ *သန္တေ တည်ကြည်၊ ကျင့်*မူနည်နှင့်၊ ရွှေရည်ပျံ့ကြူ၊ *နှုတ် မဋ္ဌူကို၊ ပန်းတူနား၌၊ ဆင်စဉ်ကြိုက်ဝယ်[၁]၊တိမ်တိုက် လှစ်တွန်း၊ ခြိမ့်ခြိမ့်သွန်းသည်။ ။လျှပ်ပန်းသို့ပင် *ထွေခန့်လော။

---

## ၁၆-မိုးတောအမယ်ဘွဲ့(စာမြိုင်-အခံ)ရတု

(ပ) *ဆွတ်ပျံ့ဘွယ်အောင်၊ ယုဂန် ခေါင်က[၂] ဝေမှောင်အုံ့*ပျ၊ *နွေနှောင်းလကို၊ ခြိမ့်မျှသံလေး၊ ရင့်ရှ*ကြွေးက၊ နီးဝေးပတ်ကုံး၊ တိုင်းအလုံးဝယ်၊ *ညွတ်ရှုံးကြာတူ၊ *ဖေါ်နည်းသူတို့၊ သည်း,ချုပြ ခေါင်၊ ကြွေလွှယ်အောင်လျှင်၊ လေဆောင် ပြင်းတန်း၊ ကြောက်ဘွယ်လွန်စွာ**မြဟန်ရောင်*ချိပ်၊မိုင်း*တည်

---

၁။ ထင်စဉ်ကြိုက်ဝယ်(မ)

၂။ ယုဂန်တောင်က(ဥ)(လ)(မ)

www.burmeseclassic.com

www.burmeseclassic.com



နိုပ်လျက်^၁၊ *သုံးထိပ်တောင်ချာ၊ *ဆီကာသာလျှင်၊ လျှပ်ဝါပြက်သန်း၊ တိမ်ညိုတန်းသည်။ ။**မထွန်းနေခြည်*ရှိတော့သည်။**

(၃) ***ပတ်ခြုံ ကွယ်မှောင်၊** ထွန်းနေရောင်ကို၊ တိမ်တောင်တက်*ခြည်^၂၊ ပိတ်ဖုံးသည်နှင့်၊ ငွေရည် *သဏ္ဍာန်၊ ရေတံခွန်လည်း၊ စီး၄န်ဖြူးသွယ်၊ ဆန်းတကြယ်လျှင်၊ အွံ့ဘွယ်ထွေလာ၊ တိမ်ရိပ်ချာမျှ၊ ဗယ်ညာ ဝတ်ချုပ်၊ ရွာ*စရုပ်နှင့်၊ မှိုင်းအုပ်လှည့်ကာ၊ မလင်းကြာသော်၊ ရွှေသာပြောင်ဝင်း၊ နန်း*ပြတင်းက၊ လေညှင်းမြူးရှင်၊ ကြီစည်တွင်၍၊ ဘုန်းအင်ကြီးလှ၊ ဆင်ထိုက်ရသား၊ မမျှပန်းချင်း၊ *မွေးတုကင်းကို၊ မယှဉ်းသတိ၊ ရှုမိမိသည်။ ။**မျက်စိမှုန်လည် သီတော့သည်။**

(တ) **မှတ်ငံ့ ရှုယ်စောင်၊** ဆုမြတ်ခေါင်ကို၊ ပြည့်အောင်ကြိုးကြို၊ သုံးမည်ကံလည်း၊ *တဆံခြည်မျှ၊ မယှဉ်းရတည့်၊ သီတကဲလွန်၊ နိဗ္ဗာန်ရည်ခန့်၊ ရှုလန့်မထိတ်၊ မှတ်သည်စိတ်ဖြင့်၊ နိမိတ်ရှေးရှိုး၊ ချိုပင့်နှိုးလျက်၊ လူမျိုးမတန်၊ မင်းထိုက်ရန်၍၊ *ကေနိကျစံ၊ *ပေါက်ပြလျှံမျှ၊ ညှာတံပွင့်ချပ်၊ ဖြူ*လှပ်ပုလဲ၊ ဇော်တစွဲသို့၊ ဖြစ်ခဲဆင်းဝါ၊ *ပန်းထွတ်ချာကို၊ ကြမ္မာကြိုက်ဆုံ၊ မြော်ရတုံက၊ အာရုံရှင်ကြည်၊ ပြည့်တော့မည်ဟု၊ ဆောက်တည်တရုံး^၃၊ မိဋ္ဌာန်သုံးသည်။ ။**နှလုံးမြဲ စည် ပီတော့သည်။**

---

၁။ မှိုင်းထည့်ရိပ်၍ (ဥ) (လ) (မ) ၂။ တင့်ချည် (ဥက္ကံသဖြေ။)

၃။ မှတ်ရည်တရုံး (မ)

www.burmeseclassic.com

www.burmeseclassic.com



၁၇-မိုးတော-မောင်းဘွဲ့ (စာပြိုင်-အလိုက်)ရတု

(ပ) **နွေနှောင်း ရက်လျှင်၊** *ကျွတ်ထွက်ခါပြီး၊ *သန်သွိုနိုးက၊လျှံညီးမစဲ၊ လျှပ်ပန်းကြွလျက်၊ *အဖွဲ့တဖြိုက်၊အပြိုက်တတန်၊ အထန်တခါ၊ လမှာနယုန်၊ ကဆုန်ရာသီ၁၊ မညီတွေလာ၊ နွေပင်သာကို၊ ဒေဝါ ပဇ္ဇုန်၊က,ခုန်ရွှင်ပျော်၊မြူးတုံသော်လည်း၊*နတ်ကျော် *မာဃ၊ကာလရှည်ဝေး၊ မတန်သေးဟု၊ ခေါ်ကြွေး သံညောင်း၊ မြစ်ပါကောင်း၏၊ ရှေးနှောင်းစဉ်ဆက်၊ ရွာသည်ထက်လည်း၊ နွေရက်မမှတ်၊ စောစောဆွတ် သည်။ **။ခွေညွတ်မတည် ရှမ်းဘိသည်။**

(ဒု) **လေညောင်းရွက်ဆင်၂၊** *ဖြုတ်ခြည်းပင်တည့်၊ ကောင်းကင်အလုံး၊ လွှမ်းဖုံးမည်းမို့၊ ပတ်ကုံးဆို့၍၊ ဗယ်သို့ညာလည်၊ လေပြည်လေသာ၊ ကျစဉ်ခါကို၊ အာကာကလည်း၊ *နတ်တင့်ရည်း၍၊ *ပေါင်းစည်း သားမြေး၊တဇေတိ၊သာလေးညင်းညင်း†နတ်*စောင်း ငြင်း†နှင့်၊ကခြင်းသံညီ၊* မိုးဘွဲ့သီ၍၊မယ့်ဆီရွာလတ်၊ ရေချမ်းဆွတ်သော်၊မယ့်မှတ်တမူ၊ *အယူ နှစ်ထွေ၊ ရှိလေစနိုး၊လွှမ်းစိုးဗျာပါ၃၊နေစဉ်ခါကို၄၊ဒေဝါမိုးမင်း၊ ဖန်ဆင်းမမြော်၊ ကွန့်မြူးဆော်သည်။ **။ရှင်ပျော် မတည် လွှမ်းဘိသည်။**

---

၁။ ကဆုန်နာရီ(လ)
၂။ လေညောင်းရှက်ဆင်(လ)(မ)
၃။ လွှန်းစိုးဗျာပါ(ရ)
၄။ နေလှည့်ရာကို(ရ)

www.burmeseclassic.com

www.burmeseclassic.com



(တ) **ခေ့ဲပျောင်းလျက်ပင်၊** မပျော် ရှင်တည့်၊ ဒွိခင်ထိန်းယ၊ညီမဆွေမျိုး၊ *သိခန့်စိုး၍၊ မညှိုးရစေ၊ *မွတ်ချေမျက်နှာ၊ ကေသာဆီ*ရွှမ်း၊ပူသည်*ဝမ်းကို၊ မနွမ်းစေအောင်^၁၊သာရှုပ်ဆောင်၍၊*တံ့ယောင်ချုပ်ဖြေ၊ နေစေခိုက်ဝယ်၊ မည်းမိုက်အုံ့ပျ၊ *မြောက်ရပ်ကလည်း၊အစရိုက်ဆင့်၊ကျူးလှာရင့်၍၊လေနှင့်မိုးပါ၊ ရွာလှာထပ်လောင်း၊မှိုလျောင်းအုံးဝန်း၊ခြူးပန်းပုလဲ၊ မစဲပြိုက်ကျ၊ ပျောင်းပျသည်းဆူး၊စိတ်ကိုနူးသည်။ ။ **ကိုယ်ထူးမတည် နွမ်းဘိသည်။**

---

**၁၈-ကျိုက်ကိုဘုရားတိုင် မယ်ဘွဲ့ရတု**

(ပ) ***မွန်းချက်အထွေ၊** သိန်းသန်းနေတည့်၊ရစ်ခွေပေါင်းရုံ၊ ပြိုင်လှာစံလည်း၊ရောင်လျှံ ပလွှတ်^၂၊ပွတ်ကချွတ်သို့၊ မတ်မတ်သွန်းသွန်း၊ *ကုံ့ကုံ့ရွှန်းလျက်၊ ထက်စွန်းမြင်းမိုရ်၊*တိမ်နှယ်*ဆိုသည်၊ကျိုက်ကိုမည်မှတ်^၃၊ မွေတုလွတ်ကို၊ ဆုညွှတ်ကုံးဆက်၊ သက်လည်းသည်မှာ၊ မပါလွမ်း*လျဥ်၊ ကြားရစဥ်၌၊ *ဖြေဖျဥ်တားဆည်၊ *နတ်ကရည်၍၊ ဌက်မည်နိမိတ်၊စိတ်နှင့်မပြောင်း၊မှတ်၍တောင်းသည်။ ။**ခပေါင်းပေါင်းခန့်ဆက်တင်သော။**

(ဒ) **ထွန်းစက်သရေ၊** *တသောင်းနေ၍၊ *သပြေမြရည်၊သွန်း၍လည်လည်း၊*ငါးမည်ထွန်းလျံ၊နှင့်သာ

---

၁။ မနွမ်းရအောင် (လ)
၂။ ရောင်လျှံမလွှတ်(ရ)
၃။ ထက်စွန်းမြင့်မို့၊ တိမ်နှယ်ဆို့သည်၊ ကျိုက်ကို့မည်မှတ် (လ)

www.burmeseclassic.com

www.burmeseclassic.com



စံသား၊ *တင့်ရုံပြင်လျှာ၊ သခင်မှာသို့၊ရောက်လှာပေ ကာ၊ထူး၍လှ၏၊ ညိုမြမွတ်မွတ်၊ မြထွတ်*မူရူ၊ ပြာဖြူ လိုလို၊ လဲ့ညိုမွတ်စင်၊ ရှပ်သွင် ချောညက်၊ ကျွန်ုပ် သက်ကို၊ ဘုန်းစက်လျှံပတ်၊ မိန့်တော်လွတ်၍၊ ချမ်း မြတ်ငြိမ်းပြေ၊စုံလျှင်းစေဟု၊ *ရစ်ခွေသုံးပတ်၊လှည့်၍ ညွတ်သည်။ ။**မျှော့နတ်နှောင်းစွန့် သက်တင်သော။**

(တ) **မြန်းရှက်မကြွေ၊** *ကြန်ရွှေဝါကျင်၊ *တော မြင်မြင်လည်း၊ပြောင်စင်မလွှင့်၊ ကျန်သေးလင့်လျက်၊ ရှင်ပင့်ထက်ဝန်း၊ *စုံတသွန်းလည်း၊ *စွန်းစွန်း*သ သစ်[၁]၊ပွင့်ရစ်ပြိုးပြက်၊ခြေတော်စက်†သို့၊ တင်ဆက်† မတတ်၊ တိမ်းမူးညွတ်လျက်၊ ချွတ်လေ့ဘုန်းကြွယ်၊ *မယ်သို့ရည်နိုး[၂]၊လွမ်းပန်းကြီးခဲ့၊ ခရီးလေလျှံ၊ဌက်သို့ စံ၍၊ပျံ့ဘိတတ်မူ၊ဆုညွတ်ကုံးဆင့်၊ လျှောက်စတင့်၏၊ *နေသင့် မဆိုင်း၊ ဆီရည်နှိုင်းသည်[၃]။ ။**ပင်တိုင်း *ညောင်းညွန့် ရှက်ဆင်သော။**

---

### ၁၉-မြတ်စောညီနောင် ဘုရားတိုင်မောင်ဘွဲ့ (စာပြိုင်-အခံ)

(ပ) ***တဆဲ့နှစ်ခွေ၊** *မြို့လည်ရေဦ[၄]၊ ယဉ်*တွေ့ သီတာ၊တောင်မျက်နှာက၊ အာကာကွန်တက်၊တိမ်သို့ ရှက်မျှ၊ ကျောက်စက်ဌာန်ချာ၊ *ဆင်ကလာ၍၊ လက်...

---

၁။ စွန်းစွန်းထစ်ထစ် (လ)
၂။ မယ်သို့ရည်နည်း (လ)
၃။ ဆီရှည်နှိုင်းသည် (လ)
၄။ ပတ်လည်ရေဦ (လ) (မ) (ရ)

www.burmeseclassic.com

www.burmeseclassic.com



နံ့ချစ်၊ *နီလာ မြစ်သို့[၁]၊ ရှင်ချစ် ဘုန်းဝှန့်၊ *ပြိုးရိပ် ညွှန့်ကြောင့်၊ စင်သန့် ချမ်းကြည်၊ ပြိုးချောင်းမည် သား၊မြရည် ရှက်သန်း၊ သိင်္ဂါနန်းထက်[၂]၊ တသန်း ညှို့တွေ၊ တည့်မွန်း နေသို့၊ သရေဓမ္မာ၊ စကြာစိုး ဆောင်၊ တည်ခဲ့ထောင်သည်။ ။***ညီနောင်စုံရှင်တော် တကား။**

(၃) ****မဖွဲ့ ချစ်နေ**၊ မယ်မှာပေကား[၃]၊ လျော့ဖြေ တပါး၊ * သူ့ပြင်သားသို့၊နည်းများခွဲဝက်၊*တီမှာ ပွတ်လိမ့်၊ စံထက်စံမျှ၊ ညှိမွတ်လှလျှင်၊ရှေးကသည့် နှယ်၊ တို့မလှယ်တည့်၊ ကြံရွယ်ရေးရာ၊ ချေတင်ပါ တည်း၊ မျက်သာထွေထွေ၊ ငါမပြေက၊ အနေမကျ[၄]၊ ဆယ်ဆဆယ်ပြန်၊ ရှိလေတန်ဟု၊ကျူးလွန်မျက်တော်၊ တွက်ငြားသော်လည်း၊မမြော်ကျိုးပြစ်†၊ ကျွန်ုပ်†ဖြစ် နှုစိစစ်မတတ်၊ ကြင်လေးမြွတ်သည်။ ။**သတ်မှတ်ယုံ ခင်ပျော်တကား။**

(တ) **မလဲ့ရစ်ဖြေ†**၊ **သုံးလည်** ခွေ၍၊ မပြေ† သည့်၊မတုံဘနန်း[၅]၊ထောင်စွန်းအပ၊ *ငါးရှ့ငါးမြစ်၊ *ညွှန့်သစ်မြင်တိုင်း[၆]၊ မနှိုင်းရှည့်နိုင်၊ *လွှမ်းခေါင်

---

၁။ နီလာမြစ်ကို (မ)
၂။ သီတာနန်းထက် (မ)
၃။ မယ်ပပေတည်း (မ)
၄။ အနေတကျ (မ)
၅။ မတုံ့မပန် (လ)
၆။ ညွှန့်သစ်မြော်တိုင်း (ရ)

www.burmeseclassic.com



တိုင်မျှ၊ ဆွယ်ပြိုင် မသိ၊ ကျွန်ုပ်ရှိခဲ့၊ မိုးထိရောင်ကွန့်[၁]၊ အာကာ ညွန့်ဝယ်[၂]၊ ဆံပန့်အစစ်၊ စုံရှင်ချစ်လျှင်၊ သူ့ပြစ်မဲ့ထွေ၊ ဟုတ်တိုင်း ဖြေ၍၊ တထွေ ယူချွတ်၊ မယ့်အမှတ်ကို၊ စက်လွှတ်ကွန့်မြူး[၃]၊ ဖြည့်ပဒိုးလော့၊ မထူးကြွ*ဘက်၊ ဘုန်းချင်းရှက်သည်။ ။**ဖြစ်ဆက်ဆုံကြင်ဘော်တကား။**

## ၂၀-မိုးတောမယ်ဘွဲ့(စာပြိုင်အလိုက်)ရတု

(ပ) * **တဆယ်နှစ်ခွင်**၊ ရာသီတွင်၍၊ ကောင်းကင်မှိုင်းဝေ၊ နွေလည်း ကုန်*ကျွန်း၊ ဝသန်ဆန်းက၊ လျှပ်ပန်းတိမ်ပြင်၊ ဖြူစင် ပုလဲ၊ ကြိုကာရွာဖြိုး၊ မိုးလည်းတပြိုက်၊ တိမ်တိုက်ရွှေပြောင်း၊ *လေလျှင်လောင်းက၊ ကန့်,ချောင်း,ကိုင်း,ကျွန်း၊ *မြင်ထွန်းကမ်းငှ၊ သဲဖြူဆိပ်သာ၊ မြစ်သီတာလည်း၊ အခါအလိုက်၊ *ပြိုးရေဆိုက်၍၊ *ကျွန်းတိုက်စူးထိုး[၄]၊ စွေ့မျိုးကာလ၊ ချိန်ဖြစ်ကလျှင်၊ ဌာနချက်ဗွေ၊ မယ်တို့နေသည်၊ အောင်မြေရပ်မှာ၊ သို့သောခါကား၊ *အာသာဟူက၊ ပည်းမျှကြည်း,ရေ၊ အထွေထွေသည်။ ။*ﾠ**အုပ်တွေရှည်စုံရှင်လိမ့်မည်။**

(၃) **အလယ်ရစ်ဆင်** *ရဂုံခွင်လည်း၊ ညိုစင်ရှက်ချပ်[၅]၊ လှပ်လှပ်လှတင့်၊ မြကုံးဆင့်သို့၊ နိမ့်မြင့်

---

၁။ မိုးထိရောက်ကျွန်း (မ)
၂။ အာကာစွန်းဝယ် (မ)
၃။ စက်လွှတ်ထွန်းမြူး (လ) (မ)
၄။ ကျွန်းထိုက် ဆူးထိုး(မ)
၅။ ညိုရှင်ရှက်ချပ် (လ)

www.burmeseclassic.com

www.burmeseclassic.com



ဝင်တိုင်း၊ ဆိုင်းဆိုင်းလူလူ၊ အဖြူ့အပြာ၊အဝါတချို့၊ မိုးပန်းတို့သည်၊ ခါသို့လိုက်ကြ၊ ငုံစ ဆန်ကွဲ[၁]၊ကြဲကာ ပေါ်ထွက်၊ ¦ကြေးဌက်သိုက်တွင်၊ လည်ချင်းတင်၍၊ သာရှင်ယှဉ်ဖေါ်၊ မနှင့်ပျော်လျက်၊ *စိုက်ခေါ်သနား၊ ဝမ်းပါးဘွယ်ပင်၊ လူ့အသွင်ကို၊ မြင်ရဘိမူ၊ ဇာတိ အောင်ချာ၊ရွှေပြည်သာဌ၊ကလျာငါးရပ်၊*ခြောက်ပြစ် လပ်†သား၊ *ချည်းလှပ်†ညိုဝါ၊ မွတ်ပြာလဲ့လဲ့၊ နှဲ့သည်တို့နှင့်၊ လွမ်းတာမြင့်ခဲ့၊ ထပ်ဆင့် ညွတ်ခွေ၊ သည်းလေလေလျှင်၊ ဆယ်တွေဆယ်ဖန်၊ *ကြူးလွန် မေတ္တာ၊ မယ်တို့မှာသည်။ ။**လွမ်းသာ ပည်းမျှ ချင်လိမ့်မည်။**

(တ) **မဖွယ့်ချစ်ခင်**၊ မယ်ပလျှင်လည်း၊ *မြင်တ ငါးသို့၊နည်းများမကွက်၊ စိတ်မယွက်‡တည့်၊မြရွက်† နှိတ်ညွန့်၊မဖြန့်*လက်သင်၊ကေသျှင်ထုံးသစ်၊ ဆယ် ကျော်နှစ်က၊ ငါးဆစ်စောင့်ထပ်[၂]၊ ဘုံသာရပ်ဝယ်၊ ညပ်စဉ်လာ၊စမ္မတာပဟု၊ ကေသာသွယ်တတ်၊ခြောက် ဆောင်ထွတ်ကို၊ ရှိဝတ်ရည်ညွှန်း၊ *ဆယ်ခိုင်ပန်းနှင့်၊ *ရွှေဝန်းရီညာ၊ခါရောက်ကမူ၊ရွှေမျှားအလယ်၊သနား ဘွယ်လျှင်၊ ဆွေမယ် ယဉ်မြွေ၊ အောက်မေ့ရေးရေး၊ ကြေတွေးတွက်ဆ၊ပျောင်းပျမူးမော်၊ဖေါ်သားချင်းနှင့်၊ လွမ်းတင်းစကား၊ နောင် ကြောင်းများကို၊ ဖန်များ ဆိုတို့†၊တလှို့လှို့တည့်၊ ရွှေထုံ့†တမျှ†၊ ငြိမ်လေး

---

၁။ ငုံဆန်စကွဲ (မ)
၂။ ငါးထစ်စောင့်ထပ် (မ)

www.burmeseclassic.com

www.burmeseclassic.com



မြ†သား၊ အလှမွတ်ပျို၊ ဆင်းပြာညိုသည်¹၊ နောင်ကို ဖူးမြော်ချင်လိမ့်မည်။

---

၂၁-စစ်ချီ(စာမြိုင်-အလိုက်)ရတု
(အခံမှာ-နဝဒေး)

(ပ) *အောက်မေ့ချော်ချော်၊ မြေကြောင်းဖြေ လည်း၊ ထွေထွေလွမ်းဆွတ်၊ မပြေတတ်ခဲ့၊ *လနတ် ပြည့်ဝန်း၊ ချီရက်စွန်းဝယ်၊ ရည်ညွန်းကိုယ်စား၊ ရစေ သွားဟု၊ ရွှေလား*သန္တာ၊ လှရာရာကို၊ *မြူတာ သွန်းမှတ်၊ ရေ*ပန်းသတ်နှင့်၊ *စွယ်ခတ် သရေ ဆံမွှေသကျ၊စည်းခုံမြဝယ်၊ *မပြပျောင်းရှပ်၊လျှောက် စည်းချုပ်၍²၊ ကျွန်ုပ်သဲညောင်း၊ ပန်ခွင့်တောင်းရှင့်³ တပေါင်းသဘင်၊ မမြင်သည်ပ၊ လွတ်မျှ*အာသာ⁴ သည်*အတာသည်။ ။စစ်မှာကြာမြန် ရခဲ့လော။

(၃) ခြောက်သေ့ရွှေရွှေ၊ ပင်တိုင်းကြွေ၍၊ ချ ပြေညွန့်ညောင်း၊ မြမြမောင်းက၊ မပျောင်းမသမ်း မထမ်းရတို⁵၊သက်လုံးစုံလျှင်၊လွမ်းချုံမပြယ်၊ လေ ဘွယ်တည့်၊မယ့်နွယ်ကြင့်လေ၊စစ်ဝယ်ပေ†က⁶၊မပြေ ညှိုးခြောက်၊မအောက်မေ့ရက်၊ စုံမက် မမူ၊ ဘယ်သူ

---

၁။ ဆင်းကြာညိုသည်(မ)
၂။ လျှောက်စဉ်ချုပ်၍(လ)(မ)
၃။ ပန်နက်တောင်းရှင့်(လ)(မ)
၄။ လွတ်မျှအာသာ(မ)
၅။ မတန်းရတို(လ)(မ)
၆။ စစ်ဝယ်ဖွေက(မ)

www.burmeseclassic.com

www.burmeseclassic.com



တ်ခွေ၊ နေတဘ်လိမ့်မည်[1]၊ *ပန်းလည်းနွေလ[2]၊
ါသမျှဝယ်၊မလှစရာ၊*ဇလတာနှင့်၊*သိင်္ဂါချပ်စီ[3]၊
ရဖီသည်။ ။မမီခါလွန် ကြခဲ့လေသ။

(ဃ) **နောက်ရှေ့ မေ့ဧ**၊ရှုလေလေတည့်၊လွမ်း
ရွှလွမ်းရစ်၊ အသစ်,အဟောင်း၊ ပေါင်းကြရိုးချုပ်၊
န်းလာအုပ်ဟု၊ကျွန်ုပ်စိတ်တွင်၊ ထင်တုံ၏သို့၊ မယ်တို့
းတွင်၊ တင်ပါကြ*စုံ၊မတုံ့စဘူး၊တာ*ယူးယူးဝယ်၊
းထူးပန်းမှန်၊ မပန်မိလာ၊ ဖွေရှာစိတ်က၊ ကြာရ
သေး၊ ဖျာပါလေးစွ၊ နီး,ဝေးရှုမြော်၊ ကြည့်ချေ
ဘ်လည်း၊မူးမော်ခွေညွတ်၊ မပြေတတ်ခဲ့၊ ပတ်ပတ်
ခြစ်ခြစ်၊ ကွန့်ရစ်ထစ်ချုံး၊ ဇကိသံမှုန်းသည်။ ။
အုန်းညိုဖုန် မြခဲ့လေသ။

## ၂၂-မိုးတော မောင်ဘွဲ့ရတု

(ပ) **ဘဝက်လုံးလျှင်**၊မြကုံးခိုင်ပန်း၊ဆိုင်ရှဝန်းသို့၊
*နုတ်နန်းလုလင်၊ * တင့်ရည်းဆင်နှင့်[4]၊ ညိုစင်
ညိစွန်း၊ *လာမှသွန်းလေဘ်[5]၊ ဆင်ဆန်းတွေးချိပ်[6]၊
မ်းဘွယ်ရိပ်က၊ခြူးစိပ်စိန်ခက်၊ဝန်းရှက်ကြာညောင်၊
ရောင်ပြက်ကာ၊မွှေရာ*ကြက်ရိုး၊ သဇင်အုံးထက်၊

---

၁။ နေတို့လိမ့်နည်း(ရ)
၂။ ပန်းလည်နေလ(လ)
၃။ သိင်္ဂါချပ်ညီ(မ)
၄။ တင့်ရည်းထင်နှင့်(မ)
၅။ လာမှယွန်းလေဘ်(မ)
၆။ ဆင်ဆန်းထွေချိပ်(မ)

www.burmeseclassic.com

www.burmeseclassic.com



နှလုံးဝယ်ပ၊ပျောင်းပျမ့်ဟန်၊ဆံစွန်ရိပ်ဆင်၊ ကေသျှင်ပန်းရော၊ ဆိုပ္ပျံချောသည်။ ။**သဘော တမ်းသာနေတော့သည်။**

(၃) **တသက်လုံးတွင်၊** တကိုးကိုပင်၊ ပန်ရလျှင်လည်း၊ချစ်ကြင်သို့ချည်း၊ များကာပည်းခဲ့၊ ဝမ်းနည်းစရော၊ ဗျာပါမျိုးလပ်၊ မထပ်လွမ်းသစ်၊ နောင့်ဖြစ်သိတွေ[၁]၊ မေ့လျော့နေလည်း၊ဖြေဖြေဖြည့်ဖြည့်၊ တော်တော့၏ဟူ၊ဆိုသသူက၊လျှောက်ကူသံသာ၊ လာဆန်းလာလော၊မရွာဘဲကို၊ရွာရှုပ်လိုနှင့်၊*တိမ်ညိုကာမိုး†မြဲပွင့် ဖြိုးသည်။ ။**လေ,မိုး†လွမ်းရာ[၂]ဖွေတော့သည်။**

(၈) **အခက်လုံးပင်၊**မရှုံးခြယ်ရှက်၊နီလာစက်သို့၊ပန်းငှက်မည်ဟူ၊ *ဗျာပါယူနှင့်၊ *မဥ္ဇူခြည်မောင်း၊ *သုံးပါးနှောင်းကို၊ ဆယ်ချောင်းလက်မိုး၊ ရှိစုံခိုး၍၊ *ယိုးယိုး မယ်မယ်၊ သည်ဝယ်အဖြစ်[၃]၊ အသစ်သစ်လျှင်၊ကြင်ချစ်စောင်ဖွဲ့၊ နှုတ်တည်မဲ့နှင့်၊ ယွင်းခဲ့တိုတို၊ မယုံသာမော၊ သူ့သဘောကို၊ မလျော့ကောင်းချေ၊စိတ်ကိုဖြေ†လည်း၊မပြေ†လုံးချုပ်၊ ရှုံး၍အုပ်သည်။ ။**ကျွန်ုပ်ဝမ်းမှာ ခွေတော့သည်။**

---

## ၂၃-မိုးတော ဓမောင်ဘွဲ့ရတု

(ပ) **ဘုဝင်ကပင်၊**ယိုကျမတတ်၊ မိုးလုံးညွတ်၍၊ မြဝတ်ဆံပွင့်၊ကုံးနှစ်ဆင့်သို့၊ ထက်မြင့်တိမ်စွန်း၊သုဂန်

---

၁။ နောင်ဖြစ်သိတွေ(မ)
၂။ လေမျိုးလွမ်းရာ(မ)
၃။ မယ်,ဝယ်အဖြစ်(မ)

www.burmeseclassic.com

www.burmeseclassic.com



နန်းက၊လျှပ်ပန်းလျှပ်ခြည်၊ မယ်သို့ရည်လျက်၊ မတည်ပျောင်းရှား၊ ဝမ်းပါးညွတ်ခွေ၊ ရှိလေစေဟု၊သက်ဝေကြွင်ယာ[၁]၊မိန့်လိုက်မှာသို၊ အာကာတိမ်ညို့၊*ဝန်းရစ်ဆို့သည်။ ။မြင်းမိုရ်ရို့ထွေလည် ဆင်တော့သည်။

(ဒ) **အဖက်မျှအင်**၊ရမထင်တည့်၊ယုံချင်ဘွယ်ကို၊ ဆိုသနွှေလည်း၊မွှေမွှေညှိချောင်း၊ညွတ်ညွတ်ပျောင်းမျှ၊ ထောင်,သောင်းမက၊ သက်နှင့်မျှ၍၊ ယွင်းခွမလှည့်၊ ကြွင်မောဏ်ဟု၊ ဆိုသည့်ဖြစ်ကို၊ ညို့ရစ်မယ့်သက်၊ မေ့လေရက်သော်၊ ဘဝက်မိုးသူ၊ မ-တော်မူနှင့်၊ မယ့်တူသူ့သက်၊ နှင်းဆက်ဝေပို့၊ မေတ္တာချို့သည်။ ။ **သူ့သို့*သွေ့ဖည် ကြွင်တော့သည်။**

(တ) **မရက်စချင်**၊ သို့အောင်စင်ကို၊ဝမ်းတွင်မှတ်ခွေ၊တိမ်မြုပ်နေရှင့်[၂]၊ ထွေထွေခဲ၊ ပျပျသာညောင်း[၃]၊ ညှိညှိချောင်းနှင့်၊ ယုံကြောင်းမယ့်မှာ၊ သစ္စာမြွက်ဆို၊ ကျိန်မျိုးကလည်း၊ မြင်းမိုရ်နှင့်မျှ၊နှိုင်းမကတည်း၊*မာယမလွှတ်၊နတ်လည်းမကျန်၊ *မိဋ္ဌာန်မြတ်နိုး[၄]၊ရိုညွတ်ကျိုးသည်။ ။**ကျိန်မျိုးပေ့နှည် စင်တော့သည်။**

---

၁။ သက်ဝေကြွင်ရာ (မ)

၂။ ထိမ်မြုပ်နေရှင့် (ရ)

၃။ မြှမြှသာညောင်း (ရ)

၄။ မိဋ္ဌာန်ပန်ရိုး (မ)

www.burmeseclassic.com

www.burmeseclassic.com



## ၂၄-မိုးစောဘ မောင်ဘွဲ့ရတု

(ပ) ***ဘဝင်ရှည့်ညီ**၊ မြရည်စီသို့၊ *မိုးသီမိုးဖွဲ့၊ ညွှန့်ညွှန့်နွဲ့ယိမ်း၊ ရိုက်မြိမ်းရိုက်ဆင့်[၁]၊ မတင့်တောင်းအောင်၊ ပန်းရောင်*လျှပ်လျှပ်[၂]၊ တိမ်ထပ်တိမ်ဝတ်၊ ခြယ်၍ပတ်သို့၊ နန်းထွတ်အောင်ချာ၊ သူ့မှာလွမ်းရှု၊ တို့နှယ်တုရှု၊ ညို့သူ့ကြင်သူ၊ မဟူစဘူး[၃]၊ တန်းခူးသာမျှ၊ ကြာစွကဆုန်၊ နယုန်သို့လည်၊ ရောက်လမည်ဟု၊ *မတည်မှန်ယွန်း[၄]၊ မိန့်ရွှေခွန်းသည်။ ။**မြေဆန်းမြေရှာလေတော့သည်။**

(ဒု) **မမြွက်လှည့်ဤ**၊ *မစီတို့လျှဉ်၊ မစဉ်တို့တတ်၊ မေးသော်မြတ်၏[၅]၊ *ပြတ်ပြတ်ဆက်ဆက်၊ ခန့်ရက်နေ့ကျူ၊ *ကျွန်မျှမဆင့်၊ နှုတ်ဖြင့်လျှောက်လှာ၊ မှာသရွေ့လည်း၊ တနေ့တပါး၊ လသာ*လျှားခဲ့၊ စကားအနန်း၊ ဒန်းလည်း ပျံ့မွေး၊ ဆင်မိဝေးခဲ့၊ *မုလေး ခတ္တာ၊ ရင်းမာပွင့်နိုး[၆]၊ လှိုင်ခန့်စိုးရှင့်[၇]၊ ကြိုးကာချသွန်း၊ *ဝါသို့ယွန်းသည်။ ။**မှိုဝန်းဝယ်သာ ခွေတော့သည်။**

(တ) **အရွက်မှည့်စီ**†၊ ခါရောက်ညီက၊ လေဆီ*လွင့်ယိမ်း၊ တောခပ်သိမ်းလည်း၊ လန်းစိမ်းညွန့်

---

၁။ ရိုက်မြိန်းရိုက်ရင့် (လ)
၂။ ပန်းရောင်လျှပ်လျှပ် (လ)
၃။ မဟူစဘူး (လ)(ရ)
၄။ မတည်သွေ့ယွန်း (မ)
၅။ မေ့သော်မြတ်၏ (မ)
၆။ ရင့်မာပွင့်မျိုး (ရ)
၇။ လွန်ခန့်စိုးရှင့် (ရ)

www.burmeseclassic.com

www.burmeseclassic.com



*ကိုက်၊ မိုးသို့လိုက်ခဲ့၊ ယုံထိုက်သံချို၊ မှာတိုင်းလိုလျှင်၊ မဆိုရက်လှည့်၊ ဝမ်းနည်း၏သို့၊ ရောက်မည့်အပ၊ ကြားရကာကာ၊ ကြာရက်လေမော၊ ပွင့်မျောရေပန်း၊ *ဖြွင်ကျွန်းကမ်းမြစ်၊ လျှမ်းလျှမ်းနစ်ခဲ့၊ ကိုးရစ်ခွေမိုး၊ စိုးသည်ထက်ကို၊ စိတ်စက်ဖြေကာ†၊ နေစဉ်ခါ†ဝယ်၊ နွဲ့လှာဆင်မှတ်၊ ခြယ်၍ပတ်သည်။ ။မြဝတ်အာကာ[၁] တွေ့တော့သည်။

---

## ၂၅-မိုးတော (အဖြည့်ခံ)ရတု

(ပ) **ဘစက်ရှည့်ဝေ**၊ မြရည်တွေသို့၊ သီးခွေ သီးဆွတ်၊ နွဲ့ညွတ်နွဲ့ခေါက်၊ ကြူးမြောက်ကြူးဆင့်၊ မတင့်စတောင်း၊ မောင်းမောင်းရွှေရောင်၊ တိမ်တောင်တိမ်ခွန်း၊ ဆင်ရစ်*ရန်းသို့၊ စုံနန်းထွတ်ချာ၊ မယ့်မှာလွမ်းပည်း၊ တို့မှာနည်းဖြင့်၊ ခမည်းဘုန်းဇုန်၊ မမှန်စဘူး၊ တန်ခူးမျှသာ၊ မြင့်စွာကဆုန်[၂]၊ နယုန်သို့လျှင်†၊ ရောက်မည်လျှင်†ဟု၊ မထင်ရွှေကာ၊ နှုတ်ရွှေကြာနှင့်။ ။**ဗျာပါဒ်မြရှာ လေတော့သည်**။

(ဒု) **မမြွက်လှည့်တွေ**၊ မဖြေလှည့်လျဉ်၊ မဖြည့်လှည့်ချင်[၃]၊ မေးသော်ရှင်၏၊ ထင်ထင်ပြပြ၊ ကာလနွေရက်၊ ခန့်တွက်ပြန်ချင့်၊ မဆင့်ကျေးကျွန်၊ တုံ့ပြန်သောလျှောက်†၊ လျှောက်†သရွှေလည်း၊ တနေ့တထူး၊ လူသာကူးရှင့်၊ ရွှေဖူးစကား၊ ချရား, *အိမ်ဒန်း၊ အနန်း

---

၁။ မြိနတ်အာကာ (ရ)
၂။ တန်ခူးသာမျှ၊ မြင်စွာကဆုန် (လ)
၃။ မပြေလှည့်လျှင့်၊ မစည့်လှချင် (မ)

www.burmeseclassic.com



မြပွင့်၊ ဆင်မီမြစ်ခွဲ၊ ကြိုင်လွင့်ရင်းမာ၊ ခတ္တာဖြူဆွတ်၊ ပွင့်မှတ်လွန်နိုး၊စိုးကြောင့်ကြရှင့်၊ကာလ*သရစ်၊ ကြိုး ကထစ်လျှင်၊ပတ်ရစ်ဆင့်ကာ၊သန်ယွန်းလှာသည်[၁]။ ။ **မှီရာအုံးဝယ် ခွေတော့သည်။**

(ဖြည့်ရတု)

[**အရှက်မှည့်ကြွေ**၊ခါရောက်ထွေဖြင့်၊ဝန်းလေသုတ်ဆင်၊ တောမြင်မြင်လည်း၊ ညိုစင်စိမ်းလမ်း၊ မိုးသို့ယွန်းခဲ့၊ ယုံဆန်းသာကြည်၊ မှာတိုင်းသည်လည်း၊ အစာတည်မကျ၊ဝမ်းနည်းလှ၏၊ နေ့ညရောက်မည်၊ ကြားသည်နှင့်ပင်၊ ရက်ဖြင်မြင့်က၊ကြာလေစလှည့်၊ လျှမ်းပြည့်ကိုင်းကျွန်း၊နစ်မွန်းမြေလွင့်၊ ရေပန်းပွင့်က၊ဖူးခွင့်ရောက်မည်၊ မှတ်တည်အားသံ၊ ကြံသောထက်လျှင်၊ ခန့်တွက်ဖြေဆည်၊ နေလှည့်သည်ကို၊ ကျူးမည်ရစ်သန်း၊ ညိုပြာဝန်းသည်။ ။**ထိမ်ပန်းရှက်လည် တွေတော့သည်။**]

[ထိုရတုတွင်“ဘဝင်ရှည့်ဝေ၊မမြွက်လှည့်တွေ” ၌ တောင်ငူမင်း စာတော်အဖြည့်ခံ ရတုဟု ကျောက်ကြီးငါးခို လိပ်တစ်မှတ်၍ ပါလှာသည်။ တချို့မူများတွင်လည်း ရှင်ဝိစိတ္တာစာရ- ဆိုသည်ဟူ၍ အမှတ်တွေ့သည်၊ တွေ့သော်လည်း ရတုတွင် ပါပြီးဖြစ်၍ ရေးလိုက်သည်။ ။**လက်ခံ..နောင်ရထာ မှတ်ချက်။**]

---

၁။ ဆန်ယွန်းလှာသည် (လ)

www.burmeseclassic.com

www.burmeseclassic.com



# ၂၆-မိုးတော မေဘင်ဘွဲ့ရတု

(ပ) **စက်ပြိုသာဒ်လျှင်**၊ ခေါင်ထွတ်လည်လှည့်၊ နေစည့်စည့်ကို၊ မည်သည့်ချိန်ခါ၊ မရွေးရွာသော်၊ ဇွာပါစိတ်ဝမ်း၊ ရှိစိမ့်စမ်းသို့၊ ငြိမ့်မွမ်းမဥ္ဇူ၊ သီပွံ့ကြူနှင့်၊ လျစ်လျူတမ်းသာ၊ *ဆံကြာတွင်းလျှော့†၊ နေစတော့ရှင့်၊ ကြင်လျော့†မှတ်မြွေ[၁]၊ ပေစလေ့ကို၊ သောင်းနွှဲခွန်ယူ၊ စိုးမည့်သူလျှင်[၂]၊ သက်တူသာချို၊ ကျိန်မျိုးဆိုသည်[၃]။ ။**မြင်းမိုရ်သာပြန် ဘိသောကြောင့်**။

(ဒ) **သက်မမှတ်ချဲ့င်**၊ မည်သည်တွင်မျှ၊ ချေတင်သည်ပ၊ မှတ်မရတည့်၊ ခုကစင်လျက်၊ ယွင်းလေရက်ခဲ့၊ နွေရက်ဖန်ခါ၊ အာဏာစက်ရိပ်၊ လွှမ်းမိုးနှိပ်က၊ *ဆယ်ကျိပ်ထွတ်ထား၊ များ*သည်းကြားနှင့်၊ ပျော်ငါးသာရှင်၊ သဘင်ညီလာ၊ စံပေရာလိမ့်[၄]၊ ဇွာပါပျောက်ရှဲ၊ နေစမြဲကာ၊ *သင်းတွဲဘုံရွှေ၊ စိမ်းပြေ,ဝါ,နီ,၊ ဆင်သင့်စီဝယ်၊ ကျူးသီနဲ့တန့်[၅]၊ နတ်မိုးကွန့်သည်။ ။**လွှမ်းညွှန့်ဖြာဝှန် ဘိသောကြောင့်**။

(ဟ) **ဖက်အလွှတ်တွင်**၊ ညွတ်ညွတ်ခဲ၊ ဆိုသမျှသည်း၊ မြမြပွံ့ဖြည်း၊ နာဘွယ်ချည်းတိ၊ မယ်လည်းသိတော်၊ မှတ်မပိုက်တည့်၊ မရိုက်မရင့်၊ မဆော်ဆင့်နှင့်၊

---

၁။ ကြင်လျော့မှတ်မွေ့ (မ)
၂။ ဆွတ်မည့်သူ၏ (လ)
၃။ ကျိန်မျိုးကိုသည် (လ)
၄။ စံမွေ့ရှာလိမ့် (မ)
၅။ ကျူးသီကျူးတန့် (မ)

www.burmeseclassic.com

www.burmeseclassic.com



ရာခြင်ဘုန်းပော့၊ စိုးမည့်ရွှေလျှင်၊ မမွေ့ပါကောင်း၊ စုန်းပေါင်း၍၊ အကြောင်းဖေါ်မြွက်၊ မ စရက်ခွဲ၊စိတ်စက်လွင့်မြန်း၊ စေစိမ့်ဆန်းလျှင်၊ဝန်းဝန်းဝင့်ဝင့်၊ကျူးထစ်ရင့်၍[၁]၊ထက်မြင့်တိမ်မှုန်၊ ရေမြူးခုန်သည်[၂]။ ။
*ပစ္စုန္နကါလွန် ဘိသောကြောင့်။

## ၂၇-မိုးတော မယ်ဘွဲ့ရတု

(ပ) **ယခုကစင်**၊ကြိမ်းပမြူးကွန့်၊ရွှာမည်ခန့်သော်၊ တိမ်ညွန့်ညိုရစ်†[၃]၊ မြမရှစ်†တည့်၊ *ခုနစ်မည်ရပ်၊ ကြွင်းသေးလပ်လျက်၊မည်းထပ်မှောင်ပါ၊ မြောက်ကသာလျှင်၊ သည်မှာတည့်ပေ၊ မယ်တို့နေဟု၊ဆွတ်ခြွေနှလုံး၊ စုရုံးမည်ခက်၊ သို့စင်ရက်က၊ *ဖြည်းသက်ရိုက်ကျူး၊ ဆင်*မူးမူးဝယ်၊*ဟူးဟူးမြန်ခေါက်၊ လေရွှေရောက်က၊လေပေါက်မိုးပန်း၊ ကြိုလှာဖြန်းသည်။ ။
**ရှေ့နန်းဆီက သာလှည့်သော။**

(ဒု) **အနုမြသွင်**၊ တောတခွင်လည်း၊ ပြောင်စင်မလွင့်[၄]၊ ကျန်သေးလင့်လျက်၊စက်ဖြင့်ဟူးဟူး၊ ကြူးကခုန်မြဲ[၅]၊ခါဟုတ်ပဲကို၊မွန်းလွဲနေယိမ်း၊ ညချမ်းငြိမ်းက၊ ထစ်ခြိမ်းမည်းညို့၊ ရွာအုံ့သို့လျှင်၊ ဆယ်ဘို့အတွက်၊ သက်သာမှတ်သည်၊ ပြာလတ်ညက်ခြေ၊ နန်းရိပ်နေ

---

၁။ ကျူးတည့်ရင့်၍ (လ)
၂။ ရေးမြခုန်သည် (မ)
၃။ တိမ်ညွန့်ညိုသစ် (မ)
၄။ ပြောင်စင်မရင့် (လ)
၅။ မြူးကာခုန်မြဲ (မ)

www.burmeseclassic.com

www.burmeseclassic.com



လည်း၊ရစ်ခွေဗျာပါ၊ သည့်နှယ်ရွာက၊ ရံခါဖြေဆည်၊ တုံ့မတည်လိမ့်၊လျှပ်ခြည်မိုးပန်း၊ပြလှာသန်းသည်။ ။ **ထွေဆန်းစီမျှ ဖြာလှည့်သော။**

(တ) **ရတုလင်္ကာ**၊ *စိတ္တခါလည်၊ နွေပြန်သည့်မှု၊ ရွှေရည်ကားတော၊ရစ်နှောမိုးသား၊ ကြိုးဝါးကြိမ်ကြိမ်၊*တိမ်မှုမှုနစ်၊ရှုစ်စင်မပြည့်[၁]၊ ယွန်းတည့်ပတ်ခွေ၊ ရေရွှေလေနှင့်၊ မင်နေသိင်္ဂီ၊ မယ်တို့ဆီက၊ ကျူးသိရစ်ဝဲ၊ ဝန်းလှာနွဲ့သော်၊ ဖန်လဲ တ ဆို၊ ရသည်ကိုမျှ၊ မြင်းမိုရ်ထိပ်မွှား[၂]၊သနားဦးလော့၊ဆယ်ကျူးသက်စစ်၊ နောင်ကြင်ရှစ်မူ၊ သွင်းနှင့်ရက်စွန်း[၃]၊ ရာသီပန်းနှင့်၊ *ကြွင်းခါတစ်မွေ၊ဆံခွေမည္ဟူ†၊မြတ်နှစ်ဆု†ကို၊ ဆုယူ ရည်ညွှန်း၊ တင်လိမ့်မှန်းသည်။ ။**ရွှေဝန်းရီညခါလှည့်သော။**

---

၂၈-မိုးတော မောင်ဘွဲ့ရတု

(ပ) **ထစ်မြည်လိုမူ**[၄]၊ တိမ်ညှိမည်းနက်၊ ဆိုင်းရံရှက်ရှဲ[၅]၊ ပွင့်ခက်ရွှေဝါ၊ စိမ်းပြာခြယ်ထပ်၊ စီမွှမ်းအပ်သို၊ *ကိုးရပ်ပတ်ပတ်၊ ချောင်းချောင်း လွှတ်† လျက်၊ ကြွင်းလွှတ်† မွဲ့ဘူး[၆]၊ တန်ပါဦးလော့၊ လွန်ကြူးကြိုက်

---

၁။ ရှစ်သင်မပြည့်(လ)
၂။ မြင်းမိုရ်နတ်မွှား(မ)
၃။ သင်နှစ်ရက်စွန်း(မ)
၄။ သစ်မည်ကိုမူ(လ`ထစ်မည်လိုမူ(အချို့မူ)
၅။ ဆိုင်ရှုံရံရှက်(မ)
၆။ ကြွင်လွှတ်မွဲ့ဘူး(မ)



www.burmeseclassic.com

www.burmeseclassic.com



ဆူ၊ သည်တမူတား၊ သည်း,အူ,နှလုံး၊ မရုံးကွဲပြို၊ နေ
သည်ကိုလျှင်၊ အလိုမဲ့ဖွဲ၊ ခြိမ်းမဲပြင်းစွာ၊ရှမ်းနှင့်လာ
သည်။ ။*စစ်မာဃပင်[၁] ခန့်သည်လော။

(ဒ) ချစ်သည်ကိုမူ၊ မည်ဆိုထုတ်*ပွက်၊ မဟ
ရက်တည့်၊ ဖျောက်လျက် ဆည်ငြိမ်၊ ဖြေချုပ်ထိမ်
လည်း[၂]၊တကြိမ်ရေးဦး၊ဟူးဟူးထန်ပြင်း၊ (သန်လျက်
ဝင်းက[၃]၊)သက်ဆင်းကိုယ်ထင်၊မြင်လတ်နိုးဘိ၊ *ယူး
ယူးရှိလျက်၊မျက်စိဖွင့်အံ့[၄]၊ မှုမဝံ့တည့်၊ ခြိ.ခြိ.တော်
ရိုက်၊ ပွဲတင်လိုက်မျှ၊ နား၌ခြစ်ခြစ်၊ကြိုးဖြန်းထစ်က[၅]
ပြိုလစ်မည်ပင်၊ ထင်တုံလန့်စိုး၊ လက်ကာဒမိုး၍၊ အစိုး
တရ၊ နွေကြီးကကို၊ ကြောင့်ကြဗျာပါ၊ ရှိအောင်ရှာ
သည်။ ။ထစ်ရွှာလှချင် ကွန့်သည်လော။

(တ) *ရှစ်မည်ဂြိုဟ်မူ၊မြင်းမိုရ်လကျာ၊ လှည့်ကြ
ရာဝယ်၊ထွန်းဝါညီးညီး[၆]၊ ရွှေယာဉ်စီးသို၊ ခရီးမပါး
လယ်ချက်သွားသော်၊မြစ်နားကမ်းခွင်၊ သဲပြင် တော
တောင်၊ ပွင့်ယောင်လှုလှု၊ ရှက်နုလဲ့လဲ့၊ နွဲ့နွဲ့နောင်း
နောင်း၊ငှက်ပေါင်းကျူးသီ[၇]၊ သာမျိုးပြီက၊ နွဲ့မှီယုယ
ကြင်ပေလှသည်၊ မွေးဘမယ့်ဆွေ၊ မမှာနေလည်း

၁။ စစ်မှာကပင်(မ)
၂။ ဖြေချုပ်တိန်သည်(လ)
၃။ ( )(မ)
၄။ မျက်စိပွင့်အံ့(မ)
၅။ ကြိုးပြန်ထစ်က(လ)
၆။ ဖန်ဝါညီးညီး(မ)
၇။ ငှက်ပေါင်းကျူးညီ(မ)

www.burmeseclassic.com

www.burmeseclassic.com



ဆယ်တွေဆယ်ထပ်၊စိတ်လပ်မလစ်၊ လွမ်းသည်ဖြစ်နှင့်၊ သစ်နှစ်တရွှဆန်း[1]၊ ဝါကျွန်းသည်လ[2]၊ ချီခဲ့ရသော်၊ တူကွရင်ရွှေ၊ ဖူးလွယ်စေဟူ၊ စစ်မြေမရှည်၊ပြန်လျင် ညည်ကို၊ခြောက်ပြည်မကာ၊အစိုးရသား၊ *မာယသူဇာ၊ သနားပါသည်။ ။**မေတ္တာမြရှင် ညွန့်သည်လော။**

---

## ၂၉-ကျေးစေရတု(မောင့်ထံစေဟန်)

(ပ) * **ကိုးထွေ မျက်လည်**[3]၊ စိခက် ပုံသွန်း၊ ထင့်ဘနန်းတည့်[4]၊သ ညွန်း ရှေးသော်၊ကြမ္မာဆော်၍၊ ရှုမြော်မျက်ခြည်[5]၊စိတ်တူသည်ကို၊ ဘုန်းစည်ဝရုတ်၊ နောင်ဘို့မှတ်သား၊ ဘုံထွတ်သိင်္ဂါ၊ သိုက်နန်းမှာက၊ ချောက်လှကံဖြင့်၊ ရှန်းရှန်းတင့်သည်၊ နောင်မင့်း ကြံဖက်၊ ညီရွှေငှက် ····၊ရည်ညက် ကိုယ်ရောင်၊ နေသို့ ပြောင်သား၊ ရွှေတောင်နန်းမြင့်၊ ဘုံခြောက်ဆင့်ဝယ်၊ သစ်ဖက်လွတ်၊ ထွားသက်မွတ်သို့[6]၊ ခက်ညွှတ်တွေ ဘာ၊ ဂန္ဓမာနှင့်၊ ခွေစာချီကောက်၊ ပုံချေလျှောက် လော့၊မီးပေါက်,လေး,မြား၊ လှံ,ထားချွန်ထက်၊ ဝင်း လုံးရှက်သည်။ ။**ထားစက်အပြည့် ပင်ကိုလည်း။**

---

၁။ သည်နှစ်တာဆန်း(မ)
၂။ ဝါကျွန်းဆောင်းစ(လ)
၃။ ကိုးထွေမျက်ရှည်(မ)
၄။ ထင်ဘနန်းတည့်(လ)
၅။ ရှုမျှော်မြွက်ခြည်(မ)
၆။ ထွတ်သွယ်မွတ်သို့(မ)

www.burmeseclassic.com

www.burmeseclassic.com



(၃) **ဖွိုးဝေစက်ခြည်၊** ထား,လှံရှည်တိ၊ မီးလည်းသောင်းခပ်[၁]၊ အထပ်ထပ်လျှင်၊မလပ်ဝင်းတော်၊ကွပ်ကဲဆော်လျက်၊ လူကျော်အတိ*၊ထောင်ပြည့်ရှိလည်း၊ မသိစေကြောင်း*၊ ကွေ့လည်ချောင်း၍[၂]၊ သံညောင်းဟ ပြ၊မောင်တော်ကဟု၊ ဇော်တရည်လေး၊ ပြစ်မျိုးဝေးသည်၊ညီကျေး-ကျော်စံ၊မြဖူးလျှံ··။ ။မိန့်သံတော်သာ၊ ကြားရပါပြီ၊ *ရွှီရှာမဲ့ငြား၊ ကြိုးစွန့်စား၍၊ ရွှေဘွားတော်အောက်၊ရ န်လွှင့်ပေါက်မှ၊ ဖူးရောက်လှာချိမ့်၊လှမနိမ့်ကို၊ စိမ့်စိမ့်စိမ်းညို၊ မြလိုစာခွေ၊ ဆက်တို့ချေတော့၊ ဝေဝေမှိုင်းအုပ်၊ မချုပ်မိခင်၊ နေလုလင်လျှင်၊ကြွဝင်*တျားတျား၊ စက်ရထားသည်။ ။မြန်သွားမလှည့် ခင်ကိုလည်း။

(၈) **မိုးနေထက်ပြည်၊** ပတ်ဝန်းလည်တည့်၊ ချီသည့်ဇပေါက်၊ပွင့်ဝင့်သောက်သည်၊ ပျော်လောက်စိတ်ဖျော်[၃]၊ကျေးကြိုဖေါ်··။ ။နန်းတော်ဘုံဦး၊ဝင်လေဖူးမှ၊ *စူးစူးတ ည့်မတ်၊ပြာသာဒ်ဘုံသာ၊နန်းသိင်္ဂါထက်ကလျာစင်လျှင်း၊ ဖြူဝင်းလှဲ့ညက်၊ နွဲ့စက်ထွန်းလျှံ၊ ဆင်းစံသီရိ၊ မြတ်ခေါင်ထိကို၊ မွေးမိသည်ရင်း၊လွှမ်းသောခြင်းကား၊ နီရွှန်းပုဆိုး၊ ကောင်းမျိုးဝေခေါင်၊ ထုံးသျှောင်နက်မည်း၊ ဖေါ်နည်းကွဲသည်၊ဝတ်မြနားတောင်း၊ တင့်ကြောင်းမဆင်၊နေ့ရက်ဖျင်မျှ၊ ဖူးတ··လွှမ်းလျှဉ်၊အောက်မေ့စဉ်ဝယ်၊ ဝိညာဉ်လဲ့ချွတ်၊ ··အ

---

၁။ မီးလည်တောင်ခပ်(မ)
၂။ ထွေလည်ချောင်း၍(မ)
၃။ ပျော်လောက်စိတ်ဆော်(လ)

www.burmeseclassic.com

www.burmeseclassic.com



တ်မျှ၊ တိမ်းညွတ်သမ်းပျောင်း၊ဖြစ်သောကြောင်းကို၊ ွန်း† ပေါင်းရှိထပ်၊ လွှမ်း†စာကပ်လော့၊ ဖြူလှပ်ချွဲ င်း†၊ လှမှန်ကင်းနှင့်၊ မယွင်း†နှစ်ရော၊ ထပ်ထသာ ည်။ ။**အာကာတရှည့် စင်ကိုလည်း**။

---

## ၃၀—မိုးတော မယ်ဘွဲ့ရတု

(ပ) **အာကာ*တသွန်**၊ မြယုဂန်ကြ၊ မမှန်ကာ သ၊တန်ခူးမျှကို၊မိသရာသီ၊ဗိဗိမရောက်၊*ကြူးခေါက် ှင်မြဲ၊ မဟုတ်ပဲလျက်၊ နွဲ့နွဲ့ ယယ၊ အို့ပျ မှိုင်းဆန်း၊ ှုပ်ပန်းပြကာ၊ မလာ မရိပ်၊ *ချိပ်ချိပ် မည်းမည်း၊ က်ကြည်းအုန်းအင်း၊ *ခြင်းခြင်း ညီးညီး၊ လောင်မီး င့်ဝါ၊ ဆင်တိုင်း ပါ၍။ ။**ရှာဘိ သည်လည်း ဟံ သာမိုး**[၁]။

(၃) **ဗျာပါစဟန်**၊ *သွန်ကာဗိဗိ[၂]၊ *သုံးချိကျူး **သတ်**၊ မပြည့်*ပတ်ဝယ်၊ ထွတ်ထွတ်လန့်လန့်၊ ရွှန်းရွှန်း ချည်းချည်း[၃]၊ သို့လည်းအသက်၊ ကြင်ဘက် ကြင်သူ၊ အတူမစုံ၊ ဝေးတုံ၍မျှ၊ တ သည်လည်းကောင်း၊ အ ပျောင်း,အတိမ်း၊ အယိမ်း,အံခွေ၊ ရှိလေစေဟု၊ ဝေ ဘာမျှမော၊ လွှမ်းညှိရောသို့၊ ဥသြဖော်ရှာ[၄]၊ ချစ်သံ သာနှင့်။ ။**နွဲ့လှာသည်လည်း တရေးနိုး**။

---

၁။ ဟင်းသာမိုး(မ)
၂။ သန်ကာဗိဗိ (လ)
၃။ ရွှန်းရွှန်းဖြည်းဖြည်း (မ)
၄။ ဥသြဖော်ကွာ (လ)

www.burmeseclassic.com

www.burmeseclassic.com



(တ) ခါဝါဝါသန်၊ ချိန်မတန်တည့်၊ ချိန်လွန်ကွ
မြူး၊ သို့စင်ဦးက၊ ယူးယူးဆွတ်ဆွတ်၊ ဆိုချွတ်ထင်ယော
တန်အောင်ထားခက်၊ မဖက်ပြေကြောင်း၊ ပျော
တိုင်းဟောင်းထက်၊ တပေါင်းကုန်မြောက်၊ ကာ
ရောက်သော်၊ *နတ်အောက်မနိမ့်၊ လှလေးငြိမ့်ကို
လွမ်းစိမ့်သောဟု၊ စောစောမြူမြူ မိုးကညှိုးဝန်း၊ ပန်း
လည်းသဘင်၊ ခါသင့်*ရင်†၍။ ။မရှင်†သည်လည်
ရှုဘူယ်ဖြိုး[1]။

---

## ၃၁-မိုးစော မယ်ဘွဲ့ရတု

(ပ) တပေါင်းကစင်၊ ခုန်ကြွရိုက်ကျူး[2]၊ ကွန့်ချ
မြူးခဲ့၊ တန်ခူး,ကဆုန်၊ နယုန်လစ္ဆေ၊ ယွန်းပါစေလော
ပြတ်ကြွေသည်း,အူ၊ ရှိသည့်သူလည်း၊ မပူပြန်ကောင်း
*ငြိမ်းမောင်းရိုက်မဲ†၊ ခါမှတ်ပဲလျှင်[3]၊ လွမ်းမြ†ကို
လျက်၊ တံ့နိုင်ခက်ခဲ့၊ သုံးဘက်အလွတ်†၊ ကြိမ်းလွတ်
စက်ဟုန်[4]၊ တသုန်သုန်လျှင်၊ ပဇ္ဇုန်မျက်သန်၊ ရေးကို
လွန်၍၊ မချန်မြမြ†၊ ဝန်းလှာပြသည်။ ။သည်မျှ†နှင့်
သာ တန်လေတုံ။

(ဒု) *နှမောင်းမြသွင်၊ ညွန့်ကြွဆင်၍၊ ရင့်လျှ
တချို့၊ ရွှေသို့တပိုင်း၊ ပင်တိုင်းစုံသာ၊ ဝေသောခါမှ
စစ်မှာပျောင်းရိ၊ ရှိမှန်းသိလိမ့်၊ မညှိုရွာခန့်၊ စိတ်

---

၁။ ရှုညွတ်ဖြိုး (မ)

၂။ ခုန်ကမိုက်ကျူး (မ)

၃။ သို့မှတ်ဘဲမျှ (မ)

၄။ ကြိမ်းချွတ်စက်ဟုန် (မ)

www.burmeseclassic.com

www.burmeseclassic.com



လွန့်၍၊ မိုးညွန့်လုလင်၊ ဆင်ခြင်တန်လျက်၊ ရေးကို ဖက်ခဲ့၊ စုံမက်သသူ၊ မပူစေရ၊ သို့မှဖြေတည့်၊ ပျော်နေ လွှမ်းရှာ[၁]၊ တရုံခါမျှ၊ မြော်ပါမထင်၊ မေ့ကျန်ရှင် သည်။ ။နောင်လျှင်လွှမ်းရ မြန်ချေတုံ။

(တ) **မပျောင်းပျချင်**၊ သည့်နှယ်ပင်တည့်၊ မရှင် မပျော်†၊ မဖျော်†မဖြည်၊ လွှမ်းသည်အပ၊ နေ့ည ရောက်လှာ၊ ကြားကာ ကြားပြန့်၊ မမှန်တို့ဘူး၊ နွေဦး ကိုမျှ၊ နေ့ညမပြည့်၊ ထင်တိုလှည့်ရှင့်၊ ဘယ်သည့် ရေးရာ၊ စစ်မြေတာဝယ်၊ ကြောင်းချာရှိထွေ၊ မြင်မော လေဟု၊ မင်းနေမှာသက်၊ မမေ့ရက်တည့်၊ ရွှန်းစက် ခြိမ့်မျှ[၂]၊ မဟုတ်ကကို ၊စိုးရဟန်ချည်း၊ ရွှန်းတင့်ရည်း သည်[၃]။ ။နတ်လည်းကာလ မှန်စေတုံ။

---

## ၃၂-မိုးတော မယ်ဘွဲ့ရတု

(ပ) ***ပြ†ဆန်းမဆင်**၊ ထက်ကောင်းကင်က၊ *သဘင်ချိန်ဆိုင်း၊နတ်တင့်နှိုင်းသား၊*သင်တိုင်းရုံရစ်၊ နီလာသစ်လည်း၊ *စနစ်ပျိုမွေး၊ မဖြေသေးတည့်၊ လေးလေးရွှန့်ရွှန့်၊ ကျူးတန့်ကျူးမြောက်၊ နှံ့ခေါက် ချွန်၊*မိုးဖွဲ့သီဆွတ်၊မှံဖျင်ဝတ်၍[၄]၊ မညွတ်မခွေ မနေ့, မလွှမ်း၊*တံ့စိ စမ်းသို့၊ မြလွှမ်းစောင်ဝန်း[၅]၊*ညီသည်

---

၁။ ပျော်နေလွှမ်းရှာ (မ)
၂။ ရွှမ်းစက်ချိန်မျှ (လ)
၃။ ရွှင်တင့်ရည်းသည် (မ)
၄။ မှတ်ဖျင်ဝတ်၍ (လ)
၅။ မြဝြမ်းဆိုင်ဝန်း (မ)

www.burmeseclassic.com

www.burmeseclassic.com



နန်းကျ၊ လျှပ်ပန်းလျှပ်မိုး၊ လွှမ်းညွှန့်ဖျိုးသည်။ ။ **တိန်ခိုးခြွေလင့် စောတော့၏။**

(ဒ)*ပျ†မြန်းမရှင်၊ ညှိုးရှုပ်သွင်ကို၊ မထင်,မပြ၊ လွှမ်းစမဂှက်၊*တိုင်းထက်မဆောင်း၊ *ကြာညှောင်စိန်ရေး၊ခြူးပြောက်သေးထက်[၁]၊မုလေး,စံပယ်၊*လှယ်ကာပျို့ရှား၊ ရှဉ်ကာထားမှ၊ မြောက်စားကွန့်ချီ[၂]၊ စာမရိဟု၊*ပွင့်ညီဆိုင်ကုံး၊ *ဘုံဝန်းအုံးထက်၊ ကြက်ရိုး*မြိတ်ခွေ၊*ခွဲချေရေးရေး၊ ဆီမွှေးပျိုမွှမ်း[၃]၊ မနွမ်းရွှေဝတ်၊*လိမ်းချေမွတ်နှင့်၊*ဆွဲတတ်လွှတ်ဘွယ်ခင်း၊ မယ်ဦကင်းသည်။ ။**လွှမ်းရှင်းနေတင့် မောတော့၏။**

(တ) **စယွန်းမထင်၊** နှုတ်အသွင်မူ၊ တပင်တကုံး၊ တခိုင်လုံးသို၊ စုရုံးရွှေ့ရှဲ၊ ထွေမလဲ့†တည့်၊ မလဲ†မလှို့၊ မတုံ့မဖြေ၊ နေလည်းခယ၊ *ယုံမှ ယုံမှား၊ တပါးအမှတ်၊ တွေးချွတ်ပေကောင်း၊ သူနှင့်ပေါင်း၍၊ နှောင်းနှောင်းလမှ[၄]၊ တောင်ကတောင်မြောက်၊ ရွှေနောက်တောင်ယွန်း၊မည်မှန်းမမြင်၊ မထင် တပ်တပ်၊ ရှစ်ရပ်လည်ကျွေ့၊ ဆိုသရွှေ့မူ၊ . ဗယ်ဝေ့ညာကူး†၊ ပုံမထူးသည်။ ။**တန်းခူး†လေနှင့် လျှောတော့၏။**

---

၁။ ခြူးနွယ်သေးထက်(မ)
၂။ မြောက်စားရှုအိ(မ)
၃။ ဆီမွှေးပျိုရွှမ်း(လ)
၄။ နွှေနှောင်းလမှ(မ)

www.burmeseclassic.com

www.burmeseclassic.com



## ၃၃-စစ်ချီမယ်ဘွဲ့ ရတု

(၁)**ကြာမည် ရက်လည်း**၊ နှင်းထက် နေ့စွန်း[၁]၊ ခ‌ဝန်းပြည့်မြောက်၊ လေး,ငါး,ခြောက်ဝယ်၊ ဖူးမြောက်သွန်မိ၊ *ဆိုတိုင်းညီပြီ၊ ရာသီပေါ်မှန်း၊ ထွေထွေပန်းကို၊ ထူးဆန်းစဉ်ရှက်[၂]၊ လှရာဖက်၍၊ မယ့်လက်စီရင်၊ ပန်ရဆင်†အံ့၊ သို့စင်† မြင့်ကြာ၊ စစ်မှာ လွမ်းမဲ့၊ နေလေခဲ့ဟု၊ နွဲ့နွဲ့နောင်းနောင်း[၃]၊* သတောင်းစိမ်း, ဝါ[၄]၊ မျက်နှာရွှေချည်၊ ကိုယ်ထည်*တုလွတ်၊ အုံးမှိုမွတ်ဝယ်[၅]၊ ဆွတ်လွတ်၍သာ၊ တင့်မြင်လျာသည်။ ။**ဗျာပါ ရည်းမျှ ဝေလိမ့်မည်**။

(၃) **သာကြည် မြွက်လည်း**။ *ပြိုက်စက်စဉ်စီ၊ ပေါ်လှည့်ထွန်း[၆]၊ *ညိုးမြန်း ခွဲယိမ်း၊ တိမ်းသွား နေဝယ်၊ ချပ်မြေရှုရှု၊ ကုမုဒ်သို၊ နေကျ နေ့ရက်၊ မှာသည်ထက်†ကို၊ ဆတက်†ပွါးပြန်၊ လဲလုံးလွန်သော်၊ မွေ့ကျန်ရက်သည်၊ ဖြစ်တော့မည်ဟု၊ ရွှေပြည်မှာနေ၊ မှတ်ပလေလိမ့်၊ နွေကား အခါ၊ ဆောင်းလ အပြေ၊ လေသွေပြန့်ခေါက်၊ ကာလရောက်က၊ နှတ်ခြောက်

---

၁။ နှင်းထွက်နေစွန်း (မ)
၂။ ထူးဆန်းစီရှက် (မ)
၃။ နွဲ့နွဲ့ပျောင်းပျောင်း (မ)
၄။ သတောင်းစိမ်းဝါ (မ)
၅။ အုံးမှိုမှတ်ဝယ် (မ)
၆။ မပီလှည့်လွန်း(မ)

မ-မူ၌ ဒုတိယနှင့်တတိယပိုဒ် အစဉ်လွဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုံမှာ၊ ဝတိံသာနှင့်၊ စံရာပြိုင်နိုင်း၊ သာရှည့်နှိုင်းသည်။ ။ရှုတိုင်းပျော်ဘွယ် ထွေလိမ့်မည်။

(ဓ) **ဝါသည် ရွက်လည်း၊** ပင်ထက် မထား၊ *လေသို့ယား၍၊ထွားထွားမကြွန့်၊သန္တာခန့်ကို၊မြသွန့်ရစ်ဝေ၊ နှင်းခဲ့ပေသို့၊ ရွှေရွှေ ဖော်စံ၊ ခေါ်သံရင့်ရှူ၊ အတူတွန်ဖြည်း၊ရုံးစည်းစုလျက်၊ကျေးငှက် လည်ခွေ၊ စုံစုံနေရှင့်၊ နန်းမြေအောင်ချာ၊ လူနတ်မှာမူ၊ဗျာပါ ပြေဘွယ်၊ရှင်မခြယ်တည့်၊ ညိုးငယ်မယ့်ရှစ်၊ တံ့ယောင်ချုပ်လည်း၊မှိုင်းအုပ်ထွေထွေ၊တိမ်သို့ဝေမျှ၊ ဖျော်မြေမစ၊*ယုယဆည်တား၊သူနှင့်ခြားတည်။ ။ပျော်ပါးမေ့ကျန်ပေလိမ့်မည်။

---

၃၄-နိုးတောမောင်ဘွဲ့(စာပြိုင်အခံ) ရတု

(ပ) **မည်းမျှဆင်သည်၊** မြသွင်ရည်ချပ်၊ ကုံး၍ထပ်သို့၊ရှစ်ရပ်ရိပ်ညို[၁]၊*ရွာရှုပ်လိုနှင့်၊စိတ်ကိုသာစမ်း၊ လွမ်း,မလွမ်းဟု၊တိမ်ပြမ်းဆိုင်ဝန်း၊ *တင့်ရည်းဆန်း၍၊*ရေးငန်းဖွဲ့ကာ၊မရွာလှာသော်၊ဆံကြာ ကေသျှင်၊ လက်သင်ပင့်ပျော၊မကျောဆီရွှမ်း၊ ပန်းမြိတ်မွှမ်းနှင့်၊ နေတမ်းသာလျှင်၊ မရှင်ချင်တည့်၊ ပေါ်ပြင်ဆံမျှ၊ ပျောင်းပျမယ့်ရှစ်၊မြင်းမိုရ်အုပ်သို့၊ခေါင်ချုပ်ဘုန်းပော့၊ ကြင်မရွှေ့ကို။ ။**အောက်မေ့မိမည် နိုးတော့သည်။**

(ဒ) **ကျည်းကပင်သည်၊** ကြည်ရှင်ပွှါ[၂]၊ နတ်ရင်းသို့၊ဖြည်းညှံ့ထုံသင်း[၃]၊ သလင်းကြက်စုံ၊ စိန်ညောင်ဘုံ

၁။ ရှစ်ရပ်မိုးဆို (မ)
၂။ ရွှေကြိုင်ပွှါး (မ)
၃။ အလွှံ့ထုံသင်း (မ)

www.burmeseclassic.com

www.burmeseclassic.com



ထက်၊ လျှောင်းတုံမယ့်ချည်း၊ နောင်ကိုနည်း၍၊ နောင်လည်းသည်ဖြစ်၊ မချစ်ကြင်ကို၊ မြွက်ဆိုဖန်ဆန်း[၁]၊ လွမ်းမှန်းဆံရှို၊ မသိ လံကွာ၊ ဗျာပါဖွဲ့ရေး၊ လွှင့်, ကျေဝေးဟု[၂]၊ ဖူလေးငှက်ပန်း၊ ပွင့်ဒိုင်နန်းနှင့်၊ ရွှေနန်းလွှတ်သာ၊ ရွှေလက်ျာ†က၊ စကြာ†ရွက်ရှင်၊ ကာ, ဆင်ဖြန့်ရိပ်၊ ပလ္လင်ထိပ်ဝယ်၊ မာန်နှိပ်ခေါင်မိုး[၃]၊ ဘက်မဲ့နိုးကို၊ စုံဖြိုး လက်အုပ်၊ ဆယ်ချောင်းရှုပ်၍။ ။ **ကျွန်ုပ်ရှိရည် မိုးတော့သည်။**

(တ) **နည်းမှုကြင်သည်**၊ မျှားလျှင်ချစ်တည်၊ မကျမည်ကြောင့်၊ လွမ်းသည်*ဝိုးဝါး၊ စကားမလွှင့်၊ နေစတင့်ရှင့်၊ သူနှင့်သူ့နှယ်၊ *သက်လှယ်မတတ်၊ ကြည်ညွတ်သည်ဖြစ်၊ ကြာလစ်ကာလ။ မယ့်မှာတချို့၊ သူ့သို့ရောက်ပြန်၊ *မကန်မြေမိုး၊ ဆိုစမျိုးထက်၊ နန်းရိုးရွယ်ပျို၊ လွန်၍ဆိုလည်း၊ စိတ်ကိုကြွင်းမဲ့၊ သိလေ့သို့၊ ကျိန်ဖွဲ့ယုံဘွယ်၊ မယ့်ဝယ်ဝေးစေ၊ သဘောနေနှင့်၊ ထွေထွေလည်လည်၊ ကျူးမြည်လျှောက်ကူ၊ တော်မည့်သူက၊ ရင့်ရှုလှဆန်း၊ မရှာဝန်းသည်။ ။**လျှပ်ပန်းညီလည် ဖြိုးတော့သည်။**

---

၁။ မြွက်ဆိုပန်ဆန်း(မ)
၂။ လွှင့်စေဝေးဟု(မ)
၃။ မာရ်နှိပ်ခေါင်ချိုး(မ)

www.burmeseclassic.com

www.burmeseclassic.com



## ၃၅-မိုးတော မောင်ဘွဲ့(စာ့ဖြိုင်-အလိုက်)ရတု

(ပ) **မည်းမျှရစ်လည်**၊မြနှင့်ဆံဝတ်၊ ကုံး၍ပတ်သို့
မိုးနတ်*လုလင်၊ *တင့်ရည်းဆင်သော်[၁]၊ ကေသျှင်ဆံ
ရှမ်း၊ နေတမ်းလက်သင်၊တိုင်းပင်မကျော၊ ပန်းရောင်
လျောနှင့်[၂]၊ သဘောအပ၊ ပျောင်းပျမဲ့ထွေ၊ ဌက်ခွေ
*စသိပ်၊ရိုးရိပ်ခြည်မျှ၊ဖျင်မပြရှင့်[၃]၊ စိတ်ကသာတည်း
ဝင်းနည်းရချေ၊ မြင်းမိုရ်နေသို့၊ လျော့ဖြေလိုလို၊ ချစ်
နှိုသည်။ ။**မြွက်ဆိုမည်မျှ ပြင်းတော့၏။**

(ဒု) **နည်းမှုချစ်သည်**၊ အဖြစ်ကိုလည်း၊နောင်ညို
ဘုန်းဓဟ့၊ မကျန်မွေ့ကဲ့၊ သူ့ရွှေ သူမှာ၊ မေတ္တာအ
သက်၊ နှင်းဆက်သက်မျှ၊ ကြားရတုံတုံ၊ မယုံတချို့
မယ်သို့ရောက်လှစ်၊ အဖြစ်ကျူးလွန်*၊ မကန်မြေမိုး၊ဆို
စမျိုးနှင့်[၄]၊နန်းရိုးညွှန့်လူ၊ပွင့်မည်သူလည်း၊*အယူနှစ်
ဖြာ၊ ရှိလှည့်ရာကို၊ *ဗျာပါမသည်း၊ ဝမ်းနည်းခ
ပျောက်၊လွမ်းဈောက်မဆင်†၊အတိုင်းပင်သည်။ ။
**ပြစ်စင်†ကြည်မြ ကင်းတော့၏။**

(တ) *__ကျည်းကဖြစ်သည်__*၊ ပွင့်သစ်ရနံ့၊ မွှေးပျံ့
ထုံသင်း၊*သလင်းပြက်ကာ၊ စက်ဘုံသာထက်၊ ရိုးညွှာ
ကင်းလှတ်၊မုလေး*သတ်သား၊ခြူးနတ်ရုပ်သွင်၊ခြယ်လွင်
ပြောက်သန်း၊သလွန်ဆန်းထက်၊*ညှိုးမြန်းခွေပျောင်း

---

၁။ လွှမ်းရေးဆင်သော်(မ)
၂။ ပတ်လျော့လျောနှင့်(မ)
၃။ ပြင်မပြရှင့်(လ)(မ)
၄။ မိုးထက်မိုးမျှ(မ)

www.burmeseclassic.com

www.burmeseclassic.com



*ခယ်ထူ ၁ပျောင်းရှင့်၊ နန်းလောင်းပွင့်လျှာ၊ မေ့လှည့်ကို၊ အာကာမြွေမြွမ်း၊ စိတ်လိုစမ်းသည် ၊*ပျောင်းသမ်းခွေညွှတ်၊ လွှမ်းမဆွတ်တည့်၊ မယ်မှတ်ညီဟန်၊ သူ့ဘို့ချန်သည်။ ။* **မေ့ကျန်သည်က ပင်းတော့၏။**

---

## ၃၆-မိုးတော မောင်ဘွဲ့ (စာပြိုင်အလိုက်)ရတု

(ပ) **မည်းမျှလာသည်၊** ပမာမြန္စ်၊ သီ၍ရစ်သို့၊ ပြုလစ်*လိလိ၊ ကြောက်ဘွယ်တိလျှင်၊ မျက်စိကြည့်မှောက်၊ တို့သီရောက်က၊ ရေပေါက်ပုလဲ၊ ကြိကာရင့်ရှု၊ မိုးသားဖြူနှင့်၊ သည်းအူဆံဖျား၊ စိတ်မခြားတည့်၊ ဒေါ်ရှားနည်းမောင်၊ ညီမျှနှောင်က၊ ခုအောင်တို့ဒေါက်၊ မရောက်စေကျွန်၊ ကြာလေဟန်ကား၂၊ *မေ့ကျန်သာရှင်၊ နှောင်ကပင်သည်။ ။**ဆောလျှင် မစေမြင့်သည်လော။**

(၃) **ကျည်းကပါသည်၊** နှံ့သာပန်းသတ်၊ ဖြူဆွတ်ခင်းနှီး၊ *ပတီးပိတ်ပါး၊ ကိုယ်နှင့်ခြား၍၊ ဆောင်းဖျားငွေရင်း၊ မိုးသက်ကြွင်းနှင့်၊ ဝါတွင်းလွန်ဝယ်၊ ချမ်းအည့်နှယ်လျှင်၊ လုံဘွယ်စက်ကွေး၊ ရှိမည်ဝေးခွဲ၊ လေးလေးမြတ်မြတ်၊ မူးပြတ်ညွတ်ပျောင်း၊ ရှိလေကောင်းယူက်၊ ပျော်ကြောင်းရှင့်မှာ၊ ဘယ်အာဏာကြောင့်၊ ကြာလေသနည်း၊ မယ်လည်း စူးစူး၊ မယုံဘူးတည်

---

၁။ စိတ်ကိုစမ်းလည်း(မ)

၂။ ကြာလေဟန်ကို(မ)

www.burmeseclassic.com



မကျူးနေ့ရက်၊ လွှတ်လိုက်လျက်ကို၊ ဝေးချက်မြေတာ၊ တခန်းသာသည်။ ။မလာနွဲ့သွေ ဖင့်သည်လော။

(တ) *ချည်းလျပြာသည်၊ပမာနတ်ဆင်း၊ဆွေစိုး မင်းမူ၊ သီတင်းသီလ၊ပဋ္ဌါးမည်၊ ပြည့်စုံတည်လျက်၊ နေခြတ်ငြိမ်းဝါ၊ *လမြော်ကြာသို့၊ ပမာ*သဏ္ဌာန်၊ ရှိလိမ့်ဟန်ကို၊ တမန်ယုံနေ၊ မပြတ်စေဟု၊ သက်ဝေ မင်းရဲ၊နွဲ့ကာပျိုပျူး၊ မှာခဲ့ဘူးရှင့်၊ အမူးအမေဉ်၊မြော် သည်အလျှင်၊တ,စဉ်တွင်၌[၁]၊*မည်းစင်*ကျောကျော၊ မရောခြယ်တန့်၊ နီလာညွန့်သို့၊ လန့်လန့်ရောင်ရှက်[၂]၊ ကျီးနက်သံသာ၊ အာလှဘ်ဖြုတ်ခြည်း †၊ရင့်ရှူကြည်း† သည်[၃]။ ။နေ့တည်းရောက်နေ သင့်သည်လော။

---

## ၃၇-မိုးတောမောင်ဘွဲ့(အလိုက်)ရတု

(ပ) မည်းမျှပတ်သည်၊ တိမ်ဝတ်သွယ်ခက်၊ စီ၍ ရှက်သို့၊ ဘဝင်မြည်သို့၊ လိုမဲ့လိုလျှင်၊ မယ့်ကိုလွမ်းရာ၊ လွမ်းဘိုရှာ၍၊ ထစ်ရွာလှချင်၊ တပေါင်းစင်မျှ[၄]၊ မင်း လွင်ဖီဖီ၊ *မရာသီခဲ့၊ စစ်ဆီကသာ၊ လျှပ်ဝါညွန့်ရှည်၊ မယ်နေသည်သို့[၅]၊ ကျူးမြည်သံချို၊ညညကိုမှ[၆]၊ မြင်း

---

၁။ တ,စဉ်တွင်ကို(မ)
၂။ လန့်လန့်လက်လက်(မ)
၃။ ရင့်ရှူဖြည်းသည်(မ)
၄။ တပေါင်းစင်က(လ)
၅။ မယ်နေသည်ကို(မ)
၆။ ညညကိုမှု(မ)

www.burmeseclassic.com

www.burmeseclassic.com



မိုရ်မိုးသား၊ ဝမ်းပါးနွဲ့လျ၊ ခြိမ်းလှာပြသည်။ ။**နှောင်ကပင်လည်း စေသည်လော။**

(၃) **ကျည်းကသတ်သည်၊** ပွင့်ဝတ်ရနံ့၊ မွှေးပျံ့၊ ထုံသင်း၊ *သလင်းပိတ်လှပ်†၊ စက်တိုင်းထပ်လည်း၊ ရှင်လပ်†ချမ်းအေး၊ လုံမည်ဝေးခဲ့၊ စိန်ရေးကြာနွယ်၊ ရွှေခြယ်ပြောက်သန်း၊ သလွန်ဆန်းထက်၊ ခွေမြန်းညွတ်သွယ်၊ ရှိလေဘွယ်ဟု၊ *သွတ်လှယ်ယုံကျွန်၊ ရောက်လှာတန်လျက်၊ ပျော်ရန်သာရှင်၊ မယ့်စိယ်တွင်မူ၊ သို့စင်မွေ့မည်၊ တဆံခြည်မျှ၊ မှတ်ရည်ဆက်ဆက်၊ မယုံရက်တည့်၊ ချိုးသက်ခန့်ရေ၊ လွှတ်လိုက်စေလျက်၊ မြင့်ပေလှည့်ကာ၊ မရောက်လှာသည်။ ။**ကျွန်သာနွဲ့ပင့်နေသည်လော။**

(တ) ***ချည်းလျှညွှတ်သည်၊** ပြာလတ်နွဲ့ရှင်း၊ လှ*မှန်ကင်းမူ၊ ချစ်တင်းကြားချင်၊ လင့်လျက်ပင်တည့်၊ ရည်းထင်ငြိမ်းဝါ၊ *လမြော်ကြာသို့၊ ပမာ*သဏ္ဍာန်၊ ရှိလိမ့်ဟန်ကို၊ မပြန်ဝံ့ရက်၊ တင့်ထက် *ပိုက်ဖြား၊ ဆည်ဖြေတား၍၊ ရက်များမရှည်†၊ ပြန်လျှင်းမည်ဟု၊ မြရည်†သက်ရှည့်၊ မှားခဲ့သည့်ကြောင့်၊ ပျောင်းချည့် *သမ်းညှိုး၊ ရောက်နိုးလွမ်းရာ၊ နေစဉ်ခါဝယ်၊ သာယာ *ပျံ့ဖြည်း၊ တခွန်းတည်းဖြင့်၊ *ဖြုတ်ခြည်းလန့်ထိတ်၊ စိတ်နှင့်ညီမော၊ မြူ မရောသည်[၁]။ ။**ဥသြတွန်လှာပေသည်လော[၂]။**

---

၁။ ဖြူမရောသည်(မ)
၂။ ဥသြလွန်သာ ပေသည်လေ(မ)

www.burmeseclassic.com

www.burmeseclassic.com



## ၃၈-မြတ်စောညီနောင်ဘုရားတိုင်စောင်းဘွဲ့ (စာအပြိုင်ခံ)ရတု

(ပ) **မင်းသာနေမှတ်**၊အောင်မြေထွတ်၌၊ပြာသာဒ် ပြောင်းရှွန်း†၊ ဘုံမြို့နန်းနှင့်၊ ထောင့်ယွန်း*ရွှေဘက်၊ တောင်မြင့်ထက်ဝယ်၊ ပြိုးပြက်ရိပ်ရိပ်၊*ချိပ်ချိပ်*လျှပ် လျှပ်†၊ ထိန်ထိန်လျှပ်†မျှ၊တိမ်ထပ်မဆီး၊ ဝေးလည်း နီးသို့၊ ရေ,မီးလနှင့်၊ နေနှယ်တင့်သား၊ ရှင်ပင့်အစစ် မိန့်ရစ်ရာထား၊ ရှင်တော်စားဟု၊ ခြောက်ပါးရောင် ခြည်၊မတန့်လည်သား၊*ငါးမည်တထောင်၊တိုက်ခန်း ဆောင်သည်[၁]။ ။**ညီနောင်စည်းခုံ စုံရှင်ချစ်။**

(၃) **ကြွင်းဝါကြွေလွှတ်**၊ နွှေသို့ပတ်မျှ၊ သာထွတ် သာဖျား၊ လ တပါးထက်၊ ရွှေပြားရွှေကုံး[၂]၊ တော အလုံးနှင့်၊ အိုင်ထုံးဆည်းတန့်၊ စည်ညွန့်ပြင်ယံ၊ ပုံ နားနား၊ *ဖြားကာခေါ်ကျူး၊ဖော်ပြိုင်မြူးရှင့်[၃]၊*ချ ထူးမဆို၊ နောင်မြည်ညို့လျှင်၊ တွေလိုရှေးနှင့်၊ ဖင့်ဖ နွဲ့နွဲ့၊ လလှဲ့ရက်ဝေး၊ နေသာသွေးခဲ့၊ မှုရေးဆည် ချုပ်[၄]၊ ဗျာပါမြုပ်၍၊ ကျွန်ုပ်ဆက်တိုင်၊ နိမိတ်ပြ သည်။ ။**ရွှေစိုင်နှစ်စုံ ကြုံသင်နှစ်။**

(တ) **နှင်းခွါစွေပတ်**၊ ကြင်စမှတ်က၊ အထွတ်အ တိုင်၊မပြိုင်မမျှ၊ ခဖြားဖြား၊ စကားစက်လည်၊ မျိုးသည်လည်း၊ မတည်စဘူး၊ လသိုကျူးခဲ့၊ ကျေး

၁။ တိုင်ခန့်ဆောင်သည်(မ)
၂။ ရွှေသားရေကုံး(မ)
၃။ ဖော်မြိုင်မြူးရှင့်(လ)
၄။ မှုရွှေးဆည်းချုပ်(မ)

www.burmeseclassic.com

www.burmeseclassic.com



အခေါင်၊ ညီတော်နောင်ဟု၊ တန်းဆောင် ဦးစွန်း၊ ဆယ်ရပ်ပန်းကို၊ သွန်းသွန်းရွှေစိုင်၊ စုံနှစ်ခိုင်နှင့်၊ မပိုင်ရှုတည်း၊ ဝမ်းနည်းနားတော်၊ လျှောက်သည် သော်ကား၊ ရှုမြော်သို့ပေ[၁]၊ ဟုတ်တိုင်းဖြေလော့၊ အထွေအထူး၊ စိုးမူးမော်ရ၊ ဟူသမျှသည်။ ။**သူပမကြုံ ထုံစင်စစ်။**

---

## ၃၉-မြင်ထင်မြင်ပေါ်ဘုရားတိုင်
## (စင်ပြိုင်-အလိုက်) ရတု

(ပ) **အရွှေမတ်မတ်၊** တောင်မြင့်ထွတ်၌၊ စက် သွတ်ရောင်ထွေ၊ မယ်တို့နေသည်၊ နန်းမြေဆီနှင့်၊ မြော် သာသင့်လျက်၊ ရှင်ပင့်*တံရှည့်၊ စိတ်ကိုဖြည့်သည် ဘည့်နောင်တော်၊ မြတ်နှစ်ဖေါ်ကို၊ သာပျော်ပျို့ပျူး၊ နားပါးမူးမျှ၊ ထွေထူးသံချို၊ တော်မည်ကိုလျှင်၊ နောင် ညီဘုန်းဟော့၊ ဆိုစလေ့မူ၊ အောက်မေ့စေရ†၊ ဝေ့သ မှုသည်း၊ ခ,ယ† ခွေညွှတ်၊ ယုံအောင်တတ်ရှင့်၊ လှနတ် သဘင်၊ ရှုအံ့ရင်သည်။ ။**မြင်ထင်မြင်ပေါ် သုံးလူ့ ဘော်။**

(ဒု) **တစေ့ရှာရှာ**†၊ နောင့်ခြင်းရာ†ကို၊ ဆယ်ဖြာ ပြီးလက်၊ အစုံဆက်၍၊ တိုင်မြွက် ပြန်ခေါက်၊ ကျွန်ုပ် လျှောက်အံ့၊ နှစ်ယောက်မပြိုင်၊ မြရည်စိုင်လျှင်၊ ယုံပိုင် ခွင်းအောင်၊ စော်ယောင်တည့်ရှည့်၊ ပေါ်ပြည့်သော ကြည်၊ နှုတ်မြရည်နှင့်၊ လည်လည်ပတ်ပတ်၊ သက်ထက်



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဟု၊ အထွတ်မယ့်မှာ[၁]၊ ဆိုဘူးပါလျက်၊ မေတ္တာ
ဝေသင့်၊ မဝေဖင့်သော်၊သူနှင့်ကြင်†၍၊ မကြင်†မေ့
စေ့စေ့မြွက်ပုံ၊ ပြည့်ဆုယုံသည်။ ။**နှစ်စုံမြတ်ကျေ**
**ဉာဏ်ဖြင့်မြော်။**

(တ) **မမေ့ထွေထွေ၊** အောက်မေ့ချေက၊ ရော
ဝေလျှံပတ်[၂]၊*မြတ်ထက်မြတ်သား၊မွေ့ခါတ်နှစ်ဖေ
ကျွန်းလုံးကျော်သည်၊ မြင်ပေါ်မြင်ထင်[၃]၊ မယ့်သ
သည်၊စက်ရှင်ကွန့်မြူး[၄]၊ ရှုပါဦးလေ၊မယ့်ထူးကြင်
ဖေါ်မရှိကို၊သိစိမ့်မြွက်ဖေါ်၊တိုင်ခွင့်မြော်လျက်†[၅]၊နေ
တော်မလျောက်†၊ ကြောက်†လည်း ကြောက်†၏၊
လျောက်†နေလည်း၊ဆိုလေတိုင်းပင်၊ယုံသည်ထင်လိ
ပူပင်ချင်ဘွယ်၊ အသွယ်သွယ်ကို၊ ဝမ်းပယ်ဇုက်သို၊နှ
သံချီနှင့်၊ မယ့်ကိုတခြား၊ ချစ်စောင်ထားသည်။
**တပါးကြင်ဖေါ် သူနှင့်ပျော်။**

---

**၄၀–မိုးတော–မယ်ဘွဲ့ရတု**

(ပ) **ရွှန်းမြေ့သည်လျှင်၊** ခြောက်ပြည်ဘုံသူ၊ ရှ
ရွေးယူလည်း၊ တူရခက်၏၊ သက်လည်း ဆယ်မြတ်
နတ်လည်းမနှုန်း၊ဘုန်းလည်းဖြိုးညွန့်၊စင်သန့်မျိုးမည်
*ပြစ်ခြည်ကင်းဝေး၊ လှ*ညိမ့်လေးနှင့်၊ မနွေးရင်ရွေ

၁။ အထွတ်ညွန့်မှာ (မ)
၂။ ရောင်ထွေလျှံပတ် (မ)
၃။ မြင်တော်မြင်ထင် (လ)
၄။ စက်ရှင်ထွန်းမြူး (မ)
၅။ တိုင်ခွင့်မြော်လည်း (မ)

www.burmeseclassic.com

www.burmeseclassic.com



စုံလင်လေဟု၊မဟေသရီ၊ နောင်တော်ညီဝယ်၊စုံစီဆင့် လောင်း၊ တောင်းမှတ်ဆုကြောင့်၊ *လူ့လူ့ရှင်တမ်း၊ စိတ်ဝမ်း ဖြေဆည်၊ နေလှည့် သည်ကို၊ ရိုက်မည် ဆော်ကြိုး၊ လှုပ်ပြန် နှိုးသို့၊ နှင်းမိုးရောဆောင်၊ နတ် ထွတ်ခေါင်သည်။ **။လွမ်းအောင်ခန့် စီရင်သလော။**

(ဒ) **ဝန်းဝေ့ လည်လျှင်၊** သာသည် * သရစ်၊ ညောင်နုသစ်နှင့်၊မြစ်လည်းငွေတူ၊ ပြင်ငုစံကျွန်း၊ပေါ် စထွန်းက၊ မယွန်းကြင်ချစ်၊ ဆယ်ပြန်ရစ်၍၊ ပျိုမြစ်စံ တင့်၊ မျိုးဘုန်းမြင့်ကို၊ မသင့်ဝေသက်[၁]၊ *ကြိုးခေါက် ရက်တည့်၊ စက်လည်းမလို၊ ချုံလည်းလေးကာ၊ ချမ်း လှရာတွင်[၂]၊ *စာနှာမနေ၊ သို့ပင်စွေသော်၊ ဆောင်း နွေမဲ့ဟန်၊ ရာသီပြန်သို့[၃]၊ မမှန်ထွေလာ၊ကြိမ်းကာရွာ သည်။ **။ကောဇာပြောင်းတည့် လျှင်သလော။**

(တ) **ညွန်းရွှေရှည်လျှင်**[၄]၊ လေးမည်ရောင်ထွေ၊ မြင်းမိုရ်*ဇွေက၊ ရွှမ်းစေဆော်ဖန်၊ ဟစ်ဟန်ပျံ့ပျူး၊ ကျူးရင့်နွဲ့လျက်၊စံခန့်မထင်[၅]၊ မမြင်နေခြည်၊ဇော့လည် ဇော့ချမ်း၊ နှင်းမိုးပြွမ်း၍၊ စိတ်ဝမ်းမပွင့်၊ လွမ်းသည်နှင့် ကို၊ထက်မြင့်ဘုံနေ၊*သူဇာဆွေလျှင်၊မေ့လေသည့်ပြင်၊ ရှုမရင်တည့်၊ ကောင်းကင်*လေသွန်း၊ တဝန်းဝန်း

---

၁။ မဖင့်ဝေသက် (မ)
၂။ ချမ်းလှည့်ရာကို (မ)
၃။ ရာသီပြန်ခွဲ (မ)
၄။ ညွန်းရွှေ့ရည်လျှင် (လ)
၅။ စံအွံ့မထင် (မ)

www.burmeseclassic.com

www.burmeseclassic.com



လျှင်၊ စက်ပန်းမြူးခုန်၊ ထစ်သံဟုန်သည်။ ။ပဒ္ဒုန်
မိုးလ ထင်သလော။

---

၄၁-မိုးတော မယ်ဘွဲ့ ရတု

(ပ) **သိန်ခရင်လျှင်၊** ထွန်းသစ်ရောင်ထွေ၊ လျှံဝါ
ဝေမျှ၊ ရွှေမြေ*သတိ၊ စံလွှတ်ဘိသား၊ ဂိရိ*ဗဟို၊
တောင်မြင်းမိုရ်၏၊ နဂိုလယ်ချာ၊ *ဝေယန္တာဝယ်၊
*သုဇာတို့မောင်၊စံလွှတ်ခေါင်လျှင်၊ဝန်းမြောင်ရံကာ၊
သည်လျှာတို့နှင့်၊ ကြင်သင့်ဇွန်ဖြိုး၊ ရှင်မျိုးလွန်လှ၊ မြူး
စံကြသော်၊ ကာလ*ရည်းငံ၊ ပင်ခြေရံလည်း၊ မလျှံ
မစွန်း၊ ရဂုံဝန်းဝယ်၊ ကြဇွန်းရှစ်ရပ်၊ ထွန်ရေးစပ်က၊
ညွှန့်ထပ်ပျိုးသန်၊ စိုက်ချိန်တန်ကို၊ ရွာသွန်ရွာခွင့်၊ ရွာ
ပါသင့်၏၊နေတင့်စရာ၊*ဒေဝရာသည်။ ။အခါကိုမျှ
မသိလော။

(ဒ) **ရှိန်ကာထစ်လျှင်၊** လျှပ်စစ်စက်ဝါ၊လောင်မီး
ပါ၍၊အာကာသခွင်၊မိုးတပြင်ဝယ်၊ သံထင်ဆော်ရိုက်၊
ရိမိုက်ဝေမှောင်၊ဒေဝါခေါင်လျှင်၊ရုပ်ဆောင်ရွာမြည်†
ဟန်သာရည်၍၊ ပျော်မည်†အရာ၊ ထပ်ကာများလွန်၊
မဖန်မေ့လေ၊ သို့ပင်နေသော်၊ ညွတ်ခွေ သည်း,အူ၊
ရှိသသူလည်း၊ဆည်ယူမတတ်၊မိန်းမျှညွတ်ခဲ့၊ ဖြစ်မြတ်
အသက်²၊ကမ္ဘာထက်ဝယ်၊ သံမြွက်ဟရိပ်၊ နှုတ်တံဆိပ်
ကို၊ မြဲသိပ်မှတ်ယုံ၊ တည်ထိုက်တုံဟု၊ သုံးဘုံထိပ်မူး၊

---

၁။ တဝန်းဝန်းနှင့် (လ)
၂။ ကာလရည်ငံ (လ) (မ)
၃။ ဖြစ်မြတ်အဆက် (မ)

www.burmeseclassic.com

www.burmeseclassic.com



*ဦးကိုင်ရသား၊နတ်မျှားမင်းစံ၊ထွတ်ဘုံလျှံသည်။ ။
**စိတ်ကြုံနိုင်းရေး မညီလော။**

(တ) **ချိန်အသစ်လျှင်၊** ရောက်လစ်ကျူးမြင့်[၁]၊ ခါ
သို့သင့်က၊ ဖူးဆင့်ညွန့်ထွက်၊ပင်ချင်းရှက်မျှ၊ ပွင့်,ရွက်
သွယ်လျှို၊ခက်ရိုးတံလည်း၊ပတ်ရံစီရုံး[၂]၊*သီနုစ်ကုံးသို့၊
ပတ်လုံး ဝေဆာ၊ တင့်မည်ရာနှင့်၊ ပွင့်လျာ ငုံစော၊
တောင်တောအဝန်း၊ လုပ်ခန်းကြီခင်း၊ လက်ငင်းအသင့်၊
လုံးစုံလင့်လျက်၊ရွာခွင့်မဆော်၊ ရှင်ကြောင်းဖျော်†၍၊
မပျော်†ပိုင်ရာ၊ သာသနာကို၊ ထိပ်မှာရွက်တင်၊ ကြိုး
ဆောင်ချင်ဟု၊ စက်ပင်မလွဲ၊ ရှင်တော်ပွဲဝယ်၊ လွန်ကဲ
ကြီစည်၊ လျှောက်ဖူးသည်နှင့်၊ ကျင့်ရည်တခြား၊ မိုး
သိကြားသည်၊ **။စကားမညီ မရှိလော။**

---

## ၄၂-မိုးတော မယ်ဘွဲ့ ရတု

(ပ) **စက်ခြည်လျှံဝေ၊** ကျူးသံခြေနှင့်၊ ရွာစေမ
လင်း၊ဖြည်းလေသွင်းက[၃]၊ရင်တွင်းငြိမ့်မျှ၊ ချမ်းစိမ့်လှ
၍၊သိဂ်ရည်လေးပြစ်မျိုးဝေးနှင့်၊ပိုက်ထွေးတူစုံ၊ပျော်
ရတုံမူ၊မချုံသော်မျှ၊လိုလတော့မည်၊မှတ်သည်ကိုသာ၊
ဖေါ်ကွာနှောင့်နှေး၊ ချစ်သူဝေးခဲ့၊ ကွေး၍ချုံလည်း၊
မလုံချမ်းမြ၊ လွှမ်းဆေးကြသည်။ **။သည်းထဲကိုသာ
ခြွေတော့သည်။**

---

၁။ ရောက်လစ်ကုံးတင့် (မ)
၂။ ပတ်ရုံညီရုံး (မ)
၃။ မြောက်လေသွင်းက (ကဗျာသင်္ဂဟမဒနီ)

www.burmeseclassic.com



(ဒ) **မြွက်သည်*သံခြေ၊** မိန့်တော်ထွေကို၊ မပြေ လှည့်နိုး၊ကွာခန့်စိုး၍၊*သမ်းညှိုးတ,ဆို†လွမ်းသည်ကို လည်း၊ရွှမ်းစို†မပြေ၊ရှိလေစေဟု၊မြောက်လေ*ဖြည်း ပျူ၊ရွှာသွန်းချသော်[၁]၊ ကိုယ်ပကိုယ်တွင်း၊တချင်းတည်း သာ၊ ချမ်းသောခါ၌၊ ဗယ်,ညာလပ်ခွဲ၊ စက်ဖော်မဲ့၍၊ ချောန္တရောင်မြေ၊မှာသရွှေကို၊ရစ်ဝေ့တိမ်နှယ်၊အသွယ် သွယ်သည်။ ။**လွမ်းဘွယ်ကိုသာ ဖွေတော့သည်။**

(တ) **ဖက်ရည်စံနေ၊** ပြစ်မျိုးကွေ၍[၂]၊ ရွှေကိုမ့် ဖြင့်၊ သွန်းသည်နှင့်လျှင်၊ နှိုင်းသင့်တွေးခေါ်၊ မှတ်ချေ လော်လည်း၊ပြိုင်ဘော်မရ၊ လှနေကျကို[၃]၊သည်ကကြွင် ၍၊မရှင်ပျောင်းခွေ့၊[ ][၄]တနေ့တည၊တခဏမျှ၊*ရှု တမဆည်[၅]၊ နေလှည့်သည်ကို၊ ကျူးမြည်ရိုက်ကြည်း၊ မြောက်လေဖြည်းနှင့်၊ *ဆီးသည်းနှင့်ပြွမ်း၊ ကိုယ်လုံး ချမ်းသည်။ ။**ပြိုက်ရှမ်းယိုဖြာ စွေတော့သည်။**

---

၄၃-ကျေးစေ-မင်းသေ့ဘွဲ့
ရတု (မယ်ကစေဟန် စာပြိုင်-အခံ)

(ပ) **နဝမျက်ခြည်၊** ကိုးပါးရည်တည့်၊ ရစ်လည် လျှံလက်၊ ထွေထွေစက်သား၊ တောင်ရွှက် မြီးသွန်း[၆]၊

---

၁။ ပေါမန္တဝယ် (ကဗျာသင်္ဂဟမေဒနီ)
၂။ ပြစ်မျိုးထွေသား (လ)
၃။ နေကြာလှကို (ကဗျာ)
၄။ [ကြာနေတွေ့သို့] (ကဗျာ)
၅။ ရှုတမတည် (မ)
၆။ တောင်ရွှက်ဖြီးသွန်း (လ)

www.burmeseclassic.com

www.burmeseclassic.com



နန်းပွင့်စွန်းသည်၊ *တုကျွန်းလွှက်ပြိုင်၊ ကျေးမြစိုင်။··။ *ဤခိုင်ရှပ်ဝါ၊ *ကေသရာသို့၊နန်းလျှာအလတ်၊ ခါး ဝတ်က၊ လေးမြွတ်ခြင်းရာ၊ မိန့်တော်စာနှင့်၊မေတ္တာ ချစ်ကြည်၊ရစ်လှာသည်ကို၊ ရှိရည်မချန်၊လျှောက်လိုက် ဟန်မူ၊ပျို့အန်ဘွယ်အောင်၊ သလင်းတောင်နှင့်၊ မြ ဆောင်တဝက်၊ နန်းပွင့်ဆက်ကို။ **။နှစ်ချက်ကြံစည် တွေးသေးသည်။**

(၃) **တမျှသက်ကြည်၊** စုန္ဒင်းမည်ကို၊ ရစ်လည်း ရည်†လျက်၊မရည်†ရက်ခဲ့[၁]၊ကိုးမျက်လျှံဆုံး၊တင့်မျိုး ချိုးသည်၊ကိုယ်လုံးပြောင်ရွှန်း၊ ကျေးမျှော့ပန်း····။ ။ နေ့ဝန်းသွင်ရုပ်၊ လှခေါင်ချုပ်သို့၊ ကျွန်ုပ်ပေသည်၊ လျှောက်ချေထံအောက်၊ နှုံ့မကြောက်နှင့်၊ ဖြိုးမောက် မဆင့်၊ ပတ်မမြင့်တည့်၊ ရွှေနှင့်နောက်သာ၊ နံ့မှာဖြူ ဆောင်*၊ သလင်းတောင်ကို၊ မည်းအောင် ဖြည့်လေ၊ ပြည့်မျှစေလော့[၂]၊ မြင်ချေသည်မူ၊ ခြောက်ပြည်သခင်၊ နေလုလင်သည်၊ သို့စင်လွှန့်ကဲ†၊ တင့်မည် ခဲ†စွ၊ *မင်းရဲကျော်စွာ၊ မည်သာ လွှမ်းကျော်[၃]၊ *မင်းသေ့ သော်မူ၊နံ့တော်နှစ်ဖက်၊ စွန်း မစက်သည်။ **။မရှက် ပတ်လည် ဝေးသေးသည်။**

(၈) **မမြှရှက်လည်[၄]၊** *သည် မတည်ကြောင့်။ ချစ်ကြည်ချင်လည်း၊ အရှင် ကျွန့်ဝတ်၊ နှုတ်မလွှတ်ခဲ့၊

---

၁။ မရှည်ရက်ခဲ့(မ)
၂။ ပြည့်မှဲ့စေလော့(မ)
၃။ မည်သာလွှင့်ပေါ်(မ)
၄။ မမျှရှက်လည်(လ)

www.burmeseclassic.com

www.burmeseclassic.com


မျိုးမြတ်ဘုန်းသစ်၊ လျှောက်သည်ဖြစ်ကို၊ မောင်ချစ်တမန်၊ ကြွင်းမဲ့ပြန်လေ၍၊ သလွန်သာထွတ်၊ ဘုံနေမှတ်က၊ ခ, ညွှတ်မျှားစွာ၊ စံ၍သာလျှင်၊ မယ်မှာလိုက်လေ၊ ပြန်ခဲ့ပေရှင့်၊ ဖြူဝေဖြန့်ကြက်၊ ရဲဘုန်းတက်ကို။ ။ **နေ့ရက်တာရှည် သွေးသေးသည်။**

[တောင်ငူ မင်းရဲကျော်စွာသို့ မိန်းမက ကျေးကို စေဟန်။ ။**လက်ဝဲ မနော်ရထာ မှတ်ချက်။**]

---

### ၄၄။ ကျေးစေ မင်းသေ့ဘွဲ့ရတု မောင်က စေဟန် စာပြိုင်အလိုက်

(ပ) **နတ်နန်းဘုံသာ၊** ဝေယန္တာဝယ်၊ သူဇာသိကြား၊ မျက်ရှုဖျားလျက်၊ စက်ပါးရင်ခွင်၊ လှယ်လှယ်သင်၍၊ ပီပြင်တတ်စုံ၊ လူမှုကုံမှ[1]၊ ပွင့်ငုံနန်းညွန့်၊ စေဘို့ခန့်**သ**ည်၊ ယုဂန္ဓ* တန်းဆောင်၊ ကျေးထွတ်ခေါင်….၂၊ ခြောက်ဆောင်သူနတ်၊ နတ်ဘုံမှတ်သား၊ နွဲ့ညွှတ်ငြိမ့်လေး၊ ၊စံဖက်ဝေး၏၊ နှစ်တွေးငယ်မူ၊ ရှေးအယူကို၊ ဆံမြိုခြမ်းလောက်၊ ကြွင်းမဲ့ပျောက် †အောင်၊ ဖျောက် †စိမ့်စေရှင့်၊ သမြေပတ်ကုံး၊ ခေါင်လက်ရုံးနှင့်၊ ကျွန်းလုံးရှိုးဝှဲ၊ ပြိုင်ဖက်ရှိသည်။ ။**မင်းရဲကျော်စွာ ယုံကျွန်သော။**

(ဒု) **ဆွတ်ဖျန်းထုံလှာ၊** ဂန္ဓမာနှင့်၊ ပမာတမျှ၊ စံကေကို၊ မြမရှက်လည်၊ မတည်ပေသာ၊ ဆင်းရူပ်ဝါမှု၊ စကြာမန္ဓာတ်၊ နေနတ်လုလင်၊ သိကြားပင်မျှ၊ နူန်းအင်ပြိုင်ဆွယ်၊ မမျှဘွယ်ဟု၊ ယုံငယ်ကျွန်ကျေး၊ ယမန်ရှေးက၊

---

၁။ ပြန်လျှောက်ကုံမှ(မ)

၂။ ကျေးမျှားနောင်လျှင်(လ)

www.burmeseclassic.com



ည်လေး*ခြင်းတ၊ လျှောက်သမျှကို၊ ဖျောက်ရသက်ာ၊ ကျွန်ုပ်လာရှင့်၊ထွေသာသံညောင်း၊ ကြင်မည်ကြောင်း ကို[1]၊နန်းလောင်းပွင့်လျှာ၊ မိန့်တော်စာနှင့်၊ အာဏာ တော်ခွန်း၊ ကြိုင်ရိပ်ရွှန်းသည်။ ။**ပျံ့မွှန်းသော်က ဆုံးဟန်သော။**

(တ)**ပတ်ဝန်းစုံမြွာ၊** ရှိငုံကြာဖြင့်၊ တရာဖြူရိပ်၊ င်းမျှားထိပ်၍၊ တံဆိပ်ဖြန့်ခွါ၊ မိန့်အာဏာကြောင့်၊ တ်ကွာ ကင်းရှောင်[2]၊ ရန်လုံးအောင်၍၊ မြရောင် တ်မောင်း၊ ပတ်လည်ကြောင်းကို၊ သံညောင်းမြမြ၊ သမျက်ဟန်၊ ရွေးတမန်ပင်၊ကောန်မြဲနေ၊ ကြည့်ပါချေ ၍[3]၊*စွေရေကြွင်းမဲ့၊လျှောက်ပေဒဲ့ရှင့်၊ပြောလဲ့ညက်စင်၊ နောင်သခင်ကို၊ မြင်လျှင်သိသာ၊ ကြယ်တကာတွင်၊ သော်တာပဝန်း၊ တိမ်စင်ထွန်းသို့၊ ချစ်ပန်းကသိုဏ်း၊ နှစ်ထုံးဆိုင်းသည်။ ။**ဆက်တိုင်းပျော်ကြစုံရန်သော။**

---

## ၄၅။ ကျေးစေ မင်းသေ့ဘွဲ့ ရတု
## (မောင်ကစေဟန်)

(ပ) **အထွတ်ထက်မှာ၊** တောင်တကာနှင့်၊ ကြသိဒါ စ်၊ နေ့လရစ်သား၊ ကသစ်ရှိရာ၊ ဝတီသာဝယ်၊ ဥဒါနရ[4]၊ ရာဇနွယ်မြတ်၊ စဉ်မပြတ်တည့်၊ ပျံ့ဆွတ် ယ်မှည့်၊ရှုကြည့်ပျော်ပါး[5]၊ နတ်နှစ်ပါးလျှင်၊ ဘုန်း

---

၁။ ကြင်ဘို့ကြောင်းကို၊
၂။ ပျောက်ကွာကင်းရှောင်၊
၃။ ကြည့်ပါစေဟု၊
၄။ သုဝါသုရ(မ)
၅။ မြေဖြည့်မျော်ဖြား(မ)



www.burmeseclassic.com

www.burmeseclassic.com



အားနှင်းသ၊ ရောက်သည်ကပင်၊ နှုတ်စဆိုင်ကျွေး၊ ရွှေ
ချိုင့်မွှေး၍၊ နှစ်ထွေးရိပ်မှောင်၊ မရှိအောင်လျှင်၊ မြရောင်
လွှမ်းရစ်၊ *ပတ်သည်ဖြစ်ကို၊ *ကျစ်လစ်ရှိသေ၊ လျှော်
ချေစေ၍၊ *စွေရေပြန်ခေါက်၊ ကျွန်ုပ်လျှောက်ရှင့်၊ ချစ်
ဖေါက်မလဲ၊ သစ္စာမြဲသည်။ ။**မင်းရဲကျော်စွာတမ်**
**သော။**

(၃) **တမှတ်သက်သာ**၊ ချစ်မေတ္တာမူ၊ သူ့မှာ
ဝက်၊ တဆံရွက်မျှ၊ ချစ်ဖက်ရစ်ဖွဲ့၊ မယိမ်းနွဲ့တည့်၊ တ
နှစ်မည်၊ ပတ်ကြ လည်သား၊ ယဉ်ကြည် သီတ
မြစ်ငါးဖြာထက်၊ စကြာဖြန့်မိုး၊ တမန်နိုးခဲ့၊ ကြင်
တိုင်းထက်၊ လွန်*ခေါက်ရက်လျှင်၊ ကျူးဆက်ဆ
ပွါး၊ လင့်ရဖြားလည်း၊ နည်းများမထွက်၊ ကြာသ
ရက်ကို၊ *သန်ဘက်မှာစင်၊ နက်ဖြန်ထင်ရှင့်၊ ဖူးချင်
ရော်၊ မမြွက်သော်လည်း၊ နားတော်လည်တန်၊ ရွှေန
ဟန်ကို၊ မချန်မဖျောက်၊ မှန်ကာလျှောက်သည်။
**တို့ခေါက်ဖေါ်ပြမချိန်သော။**

(တ) **ရဟာတ်စကြာ**၊ ဘုန်းကြောင့်ပါသား၊ တော
ညာစံမြောက်၊ ထွတ်တိုင်ရောက်၍၊ နှစ်ယောက်
ယှဉ်ဖေါ်၊ စံကြသော်လည်း၊ ရွှေလှော်ပုံသွန်း၊
ယွန်းတည့်၊ မပန်းမျက်စိ၊ မြင်သူရှိလိမ့်၊ မညှိတန်ဆော
နေနှယ်ပြောင်သား၊ ကိုယ်ရောင်လျှံဖတ်၊ ဝင်းနွဲ့

၁။ မတန်နိုးခဲ့(မ)
၂။ နည်းများမကွက်(မ)
၃။ တို့ခေါက်ဖေါ်ပြ မတန်သော(မ)

www.burmeseclassic.com

www.burmeseclassic.com


ချူးမြတ်ရက်,လ၊ ကြာမော လှ၏၊ ငါမျှ စင်ထား[၁]၊ သည် စကားကို၊ ကြောင်းလျား စဉ်စီ၊ မေ့ခဲ့ပြီတည့်၊ နှသီနှဆွတ်[၂]၊ နတ်လည်းစက်ဝါ၊ *ရင်းမာထွေလည်၊ ငင်တော့မည်ဟု၊ နှတ်ခြည်ဖေါ်ရှပ်[၃]၊ မပြချုပ်သည်။ ။ ချုန်ုပ်မြော်ရ စဟန်သော။

---

၄၆-မိုးတော မယ်ဘွဲ့ရတု

(ပ) **မပြောက် ဖြည်းပါ**၊ ခြိမ့်ခြိမ့်သာတည့်၊ ဗယ်, သာ,ရွှေနော်က်၊ နွဲ့ခေါက်ဝန်းရစ်၊ ကြွေးဟာစ်သံရင့်၊ က်ဆင့်မစဲ၊ စက်ပန်းကြဲလျက်၊ မြခဲဖြိုးဖြိုး၊ ရှာသွန်း ညီး၍၊ လူစိုးမြူးခုန်၊ နတ်ပဇ္ဇုန်လျှင်၊ သုန်သုန်မဲလျက်၊ ရာဂန်ချက်က၊ ရှေးထက်ထူးဆန်း၊ ကျူးကသွန်း သည်။ ။**စက်ပန်းမိုးလုံး ပွင့်ပြီသော။**

(၃)**မပြောက် မည်းပြာ**၊တဆင်းသာတည့်၊ညို,ဝါ သမ်းမဲ၊ မရောပဲလျှင်၊ ပုလဲငုံဖူး၊နွဲ့ရင့်ကျူး၍[၄]၊တိမ်ဦး *လုလင်၊မြပန်းဆင်သော်၊ ရွှေရင်သည်းအူ၊ ဆွတ်ခြေ ရှုသို့၊စည်သူမထိုက်၊လှမကိုဋ်ကြောင့်၊ *ခေါ်စိုက်မြင် ရေးရေးရှိလျက်၊ လျှပ်တိ တောင်,မြောက်၊ ရွှေ, နောက်ဝေမှိုင်း၊လွှမ်းသာဆိုင်း၍၊ရှုတိုင်းမျက်နှာ၊ထင် ဆောင်လှာသည်။ ။**သည်းချာနှလုံး လွင့်ပြီလော။**

---

၁။ ငါမှသော်ကား(မ)
၂။ နွဲ့သီနွဲ့ဆွတ်(မ)
၃။ နှုတ်ရည်ဖေါ်ရှပ်(လ)
၄။ နွဲ့ရင့်ကျူးက(မ)

www.burmeseclassic.com

www.burmeseclassic.com


(တ) **မဖောက်သည်းချွ**၊မယ့်ကိုသာလျှင်၊ လွှဲ
ပေဘူး၊ ရှေးကျေးဇူးကြောင့်၊ တိမ်းမူး မတည်၊ စိ
သည်ကို၊ ဘုန်းစည်မာဃ၊ မဖန် မ လည်း၊ သုံးပ
ဦးစွန်း၊ဉာဏ်ခြည်*ရန်းလေဘ်၊လျှပ်ပန်းလျှံဖုံး၊ကိုးရပ်
လုံးလျှင်[၁]၊စက်ကုံးချယ်ဆင့်၊နွဲ့ကာရင့်လျက်၊ နေ့နှင့်ည
လုံး၊စွေမဆိုးတည့်၊ပတ်ကုံးဒိုသာ၊ရန်မျက်နှာလည်း
မြည္ဟာချပ်ပုံ၊ဖြိုးမျှင့်သည်။ ။**တူစုံစက်ခါ သင့်ပြီသော**။

---

**၄၇-ယပ်စောက်ဘုရားဘိုင်**
**မောင်ဘွဲ့ရတု**

(ပ) **ယပ်စောက် မည်သာ**၊ သုံးလူ့ချာကို၊ တွေ
ရာကြောင်းဝန်၊ကျွန်ုပ်ပြန်အံ့၊ဘုန်းဉာဏ်စက်ရှင်၊ နား
တော်တင်လေဘ်၊ ရည်ထင် မင်းလျှာ၊ ရှေးသောခါက
မေတ္တာရစ်ရှက်၊ မြဲနှောင်ခက်၍၊ နောင်သက်သခင်
ငယ်ကကြင်ဟု၊ သို့ပင်ကြိမ်ခေါက်၊ ယုံကျွန်လျှောက်
ရှင့်[၂]၊ယွင်းဖေါက်ထွေလာ၊ခုမှသာလျှင်၊သစ္စာသွေဖင့်
နောင်ဘုန်းမြင့်သည်။ ။**သူနှင့်ဆံဘိသည် တကား**။

(ဒု) **ခပ်ကောက် ဖည်ခွေါ**၊နောင်မင်းလျှာကို၊သည်
သာရှေးလွန်၊ကြမ္မာဖန်၍၊တွေ့မြန်ရလည်း၊ ဘဝနောင်
ခါ၊သံသရာဝယ်၊*ဖွတ်လျှာဝါးငုံ၊ မုသားပုံကို၊ ကြိုက်
ကြိုသည်ထား၊သတင်းနားမျှ၊ကြားရသည်လျှင်၊ မဖြစ်
ချင်ဟု၊ သို့ပင်ပြန်ခေါက်၊ ကျွန်ုပ်လျှောက်ရှင့်၊ ယွင်း
ဖေါက်ထွေပြား၊ ကျင့်သည်များကို၊ မယ့်နားတွင်

၁။ နတ်ရပ်လုံးလျှင်(မ)
၂။ ယုံကျွန်ရောက်ရှင့်(မ)

www.burmeseclassic.com



မကြားထင်၍၊ ယုံချင်ဘွယ်အောင်၊ ရှုပဆောင်၍၊ ရောင်လေပါ၊ နောင်မင်းလျှာသည်။ ။**သစ္စာခံဘိ သည်တကား။**

(တ) **ထပ်လျော့ကျကြည်စွာ၊** မယ်တို့မှာလည်း၊ တွေလာဆန်းထူး၊ *ရင်းမာဦးကို၊ ညွတ်နူးကြည်ဖြူ၊ လက်ဆောင်မူသော်၊ စိတ်တူမရှား၊ ဖေါ်ချင်းများနှင့်၊ ဖြစ်လားမကြွင်း၊ နားတော်သွင်း၍၊ မြဆင်းတခဲ၊ နောင်မင်းရဲလျှင်[၂]၊ ရှောင်လွှဲသစ္စာ၊ မကျင့်ရာဟု၊ မယ်သာယုံဘိ၊ နာချေမိရှင့်၊ ခုပြီဖွင့်သွေ၊ သူ့ဘို့ဝေလည်း၊ ဆံမွေ့မြှုမြမ်း၊ *မို့သန်းစိတ်က၊ မလေးလှတည့်၊ ကြားက လူရှင်းပြစ်များတင်လိမ့်၊ သည်တွင် ဘဝ၊ **နောင် ကျိုင်း** မြသည်။ ။**နှစ်ခွကြံဘိ သည်တကား။**

---

## ၄၈-သစ္စာတိုင် မယ်ဘွဲ့ရတု

(ပ) **သက်မှတ်ပါမည်၊** ဖြည်းသာ ပုံကြည်၊ လျော်လျှင်းသည်လည်း၊ ကျူးရှည်မြင့်လစ်†၊ နှစ်ပင် ဖြစ်ခဲ့၊ ကျစ်လျစ်†ပျပျ၊ လျော်သမျှကို၊ တို့စ မပြန်၊ ကျွန်လည်းလှယ်လှယ်၊ ကြာနှယ်ပျောင်းခွေ၊ ပန်းကာ ပေတည့်၊ သဲမြေကိုင်းကျွန်း၊ ရေပန်းမြစ်ဝှမ်း၊ ပွင့်ရောင်မွှမ်းက၊ ယှဉ်ကျွန်းတောင်ရှက်၊ နှဲ့ကြစက်သည်။ ။**ကျေးငှက်ဖေါ်နှင့် နေပြီသော။**

---

၁။ ငင်းမ ဦးနှင့်(မ)
၂။ နောင်မင်းရဲကို(မ)

www.burmeseclassic.com

www.burmeseclassic.com



(ဒ) **စက်ပတ် ဖြာလည်**[၁]၊ နတ်တို့ သည်လည်း၊ *ကိုးမည် မျက်ရှင်၊ *ဒုယင် သွန်းသွန်း၊ ခါးပန်း ရစ်နှောင်၊ ပန်းရောင်ရည်စွတ်၊ ချိန်သင့်ဝတ်၍၊ *ကြိမ်း ခတ်ကြလျက်[၂]၊ ခွင်စုံဖက်သည်၊ ဘဝဂ်တိမ်ဝယ်၊ တိမ် ချင်းနွယ်လျက်၊ တိမ်ငယ်ရိပ်ကြွ၊ တင့်ရည်းလှသား၊ မာ ယသဘင်၊ ရေသွန်းယင်သော်၊ ဝါဝင်လုံးလုံး၊ ရက် ကျုံးချိန်သင့်၊ သို့စင်မြင့်ခဲ့[၃]၊ သခင့်စိတ်မှာ၊ ကျွန်ုပ်သာကို၊ ထွေလာလေပင်၊ မှတ်နိုးထင်သည်[၄]။ ။**နတ်ပင်နှိုးဆော် ပေပြီသော**။

(တ) **ညက်မွတ်ပြာကြည်**†၊ ပြစ်ဟူသည်လည်း၊ ရိပ်ခြည်†ဝေးလင့်၊ မရှိတင့်တည့်[၅]၊ ခြောက်ဆင့်ဘုံနေ၊ နတ်သာပေဟု၊ *မြုတေ*တမွတ်၊ ဝင်းငြိမ့်လတ်လျှင်၊ ဝါကျွတ်လွန်ပွဲ၊ သဘင်စဲက၊ *ခဲရွှေရည်၊ ပေါ်တော့ မည်ဟု၊ ရိပ်ခြည်မပြ၊ မြွက်ကာဟလျက်၊ ရေဆခန့်တွက်၊ ကိုး,ဆယ် ရက်ကို၊ *သန်ဘက်မထင်၊ နက်ဖြန်ပင် သည်။ ။**ကြာတင်ကြောင့်ကြ ဖြေပြီသော**။

---

## ၄၉-မိုးတော မယ်ဘွဲ့ရတု

(ပ) **တာရက်လကို**၊ ရှုက်ကွန့်လို၍၊ ရိပ်ညိုပြကာ[၆] သည်မျှသာနှင့်၊ ထစ်ရွာမမြူး၊ တန်ပါဦးလေ့၊ *ကိုယ်

---

၁။ ရက်ပတ်ဖြာလည်(မ)
၂။ ကြိမ်ချွတ်ကြလျက်(လ)
၃။ ရက်ကျုံးချိန်ဖင့်၊ ကိုစင်မြင့်ခဲ့(မ)
၄။ မှတ်ဘိုင်းထင်သည်(မ)
၅။ မရှိတင့်သည်(မ)
၆။ ရစ်ညိုပြကာ(မ

www.burmeseclassic.com

www.burmeseclassic.com



သူးဖေါ်နည်း၊သည်နှယ်ချည်းလျှင်၊တို့လည်းခွေညွတ်၊ လွှမ်းပေတတ်ဟု၊ ဘုံထွတ်ပိုင်သ၊ သိကောင်းလှ၏၊ ကာလတန်ပြီ၊ သို့မရှိတည့်၊ လျှပ်တိတောင်,မြောက်၊ ရွှေ့,နောက်ထင်မှတ်၊ စက်ခြည်လွှတ်သည်။ ။**နတ်လည်းရွှမ်းဆော် ဘို၏သို့။**

(ဒ) **ပြာညက်မြညို**၊လှသည်ကိုမူ၊ နှုန်းဆိုစရာ†၊ လှည့်၍ရှာ†လည်း၊ စကြာနှင့်ပင်၊ ခက်မည်ထင်၏၊ ဆယ်တွင်နှစ်မည်၊ရုံလည်ဦးရှက်၊ရွှေနှယ်စက်†သား၊ ဆက်ဆက်†တိုင်းပင်၊လွန်၍ကြင်သည်၊ဖူးချင်နေ့ည[၂]၊ ခွတ်မွတ်လှကို၊ဆံမျှမတန့်၊လွမ်းညွန့်ထပ်ရစ်၊ စစ်တပ်မြေတာ[၃]၊ရပ်ရာထူးခြား၊ဝေးလေပြားလည်း၊ စက်ပါးတွင်ပင်၊ထင်တုံရေးရေး၊ချစ်စိတ်ပြေးသည်။ ။**မငွေးရှုမြော်ဘိ၏သို့။**

(တ) **ရှာမြွက်တဆို**၊ ချစ်သည်ကိုမူ၊ ကွဲပြိုစက်ပုံ့၊ မစဝ့ံတည့်၊ အလွှံ တောင်တော၊ *သင်းချေ ဝပမာ၊ *သန္တာလိုလို၊မြညိုတချို့၊ ရွှေသို့တဝက်၊ ဖူးထွက်ရွှန်နှံ့ရွှန်း၊ညွန့်လည်းဝေဝေ၊လေလည်းတုံ့ရစ်၊ မြစ်လည်းကြည်စိမ်၊ခေါ်သံငှံ့ရှာ၊ ချစ်ပျူ့ငှါနှင့်၊ ယှဉ်ကာနွဲ့လျက်၊ လည်ချင်းရှက်သည်။ ။**ကျေးငှက်လွှမ်းဖေါ်ညို၏သို့။**

---

၁။ လှည့်ပတ်ရှာသော် (မ)
၂။ ဖူးချင်နေကြ (မ)
၃။ တပ်စစ်မြေတာ (လ)
၄။ ရွက်ညွှန့်ဝေဝေ (မ)

www.burmeseclassic.com

www.burmeseclassic.com



## ၅၀-ရာဇဓာတုကလျာဘွဲ့ရတု

(ပ) ***တင့်လှပေဟန်**၊ဖက်မဲ့ရန်တည့်[၁]၊ ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့၊ ပြာပြာလတ်လတ်၊မွတ်မွတ်[ ]ရေး*ချေ၊ ထုံးနေမကျော၊ *ပန်းရောဆံကြာ[၂]၊ ချတိုင်းသာလျှင်၊ *ရွှေဝါဖိတ်ရွှင်း[၃]၊ ထည်ချင်း*စံပယ်၊ နှံ့ကြွယ်လှိုင်ကြူ၊*မဉ္ဇူ*မျက်မည်း၊ *ပေါ်ထပ်စည်းနှင့်၊ *မရည်း မထင်[၄]၊ ဖြူတ်ချည်းမြင်က၊ နတ်ပင်*ယိုးမှား၊*ပိုးဝါးတွေးချွတ်၊စိတ်လုံးညွတ်သည်။ ။ **ဘုံထွတ်နန်းတောင် နေတို့လော။**

(ဒ) ***ရင့်မျှရွှေကျန်**†၊ရွှက်မခွန်တည့်၊ဝါကြန်*နီမောင်း[၅]၊ ပင်တိုင်းပြောင်းက၊ သက်ပေါင်းထင်ယုံလှ*နိတုံလည်း၊ ပန်းစုံရောရှက်၊ ထုံးမြိတ်ရွှက်နှင့်၊ *လိုက်ဖက်တင့်မှတ်၊ ကိုယ်ဝတ်တော်မှာ၊ မလ္လာရနံ့၊ မွှေးပျံ့ကြိုင်ရွှင်း၊ ပယင်းရွှေရည်၊ *ပွတ်လဲ့ကြည်သို့၊ *မြရည်ကြောစိမ်း၊ လွှံလွှဲရှိမ်းမျှ၊ ခပ်သိမ်းကလျာ၊

---

၁။ ဖက်မရန်တည်း (မ)

၂။ ပတ်လျှောဆံကြာ (မ)
ထုံးမနေမကြော္၊ပတ်လျှော္ဆံကြာ(လ)

၃။ ရွှေဝါပိတ်ရှင်း (လ)(မ)

၄။ မရည်းမဆင်(လ)

၅။ ဝါစွန်နီမောင်း (လ)

[ညက်ညက်၊ ရွှန်းရွှန်းစက်မျှ၊ ဝင်း[illegible]ရောင်ရွှေ၊ အခေါင်ပေတည့်၊ တောင်နေန[illegible]၊ မြတ်သစ်ကြန်နှင့်၊ ပန်းမှန် [illegible] မှူဥပါ[illegible]သည်ဟု နှုတ်ငုံရဘူးသူတဦးထံမှ [illegible]သည်။

www.burmeseclassic.com



ရှုဘွယ်သာလျှင်၊ သိင်္ဂါ လျှံတောက်၊ လက်ကောက် လက်ကြပ်၊ ရည်လျှပ်*ဆံကျင်၊ မျှမထင်လည်း၊ တိုင်းပင်တင့်မှတ်၊ လှခေါင်ထွတ်သည်။ ။**ကြာနုတ် တန်းဆောင် ပေတို့လော။**

(တ) **ဆင့်ချွေခွေသွန်**၊ ရက်မချန်တည့်၊ ယုဂန် အလုံး၊မြရည်ဖုံးသား၊ လှဆုံးတင့်နေ၊ *ထုံး,သား ရေလည်း[၁]၊ တွေ့တွေ့ကြည့်တိုင်း၊ ပြစ်မျိုး*ရှိုင်းသည်၊ စံခိုင်း*လျှော်သစ်၊ ***ရွှေနှယ်**နစ်မျှ၊ တင်ပြစ် မစက်၊ လဲ့လဲ့ညက်ကို၊ ထက်နတ်ဘုံနေ၊ ခုသာကြွေသို့၊ တင့်နေရှုမြော်[၂]၊ အကျော်ပျံ့မွှန်း၊ ဝင်းငြိမ့်ရွှန်းကို၊ တောင်နှုန်းနေလော၊ နတ်ပေလောဟု၊ တွေးတောချေ မိ၊တပ်မသိခဲ့၊ မြင်မိဖြူတ်ခြည်း၊ မြော်ကတည်းက၊ အှု,သည်းစုံညွတ်၊ သက်လုံးပြတ်သည်[၃]။ ။**လျှံပတ် ထွန်းရောင်ဝေတို့လော။**

[ထိုရတုတစုံသည် "ဇင်းမယ်ဘုရင်နှမတော် ရာဇဓာတုကလျာကို တောင်ငူ နတ်သျှင်နောင် မြင်ရာတွင် ဆိုသည်" ဟူ၍ စကားရှိသည်။ ။ **လက်ဝဲနော်ရထာမှတ်ချက်။**]

---

၅၁-မြင်ထင်ဘုရားတိုင်မယ်ဘွဲ့ရတု

(ပ) **ပူးပါစေချင်**၊ မြတ်ချစ်ရှင်ဝယ်၊ လက်ငင် ကြည်ဖြူ၊စုံဘိမူကား၊အတူသံမြ၊တောင်းတို့ရ၏၊ ကဲဆ

၁။ ထုံးသရေလည်း(မ)
၂။ ထင်ချေရှုမြော်(မ)
၃။ သက်လုံးမှတ်သည်(လ)

www.burmeseclassic.com

www.burmeseclassic.com



ထပ်ကာ၊နောင်သာ နောင်ချည်း၊ ဖော်နည်း မရှင်၊ မြတ်မြင့်ထင်ဝယ်၊အိမ်ရှင်ကလျာ၊မယ်-မပါဟု၊ မျှော်ကာမတည်၊မူးမော်လည်ရှင့်၊ကျွတ်မည့်ဆုမျှ၊ မြွက်ဟ မိန့်ပြတ်၊မတောင်းတတ်ခဲ့၊ရှိဝတ်ပူဇော်၊ကြည့်ချေမြော်သော်၊ ရှင်တော်ကြွင်နန်း၊ ထွတ်ဦးစွန်းသည်။ ။ **ပြောင်ရှန်းပြောင်ဝေ**[၁] **ဝှန်တော့သည်။**

(၃) ***ဦးကာဝေရှစင်**၊ *ဆယ်မီးတင်သို၊ကေသျှင်သွယ်မြ†၊စည်းစကပင်၊ သက်မျှ†မိပေ၊ ချိုးမြုတေကို၊ ဖန်ဝေမူးမော်၊ ပြင်တိုင်းမြော်သော်[၂]၊ တိမ်ပေါ်လျှံထွန်း၊သစ်ရိပ်နန်းက၊ကြော့လန်းဆင်းဝါ၊ တောင်*လှန်းကာလျှင်၊*သန္တာခြေဆွဲ၊လည်ချင်းနွဲ၍၊*ရောင့်ရဲပျော်ရေး၊ ပါ*စွံမေးလိမ့်၊ ကျူးသောယာ၊ အခါ*သရစ်၊သည်အဖြစ်ကို၊ ငယ်ချစ်မမြင်၊ ပျော်ဖွယ်ဖျင်မျှ၊ မြိုင်ခွင်ပတ်ဝန်း၊ ရှုဘွယ်ဆန်းသည်။ ။**ခေါင်နန်းခေါင်ဗွေ မှန်တော့သည်။**

(၁) **ဖြူးကာဝေဆင်**၊တောတပြင်လည်း၊ပျော်ရှင်ဖွယ်သာ၊ မြိုင်ရိပ်ကာချက်၊ နှံ့သာကြိုင်မွှန်း၊ လှကြွှန်း၏၊ပြိုင်မှန်းစံတည်၊နှန်းသင့်မည်ကား၊ *ဖွေနှည်လှူ့ရွာ၊ ရခဲစွာရှင့်၊ ဗယ်, ညာရံသန်း၊ ရွှေပေါင်းဝန်းသည်။ ။**တောင်နန်းတောင်နေ ရန်တော့သည်။**

---

၁။ ပြောင်ရှန်းပြောင်ရွှေ(မ)
၂။ မြင်ရမြော်သော်(မ)

www.burmeseclassic.com

www.burmeseclassic.com



## ၅၂-စစ်ချီမောင်ဘွဲ့ ရတု

(ပ) **ရေဖျန်းသဘင်၊**တာသစ်ရင်†က၊ကြွေးရှင်†ဝဘ်ခြေ၊ငှက်ပေါင်းရွှေနှင့်၊စုံခြေတခွင်၊ညွန့်ညွန့်တွင်၍၊ရွှေစင်ချပ်ဝေ[၁]၊လှပ်လှပ်ပြေမျှ၊ မင်းနေဦးစွန်း၊ ဆက်နန်းဘုံထွတ်၊သာခေါင်လွတ်က၊ရေဆွတ်မယ်နှင့်၊စုံခွင့်မမီ၊လွမ်းဘွယ်သီသော်၊ထိပ်ဆီမမတ်၊ကင်းလွှတ်လက်ရုံး၊နှလုံးမရွှင်၊ရှိရာတွင်ကို[၂]၊*မင်းလွင်လေသာ†၊ဝန်းဆင်လာသည်[၃]။ ။**မယ်သာ†ပျောင်းရစ်စွတကား။**

(ဒ) **ခွေမြန်းမရွှင်၊**အောက်မေ့လျှင်လည်း၊သဘင်ကာလ၊ ရှေးသော်ကမူ၊ ဝေမျှအသက်၊စုပုံဆက်၍၊ တခက်ပျံ့ကြိုင်၊တခိုင်လုံးလုံး၊တကုံးစင်ထား၊နည်းရှားစဉ်ခိုက်၊တပွင့်ကြိုက်လည်း၊*ခေါ်စိုက်မတ၊မမျှဦးပဲ၊မပန်မြှရှင့်၊ရက်လဲလကျွန်း၊သွေ့ယွန်းခုမူ၊ ဘယ်သူပန်ဖေါ်၊ပန်ဘက်မြော်၍၊ ရှင်ပျော်သဖြင့်၊ စိတ်လွတ်လွှင့်လိမ့်၊ဖြည်းဆင့်သာဖြား၊ လျောက်ကြားချီချ၊မှာသမျှကို၊နှမမယ်မှတ်၊ယွင်းပေချွတ်ခဲ့၊ နွေလတ်ရတု၊စိမ်းနုညိုပြာ†၊လွတ်နိုင်းသာသည်။**သွယ်ဖြာ†ညောင်းသစ်မြတကား။**

(တ) **ကွေ့ဆန်းတပြင်၊**မိုး*လုလင်လည်း၊ရှင်ချင်ခါကြို၊က်၊စိတ်လိုလိုက်၍၊ကျူးရိုက်*ညင်းညင်း၊လွမ်းရေးခင်းသော်၊ကြင်ချင်းကြင်တူ၊ ကြင်သသူလည်း၊မပူရစေ၊ သက်သာဝေ၍၊ ဆယ်ထွေဆယ်သစ်၊ ရှိဘွယ်ဖြစ်

၁။ ရွှေစင်ချပ်နေ (မ)
၂။ စိုးရာတွင်ကို (လ)
၃။ ဖန်ဆင်းလာသည် (လ)

www.burmeseclassic.com

www.burmeseclassic.com



လိမ့်၊စစ်လည်းကြာလွန်း၊ ပန်းလည်းသည်မှာ၊ ပွင့်ခါနွမ်းခေါက်၊ မရောက်ဆင်ဘက်၊ ရှုမရက်တည့်၊ဘဝင်ယုဂန်၊ချိုဟန်လိုလို၊နေကိုချုပ်တား၊ နည်းများပြဆန်း၊ဝန်းရှဲနွှဲမှီ၊ဆင်တန်ပြီတည့်၊စစ်ဆီသူ့မြေ၊မရွာလေနှင့်၊ထွေထွေစိမ်းဝါ၊မယ်တို့မှာသည်။ ။* **ခြယ်မြှာမောင်းလှစ် မှတကား။**

---

**၅၃-သကျမန္တူ၊ဘုရားတိုင် မယ်ဘွဲ့ရတု**

(၁) **ညွှတ်ညွှတ်ညိုသွယ်**၊ လူ့ဘုံဝယ်၌၊နှုန်းဆွယ်မဆံ၊ ကင်းဝေးလံသား၊ ထက်ယံမြင့်သွန်း၊ ခြောက်ဆောင်နန်းဝယ်၊ရွှေဝန်းရံပတ်၊ စံသင့်မှတ်သား၊ကြာဝတ်မန္တူ၊*ရွှေနန်းသူလည်း၊ပြိုင်တူနှုန်းဆွယ်၊မမျှသွယ်တည့်၊ တင့်တယ်ကျစ်လျစ်၊ ကြင်ကျွမ်းချစ်ကို၊ တလှစ်ဇမ္ဗူ၊မြင်တိုင်းသူတို့၊သည်း,အူညွှတ်ပျောင်း၊မျက်ခြည်ညောင်းမျှ၊ပျို့လှောင်းကြိုင်ဆိုး၊ကြက်ရိုး,သဇင်၊ ပန်ဆင်စမှတ်၊ ကိုးတုလွှတ်လည်း၊ ဝါကျွတ်လွန်*ပြီ့၊ ကျွန်းဘွယ်ရှိလိမ့်၊ လျှံညီပွင့်ဆိုင်း၊ မျှမနိုင်းသည်။ ။ **ဆက်တိုင်းပျော်ဖက် ရန်လှည့်သော။**

(၃) **တွတ်တွတ်ဆိုဘွယ်**၊ နှုတ်ပျို့ကြွယ်လည်း၊ စံပယ်,မုလေး၊ ထိုလှာမွှေးသို၊ ရေးရေးစိတ်တွင်၊ မိန့်နိုးထင်၍၊ သာရှင်လန့်ကြား၊ ပြန်တုံ့မှားခဲ့၊ သနားခင်သက်၊ ကြင်ကျွမ်းဖက်ဟု၊မယွက်ဆံမြှု၊ နှင်းထိုသူကြောင့်၊သည်း,အူဝှန်ဖြိုး၊မြေ,မိုးမြင်းမိုရ်၊နှမ်းဆို*စိလျှဉ်၊ ကြီးရာစဉ်ဝယ်၊ နတ်ယဉ်စီးလစ်၊ အာကာမြစ်လည်း၊ သွယ်ရစ် လှတင့်၊ မြကိုးပွင့်သို၊ ကိုးဆင့်ကိုး

www.burmeseclassic.com

www.burmeseclassic.com



ချန်း၊ ဝိုက်ဝိုက်ဝန်း၍၊ တိမ်နုန်းဘုံသစ်၊ ဥကင်လှစ်က၊ သုံးခေတ္တာပန်း၊ မဥ္ဇူမှန်းသား၊ ကြွှင်န်းသကျာ၊ရှင်ချစ်ဖ လျှင်၊ပြည့်ရစုံလွယ်၊ ချစ်ရေးကယ်လေ့၊ခြောက်သွယ် ရောင်မြူး၊ဘဝဂ်ကျူးသည်။ ။**ရှူးမူးပျံ့တက် ဝှန်လှည့် သော။**

(တ) **ထွတ်ထွတ်ပျို့ရွယ်**၊မွတ်မွတ်သွယ်သား၊သက် ဆယ်နှစ်စွန်း၊ရက်မယွန်းတည့်၊လျှံထွန်းတန်းဆောင်၊ ရွှန်းတင့်ခေါင်ကို၊မြင်ယောင်ထင်မက်၊စက်လည်းသွယ် ခွေ၊နေလည်း*ပြိုက်ရှမ်း၊ငြိမ့်မျှလွမ်း၍၊ ကြင်ကျွမ်းချစ် သွန့်၊မကွန့်ကဲဆင့်[၁]၊တိုးတက်မြင့်သော်၊ကြာနှင့်စုံရေး၊ ဒူးချင်နှေးခဲ့၊ထစ်ကြွေး*အုံ့ပျ၊ ခါသစ်လကို၊ တူကွရင် ရွှေ၊ဖူးလွယ်စေဟု၊သပြေမှည့်သီး၊ သွန်း၍ပြီးသား၊ရွှေ ထီးရတနာ၊ ဖြန့်မိုး ကာလျက်၊ မည်သာ တော်နှင့်၊ သဖ္ဖါယ်တင့်သည်၊ပျောက်လွင့်ဗျာပါ၊ရှင်တော်ရာကို၊ ဒီးညာခိုင်လန်း၊နံ့တူပန်းနှင့်၊တိမ်စွန်းသံညောင်း[၂]၊ဆု ယူတောင်းသည်။ ။**ဆယ်ချောင်းရှိလက်ပန်လှည့်သော။**

---

၅၄-ချောင်းမဘုရားတိုင် မောင်ဘွဲ့ ရတု

(ပ) **ချောင်းမမွေတော်**၊ မြတ်ဇိနော်ဟု၊ သုံး ဘော်ရပ်သူ၊ နတ်လူအလုံး၊ ညွတ်လှာရှိုးသား၊ ရှိကုံး ဒန်းမြောင်၊ မယ့်လက်ဆောင်မူ၊ လရောင်,နေလျှံ၊ မခံ လည်းညှင်း၊ မိုး,နှင်း မဖျန်း၊ ရေမသွန်းတည့်၊ ချပ်မှန်း တမ္ဘာ၊နှစ်သချာက၊ ညီးဝါမယော်၊*ပန်းလွတ်ကျော်

---

၁။ မကွန့်ဘဲဆင့် (မ)
၂။ ထိပ်စွန်းသံညောင်း (မ)



www.burmeseclassic.com

www.burmeseclassic.com



နှင့်၊ကြင်ဖေါ်နန်းရန်၊ မတော်ဟန်ကို၊ လျှောက်ပြန်ခဲ
လွှယ်၊ဆိုရေးကျယ်သည်။ ။**မုန်းဘွယ်မများ‡တောင်း
ကိုလည်း။**

(၃) ***မောင်းမျှရွှေလှော်**[၁]၊ ရှုတိုင်းပျော်ကို၊ထိ
ပေါ်ကေသာ၊ * ဆင်မရာတည့်၊ စကြာထံအောက်
ဆက်လှာရောက်က၊ပြန်လျှောက်ဘွယ်ချည်း[၂]၊ဝမ်းဝ
ပည်းစွ၊မုန်းလည်းမနိုင်၊ *ပျက်ခေါင်တိုင်သည်၊မြို
*တင်းကျမ်း၊ တပိုင်းမွမ်းနှင့်၊ စိမ်း,ရွှမ်းမရွေး[၃]၊ ေ
လျှံပြေးသို့၊ကြင်ရေးသစ်သစ်၊ ကြီသည်ဖြစ်ကို၊ရှင်ခ
ဘုန်းမွေး၊ *မိတည်းရှေး†လျှင်၊ အရေး†ကယ်ယ
ဖြည့်တော်မူလော့၊ တလူဘဝ၊ တွေ့မိရရှင့်၊ သည်
လွန်သည်၊သံသာရှည်၍၊ လူ့ပြည်နတ်ရွာ[၄]၊လှည့်သေ
ခါလည်း၊ကမ္ဘာဆက်များ၊ ဝေးစေခြား၍[၅]၊ *သုံးဝ
ညီနှောင်း၊ မယ့်သက်ပေါင်းလျှင်၊ လေးကြောင်းပ
ရွာ၊ လွတ်ပါလိမ့်လော၊ သနားမောစွ၊ ရှင်စောခု
ဗျာဒိတ်ပလော့၊ပဉ္စသီလံ၊သုံးပါးကံဖြင့်၊မြဲမြဲဆော
တည်၊ မယ်စောင့်သည်ကို၊ စိတ်ကြည်ဖြူထွေ၊ အမှ
၏၊သပြေစိုးရန်[၆]၊ လက်ရုံးအန်နှင့်၊ဆဒ္ဒန်နာဂ၊ ပြေ

---

၁။ မောင်းမရွှေဘော် (ကဗျာသင်္ဂဟမေဒနီ)
၂။ ပြန်လျှောက်ဘွယ်ချည်း (လ) (မ)
၃။ စိတ်ရွှမ်းမရွေး (မ)
၄။ သည်ကလွန်လေ၊ လူ့မြေနတ်ရွာ (မ)
၅။ ဝေးစေခြားလော့ (လ)
၆။ သပြေစိုးမှန် (မ)

www.burmeseclassic.com

www.burmeseclassic.com



ခုနှ်ဝသို၊မမျှလူဝယ်၊ သည်သူနှယ်သည်။ ။**နှုန်းဆွယ်မရှား‡တောင်းကိုလည်း။**

(တ) **ကြောင်းစထွေငေါ်၊**ချောက်သည်သော်မူ၊ မူးမော်*ဘနန်း၊ လွန်ထူးဆန်းသား[၁]၊ ရေသွန်းနှင်းအပ်၊လက်ထပ်ထိမ်းမြား၊ စုလျှားရစ်သီ၊ မပတ်မီကာ၊ ချစ်ညီဖေါက်ပြန်၊မတော်ဟန်ကို၊*နန်းရန်ရွယ်ရှိ၊ကျင့်တပြို့ကာ၊မျက်စိစောင်းလှည့်၊ မကြည့်ချင်ပြီ၊ ထက်ဆီဘုံဖျား၊သိကြားကိုသာ၊မယ့်သည်းလျှာဟု၊ဝမ်းမှာမှတ်ရှည့်၊ နေစလှည့်ရှင့်၊ *ထားပြည့်ဝန်းရုံ၊ ဆင်ပုံမြင်းထွေ၊စောင့်နှင့်နေလျက်[၂]၊ ရဝေ ခန်းချောင်၊ သလွန်သောင်ဝယ်၊*သုံးမြောင်ရံကာ၊နေလှည့်ရာကို၊ စကြာလက်ရုံး၊ကြိုးပြီးဆုံးမှ၊နှလုံးဖေါက်ပြန်၊မတော်ဟန်ကို၊ဒိဗ္ဗာနှ်သခင်၊သိစေချင်ဟု၊ရွှေစင်ရောင်နွယ်၊တင်ဆက်ရွယ်သည်။ ။**ကုန်းသွယ် မသား‡တောင်းကိုလည်း။**

---

၅၅-ရွှေဆံတော်ဘုရားတိုင်မောင်ဘွဲ့ရတု

(ပ) **ရက်,လခါကျော်၊** နှတ်စက်ပျော်၍၊မည်ခေါ် *သန်ဦး၊ ဝါသိုကူးကာ၊ပျံ့ပျူးမိုးစည်၊ လျှပ်ရောင်ခြည်နှင့်[၃]၊မြောက်ပြည်မကာ၊အစိုးရသား၊ သူဇာ့သက်မှတ်၊

---

၁။ လွန်ကြူးဆန်းသား(ရ)

၂။ စောင့်ရှောက်နေလျက်(လ)

၃။ လျှပ်စက်ခြည်နှင့်(မ)

‡ မုန်းဘွယ်မညှာ, နှုန်းဆွယ်မရှာ,ကုန်းသွယ်မသာ တောင်း ကိုလည်း။ (ကဗျာသင်္ဂဟဒီပနီ)

www.burmeseclassic.com

www.burmeseclassic.com



မြရည်ဆွတ်၍၊ မွတ်ခွတ်လိမ်းချေ၊ ထုံးနေတိုင်းမြ၊ *သင်းတွဲစိန့်ပြည်၊ စုံခြည်*ကွက်ကတ်၊တုလွတ် မျက်နှာ၊ သိင်္ဂါခြယ်သန်း၊ စိန်ပန်းပွင့်ညီ၊*သရီကိုယ်ထည်၊ ရစ်လည်*သတောင်း၊ ပန်းပေါင်းကြိုင်မြ၊ အုံးဆင်နွဲ့လျက်၊ မြခဲတန်းဆောင်၊မတော်ခေါင်ကြောင့်၊ လက်ဆောင်ရှိအုပ်၊ ထိပ်ထက်ရှပ်၍၊ ကျွန်ုပ်သာပျော်၊ တိုင်လျောက်ဖော်အံ့၊ မည်ခေါ်ပတ်ဝန်း၊ သောင်းလုံးမွန်းသည်။ ॥ဆံပန်းကေသာ မြတကား॥

(ဃ) **မြွက်ဟာသာပျော်၊** လျောက်သည်သော်မူ၊ ရာကျော်,ထောင်သောင်း၊ ဘဝပေါင်းလည်း၊မပြောင်းရွေ့ရင်၊စုံကြချင်ဟု၊ မြေပြင်ပတ်ဝန်း၊ ဇမ္ဗူကျွန်းတွင်၊ ကြော့လန်းရည်တူ၊တင့်မျိုးဟူက၊မည်သူမမျှ[၁]၊ ဘက်မရသား၊အမျှော့သက်ခန့်၊ နောင်ဘုန်းညွန့်လျှင်၊မတန့်လွန်ကျူး၊ ဆိုစဦးက၊ ပျိုပျူးချိပျား၊ နာသူနားဝယ်၊ ပျော်ပါးဘွယ်တီ၊ ကြားသော်ရှိလိမ့်၊ မျက်စိစိတ်ဝမ်း၊ ခွဲခြမ်းတွေပြား၊ ချစ်သူများကြောင့်၊ တိမ်းပါးတွန့်တို့၊ မည်သို့တွေတွေ၊ မရှိစေဟု[၂]၊ ရှိသေထိပ်ထက်၊စုံသည်လက်ဖြင့်၊ ငယ်ဘက်ရံဝန်း၊ မြွက်ဆိုညွှန်းသည်။ ॥ **စံခန်းလေသာက တကား။**

(င) **တွက်ဆရှာသော်၊** သုံးရွေဖော်နှင့်၊မြတော်နေကျူ၊ မမှတ်ရတည့်၊ *ကျိုင်းမြညိုရောင်၊ ညိုများနောင်လျှင်၊ယုံအောင်ချိသာ၊နှုတ်*ပျူဟာနှင့်၊ မယ်

---

၁၊ မည်သူပင်မျှ(လ)
၂၊ မည်သို့ကျိုးနေ၊မရှိလေဟု(မ)

www.burmeseclassic.com

www.burmeseclassic.com



ခွာလှည့်ဖြား၊ဆိုသည်များကို၊မှတ်သားပေဘွယ်၊သူတို့ငယ်လည်း၊သည့်နှယ်သို့ချည်း၊ ဝမ်းနည်းမပြေ၊ ကိုးမဲ့နေ့ဘိ၊တွေးခေါ်ရှိလိမ့်၊မျက်စိစိတ်တွင်၊လူတို့ထင်ခဲ့၊သောင်းခွင်ရပ်သူ၊ နတ်လူညွတ်ခ†၊ တောင်းတိုင်းရသည်၊လောက†ထွတ်တင်၊မြတ်ချစ်ရှင်လျှင်၊ ဆံမျှင်မြရှိ၊ကြွင်းမဲ့သိလော၊ သတိဖြူဆွတ်†၊ ကျွန်ုပ်မှတ်ကား၊လွမ်းဆွတ်†ချစ်ပန်း၊ညှိုးမမြန်းသည်။ ။**ရုံဝန်းနေ့သာစွ တကား။**

---

## ၅၆-ကျေးစေ-မဥ္ဇူသကပန်းဘွဲ့ရတု
### (မောင်က ဟောန်)

(ပ) ***ဆက်ဒန်အိုင်သာ**၊ ဂန္ဓမာနှင့်၊ ကေလာတောင်ထွတ်၊*နဝတတ်ဦ၊နေမှတ်ပျော်ပါး၊ ပွင့်ဝတ်စား၍၊ သိကြားနတ်က၊ ပို့လှာသသည်၊ ဇောတလျှံပြောင်၊ကျေးမျှားနောင်....။ ။ညိုရောင်သွယ်ရှန်း၊ လှကြင့်နန်းမူ၊ လွမ်းပန်းမပြယ်၊ သနားဘွယ်တည့်၊ နောင့်နှယ်ညွတ်ခွေ၊ရှိပလေလိမ့်၊ *စော့ရေ*မေးမြ†၊ မိန့်တော်မူ†ကား၊မဥ္ဇူပွင့်ခက်၊ခိုင်ကိုဆက်၍၊ ကျူးရက်မရှည်၊ဖူးလွယ်မည်ကို၊ မိုးခြည်တိမ်ခြေ†၊ပျံနှင့်ချေ†လော့†၊*မြူတေငယ်သွေး၊ လှ*ငြိမ့်လေးသည်။ ။**လွမ်းရေးဖြေတော် မူလိမ့်မည်။**

---

၁။ ကျိုးနေမဲ့ဘိ၊ တွေးခေါ်ရှိ၏(မ)
ဆိုလေမသိ၊ တွေခေါ်ရှိ၍ (ကဗျာသင်္ဂဟမေဒနီ)
၂။ ဂတိဖြူထွတ်(မ)
ဂတိဖြူဆွတ်(ကဗျာ)
၃။ ပျံနှင့်လေလော့(လ)

www.burmeseclassic.com

www.burmeseclassic.com



(၃) **ခက်သန်ခိုင်မြဲ**၊ တပင်သာတည့်၊ ဟေမာ
မြိုင်စပ်၊စစ်မှူးကွပ်၍၊စောင့်ကြပ်*ဂုမ္ဘဏ်၊အတန်တန်
တည့်၊လှံ,ကွန်,လေး,မြား၊ လက်နက်ထားဖြင့်၊ လွှား
လွှားပစ်သတ်၊ထိုထိုနတ်ကို၊ သွယ်ညွတ်တင့်ခေါင်၊ လှ
သည်မောင်ဟု၊ပေါက်ပြောင်မာတင်၊ ရဲဘက်ဆင်နှင့်၊
ချွန်းငင်ငဲ့လိုက်၊ ခြိမ်းတည့်လိုက်သော်၊ ဖြိုးရိုက်စဉ်
လည်း†၊လက်နက်လှည်း†က[၁]၊ သိမ်းဆည်း ကုံး
မြောင်၊ ပန်ထိုက်အောင်ဟု[၂]၊ကြင်နောင်မည့်သူ၊ဆွတ်
ခဲ့ယူသည်၊*မဥ္ဇူသက၊ရဲဆုရကို၊ နှိမ့်ချရိုသေ၊ ဆက်
နှင်းချေလော့၊ မြုတေငါးအင်၊ *ညက်မွတ်စင်မှု၊ ဝါ
ဝင်ကာလ၊နိုးခဲ့မှလျှင်၊ *တွေးဆမရက်၊ လှမျှားထက်
သည်။ ။**ချီးလက်ရေတော် မူလိမ့်မည်**။
(တ) **ဖက်ရန်ပြိုင်ရာ**၊ သို့ရောက်လှာက၊ ဘုံသာ
ခြောက်ဆူ၊စံသသူလည်း၊ မတူဘက်လွတ်၊ ချစ်၍မှတ်
သား၊မျိုးမြတ်ဖူးပြာ၊မယ်နေရာသို့၊လူးလာပြန်ခေါက်
နေ့ချင်းရောက်လိမ့်၊ မှာလျှောက်သရွှေ၊ စေ့စေ့မကျန်
ကြွင်းမဲ့ပြန်သော်၊ ကျူးလွန်ဖွေရှာ၊ ဆက်စရာ†ဟု
လက်ျာ†ထပ်ဆင့်၊ခိုင်လှတင့်ကို[၃]၊သခင့်အိမ်သူ၊ လှမ်း
ယူရွှရွှ၊ ယုယညက်ခွေ၊ လက်ရုံးရွှေနှင့်၊ ဆွတ်ခြွေရွေး
သင်၊မြင်းမှင်ရှက်ခေါက်၊ပွင့်ညှောက်သီရုံး၊တညီကုံးမှ
သက်ဆုံးရာကျော်၊ဆက်တိုင်းသော်လည်း၊ ကြင်ဘော်
တူရှည့်၊ ပျော်ချင်လှည့်ဟု၊ ရွှေမှည့်မင်းစံ၊ အပြ

---

၁။ စည်ရိုက်ပြိုလည်း၊လက်နက်လှည်းမှ(လ)(မ)
၂။ ပန်တင့်အောင်ဟု(လ)(မ)
၃။ ခိုင်လုံးတင့်ကို(မ)

www.burmeseclassic.com

www.burmeseclassic.com



ပြိုးပြက်၊ တောင်ထိပ်ထက်ဝယ်၊ နံဘက်သင့်နေ၊ သာလျောင်းမွေ့ကို၊ ရှိသေညွှတ်ကြည်†၊ ဝေးကရည်၍၊ မြစ်ခြည်†ကင်းလွတ်၊ လှငြိမ့်မွတ်သည်။ ။**ဆုမြတ်ဝေတော် မူလိမ့်မည်။**

**(စောတောင်ငူမင်းရဲနရာစ)**

[လက်ဝဲနော်ရထာ စု ကူးသောခပမှ ဆဲချပ်ဦးရေ ၁၅၀-၌ မင်းရဲနရာဆိုဟူ၍ ဤအတိုင်း တွေ့ရသည်။]

---

## ၅၇-မြင်းမိုရ်ကျေးစေ မယ်ဘွဲ့စစ်ရတု

(ပ) ***ရှုတိုင်းထွေလည်**၊ *ကိုးမျက်ရည်တည့်၊ ရစ်ခြည်စီသန်း၊ ထွေထွေစွန်းသား၊ သိုက်နန်းပျော်ရာ၊ *ဝတီ သာမှ၊ သူဇာကြင်ဘက်၊ သ-လှာဆက်သည်၊ စိမ်းရွက်လျှံပြေး၊ မြင်းမိုရ်ကျေး····။ ။မြေးမြေးတိမ်ယံ၊ သည်ကပုံ၍၊ နိုင်ငံတလွှား၊ ပျော်ဘွယ်ဌားမူ၊ နည်းများပန်းဖြေ၊ သင့်ရှုံနေမှ၊ အောင်မြေနန်းဘုံ၊ သာမျိုးစုံ†သည့်၊ *မြစ်ဆုံ†သန်လျက်၊ *မင်းဝံချက်ဝယ်၊ စံထက်တံဆိပ်၊ လှခေါင်ထိပ်မူ၊ လွမ်းရိပ်ခြည်ထွေး၊ မိန့်နှင့်မေးသော်၊ မင်းရေးအောင်မြင်၊ ရန်လိုးစင်၍၊ ဝါမဝင်မီ၊ ပြန်လေပြီဟု၊ မိုးဆီတိမ်ကျူး၊ လျှောက်ချေဦးလော့၊ ထွန်းမြူး*သော်တာ၊ လနှင့်သာလျှင်၊ စံရာနိုင်းမျှ† မွတ်မွတ်လှသည်[၁]။ ။**ဆွံတက်မျှ†ရှင်တော်မူလိမ့်မည်။**

[ဤရတု ရှုတိုင်းထွေလည်-ချီကို လက်ဝဲနော်ရထာ ပေါင်းစုကူးသောပေမှ ဆဲချပ်အစဦးရေ ၁၄၉၈-၌ မင်းရဲနရာဆိုဟု ဤအတိုင်းတွေ့ရသည်။]

---

၁။ မွေးမွတ်လှသည်(လ)(မ)

www.burmeseclassic.com



(၃) **နုကျိုင်းဝေမည်**၊ စုံတလည်လည်း၊ရွက်ရှည်မြမြ၊ ရွှရွှရွှန်းရွှန်း၊ ငုံညွန့်တပြိုင်၊ ချပ်ဆိုင်တပြို၊ ပွင့်ညီတရုံး[၁]၊ သိ၍ကုံးသို့၊ တောင်လုံးပျံ့လျှောင်း၊ မကြိုင်တောင်းတွင်၊ ရွက်ညောင်းပေါ်သစ်၊ လက်ျာရစ်†လျက်၊ *ကျစ်လျစ်†ပွင့်သေး၊ ခိုင်လုံးမွှေးကို၊ ရွေး၍ချီလေ၊ စစ်မြေဝေးခေါင်၊ ရှမ်းတောင်ဆီးရှမ်း၊ ချမ်းလည်းထပ်ချုံ၊ မလုံသည်နှင့်၊ ထစ်ရင့်သွန်းလောင်း၊ မိုးလည်းပြောင်း†သော်၊ လွမ်းပျောင်း†စဟန်၊ ပြန်လတော့မည်၊ လွန်လာသည်ဟု၊ ရိပ်ခြည်ဖေါ်ပြ၊ ယုယဆည်တား၊ ဖျော်ဖြေဖြားသည်။ ။**ရွှေနားချင်တော်မူလိမ့်မည်။**

(တ) **တုန္နိုင်းဖွေနှည်**၊ လှမောသည်မူ၊ လူ့ပြည်အထွတ်[၂]၊ လှခေါင်မှတ်သား၊ မိုးနတ်ယှဉ်စံ[၃]၊ ပြိုင်သော်လံလိမ့်၊ မြဲသို့လိုလို၊ မဆိုစဉာ၊ ကလျာပြစ်လွင့်၊ ရှုတိုင်းတင့်သား၊ စိန်ပွင့်*ခြူးကြာ၊ သလွန်သာထက်၊ မလွှာခြည်မောင်း၊ *သတောင်းဘုံမြင့်၊ အုံးဆင့်မှိုမြ၊ နွဲ့လည်းယုယ၊ လက်သင်မ၍၊ စေ့မျှပြန်ခေါက်၊ ကျွန်ုပ်လျှောက်သား၊ ဝမ်းမြောက်ရှင်ပျော်၊ မိန့်မှာသော်မူ၊ မောင်မြော်တိုင်းပြန်၊ ခက်သန်မဥ္ဇူ၊ ပန်းကိုမူကား၊ နံ့တူနှစ်ရက်၊ ဟောင်ထိပ်ထက်ဝယ်၊ ပြိုးပြက်ရောင်လွှတ်၊ မိုးလုံးပတ်သား၊ လူနတ်ကြည်ညို၊ မွှေးစေ်ကို

---

၁။ ချုပ်ဆိုင်အပြီး၊ပွင့်ညီးတရုံး(လ)(မ)

၂။ သုံးပြည်အထွတ်(လ)(မ)

၃။ သည်နတ်ယှဉ်စံ(လ)(မ)

www.burmeseclassic.com



လျှင်၊ ကုသိုလ်မျှဝေ၊ စုံလျှင်းစေဟု၊ လှနေများထွတ်၊ ရှင့်သက်မှတ်သည်။ ။ညွတ်၍တင်တော် မူလိမ့်မည်။

## ၅၈—စစ်ချီမယ်ဘွဲ့ရတု

(ပ) နွေရက်နီးလျှင်၊ စုံတော့ခွင်လည်း၊ မြသွင်မည်ညို့[၁]၊ တချို့သင့်၏၊ ထပ်ဆင့်ဖြည့်သွန်၊ တောင်လေပြန်က၊ မထန်နှင်းဖွဲ၊ ဆောင်းစဲလွယ်မူ၊ နွေအားလုသော်၊ ရတုအလျော်ကို၊ *လဲ့နှင့် ပေါက်လည်း၊ လျှံတောက် ရွှေဆင်း၊ တောလုံးဝင်းမျှ၊ *သက်နှင်းတို့နှင့်၊ ပျော်ခွင့် သောခါ၊ ပြည် အောင်ချာဝယ်၊ နှံ့သာကြိုင်မွှန်း၊ ခပ်သိမ်းပန်းကို၊ ထူးဆန်းကုံးမြောင်၊ မြဉ့်သျှောင်ဝယ်၊ တင့်အောင်စီရင်၊ မယ့်လက်သင်၍၊ ဆင်စမြီကြောင့်[၂]၊ သည်းထဲညွတ်ပြောင်း၊ နွေသစ်လောင်းသည်[၃]။ ။တပေါင်းပြည့်မည် လျှင်လတည်း။

(၃) ကြွေရွက်ပြီးလျှင်၊ ပန်းသစ်ပင်လည်း၊ မင်းထွင်လေနှင့်၊ နှုတ်ထည့်လင့်သို၊ ရင့်သည်ကားလဲ၊ ခဲညွန့်ကိုက်[၄]၊ နွေသို့လိုက်၍၊ ကျွမ်းထိုက်ခါသင့်၊ ဆင့်လဘော့မည်၊ မြင်လသည်ကြောင့်၊ ရွှေပြည်တောင်ငူ၊ နန်းမြင့်သူကို၊ တ-ရူဆိုတန်း၊ မေတ္တာမွှမ်း၍၊ စစ်လမ်းမြေတာ၊ ချီလေရာဝယ်၊ နီလာရိုးရဲ၊ ရွှေခဲတချို၊ ညို့ညို့သူလှူ၊ *အူရရူလျှင်၊ *မဉ္ဇူပင်လုံး၊ ပွင့်ရောင်ဖုံးသည်။ ။ တောလုံးလွှမ်းဘွယ် မြင်လတည်း။

---

၁။ မြသွင်မြညို့ (လ)
၂။ ဆင်စမြီကို (မ)
၃။ နွေသစ်လောင်းသည် (မ)
၄။ ဆံကွဲညွန့်ကိုက် (မ)

www.burmeseclassic.com

www.burmeseclassic.com



(တ) **ဝေသက်ကြီးလျှင်**၊ လွန်ကဲကြင်၍၊ လည်တွင်ဆွဲလျက်၊ ဇောတမျက်သို့၊ ပိုက်ဖက်ရင်ရွှေ၊ ပျော်မြဲပေကို၊ စစ်မြေခန်းဝါ၊ မင်းရေးရာကြောင့်၊ မြင့်ကြာရှည်ညောင်း၊ ချမ်းရက်ဆောင်းလည်း၊ ပြောင်းတော့မည်ရှုတ်၊ မင်းလွှင်မှုတ်သော်၊ *ကျေးနှုတ်ဖူးစ၊ တွန်သေးမျှနှင့်၊ ယော်ကျကြွေခြောက်၊ မြိုင်တလျှောက်လည်း၊ ခါရောက်ညီညွှိ၊ သိသည်အလား[1]၊ နွှေသို့ပါးက။ ညက်ထွားပြာဝင်း၊ မျိုးမျှာ့မင်းနှင့်၊ မှန်ကင်း ထွတ်ခေါင်၊ မြတ်ညီနောင်ဝယ်၊ ရည်စောင်တူကွ၊ မတောင်းရဟု၊ *ရှုတနှောင့်နှေး၊ ကြံရှာတွေးသည်။ ။**လွှမ်းရေးတိမ်နှယ် ဆင်လတည်း။**

---

## ၃၉-ရင်းမာကျေးစေ ကုလီဘွဲ့ရတု (မယ်ကစေဟန် စာပိုဒ်အခံ)

(ပ) **ခုနစ်တောင်စွန်**၊ အတန်တန်တည့်၊ ဂုမ္ဘာဏ်ရှစ်သောင်း၊ လက်နက်ပေါင်း၍၊ စီးစောင်းခြေမျှ၊ ချရမည်ထား၊ တိမ်ကြားမိုးက၊ ပျံသော်မှလည်း၊ ချဉ်းရမဲ့ထွေ၊ ရိပ်ဝန်းနေသည်၊ စိမ့်ခြေရပ်ဝေး၊ *ရင်းမာကျေး..။ ညွတ်ကွေးခရီး၊ လေးကျွန်းလုံးကို၊ ယှဉ်ကျူးတော့မည်၊ လက်ရှိုးရည်ကြောင့်၊ ဘုန်းစည်ကြီးမြတ်၊ မင်းမျှော့နတ်လျှင်၊ လွှံပတ် မြေပေါ်၊ ပတ်ခွဲကျော်သည်၊ ညီနောင် လေးပါး၊ မှူးမတ်များနှင့်၊ ကစားပျော်မှု၊ ကုလီ-လူသော်၊ အတုမဲ့နိုး၊ သတိုး ဘုန်းဝှန်၊ နိုင်ငံမြန်မယ့်နား...

---

၁။ ခါရောက်ညီးညီး၊ သီးသည့်အလား(လ)

www.burmeseclassic.com



ယခုကြားက၊ ကျေးသားတမန့်၊ ကြည့်ပြန်ပါချေ၊ မယ်တစေသည်။ **။ချုပ်နေရောင်ထင်*ဆည်းညတွင်။**

(ဒ) **ညခင်းချုပ်နေ၊** ပြန်တိုလေသော်၊ ရဝေပွင့်နန်း¹၊ ဘိသိက်သွန်းသား၊ လွှတ်နန်းသာတောင်၊ မိုးခေါင်မြင့်ဖျား၊ တိမ်တိုက်ကြားက၊နားမြည္လန့်ရှင်၊ သရက်ပင်ဝယ်၊ နေမြန်သာ၏၊ရှုချေကြည့်လော့၊သို့သည့်ခတ်ချက်၊ငါတို့ဘက်က၊လျှပ်ပြက်သောဟန့်၊ကြိုး၍လှန်လည်း၊ လက်မြန့်သူက၊ မီးစက်ကျ†သို့၊ စကြာ့†သခင်၊ဘဝရှင်လည်း၊ ကျင်လျှင် စဟန်၊ လက်မြန်လက်ကောင်း၊ မတင့်တောင်းတည့်၊ နန်းလောင်းပွင့်လျာ၊ ရဲကျော်စွာလည်း၊မာန်ပါခတ်သံ၊ မိုးကြိုးခွံသို့၊ နှိုင်းစံမဲ့ထွေ၊ တင့်လှပေ၏၊ ပွဲရေလည်လည်၊ အတည်တည်သည်။ **။နိုင်မည်ကိုလည်း ရည်းကြထင်။**

(တ) **နိုင်မည်ရည်းထင်†**၊အတင်တင်†ဝယ်၊သူ့ခွင်စက်ပါး၊မှန်သည်များကို၊ *ကြိမ်းဝါးတုံမှ၊အားပါးကျ၍၊တို့ကသတိုး၊တဖန်ကြိုးလည်း၊တန်နိုးမဲ့ထွေ၊ပွဲမကျေခဲ့၊ကြီးထွေတန်ခိုး၊ရင့်နိုးသမ္မာ၊ရဲကျော်စွာလည်း၊မာန်ပါခြိမ်းမဲ့၊လက်ဝဲ,လက်ျာ၊ လိုက်လှည့်ကာတည့်၊စက်ဝါနေ့တူ၊ သီဟာသူလျှင်၊ သွေးယှူခဲ့ကာ၊ မတော်သာ၍၊ ကြမ္မာကံယိုး၊ ရှက်စနိုးရှင့်၊ သတိုးဓမ္မ၊ ရဲနေကျ†လည်း၊လက်ချ†မှိုင်တွေ၊ရှုံးလှချေသည်။ **။ပွဲရေများဖြင့် ပည်းမျှပင်။**

---

၁။ ရဝေပွင့်ခန်း (မ)

www.burmeseclassic.com

www.burmeseclassic.com



## ၆၀—မြင်းမိုရ်ကျေးစေကူလီဘွဲ့ရတု
## (မယ်ကစေဟန်စာမြိုင်အလိုက်)

(ပ) ***ဝေယန္တာတွင်**၊ သူဇာသိကြား၊ မျက်ရှုဖျား၍၊ စက်ပါးဝယ်ပ၊ မကွာရတည့်၊ ဒီပသုံးလူ့၊ ခွန်သစ္သည်၊ ကေတုမတီ၊ မိုးဆီမြင့်မျှ၊ ရန်မျိုးခသား၊ ပြည်များတန်းဆောင်၊ မြင်းမိုရ်နောင်ဝယ်၊ ရွှေတောင်ထွတ်သာ၊ နေကလာ၍၊ ရောက်လှာစဉ်ကြိုက်၊ မွေးဘို့ထိုက်သည်၊ မကိုင်ရှုမြောက်တင့်၊ ကျေးမျက်ပွင့်....။ ။နေမင်းနွယ်ရင်း၊- မင်းထက်မင်းလျှင်၊ သလင်းအုပ်စီ၊ နန်းမြေညီဝယ်၊ *ကူလီသဘင်၊ မြင်းနှင့်ရှင်၏၊ သိချင်အမှန်†၊ ရှုံးနိုင်ဟန်ကို၊ *ယမန်†ကြောင်းရေး၊ စည်သည့်ကျေးလျှင်၊ ဖင့်နှေးရှောင်လွှဲ၊ မရောက်ပဲနှင့်၊ ဆင့်ကဲပြန်ခေါက်၊ *ဖွတ်လျှာလျှောက်သည်။ ။**ဝမ်းမြောက်သာထွေ ဖြည့်ရှာလေ။**

(ဒု) **နေဖန်ဝါလျှင်**၊ တိမ်ခွါထောင်မွန်း၊ မြိုင်၍ထွန်းသို့၊ လေးကျွန်းသနင်း၊ စကြာမင်းဝယ်၊ *ရာစင်းဖြူရောင်၊ စိုးစိမ့်ဆောင်သည်၊ ဆင်ပြောင်ဆဒ္ဒန်၊ နင်း*ကွန်ပုံလွှား၊ *ဦးနှောက်စားသား၊ ခွန်အားမာန်*ဟော့၊ *ခြသေ့်မင်းနံ၊ ရန်နွံလှစ်ခွင်း¹၊ အိမ်ရှေ့မင်းနှင့်၊ သတင်းဝှန်ကဲ၊ ဆင့်လိုက်လှဲသား၊ *မင်းရဲကျော်ထင်၊ ကျွန်းခွင်လက်ချ၊ တဖက်ကမူ၊ တောဇကျော်ဟိုးစက်ရှိန်မိုးသို့၊ သတိုးဓမ္မာ၊ ရာဇာတမွတ်၊ ဘုန်းတွတ်ညွန့်လူ၊ သီဟသူဟု၊ ပစ္စူရိပ်ကာ၊ စကြာရည်သူ၊ နန်းရန်ထားချည်း၊ ကစားစဉ်တွင်၊ ကျွန်ုပ်မြင်း၏၊ ရွှေစင်

၁။ ခြသေ့်မင်းနွယ်၊ ရန်နွယ်လှစ်ခွင်း(မ)

www.burmeseclassic.com



ချည်လေး၊ ရင်းမာကျေးမှူ၊နှစ်တွေးပိုးဝါး၊ အမြင်မှား ခဲ့၊မှယ်နားလေသင့်၊ကြားသည်နှင့်မူ၊ သူကနိုင်လေ၊ ခတာန်ချေတည့်၊လူ့ မြေစံထား၊မြင်းမိုရ်သားသည်။ ။ **ကိုယ်စားမြင်စေ ကြည့်ပါချေ။**

(တ) **လေသွန်ညာတင်၊**လွတ်သဘင်ဝယ်၊အောင် မြင်မြေဦ၊ အောင်စွေ့စိုက်သည်၊ တိမ်တိုက် မြင့်မတ်၊ မှုပြာသာဒ်က၊ မြေ်ာ+မှတ် သာတွေ၊ မျော်+ရှုနေ သား၊ ရှုံးချေ မနှောင်း၊ နိုင်ကြောင်းအားကိုး၊ တဖန် ကြိုး၍၊ သတိုးမင်းကျော်၊ ဘက်တော်ကိုပင်၊ သူထင်မိ လျက်၊ လိုက်လံဖျက်သော်၊ တောင်ဘက်ပို့မြဲ၊ မပို့ပဲ ချွင်၊ မင်းရဲကျော်စွာ၊ ခတ်တုံပါလည်း၊ မြောက်မှာ တက်ပါး၊ တဖန်သွားခဲ့၊ ကြိုးစားပန်းရှူ၊ သီဟသူ လျှင်၊ဖမ်းယူမြောက်ချီး၊ကုလီသီးကို၊မြေကြီးတွင်သာ၊ ယားလိုက်ကာတည့်၊နိုင်ပါမည်ထား၊ နည်းများတန် သော်၊ ကြည့်စပျော်တည့်၊ စေတော်မူရွေ၊ စွေ့စွေ့မြင် လျှင်၊ ကျွန်ုပ်ပင်မျှ၊ မရှင်သဖြင့်၊ အားနာနှင့်၏၊သခင့် ကြင်ချစ်၊ ဘုန်းသစ်ရဲခေါင်၊ ညီနောင်နှစ်ပါး၊ မှူးမတ် များနှင့်၊ ရှက်အားကျဟန်၊ ယမုပြန်သည်။ ။**အမှန် နှုတ်ခြေ တည့်သာပေ။**

---

### ၆၁-ဆောင်းရာသီ မယ်ဘွဲ့ရတု

(ပ) *မြမြမြေး၍၊ ဆီးသေးနှင်းဖြူ၊ မြူလည်း ကြွေလင့်၊ မပွင့်နေခြည်၊ မကြည်ကောင်းကင်၊ ထောက် ခွင်*အို့ပျ၊ငြိမ့်မျှကိုယ်တွင်း၊ ဆီး,နှင်းကျရွှမ်းချမ်းတို့

---

(၁) မှက်နားလေသ၊ ကြားသမျှမှ(မှ)



www.burmeseclassic.com

www.burmeseclassic.com



စွလည်း၊ရင့်မျှကြာညောင်း[၁]၊တပေါင်းရက်ကျူး၊ မဖူးရက်လ[၂]၊*ဟောမ ရာသီ၊ နာရီပွားတိုး၊သောက်မိုးညှို့ရှည်၊ ဆောင်းခါလည်သည်။ ။ချမ်းသည်ရေးအဟန်တကား[၃]။

(ဒ) ပျပျမွေး၍၊ ပိုက်ထွေးရင့်ငွေ့၊ တူစက်လေ့ကို၊အောက်မေ့မြင်သောင်၊ရှင်မောင်ခေါ်တမ်း၊ဘော်ငယ်ကျွမ်းဟု၊ အလွမ်းရှည်မြင့်၊ ကြာသည်နှင့်သော်၊ထပ်ဆင့်ဗျာပါ၊ မပျော်စွာ၍၊ အခါ*သရစ်၊ ဆောင်းမျိုးနှစ်လည်း၊ အဖြစ်သည့်နှယ်၊ မနှစ်ဘွယ်တည့်[၄]၊သက်လှယ်နှောင်နှင့်၊ ကြင်ပေတင့်စွ၊ မျက်ပွင့်စုံတည်၊မျိုးချစ်ရည်သည်[၅]။ ။လွမ်းသည်သူ မတန်တကား။

(တ) ရွှရွှကေး၍၊ မွေးမွေးပျပျ၊ ရဲရဲလှသား၊ခိုင်မြပွင့်ဖူး၊ဆောင်းပန်းဦးလျှင်၊ တထူးသူနှင့်၊မတင့်လေရာ၊ မယ်နှင့်သာလျှင်၊ *ကြမ္မာဖန်ဆင့်၊ ရည်၍ တင့်သား၊ သခင့်ပန်ဘို့†၊ စီရင်ပို့†၍၊ စိမ်းညို့ ရွှက်ထပ်၊ ချယ်လှပ် ထွားထွား၊ တခြားထူးထွေ[၆]၊ ညှာတင့်ခြေဝယ်၊ငုံပြေချပ်ဝန်း၊ တဆန်းထူးလည်၊ ပန်းမွှေးရည်သည်။ ။*ကျွမ်းမည်သခင် ရန်တကား။

[နဝဒေးရတုပုဒ်ရေ ၂၁၃-တွင် ဤရတုကို တွေ့ရသည်။]

---

၁။ ရင်မြကျညောင်း (မ)
၂။ မဖူးရက်လေ (မ)
၃။ ချမ်းသည်ရေအဟန်တကား။(မ)
၄။ မချမ်းဘွယ်တည့် (မ)
၅။ မျိုးချစ်ကြည်သည် (မ)
၆။ တခြားတထွေ(လ)

www.burmeseclassic.com

www.burmeseclassic.com



## ၆၂-သစ္စာတိုင်-မယ်ဘွဲ့ရတု

(ပ) **မထိုက်ရပ်ရာ**၊ မြိုင်စုံသာဝယ်၊ သူဇာမိုးနေ၊ ဘုံကကြွေသို့၊ ဆံ*ကေရှင်မြ၊ ထုံးရွှရွှလည်း၊ ယုယမမြိုင်၊ လက်သင်မြိတ်လွတ်၊ သွယ်နွဲ့ညွတ်ကို၊ဆွတ်ဆွတ်ခွေ့ခွေ့၊ကြင်မိ၍တည့်၊ မင်းနေ့*စတေ၊ နန်းအောင်မြေဝယ်၊ ရစ်ခွေပတ်ဝိုက်၊ လည်၌ရင်ခွင်၊ စုံကြချင်၍၊ သာရှင်လေးမြတ်၊လျှောက်လှည့်ပတ်လည်း၊နှုတ်လွှတ်မမြွက်၊ ဆယ်မြတ်သက်သည်။ ။**လေးနက်မတုံ့ နေဘိသည်။**

(ဒ) ***သမိုက်အပ်စွာ**၊ ရစကြာကို၊ တောင်ညာနန်း၌၊တင်ပေထိုက်ဟု၊ ဝိုက်ဝိုက်လည်လည်၊ *ဆည်ဆည်ဖြေဖြေ†၊ ပြေ†စိမ့်*ဖြားယောင်း၊ ညွှတ်ခွင့်တောင်းလည်း၊သံညောင်းရိပ်ခြည်၊ မဟာသည်ကြောင့်၊ ကြိုးမည် မသာ၊ နှစ်ကြာကျူးမြင့်၊ လင့်လှည့်ခဲ့ဘိ၊ *လွှမ်းခေါင် ထိစွ[၁]၊ မထိစူဌာ၊ စွယ်လက်ျာလျှင်၊ ချောက်ဝါဉာဏ်ဖြန့်၊ ကယ်လိုက်ကွန့်လော့၊ သက်စွန့်ဆက်ဆက်၊ ကြိုးအံ့ခက်သည်။ ။**ရေထက်လွှမ်းယဉ်တွေဘိသည်။**

(တ) **တလိုက်လျှပ်ဝါ**[၂]၊ *လသော်တာလျှင်၊ချိန်ခါမြန်း၊ညှိပြိုင်ထွန်းသို့၊ မှောင်ကျွန်းဘက်ကင်း၊ ပြာနှဲ့ရှင်းသည်၊ သံညင်း*ဩဇ၊ တို့မဟာတည့်၊ ထပ်မျှန်လဲ†၊ ကျွန်သာလှဲ†၍၊ ဆက်ခဲချစ်ဝန်၊ လေးသော

---

၁။ လွှမ်းခေါင်ထိမျှ (မ)
၂။ တမြိုက်လျှပ်ဝါ (မ)

www.burmeseclassic.com

www.burmeseclassic.com



ဟန်ကို၊ ဆင်းကြွန်ကြည်လဲ့၊ မြရည်ကဲ့သို့၊ ကြင်ဖွဲ့ *စတော၊ ရှုလေလေတည့်၊ မှိုင်ဝေတိမ်ထက်၊ လွန်စုံမက်သည်။ ။ရှေးထက် ကဲလွန့်ချေဘိသည်။

(တောင်ငူမင်း အငယ်စာ)

---

## ၆၃–ကျေးစေ ရတု
## (ဥတည်မင်း–သမီးထံ စေဟန်)

(ပ) **ချင့်တာသုံးထောင်**၊ သချ်ာဆောင်၍၊ တောင်လည်းရုံဝန်း၊ ပန်းလည်းကြိုင်ပျ၊ သာမောလှ၏၊ မိဘမျိုးဆွေ၊ ရွှေတောင်နေသား၊ ခြေကားသန္တာ၊ နှုတ်အာပတ္တမြား၊ *ပြယားမျက်စိ၊ ကိုယ်လုံးညီမျှ၊ နှံ့သိပညာ၊ လိမ္မာဆန်းကြယ်၊ လွန်တင့်တယ်လျက်၊ မင်းဘွယ်စိုးယ†၊ သိကျွမ်းလှသည်၊ နရ†သံတည်[၁]၊ ကျေးမြရည်†–ကျူးရှည်†မြေခြား၊ နိုင်ငံပြားသည်[၂]၊ တိုင်းကားပြောစည်၊ *သင်တွဲပြည်၌၊ ကြီးသည့်အာဏာ၊ တရာရိပ်ဖြူ[၃]၊ အမိုးမူလျက်၊ ကျိုက်ဆူသတင်း၊ *ဥတည်မင်း၏၊ ရင်တွင်းသမီး၊ လျှံညီးဆင်းဝါ၊ ထွတ်ကလျာသို့[၄]၊ မကြာဆောလျင်၊ ပို့စေချင်သည်။ ။**မြသွင်ကျေးသားတမန်သော**။

(ဒု) **ဆင့်ကာ ကုံးမြောင်**၊ ပန်းလက်ဆောင်နှင့်၊ မြအောင်ခွေလိပ်၊ ခတ်တံဆိပ်ကို၊ ဦးထိပ်တင်ထွေ၊ ပ

---

၁။ နရစံတည် (မ)
၂။ နိုင်ငံဖျားသည်(ကဗျာသင်္ဂဟမေဒနီ)
၃။ တင့်ရာရိပ်ဖြူ (ကဗျာ)
၄။ ထွန်းကလျာသို့(မ)

www.burmeseclassic.com



ရောက်လေသော်၊ လှနေစံမြောက်၊ နှစ်ယောက်မဆွယ်၊ ရွှေနန်းလယ်၌၊ သုံးရွှယ်ဝန်းရံ၊ တင့်စံ*နှစ်မြိုက်†၊ နေသောကြိုက်†ဝယ်၊ သောင်းတိုက်ရပ်သား၊ ဝပ်တွားရှိုးရှူ၊ ခွန်ဆက်ပြုသည်၊ ကေတုမတီ၊ သိင်္ဂီနန်းတည်၊ ပွင့်လင်းစည်သား[၁]၊ ရွှေပြည်အုပ်စိုး[၂]၊ အခေါင်မိုးသည်၊ နေမျိုးလူ့ဖျား၊ မင်းတရား၏၊ *သည်းကြားရင်သွေး၊ သားတော်ထွေးဟု၊ နီး‚ဝေးကြေညာ၊ ကျော်*ဌန်ဌါလျက်၊ အာဏာလွှန်ကဲ၊ မြိုင်ဘက်*ရှဲ†သား၊ မင်းရဲ†ကျော်ထင်၊ ကျွန်းလုံးရှင်က[၃]၊ ရပ်ခွင်မြေခြား၊ စေသောအားဖြင့်၊ ထိပ်ပါးရွှေမှောက်၊ ရောက်သောဟန်ကို၊ မကျန်ကြောင်းလျား၊ ပြန်လျှောက်ကြားသည်။ ။**စကားကြွင်းမဲ့ မချန်သော။**

(တ) **သင့်စွာထုံးနှောင်**၊ မိန့်စာစောင်နှင့်၊ ရွှေရောင်အသား၊ ကြိုင်*ပျံ့ရှားသည်၊ စကားသီရိုး၊ ဆက်ငြီးဆိုးမှ၊ တောလုံး*ပေါဝန်၊ ကျူးခဲ့လွန်၍၊ တမန်တို့ခေါက်၊ ပြန်လှာရောက်ဟု၊ ပေါက်ပေါက်ပျားရည်၊ ချစ်ကြည်မြတ်လေး၊ လက်တော်ကျွေး၍၊ *ဆေးလေးကြောင်းဝန်†၊ လျှောက်လိုက်ဟန်ကို၊ ဘုန်းဌန်†နတ်တူ၊ မေးတော်မူသော်၊ ရန်သူအလုံး၊ *ကြောက်ရွံ့ချုံးသည်၊ ပတ်ကုံးကျော်ကြား၊ ထွတ်ဘုရား····။ ။နှစ်ပါးတွေးဆ၊ မယွင်းခွနှင့်၊ မြွက်ဟသံညောင်း၊ လျှောက်လိုက်ကြောင်းမှု၊ တသောင်းသချာ၊ ကျွန်းမျက်နှာ

၁။ ၂-ဆက်မြင့်ရှည်သား၊ တိုင်းစည်ရှင်၊ နဂရ်မိုးပြည်မအုပ်စိုး၊ (ကဗျာသင်္ဂဟဇမေဒနီ)

၃။ ကျွန်ုပ်ရှင်က (မ)

www.burmeseclassic.com



ထက်၊ မြားစွာအပေါင်း၊ ရှစ်သောင်း လေးထောင်၊ မြို့*ကုန်အောင်ကို၊ အခေါင်လက်ရှိုး၊ သိမ်းကျုံးအာဏာ၊ စိုးသောခါမှ၊ လက်ယာတောင်နေ၊ ဖြစ်ပါစေဟု၊ သံခြေသံချို၊ကျွန်ုပ်ကိုလျှင်၊ မြွက်ဆိုကြောင်းလျှား လျှောက်လိုက်ကြားသည်။ ။ပျို့ထွားချော်နွဲ နတ်ဟန်သော။

[ထိုတွင်''ချင့်တာသုံးထောင်''ချီသော ရတုကို တောင်ငူမင်းရဲကျော်ထင်စာဟူ၍ အချို့စာများတွင် လိပ်စာရှိသည်၊တောင်ငူမင်း ဆိုသောစာ''အထွတ်ထက်မှာ'' ချီ ရတုကို မင်းရဲကျော်ထင်စာခံသကဲ့သို့ ထိုရတုစုံကိုလည်း မင်းရဲကျော်ထင်စာဘွဲ့ခံသာ ဖြစ်မည်၊ ရှေးမှုကောင်းများနှင့် တိုက်မှ သိသာမည်။ ။လက်ဝဲနော်ရထာ မှတ်ချက်။]

---

၆၄–ကျေးစစ ရတု
(ရခိုင်မင်းသမီးထံစေတန်)

(၁) ယူဇနာ့လျှင်၊ သချာမြင့်ဆောင်း၊ တာပြေပေါင်း၍၊ရှစ်သောင်းလေးထောင်၊မြင့်ခေါင်သွယ်ဖြူး၊ မြင်းမိုရ်ဦး၌၊နတ်မျှုးအများ၊ သိကြားတို့သာ၊စေထိုက်စွာသည်၊နရာသုဝ၊ကျေးညိုမြ ⋯။ ။ပုံကြွေချော၊နော်မင်းမှုကို၊ နှိုင်းတုမရ၊ သာလှခေါင်တိုင်၊ မြို့ရခိုင်ကိုစိုးပိုင်သနင်း၊ ထိုသည်မင်း၏၊ရင်တွင်း*သည်းကြား*ပိုက်ချုံဖွားသည်၊ ညက်ထွားပြာဖြူ၊ ဆင်းနှင်ကာကို။ ။လေးယူလျှောက်ချေ ကျေးမြတ်တွေ။

---

၁။ စေထိုက်ရာသည် (ကဗျာသင်္ဂဟဒီပနီ)
၂။ ကျေးမြတ်တွေ (မ) ကျေးမြဲဆွေ (ကဗျာ)

www.burmeseclassic.com

www.burmeseclassic.com



(ဒ) **တူမကျွာလျှင်**†၊ဆက်တိုင်းပင်တည့်၊ရွှေရင်†၊ တူကျွ၊ ပျော်ချင်လှသည်၊ ဌာနဝေးခေါင်၊ သားထွေး မောင်….။ ။ရွှေရောင်ဝင်းဆဲ၊ ရွှေပေစာနှင့်၊ သိင်္ဂါ ရောင်ရွှန်း၊ သဘင်နန်း၌၊ များလွန်းခြွေရံ၊ ပျော်စံစဉ် တွင်၊ ကျေးမြရှင်လျှင်၊မဝင်ဦးပဲ၊ ခွဲ၍တန့်နေ၊ အပန်း ပြေမှ၊သာထွေ*ညင်းညင်း၊ တောင်*ပြတင်း၌၊ သက် နှင်းဝေထိုက်၊ နေစဉ်ကြိုက်ဝယ်၊ နန်း၌*ပည်းမျှ၊ ထိန်းယဘော်ရွှေ၊ မမြင်စေနှင့်၊ ဝင်လေခန်းရောက်၊ ဆင်းစံမြောက်ကို။ ။**ညွတ်လျောက်သောထွေ လေး လှစေ။**

(တ) **လူတကာလျှင်၊** *မွှမ်းဖျင်စောင့်ရှောက်၊ အထောက်ထောက်ကို၊ ရှုံကြောက်မဲ့ထွေ၊ ဝင်ရောက် လေသော်၊ *သံချေမြမြ၊ ဘယ်သူကဟု၊ *ဩဇ *ကြောင်းလျား၊ မေးနှင့်ငြားမူ၊ မြစ်ကား ငါးသွယ်၊ သာမျိုးကွယ်၍၊ ပျော်ဘွယ်လွန်လှ၊ ပြောဝကျယ်မော၊ မင်းစံကြောထက်၊ ပြင်းသောတေဇာ၊ကေရာ၏၊သည်း ချာသားတော်၊ ရှင့်ယှဉ်ဘော်က ၊ လွမ်းသော်ဖြေရာ၊ *သဝန်စာနှင့်၊ လိမ္မာတွတ်တွတ်၊ လှမျှားနတ်ကို။ ။ **ရိုညွတ်သောထွေ ကျေးလှစေ။**

---

၆၅-ကျေးစေရတု

**(တုသိတာနတ်ပြည် ဘုရားလောင်းနတ်သားထံစေဟန်)**

(ပ) **ရေးမှတ်လင့်ရည်**၂၊အာရုံတည်က၊ကျင်လည် ကြရာ၊လူတို့ရွှာဝယ်၊ မကွာဆုရန်၊ တောင်းဘက်ဖြန့်၍၊

---

၁။ ကျွန်နှုရှင်ပေါက (ကဗျာ)
၂။ ရေးမှတ်မြင့်ရှည် (လ)

www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန် သေ့ာအား၊ စိုးသိကြားလျှင်၊ မှတ်သား မယ်သို့၊ရောက်အောင်ပို့သည်၊မွေးဘွဲ့တော်ပေ၊ ကျေး မြွေထွေ....။ ။တိမ်ခြေမြင့်ထွတ်၊သုံးဘုံနတ်ကို၊ဖုံ့ညွှတ် လျှင်လှ၊လွှန်လေမှလျှင်၊ဘုရားအလျာ၊ တုသိတာဝယ်၊ ပွင့်ခါရည်ငံ၊လင့်လျက်စံ၏၊ မြည့်နီစက်၊ဝတ်ဆံချက်မူ၊ ဖြစ်ခက်ပေရော၊ ခေါင်ရမ်းဝါကို၊ လိမ္မာတတ်ခေါင်း ကျေးမျှားနောင်သည်။ ။*ပွဲဘောင်တင်မြဲ့ဆက်ပခါ့။

(ဒ) **စေးထွတ်မြင့်ရှည်**၊ထက်ဘုံပြည်၌၊ဝန်းလည် ရံပတ်၊ လုံးစုံနတ်ဝယ်၊ *တမွတ်ထားတန်၊ သွားဟန် နေ့ရှပ်၊မြချုပ်လေစံ၊ ဆိုသံမရှိင်း၊ဟ တိုင်းစက်ပြောင်၊ တင့်ခေါင်ကဲလွန်၊ဗေဒိရန်ကို၊ ကေန်သတိ၊မြော်လျှင် သိအံ့၊ ဆံရှိမြွေမွေ၊ *မရွှံလေနှင့်၊ လေးထွေသစ္စာ ပွင့်သောခါလျှင်၊ မြတ်ရာရှေ့ရှည်၊ ဆိုလျှင်းသည်ဟု ရိပ်ခြည်ဖေါ်ပြ၊ ယခုကပင်၊ မှတ်ရပါရန်၊ မိန့်တော် ပန့်မှ၊ လာပြန်မည့်နေ့၊ ကြားလျှောက်၍တို၊ ပျော်မွေ့ ရှံ့သာ၊ကျေးပျော်ရာသည်။ ။**ပညာမြော်ငဲ့ စက်ပခါ့**။

(တ) **လေးမြွတ် တင့်သည်**၊ ပွင့်ဆင်းရည်ကို မှတ်သည်သတိ၊ ရှုမိမိတည့်၊ မျက်စိလွှန်ကျူး၊ သိ မူးမျှခြားထူးထွေဆန်း၊ပေါ်သစ်ပန်းလျှင်[၁]၊ သောင်း ဝန်းလွှံ့ပတ်၊ လောကဓာတ်ဝယ်၊ လူနတ် မြော်နှင့် ကျွတ်မည်လင့်သည်၊ ရိုက်ဆင့်ဗွန်ကျော်၊မြတ်လေး တော်သို့၊ *ကော်ရော်ညွှတ်လျက်၊ခန့်ပိုင်ဆင်လော ဖိုလ်,မဂ်ရတန်၊ မြမှန်နေကျ၊ စောင့်ဆိုလလည်

၁။ ပေါ်သစ်ပန်းတို့(မ)

www.burmeseclassic.com



တစမယွင်း၊ကြည်ရွှင်းစိတ်ထက်၊ရေစက်သွန်းချ၊မြေမျှ မလပ်၊တဲထပ်ယူလေ့၊ ကြိုးသရွေ့ကို၊ ကျန်မေ့လေတုံ၊ မိကြေးမုံသည်၊ ။စေ့စုံကြွင်းမဲ့ မြွက်ပါခဲ့။

---

## ၆၆-ဆောင်းရာသီမယ်ဘွဲ့ ရတု

(ပ) **နတ်လကျွန်း၍**၊ ဆန်းတုံပြာသို၊ ပင်တိုင်း ညိုမျှ၊ မြူလိုပုံ့မွှန်း၊ ထုံရည်သွန်းသို့၊ နတ်ပန်း*ခွံမြ၊ ဆေါ်သည်လဝယ်၊ တရာ့တဆောင်း၊ ရှုံးလှာ ပေါင်း သည်း၊ တူကြောင်းမရှည့်[၁]၊ချမ်းလှ၏ရှင့်၊ လွမ်းသည့် စိတ်ကို၊သို့စင်ဆိုလည်း၊ ရွယ်ပျိုငြိမ့်လေး၊မယ်နှင့်ဝေးခဲ့၊ အေးအေးငြိမ့်ငြိမ့်၊စိမ့်စိမ့်ဆွတ်ဆွတ်၊ သေပြတ်ဘနန်း၊ ကျွန်း,မအိ၊မြွက်ချီမဟာ၊ပျောင်းပျမရွှင်၊မျိုးသခင်နှင့်၊ ရှင်နွဲ့ပိုက်၊နှလုံးကြိုက်ဝယ်[၂]၊ခါလိုက်ပတ်ချုပ်၊ မှိုင်း ညှပ်ဆီးကြွေ၊ချမ်းထွေထွေသည်။ ။**ဓေဘီသည်လည်း အိုဘဲ့နှင်း။**

(ဒု) ***ညွှတ်ခဝန်း၍**၊ နှင်းနှင်းမြိုင်ရည်၊ အပြည် ပြည့်ဝယ်၊စံတည်ကော၊ဟူသမျှလည်း၊ထိပ်စ*ကြက်ရုံး၊ ချုံကုံးသို့၊သက်လုံးမပြောင်း၊ ကြင်ပေကောင်းစွ၊ မြ ဆောင်း*ကေသျှင်၊ မလွတ်ခင်က၊ ရည်ထင်နေကြ၊ ကြိုက်သမျှဖြင့်၊နှစ်,လတာရှည်၊ကြိုးရမည်ကို၊ဆံခြည်မြူ သေး၊မရှိဝေးခဲ့၊[ ]ရေးသည့်ခြင်းရာ၊ဆင်းပြင်လျှာကို၊ စိတ်မှာသို့ပင်၊စက်တိုင်းထင်ခဲ့၊ ခြောက်ခွင်နတ်ဘုံ၊ ရှ

---

၁။ တူကြောင်းတရှည့်(မ)
၂။ နှလုံးပိုက်ဝယ်(မ)

www.burmeseclassic.com

www.burmeseclassic.com



လုံးချုံ့ဝယ်၊ငါးစုံအင်နှင့်၊ဆင်တိုင်းသင့်၍။ ။တင့်တိ
သည်လည်း ညှိုလဲ့ဝင်း။

(တ) ဆွတ်မျှဖျန်း၍၊မကျန်းပျောင်းပျ၊ ဖြစ်ခြင်း
တကို၊မြွက်ဟာ*လုံးချုံ၊ ဆိုမကုံတည့်၊ အာရုံစိတ်ပြေး၊
ဆင်း*ငြိမ့်လေးဝယ်၊နတ်ပေးတမှတ်၊သက်လုံးညွတ်၍၊
သည်းဆွတ်ကြိမ်ဖန်၊ထိပ်ဦးဒုန်မျှ၊လွမ်းဟန်မိန်းမူး[၁]†၊
မပြေဘူးတည့်၊ ရှုံးမူး†လျှံဝေ[၂]၊ ကြင်ထိုက်ပေသား၊
မြုတေဖြူဝင်း၊ ပြာလဲ့ရှင်းကို၊ နှုန်းကင်းဘက်ရှောင်၊
သုံးရွေဘောင်ဝယ်၊လှခေါင်စံကျွန်း၊လန္ဒယ်ထွန်း၍။ ။
ရွှန်းတိသည်လည်း ပျိုနွဲ့ရှင်း။

[ဤ''နတ်လကျွန်း၍''ချိ ရတုကို နဝဒေးရတု
ပေါင်းချုပ်ပုဒ်စဉ် ၁၄၄-တွင် နဝဒေးရေးဟု လိပ်
စာတပ်၍တွေ့ရသည်၊ သို့ရာတွင် [ ] ကွင်းအတွင်း၌
''ရေးရေးပြတ်ပြတ်၊ နေကြမှတ်၍၊ လွမ်းဆွတ်လည်း
လျောင်း။ကြာသို့ပျောင်းမျှ၊ သည်းထောင်းဝမ်းထဲ၊
လွမ်းစကဲတွင်၊ ဆီးဖွဲ့နှင်းဘက်၊ ဖြည်းလေသက်က၊
ရောရှက်ကြထွေ၊ စိတ်ကိုချွေသို့၊ ဆည်နေဖျော်ဖြည့်၊
မနိုင်လှည့်တည့်''ဟု နဝဒေးရတု၌ ပိုမိုပါရှိသည်
မှာကား ထူးခြားသည်။]

---

## ၆၇-ကျိုက်ခေါက်ဘုရားတိုင် မယ်ဘွဲ့ရတု

(ပ) ဖြန့်ဝန်းစကြာ၊ ဖြူရိပ်သာနှင့်၊ အာကာပို
ကြွ၊ ဆက်ဒန်ရသည်[၃]၊ လင်းကစဉ့်ရှည်၊ ကျော်စေ
တည်သား၊ ဇံလည်သမုဒ်၊ *ရစ်ဝုတ်ရှက်ဆုံ၊ တံဂုံ

---

၁။ လွမ်းမာန်မိန်းမူး(မ)
၂။ ရှုမူးလျှံဝေ(မ)
၃။ ဆဒ္ဒန်ရသည်(ရ)

www.burmeseclassic.com

www.burmeseclassic.com


ခည်မှတ်[၁]၊ မှူးမေဒ်ညွတ်မျှ၊ *မိနုတ်တန်ဆောင်၊ နေပြည်ထောင်ဝယ်၊ ပွင့်ရောင်အပ၊ ဖူးစ*ညွန့်ကိုက်၊ ငုံလိုက်*စဲစဲ၊ ပုလဲသန္တာ၊ နီလာခြယ်နစ်၊ တင်ကြောင်းချစ်သို၊ ရှင်ချစ်ရှိရာ၊ ပန်းတကာလည်း၊ ကုံးလာရွှေစက်[၂]†၊ ထိမှူးဆက်†၏၊ ဘဝဂ်ရပ်သူ၊ နတ်လူဗွန်ချောက်၊ညွတ်ခရောက်သည်။ ။**ကျွတ်ခေါက်ကောင်းထင့် ထွတ်တင်သော။**

(၃) **ကွန့်ရှန်းရှက်ဖြာ**[၃]၊ နေတရာ၏၊ ထွန်းဝါရောင်လျှံ[၄]၊ တူကြောင်းစံ†လည်း၊မဆံ†ဝေးကြီး၊တိမ်ထပ်ဆီးသို၊ မနီးရောင်ခြည်၊ မြပ်ပျောက် လည်လိမ့်၊ ထက်ပြည်အာကာ၊ ရံခါမဟူ၊ ဇမ္ဗူရည်ပွင့်၊ မိုးလုံးတင့်သား၊ ရှင်ပင့်*စတေ၊ ခုနစ်နေတည့်၊ *မီး, ရေ, လေဆိုး၊ *ခြောက်ဘုံလုံးက၊ ရွက်ကျုံးရှိဦး၊စောဘုန်းထူးကို၊ *မဖူးကြွားကာ၊ သည်သာစက်၌၊ ကြိုကြိုက်တွေ့ရ၊ ဆယ်ဆဆယ်ပြန်၊ ကျူးလွန်စုံမက်၊ ရှေးထက်ဝမ်းမြောက်၊ပြည့်ဆုလျှောက်†သည်။ ။**မရောက်†တောင်းသင့် မှတ်ထင်သော။**

(၈) ***ခန့်မှန်းသက်သာ**၊ ချစ်သူမှာနှင့်၊လွမ်းတာခဝေး၊ ပြည့်မည်ရေးကား၊ * ကျူးဇမစ၊ မပြမိုးသား၊ နည်းများညိုစင်၊ မဆင်ခင်ဝယ်၊ ရှင်ပင်တေဇာ၊ ထွန်း

---

၁။ တကုံမည်မှတ် (မ)
၂။ ကုံးမှာရွှေစက် (လ)
၃။ ကွန့်ရှန်းရှက်ဖြာ (လ)
၄။ ထွန်းဝါမြိုင်ရံ (မ)

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ဝါဖြင့်၊ မေတ္တာရှေးရှု၊ ဖြည့်တော်မူလော့[၁]၊ ဇမ္ဗူနဒ၊ ဝေပူမြနှင့်၊ သိင်္ဂီတဝက်၊ သွန်း၍ရှက်သို့၊ မွတ်ညက်ပြာဝင်း၊ သွယ်နွဲ့ရှင်းကို၊ *လှူချင်းဝယ်သော်၊ မူးမော်ပန်းကာ၊ မရရာတည့်၊ စကြာရွှေတည်၊ ရောက်တိုင်းလည့်လည်း၊ *နှစ်မည်မထောက်၊ စံဖြစ်လောက်သည်။ ။ခြောက်ယောက်နှောင်းမြင့် နတ်ပင်သော။

[ထိုရတုကို တောင်ငူမင်း သံလျင်သို့ ရောက်မှ ဆိုသည်-ဟူ၍ စကားစဉ်ရှိသည်။ ။လက်ဝဲ နော်ရထာ မှတ်ချက်။]

---

## လက်ဝဲနော်ရထာ ပေတင်နိဂုံး

အလောင်းမင်းတရားကြီးလက်ထက်တော် ဟံသာဝတီ နန်းတော်၌"လက်ဝဲနော်ရထာ"ဘွဲ့ သနားတော်ခံရသော အမရပူရမြို့တည်,နန်းတည်ဆင်ဖြူရှင်ဘုရားလက်ထက်တော် အမရပူရ ရွှေနန်းတော်၌ "မဟာသီဟသူရ"ဘွဲ့ သနားတော်ခံရသော အတွင်းဝန် အမတ်သည် ကပိအဆက်ဆက် ရွှေနန်းရှေ့ဘုံ၌ သုံးဆောင်ပြန်ဆိုသော တောင်ငူမင်းဆိုရတုများကို လေ့ကျက်ရင်း ဝါစုဂ္ဂတ ရှိသည့်အတိုင်း တောင်ငူမင်းဆိုရတုအစောင်စောင်နှင့် တိုက်ဆိုင်ညှိသည်။

သျှင်ဥက္ကံသမာလာဖြေသော အဖြေ၌ ဝိဘတ်ခုနစ်သွယ်,ကံ,ကတ္တား သဒ္ဒါနေများနှင့် တောင်ငူဆိုရတုမူဟောင်း အစောင်စောင်တွင် ယုတ္တိ လက္ခဏာ အရေရာကို တည်းဖြတ်,ဆင်ခြင်, ညှိနှိုင်းပြင်ဆင်၍အကြိမ်ကြိမ်ကြည့်ပြီးလျှင် ပေသို့တင်သည်။

---

၁။ သစ္စာရှေးရှု၊ ရှုတော်မူလော့ (မှ)(မ)

www.burmeseclassic.com

www.burmeseclassic.com



ထိုရတုစုံ ၆၇-စုံတွင် "ဘဝင်ရှည့်ဝေ, ယူဇနာချောင်း, ပျပျမွေး၍" ရှိသည့်စာသည် တောင်ငူမင်း ဆိုသောစကားသံနှင့် ညြဇရာ်မတူသည် ဖြစ်လျက် လိပ်တွင် တောင်ငူမင်းစာတော်ဟူ၍"ကျောက်ကြီးငါး နို"ဆိုသကဲ့သို့ ထွေးရော၍ ပါလှာသည်၊ ညြဇရာ် ညီ့သည်၊ ထိုရတုသုံးစုံကိုလည်း မင်းအဆက်ဆက် ရွှေနန်းရွှေဘုံများဝယ် ကဝိတို့ သုံးဆောင်ဖြန့်သော တောင်ငူမင်းဆို ရတုမှုဟောင်းမှုကောင်းများနှင့် ညှိ နှိုင်းတိုက်ဆိုင်၍ညီမှ တောင်ငူမင်းဆို ရတုမှန်သည် ဟူ၍ နောက်ကဝိတို့ ယူရမည်ထင်ပေသည်။

**လက်ဝဲနော်ရထာ စိစစ် တည်းဖြတ် ပေတင်အပ်သော နတ်သျှင်နောင် ရတုပိုဒ်စုံ ၆၇-ပုဒ် ဤတွင်ရွေ့ ပြီး၏။**

**ပေရေးကျူး ခု-နှစ်**

သက္ကရာဇ် ၁၂၁၇-ခု တော်သလင်း လပြည့်ကျော် ၁၅-ရက် အင်္ဂါနေ့ နေ့တချက်တီးကျော် အချိန်တွင် ပြီးအောင်မြင်သည်၊ ပု,ဒိ,အာနှင့် ပြည့် စုံရပါလို၏။



www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆက်တွဲ

ရတုများကိုစိစစ်ပြီး နှတ်သျှင်နှောင် ရတုအဖြစ် လက်ခံနေရသော ပေမူတွင် တင်ခဲ့သော ပုဒ်ရေမှာ ၆၇–ပုဒ်မျှသာ ရှိလေသည်၊ ရှေးအခါ ကျွန်ုပ်တို့ ဟံသာ ဝတီပုံနှိပ်တိုက် ရိုက်နှိပ်စဉ်က ယခုရရှိသော ပေမူနှင့်မကိုက်ညီသည့် ပိုဒ်စုံ ၅–ပုဒ်ကို တွေ့ရပေ သည်၊ ထို ၅–ပုဒ်တွင် "ဘက်လွတ်စံရာ" ချီပိုဒ်စုံ နှင့်"လုံးစုံမြဲ" ချီပိုဒ်စုံတို့ကို ရွှေနားတော်သွင်း ခွဲထားတွင် နှတ်သျှင်နှောင် ရတုအဖြစ် ကိုးကား ပြဆိုသည်ကို တွေ့ရသည်၊ "နဝမျက်ရှင်" ချီပိုဒ်စုံ မှာ နဝဒေးရတုပေါင်းချုပ် ပုဒ်စဉ် ၁၂၃–တွင် တွေ့ရသည်၊ ကျန် ၂–ပုဒ်ကိုမူ မတွေ့ရသေးပေ၊ ၎င်းပိုဒ်စုံ၅–ပုဒ်ကိုနောက်ဆက်တွဲအဖြစ် ထည့်သွင်း ဖော်ပြလိုက်ပါသည်။

---

### ၁–ဘုရားတိုင်ရတု

၁။ **ဘက်လွတ်စံရာ**†၊ရစ်သန်းဖြာသား၊ရော†ရှက်ရံ၊ မင်းဝိဌာန၊အောင်ချက်မဝယ်၊ဇော်တလျှံဟုံ၊ ကိုးမည် စုံသား၊ နိတုံသွန်းမြောက်၊ မြေကပေါက်သို့၊ မောက် မောက်ဖြိုးဖြိုး၊ ဆောင်းမိုးစကြာ၊ ဖြန့်ဝန်းကာလျက်၊ ဗျာပါလွှမ်းပူ၊ရှိသူတို့၊ဆုယူတောင့်တ၊တောင်းသမျှ ကို၊ကြောင့်ကြပယ်သိမ်း၊ရေမယိမ်းတည့်၊ငြိမ်းအေး ချမ်းကြည်၊ ဖြည့်လျှင်းသည်ဟု၊ သောင်းပြည်ရှင်ရှိ၊ မြောက်ထပ်နတ်ရွာ၊ကျော်ဇှန်ဝါလျက်၊ ဖြုဖြာတသွန်၊ ရှိပနိုကပ်ဆည်း†၊ကျွတ်ဆုရည်းသည်။ ။**ရွှေစည်း**† **ခုံရှင် တော်တကား**။

www.burmeseclassic.com



၂။ **စက်ပတ်လျှံဖြာ†**၊ ရောင်အဝါလည်း၊ စိမ်းပြာ†ရစ်လျက်၊ ဖြိုးမြက်မောင်းမောင်း၊ ခြောက်မည်ပေါင်းလျက်၊ သိန်းသောင်းနေဝန်း၊ ပြိုင်၍ထွန်းသို့၊ ရွှန်းရွှန်းကွန့်တက်၊ ဘဝဂ်ထုတ်ချင်း၊ လျှံဝင်းပြောင်ပြောင်၊ ထွတ်ဘုန်းခေါင်ကို၊ လက်ဆောင်ရှိရည်၊သုံးပတ်လည်မျှ၊သာကြည်ပွဲ့ပျူး၊ပန်ပါဦးအံ့၊ တိမ်းမူးခွေပျောင်း၊ကျွန်သာညောင်းမျှ၊နှစ်ဆောင်းနှစ်နွေ၊ကျူးသာတွေကို။ စေ့ရေဘန်ခေါက်၊ ကြိမ်ကြိမ်လျှောက်လည်း၊စံမြောက်ပိုင်ဝေး၊ဖူမွတ်မွေးလျှင်၊ စိတ်တွေးငယ်မူ၊ သို့သာဟူ၍၊ ပွဲ့ကြူသြဇ၊ မြွက်မဟာသော်၊ ခွတ်မျှခွေပတ်၊ မပြေတတ်ခဲ့၊ တမွတ်သာတည်း၊ မေတ္တာစည်းသည်။ **။ဆွေနည်းယုံကြင် ဘော်တကား။**

၃။ **သက်မှတ်စံရာ**၊ သခင်သာဟု၊မေတ္တာမြင်းမိုရ်၊ နှင့်သာဆိုလည်း၊ တိမ်ညိုဝန်းလည်၊ မိုးစည်သံထင်၊ ဝါဝင်ရာသီ၊ နီးခဲ့ပြီတည့်၊ တိမ်ဆီတင်မျှ၊ ကြားသည်ကပင်၊ကဲဆစုံမက်၊ စက်လည်းမတည်၊ ဖြေဆည်မတုံ၊ဆွတ်ပျံ့တိမ်းပါး၊ ဘန်ရထားနှင့်၊ နဂါးစက်ခွင်၊ နီးပါလျှင်ဟု၊ သာရှင်မညောင်း၊ စုံချင်ကြောင်းကို၊ ညက်ပေါင်းခွေပတ်၊ ရှင်တော်ချွတ်လော့၊နတ်လည်းနိုးခဲ၊ဝဲဂီဝါ၊ပျော်မည်ကြာ၍၊လွမ်းတာရက်လ၊ ငံ့နှင့်ရခဲ့၊ အလှတမူ၊ပြာဖူမွတ်ညက်၊ဆယ်ထက်မက၊ဦးရွှေရသား၊နိုက္ခစတော၊တထောင်ရွှေကို၊ ကိုးထွေမျက်နှစ်သွန်း၍ဖြစ်သို့၊ ကျစ်လစ်မူနည်၊ တည်ကြည်လျှောက်ပတ်၊ စံမျိုးလွတ်သား၊ သွယ်ညွတ်လျာချည်ပြင်ဆိုးဆည်းသည်။ **။နေလည်းစုံရှင် ပျော်တကား။**

---

www.burmeseclassic.com

www.burmeseclassic.com



## ၂-ကျေးစေရတု

၁။ **လုံးစုံမြှ၍**၊ သုဝမည်ပင်၊ ခေါ်ဝေါ်တွင်သည်၊ ကောင်းကင်ပျံလေ၊ ကြက်တောရွှေ....။ ။သက်ဝေ ကျွမ်းဝင်၊ နောင်မင်းကြင်သို့၊ သခင်ကိုယ်စား၊ ပန်းစကားကို၊ နှုတ်ဖျားရွှရွှ၊ ယုယမွေ့မွေ့၊ ချီခဲ့၍သည့်၊ အရှေ့မြင်းမိုရ်၊ ယုဂန်မိုရ်က၊ ကိုယ်ကိုမျှထွေ၊ ပန်းနားမြေမှ၊ ပျံလေစိုက်စိုက်၊ ပန်းဖက်ကိုက်၍၊ တိမ်တိုက်ထိုးဘောက်၊ မနှံ့ကြောက်နှင့်၊ ထွန်းတောက်ပြောင်ပြောင်၊ ဉာဏ်တော်ရောင်ကြောင့်၊ မြောက်တောင်ရှေ့နောက်၊ ပတ်လျှောက်ဝန်းကျင်၊ လေပုန်းဆင်သည်။ ။**ကောင်းကင်ဝေလည် ပျောက်လိမ့်မည်။**

၂။ **ထုံးပုံပြ၍**၊ ကြောင်းစမကျန်၊ စေ့စေ့ပြန်အံ့၊ တမန်ကျေးမြတ်၊ ရွှေနားညွတ်လော့၊ ဆိုခတ်ရှိရာ၊ မရောက်သာဟု၊ သင်္ကာစကား၊ အပြင်းများမူ၊ ပိုးဝါးဆံမျှ၊ မကြောင့်ကြနှင့်၊ မာယလုလင်၊ မြင်းမိုရ်သျှင်၏၊ သည်ပင်မှတ်ထ၊ ဥဇ္ဇိုင်းမလျှင်၊ သာလှ ထူးလည်၊ သီကြားပြည်သို့၊ သာကြည်ရွှင်မြူး၊ ရောက်လေဘူး၏၊ စူးစူးတည့်တည့်၊ ရိပ်ခြည်ကြည့်၍၊ ပျံလှည့်လျင်လျှား†၊ ညီကျေးသွားသည်။ ။†**ဘုရားသို့ရည် ရောက်လိမ့်မည်။**

(၃)**သုံးပုံပ၍**၊ နေလတည့်မွန်း၊ တက်သစ်ထွန်းသို့၊ တသန်းရောင်ခြည်၊ အလျှံတည်သား၊ ဘုန်းစည်တောင် ထိန်၊ မာရဇိန်၏၊ ရောင်ရှိန်ခြောက်ဖြာ၊ ဆံစုသာဟု၊ သဒ္ဒါနှစ်ခြိုက်၊ နှလုံးပိုက်၍၊ စိုက်စိုက်အာရုံ ပီတိဟုံ ဖြင့်၊ ကြည်ရှုံ့သဘော၊ မြတ်ရှင်စောသို့၊ ကြွပါတော့ကျေး

www.burmeseclassic.com

www.burmeseclassic.com



လှ၊ရောက်လေကလျှင်၊ စိမ်းမြညိုရောင်၊ ပန်းတန်ဆောင်သည်။ ။ဖူးခေါင်ညွန့်ရှည် ပေါက်လိမ့်မည်။

## ၃-ကျေးစေရတု

၁။ **နဝမျက်ရှင်၊** ကိုးပါး အင်တည့်၊ ခြယ်**သ**င်သီရိုး၊ စီ၍ကုံးသို့၊ တောင်မိုး လည်ရန်း၊ နှုတ်စွန်းပြယား၊ ထိပ်ဖျားရွှေသွယ်၊ တင့်တယ် ဆင်းရောင်၊ ကိုယ်လုံး ပြောင်မျှ၊ ဝေးခေါင် တိုင်းခန်း၊ မလ္လာကျွန်းက၊ ဘက်ညွန်း ရည်မွေး၊ နတ်တို့ပေးသား၊ ခွင့်ရေးမှုချိ၊ ရာတိုင်းသိသည်၊ဇာတိရှည်ဝေး၊ ဟောဝန်ကျေး….။ ။နှစ်တွေးမရှိ၊ကြွင်ခေါင်ထိသား၊ မျက်စိနှစ်လုံး၊စုရုံးနှင်းဆက်၊နောင်မင်းသက်လျှင်၊ ချီးလက်ရေကာ၊ လကိုစာသော်၊ ခန့်မှာသည်နှင့်၊ မတန်မြင့်ခဲ့၊ ရေဖြင့်လွှတ်ကာ၊ နေတွေ့ကြာသို့၊ ပမာမယွင်း၊ ပြာထွတ်ဝင်းသည်။ ။**လွှမ်းတင်ပြေကာ ပျော်လိမ့်မည်။**

၂။ **မမျှဘက်အင်၊**ဘုံဇြောက်ခွင်၌၊ကြာတွင် နတ်ဟူ၊နွယ်ဝယ်သူလည်း၊မတူလှရည်၊ စံသာတည်သား၊ ပြာခြည်နွဲ့ရှင်း၊ လှမှန်ကင်းမူ၊ သလင်းပြက်စောင်၊ ဘုံဆောင်စက်ခန်း၊ သလွန်ဆန်းထက်၊ ခြယ်သန်းစီရက်၊ ပြောက်ကွက် ကျည်းဖြစ်၊ မှိအုံး သစ်ဝယ်၊ နွဲ့ရစ်မရှင်၊ နတ်သွင် သုံးထွေ၊ ရုံမြရွှေနှင့်၊ နေသော ကြိုက်တွင်၊ ရောက်လေ လျှင်မူ၊ ဆံမျှင်မြူမွှေ၊ မိစွန်းစေနှင့်၊ စစ်မြေသူ့ရွာ၊ ထွေလာစမော၊ တောင်တော ပတ်လည်၊ လေပြည်ထပ်လောင်း၊ ညချမ်းပေါင်း၍၊

www.burmeseclassic.com

www.burmeseclassic.com



ပျောင်းသက်ဖြစ်ကို၊စိစစ်ရေးကုံ၊လျှောက်ခြေတုံလော့၊ မစုံဘော်ကွာ၊မယ်တို့မှာကား၊ လွှမ်းသာလျှောက်ပင်၊ စွေမပွင့်သည်။ ။နှင်းနှင့်လေသာ ဆော်လိမ့်မည်။

၃။ **တမျှသက်တင်**၊ ဆက်တိုင်းကြင်သား၊ဆံမျှင် မသွေ၊ ဘုံသုံးမြေဌ၊ရှင်ပေခဲ့ဘူး၊ရွှေသို့ဦးသား၊ စုံပူး တူကွ၊ နေသော်ကလျှင်၊ ကြင်ဆတိုးပွား၊ နည်းများ မတန့်၊ချစ်ညွန့်ကဲတိုး ၊ပန်းသို့ပျိုးသား၊ပြစ်မျိုးကွာလုံ လှထွတ်စံသို့၊ပျံတုံလေမူ၊ ပန်းဖြေစလျှင်၊ မျော်တင် တန့်နား၊တောင်ပုပ္ပါးဝယ်၊စကားရွှေတူ၊ပန်းမဥ္ဇူကို ယူ၍ဆက်လော့၊ ရခက်တွေလာ၊ ပန်းတကာထက်၊ လက်ျာခပ်မြင့်၊ လွန်၍တင့်သည်။ ။**ပင်ဆင့်တွေလာ ပေါ်လိမ့်မည်။**

[မှတ်ချက်။ ။ဤရတုစာတော်ကို နဝဒေးကြီး ဆို ပေါင်းချုပ်ပုဒ်စဉ် ၁၂၃-တွင်လည်း တွေ့ရသည်။]

---

## ၄-ကျေးစေရတု

၁။ **သီတာလုံရေ**၊ သွန်းလောင်း စေဟု၊ ဘုံနေ သိကြား၊ ရည်ခန့်ထား၍၊ ညွန့်ထွားမြသွင်၊ပေါ်လျှင် ပင်တည့်၊ သည်တွင် သည်ဟူ၊ သည်မူသည်က၊ ခြေရာ မအား၊ ကင်းထားကင်းနေ၊ ခွဲဝေ စုံဝက်၊ စွယ်ရက် ဘီလူး၊ရှူးမှူးသဏ္ဌာန်၊စီဘနေ် ထက်ကြပ်၊မလပ်ပင်ခြေ ပုံဖြိုးတွေ့၍၊ လူမွေ့ကိုထား၊ ပျံသွားငှက်မျှ၊ ခက်က မအား၊ ပိတုံးပျားလည်း၊ ရှောင်ရှားမစပ်၊ အထပ် ထပ်သည်။ ။**နေတပ်ဝင်ချ ပတ်ထွေ့၍။**

www.burmeseclassic.com

www.burmeseclassic.com



၂။ **ဂီဝါမုံရွှေ**၊ ပွင့်လှထွေကို၊ ကြောခနေ့စွမ်းခေါင်၊ ဖြူရောင်စွယ်မြွေး၊ မကြုပ်သေးတည့်၊ တောင်မွေးညှိမွတ်၊ ယဉ်စီမှတ်ကို၊ ထွတ်ထွတ်ကြီးနွယ်၊ ချယ်လှယ်တင့်စုံ၊ ဆင်ဖြိုးတုံမှ၊ ကိုယ်ယုံကြိမ်းဝါး၊ ဆီးတည့်သွား၍၊ တန့်နားကင်းထောက်၊ တိုင်လေရောက်သော်၊ လန့်ကြောက်ဘနန်း၊ ရံဝန်းဆီးဆ၊ ကြိုးနှင့်ကြလည်း၊ နရသနင်း၊ စကြာမင်း၏၊ ရင်တွင်းသည်းချာ၊ ကျော်စွာမင်းရဲ၊ ရန်ကဲဘုန်းဌန်၊ နန်းလောင်းကျွန်ဟု၊ ဆံစွန့်မရှုံ၊ ရှုပ်ရှုပ်နှံ့က၊ နှိုင်းစံရန်သူ၊ ဘက်မပြုသည်။ ။**မဥ္ဇူပွင့်စ ဆွတ်ယူရ**။

၃။ **နီလာဘုံနေ**၊ နှိုင်းသင့်ထွေဖြင့်၊ ချစ်ပေစဘွယ်၊ လွန်ဆန်းကြယ်သား၊ ဘုန်းကြွယ်ထွတ်တင်၊ မြင်းမိုရ်သျှင်လျှင်၊ သဘင်ခါပွဲ၊ ဆင်စမြဲတည့်၊ ထူးကဲ တင့်လွန်း၊ ထိုနတ်ပန်းနှင့်၊ ဝင်းထွန်းကြယ်ဝါ၊ ဆင်းကလျာ၏၊ ကေသာခေါက်ကျိုက်၊ ထုံးမြိတ်ဒွန်လျှင်၊ လိုက်လိုက်ဆင်စိမ့်၊ **ဆင်းရောင်ငြိမ့်ကို**၊ နှစ်သိမ့်ထွေလာ၊ လျှောက်သောခါမူ၊ ပျူငှါမရော၊ တိုင်းသဘောဖြင့်၊ လိုက်လျောဆင်ခြင်၊ နောင်ကိုလျှင်လည်း၊ ကျွမ်းဝင်မှတ်ယူ၊ မိန့်တော်မူသည်။ ။**ကြည်ဖြူညွတ်ခ နတ်တူမျှ**။

---

## ၅-မိုးစေ‌ာရတု

၁။ **တန်းခူးကာစင်**၊ ဆန်းစတက်သစ်၊ နွေသရစ်လည်း၊ တစ်နှစ်သုံးလေး၊ မစွန်းသေးတည့်၊ မဝေးရှေ၊ ဝါအခါကို၊ စာနာမထောက်၊ ကိုယ်ကလျှောက်၍၊ မအောက်မေ့ပါ၊ လိုမဲ့သာလျှင်၊ ဗျာပါလွမ်းရှူ၊ ရှိသူကို၊ သည်းအူပြတ်ကြွေ၊ အငွေ့ချွေသို့၊ အရှေ့အဝါ၊ အ

www.burmeseclassic.com



ပြာအနက်၊ဖြိုးဖြိုးတက်၍၊သံလျက်သံချိုင်၊စိုးတပိုင်လျှင်၊ ရေစိုင်ပုလဲ၊ ဖြန်းဆွတ်ကြဲ၍၊ မြိမ့်မဲ့မျက်သုန်၊ ကွန့်မြူး ခုန်သည်။ **။ပဥ္စုန်မိုးလ ထင်ဘိသည်။**

၂။ **ဝန်းမြူးကျဆင်**၊ကာလတပဲ၊ဝေဝေကြဲက၊ဝမ်း ကွဲဘော်နည်း၊နောင်သို့ချည်းလျှင်၊အူသည်းပြတ်ကြွေ၊ တဘန်ဝေဘို့၊ ချုပ်ဖြေတားဆည်၊ နေပါသည်ကို၊ ခန့် ရည်စာနာ၊ ဗျာပါထပ်မွှမ်း၊ ချစ်သူဝမ်းကို၊ အလွမ်း ကွန့်မြူး၊ စိတ်ကိုနှူးသို့၊ မထူးတည်သာ၊ ကြာသည်နှစ် လ၊ တွက်ဆမဝံ့၊ တပုံ့ဆွတ်ဆွတ်၊ ခွေညွှတ်မသာ၊ သီ တာအယဉ်၊ ရှိမောစဉ်ဝယ်၊တိမ်လျှဉ်ဆိုင်းထပ်၊ ခုနစ် လပ်လျှက်၊နန်းရပ်အောင်ချာ၊ သည်မှာသက်ဝေ၊မယ် တို့နေဟု၊ ရစ်ခွေရှက်သန်း၊ ဆိုင်လှာဇန်းသည်။ **။ ရွှေနန်းဆီက ရင်ဘိသည်။**

BURMESE CLASSIC

၃။ **ဆန်းထူးမြသွင်**၊တောဝန်းကျင်လည်း၊ ရွှေစင် မညို၊ ညွှန့်နဂိုလည်း၊ စိမ်းလိုလိုသန်၊ သန္တာဟန်သို့၊ ရက်ကျန်မနှော၊ရှုဘွယ်မောမျှ၊ ဥသြပဲထွေး၊ မြစ်တွေး ဟသ်ာ၊ ပြင်သာယာထက်၊ ကျေးငှက်စုံတူ၊ ချစ်မူရှုကို၊ သည်းအူထုံ့ထုံ့၊ ပြတ်လှုံ့ဆပွား၊ မြင်တိုင်းပါးခဲ့၊ သနားစုံမက်၊ ကြင်မျိုးထက်လည်း၊ ကျူးဆက်လွန် ၏၊ တူမရှည့်တည့်၊ လွမ်းလှည့်လေစေ၊ ဆော်ဆော် တွေမူ၊မပြေဖြည့်ပျော်၊မေ့လေသော်ဟု၊ရှမ်းဆော်စီရင်၊ မခြာက်ခွင်စူးစူး၊ လေရွှေဦး၍၊ တိမ်ဘူးဆိုင်းဆက် မြည္ထွန့်ရှက်သည်။ **။ကြင်ဘုက်မယ်က ဆင်ဘိသည်။**

**နတ်သျှင်နောင် စာတော်ရတု ၅-ပုဒ်ပြီး၏။**

www.burmeseclassic.com

www.burmeseclassic.com

## နတ်သျှင်နောင်ရတု ခေတ်ဆစ် အဖြေနိဒါန်း

တောင်ငူဘုရင် နတ်သျှင်နောင်၏ ရတုများသည် သက္ကရာဇ် ၉၀၀-အတွင်း ရေးခဲ့သော အရေးသမိုင်းများဖြစ်သဖြင့် ဝဏ္ဏဗောဓန, ဝေါဟာရတ္ထပကာသနီ စသော သတ်ပုံကျမ်းကြီးများ၌၎င်း, မြန်မာသံဃောဂ တွင်းသင်း, ဂဇဗလ, ရှင်ဥက္ကံသမာလာ, မုံရွေး ရှေးသတ်ညွှန်း ကျမ်းကြီးများ၌၎င်း နေရာပေါင်း များစွာတွင် မြန်မာစာ ရေးထုံးစံအဖြစ်ဖြင့် သာဓက ထုတ်ဆောင်ပြခဲ့သည်၊ ထို့ကြောင့် နတ်သျှင်နောင်ရတုများကိုလေးလေးစားစားလေ့လာသင့်သည်အားလျော်စွာ လက်ဝဲနော်ရထာ အမတ်သည် သက္ကရာဇ် ၉၀၀-ပတ်ဝန်းကျင်ပေါ် ရတုများကို နတ်သျှင်နောင် သန့်သန့်တစု, နဝဒေးတစု, ကြွင်းရတုများ တစုအားဖြင့် သုံးစုခွဲထား၍ စုထားခဲ့ပါသည်။

BURMESE CLASSIC

တနေ့သောအခါ ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စာတည်းမှူး ပါမောက္ခ ဦးဖန်(မင်းသုဝဏ်)ကကျွန်တော်အားဆီမီးခုံရွာစား မဟာမင်းလှမင်းခေါင်ကျော် ဦးရွှန်းရေးသော နတ်သျှင်နောင်ရတုအဖြေ လက်ရေးမူကို ကြည့်ရှုလေ့လာရန်ပေးပါသည်၊ ၎င်းမူမှာ မန္တလေး အနောက်ပြင် ခင်မကန်တိုက် ကျောက်ဆောင်ကျောင်း အရှင်ဝါသဝက ရေးကူး၍ ပေးပို့ထားသော စာမူဖြစ်ပါသည်၊ ဦးရွှန်းအဖြေများကို ကြည့်ရှုလေ့လာသဲမှာပင် မျှော်လင့်ချက်မရှိဘဲ နတ်သျှင်နောင်ရတုများကိုတိုက်ဆိုင် တည်းဖြတ်ရန် အခွင့်ကြုံကြိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အခွင့်ကြုံကြိုက်သည် အားလျော်စွာ တပိုင်းစီလေ့လာပြီးလျှင် ရရှိသမျှသော ကောက်နုတ်ချက် မှတ်စုများကို မပျောက်ပျက်စေရန် ရတုစာကိုယ်နောက်တွင် ဆက်ကာ ထည့်သွင်းပုံနှိပ်စေသည် ဖြစ်ပါကြောင်း။ နတ်သျှင်နောင်ရတုကို ရှင်ဥက္ကံသမာလာ, ရာမရကန် ဦးတိုး,ဉမ္မာဒန္တီ-ဦးရွှန်း ပညာရှင်သုံးဦးတို့က ဖြေခဲ့ကြပါသည်၊ ယင်းပညာရှင်တို့က "သိလောက်၍ မဖြေသည်"ဟု ခြွင်းချန်ထားခဲ့သော အချက် အဆစ်များသည် နောင်းသူများမှာအသိမလွယ်ဘဲ အခက်အခဲနှင့် ရင်ဆိုင်နေရပါသည်၊ ထို့ကြောင့် ရှင်ဥက္ကံသမာလာ ဦးတိုး, ဦး ရွှန်းတို့အဖြေကို မူတည် ထုတ်နုတ်ပြီးလျှင် ယင်းပညာရှင်သုံးဦးတို့ မဖြေခဲ့သော အချက်အဆစ်များကို ဖြည့်စွက်ပေါင်းစု၍ ဤနတ်သျှင်နောင်ရတု အဖြေကို ရေးသားပါသတည်း။

"ဦးအုန်းမြေ"

www.burmeseclassic.com

www.burmeseclassic.com

# နတ်သျှင်နောင် စာတော်ရတု ခက်ဆစ်အဖြေ

[ဂဏန်းမှာရတုဦးရေ-ပ,ဒု,တ-ပိုဒ်စဉ်များ ဖြစ်သည်။

**အခေါင်** (၁၀-၃) နည်းလေးဆယ်တွင် ဒီပက နည်း, တန္တနည်းဖြင့် စပ်ရသော ပုဒ်ဖြစ်၍ ရှေ့ဘက် "ဆယ်မြတ်"နှင့် စပ်လျှင် ဆယ် လထက်-ခေါင်ကျသော တပို့တွဲလ၊ တဖန် တပေါင်းနှင့်စပ်လျှင် လအလုံးစုံတွင် ခေါင် ကျ၍ အမြတ်ဆုံးသော တပေါင်းလ ရှေ့ နောက် နှစ်ချက်လုံးစပ်ယူ၊ ဒီပကအလင်္ကာ လည်းဟူ၏။

**အတာပွဲ** (၂၁-ပ) နှစ်ကူးသင်္ကြန်ပွဲတော်၊အတာ ပွဲအခမ်းအနားများကို အင်ရှုံစာတမ်း ၅၄, ကုန်းဘောင်ရာဇဝင် ၆၇၃-၌ကြည့်ပါ။

**အတိ** (၂၉-၃) အများအပြား (ဝေါဟာရတ္ထ ပကာသနီ ၁၆၄)၊တခြားနှင့်မရော သူ့ချည်း သက်သက်၊ ချည်းနှင့်အနက်တူ၊ "ရွှရွှကျိုကျို ပိုးအတိနှင့်" (မဃဒေဝ-၁၂၇)

**အထွတ်တိုင်ထိ** (၁-၃)အထွတ်အဖျား အမြင့်ဆုံး ရောက်အောင်။

**အဖွဲ့တဖြိုက်** (၁၇-က) မိုးသေး မိုးဖွဲ့တဖြိုက် နှစ်ဖြိုက်၊ မိုးသေးမိုးပေါက်ရွာသည်၊ အဖြိုက် တတန်=မိုးပေါက်မကြီးမငယ်၊ ဖြိုက်ဖြိုက်ကျ၊

www.burmeseclassic.com

www.burmeseclassic.com



အထန့်တခါ=မိုးပေါက်ကြီးကြီး သည်းထန်စွာ ရွာသည် (ဦးရွှန်းအဖြေ-၅၇)

**အမူးအမော်** (၂-ပ,၃၆-တ)အမူးအရူးဖြစ်၍၊ မူးမော်ဘနန်း ကြိုးစားပါသည်၊ မူးမော်-၌အဖြည့်စွက်သဖြင့် ကြိယာ ဝိသေသန အနက်ဟောသည်၊ ပုံစံ-အလှအပ။

**အယူနှစ်တွေ** (၁၇-၃) အယူနှစ်ဖြာ (၃၅-၃)၊ စိတ်ဒွိဟ နှစ်လုံးနှစ်ခွဖြစ်သည်၊ ယုံမှားတွေးတောသည်။

BURMESE CLASSIC

**အလဲ့ရစ်ဖြေ**(၁၉-ပ)အလဲ့=အရောင်လဲ့လဲ့၊ အရည်လယ်သည်၊ အရောင်တောက်သည်၊ "သုံးရွှေရံ၍၊ လဲ့လဲ့မြသည်" (နဝဒေးရတု-၅၀)၊ မြရည် ရောင်လဲ့နှင့် သုံးပတ် ရစ်ခွေသော ရေသည် အရစ်အပတ်ကို ဖြေ၍ မပြေမညှိ မတန့်ဘဲ တောင်မျက်နှာသို့ စီးလာသော ငါးရာ့ငါးမြစ်က ရေမျှ မနိုင်းရှည့်နိုင်အောင် လွမ်းမျက်ရည်ယိုစီးသည်၊ အာကာသ ဂင်္ဂါမှ ဂင်္ဂါ, ယမုနာ, အစိရဝတီ,မဟီ,သရဘူမြစ်ကြီး ငါးသွယ်+အစိရဝတီမှ မြစ်ငယ်ငါးရာ၊၅+၅၀၀၊နှစ်ခုပေါင်း ၅၀၅။

**အသက်ကျွန်းမျှ** (၄-ပ)အသက်သေလောက်အောင်၊ ကျွန်း=ကုန်ခန်းသည်။

**အာသာဟူက** (၂၀-ပ) ပေါင်းလောင်းမြစ်ကိုအာသာဝတီမြစ် ခေါ်သည်၊ "မရှုမျက်နှာဝယ်၊

www.burmeseclassic.com

www.burmeseclassic.com



အာသာဝတီ၊ ခေါ်ညီဇွန်ချောင်း၊ မြစ်ပေါင်း
လော်င်းနှင့်၊ခပေါင်းလက်ယာ၊ဒိသာရစ်ခွေ"၊
(မင်းရဲနန္ဒာဇချင်း-၂၄)

**အာသာ** (၂၀-ပ) လွတ်မျှအာသာ၊ အာသာဝတီ နတ်ပန်းကို မရလိုက် လွတ်သကဲ့သို့၊ တာဝတိံသာနတ်ပြည်ရှိ အာသာဝတီနတ်ပန်းသည် အနှစ်တထောင်ကြာမှတခါတကြိမ်ပွင့်သဖြင့်၊နတ်တို့အလုအယက် လာရောက် ခူးဆွတ် ပန်ဆင်ကြသည်၊ နတ်တို့သည် အာသာဝတီ နတ်ပန်းကို မရလိုက်ကြသကဲ့သို့ အတာပွဲကို မကြုံလိုက်ရရှိမည်။

**ဥကင်သနန်း** (၅-၃) ဥက္ကံသ-ပါဠိ၊ မြတ်သောနန်း၊ သံသရာ=သသ်ရာ၊ ဝတိံသာ=ဝတိသ်ာ စပ်သည်နည်းတူ—

**ဥတည်မင်း** (၆၃-ပ) တရုပ်ပြည် အုပ်စိုးသော ဘုရင်ဟူသမျှ ဥတည်။

**အူရရှ**(၅၈-၃)၊အလွန်နူးညံ၊ "ပင်စုန့်ထွက်မြူ၊ ဦရရှုလျှင်" (ကိုးခန်း-၁၂၀)

**ဦးကာရွှေစင်** (၅၀-တ) လော်ပြီး ဦးပြီးသောရွှေ၊ ရွှေကိုအရောင်ထွက်အောင် မီးဖြင့်ကျိုခြင်း ဦး,လော်၊ငွေကိုအရောင်တင်လျှင်မှတ်၊ "လက်စုံနှောင်နှယ် ဖူးရ၏၊ ဇမ္ဗူရွှေနှယ် ဦးရ၏"၊ (နဝဒေး-၆၂)

www.burmeseclassic.com



**ဦးကိုင်** (၄၁-၃) အမြွတ်၊ အချုပ်အခြာ၊ "သင်နိုင်ကျက်နိုင်၊ ကြည့်ရှုနိုင်လျှင်၊ ဦးကိုင် ဆရာမြောက်လတ္တံ့" (ရာမရကန်-ပ-၉၁)

**ဦးနှောက်** (၆၀-၃) "ခေါင်းဦးနှောက်ကား၊ မပေါက်မဆင်း" (ဓမ္မရာသီ-၈၈)

**ကောန်ကျစံ** (၁၆-တ) ကောန်ကျန၊ ပုံစံပြလောက်အောင်။

**ဩဇ** (၆၂-တ, ၆၄-တ) နှုတ်ထွက်သံဖြစ်မှု ချိုသာနာပျော်ဘွယ်စကား၊ ကြောင်းရာဖြစ်မှု အရောင်အဝါအနှစ်သာရရှိသောအကြောင်း၊ အရသာဖြစ်မှု အဆီအနှစ်ရှိသော အရသာဟု ဩဇ သုံးမျိုး၊ ပါဠိဩဇမှပြောင်းသော မြန်မာမှု ဩဇာ၊ "ဩဇချိုလျက်၊ ချိုမြက်ကြောင်းကြောင်း" (ဆုတောင်းခန်း- ၁၂၈)၊ "သုံးလူ့ဘဟု၊ ဩဇတမည်၊ ကြားအံ့သည်မျှ" (ဇင်း-၁၄၉)၊ အရသာကို အထူးပြုလျှင် အာကာရန်နှင့် ဩဇာဟုလည်း သုံးသေးသည်၊ "သိကြား၌ ဩဇာ၊ နတ်သုဓါကို" (ဥမ္မာဒန္တီ-၃၃)

**အုပ်တွေ** (၂၀-ပ) အများအပြား၊ "မတ်ရာခြွေရွေ၊ များအုပ်တွေကို၊ အထွေအပြား" သံဝရ-၁၃၇-ခွဲထား)၊ ယခုရှိ နတ်သျှင်နောင် မူများတွင် "အုပ်တွေရှည်စုံ"ဟုချည်းရှိသည်၊ ရှည်စုံရှိလျှင် အမိပ္ပါယ်ဖြောင့်သည်၊ တရှည်းရှည်း-ဖိုမအစုံအစုံ အများအပြား ရှင်ပျော်ကြသည်ဟု ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



**အိမ်ဒန်း** (၂၅-ဒု) ဖူးပင်ကို၊ အိမ်ဖူး၊ ဈေးဆိုင်ကို အိမ်ဈေး၊ အိမ်ခါးခေါ်သကဲ့သို့ ဒန်းပင်ကိုပင် အိမ်ဒန်း(ဝေါဟာရတ္ထုပကာသနီ)

**အုံ့ပျ**(၁၆-တ,၆၁-ပ,၇၃-တ) မိုးအုံ့သည်၊ "ဒေဝါ တမို၊အလွှမ်းလို့၍၊အုံ့အုံ့ပျပျ"(နဝဒေးရတု ၁၀၃)၊"အုံ့မှိုင်း,ထုံ့ပိုင်း,တုံ့ခိုင်း" (ဦးတိုး ရတု၁,နဝဒေး ၂၃၀)

**အုံးဝယ်အပ** (၁၀-တ) ခေါင်းအုံးကို အပပြုသည်၊ ပယ်ထားသည်၊ အုံးကိုမမှီ။

**အောက်မေ့ချေ့ချေ**(၂၁)ဤရတုမှာ နဝဒေးရေးသော စစ်ရတု ၁၇၁-၌(က) အောက်မေ့ချေသော်၊ မြေကြောင်းပျော်လည်း၊ (ခ) ခြောက်သွေ့ရွှေ လျှော်၊ ပင်တိုင်ရော်၍၊ (ဂ) နောက်ရွှေ ဝေ မြော်၊ ရှုချေသော်လည်း ရတုနှင့်စာပြိုင်၊ နဝ ဒေးကိုလိုက်သည့် အလိုက်ရတုတည်း၊ ဤရတု မှာ "ဆံမွေသကျ၊ စည်းခုံမြဝယ်" ဆိုသော စကားအရ မှန်နန်းရာဇဝင်ဒု ၂၁၆-၌ ၉၀၂ ခု တောင်ငူမင်းပြုသော မင်းရဲသီဟသူတည် တောင်ငူမြို့တွင် "မြစည်းခုံဘုရားတိုင်"ဟု ယူ ဆဘွယ်ရှိသည်။

**ကမုတ်ရွှေကြာ/ချပ်တရာမှ** (၁၄-ဒု) နိဿယများ၌ "ကုမုဒြာကြာ"မြန်မာအခေါ်၌ ကြာကမုတ်၊ ကမုတ်ကြာကား ပါဠိ ကုမုဒမှ လာသော ဝေါဟာရတည်း၊ ထိုတွင် သမုဒ္ဒကို သမုဒြာ,

www.burmeseclassic.com

www.burmeseclassic.com


သာရိပုတ္တကို သာရိပုတြာပြန်သကဲ့သို့ ရော ထွေး၍ပြန်လိုက်ကြခြင်းဖြစ်သည်၊ သမုဒ္ဒနှင့်သာ ရိပုတ္တမှာ နောက်ဆုံးအက္ခရာ၌ သံယုဂ်ရှိသော ကြောင့်ဒြာ,တြာ,ပြန်စေကာမူ ဤကုမုဒမှာသံ ယုဂ်မဟုတ်၍ ဒြာဟု ပါဠာနုသာရီ မပြန်နိုင်၊ ကုမုဒ်-သို့သာပြောင်းလဲနိုင်သည်၊ ထို့ကြောင့် ဝဏ္ဏဗောဓန မှတ်သတ်အင်း၌ "ဆိုးသည် တမုတ်၊လိုဏ်မုတ်၊ကြာကမုတ်၊ဆေးမုတ်"ဟု ၎င်း၊ဝေါဟာရတ္ထပကာသနီ ၇၂၂-၌"တမုတ် ကြီး၊ တမုတ်ငယ်၊ ကြာကမုတ်၊ မြစ်သမုတ်၊ မှတ်သမုတ်" ဟူ၍၎င်း ကမုတ်အရေးပြသည်၊ (က) သမုဒ္ဒရာ-သမုဒ်ပါဠိအသွင်မပြောင်း၊ (ခ) ကမုတ်ကြာမှာ ပါဠိလာရင်း အသွင် ပြောင်း၊(ဂ)တမုတ်မှာ မြန်မာမှုစစ်စစ်ဟု သိ စေလို၍ "သမုဒ်ရော၊ ကမုတ်ရွှေကြာ၊ တမုတ် ပြေဝါ"မှတ်သုံးချက်ခွဲထားအရှိ ညီစပ်ပြသည်၊ နောက်ဆက်တွဲ သတ်ညွန်းမှတ်စု ၁၄-ကြည့်၊

အနက်အားဖြင့်လည်းအရှင်ဥက္ကံသမာလာ အဖြေ၌ ကမုတ်ကို ကုမုဒ်ကြာခေါင်းလောင်း တချက်,ချပ်တရာကို ရွက်ချပ်တရာ ပဒုမ္မာကြာ ဟု ကြာနှစ်မျိုးယူသည်၊ ဦးရွှန်းကမူ "ကြာက မုတ် တမျိုးတည်းသာ၊ ထိုကြာကမုတ်သည်သာ ရွက်ချပ်တရာရှိသည်"ဟု ကြာတမျိုးသာ ယူ သည်၊ အရှင်ဥက္ကံသမာလာက "ဦးနေသတပတ္တ ပုဏ္ဍရိကံ၊ သတပတ္တံ ပဒုမံ" ပတ္တနီယမိဝါ

www.burmeseclassic.com



ဝိနာပိ သေတံ ပဒုမံ၊ ရတ္တံ ပုဏ္ဍရိကံ” သာ မညဖလသုတ်အဋ္ဌကထာ၊ “ပဒုမန္တိပဏ္ဍပဒုမံ ပုဏ္ဍရိကန္တိ ရတ္တပဒုမံ”တိကနိပါတ်အင်္ဂုတ္တရ အဋ္ဌကထာတို့ကိုမှီ၍ ရွက်ချပ်တရာ ပြည့်လျှင် ပဒုမ္မာ၊ မပြည့်သော် ကမုတ်ကြာဟု ဝိဋ္ဌက ကြောင်းကိုမှီးသည်၊ ဦးရွှန်းကမူ “သေတေ တု ကုမုဒ္ဒဉ္စသ”(မာဂဓအဘိဓာန်–၆၈၈) “သိတေ ကုမုဒ ကောရဝေ” သက္ကတအဘိ ဓာန်-အမရကောသ၊ ၁၀-၀ါရိဝဂ်၊ ၃၇) လောကကြောင်းကို မှီးသည်။

**ကလျာငါးရပ်**(၂၀-၃)ကောင်းခြင်းငါးဖြာ ပါဠိ က လျာဏ၊ကေသ-ဆံပင်ကောင်း, ဝယ-အရွယ် ပျိုမျစ်, မံသ-အသား အသွေးလှ,အဋ္ဌိ-ဖုထစ် မရှိအရိုးပြေပြစ်,ဆဝိ-အရည်အဆင်းလှပခြင်း

**ကာကာ** (၂-၃) အထပ်ထပ် အကြိမ်ကြိမ်ဖြစ်ခြင်း၊ အနက်ကြိယာဝိသေသနပစ္စည်း၊ တွဲဖက်ကြိယာ ၏ အထပ်ထပ် ဖြစ်ခြင်းကိုပြသည်၊ “အတစ် ပညာ၊ပွားကာကာလျှင်” (ပါရမီ-၄)လေသို့ ဟူး၏၊အထူးသည်းညှာ၊ခံရကာကာ(၄င်း-၁၄၀)

**ကူလိသဘင်** (၆၀-ပ)ကူလိသီး (၆၀-တ) ဂူလိပွဲ, ကူလိပွဲ၊ မြင်းစီးလျက်မြင်းပေါ်မှနေ၍ “ဂူလိ” ခေါ်အလုံးအသီးကိုရိုက်ကစားသောပွဲ၊ ပြာ... လ-မြင်းခင်းသဘင်၌ ရာသီအနေ... ကျင်းပသည်၊ (မှန်နန်း-တ-၁၁... ၁၇၆)၊ နောက် နိုင်ငံခြားမှလာသော ...ငါလီလုံး—

www.burmeseclassic.com



အခေါ်ရှိသော အသီးကို ဂူလီသီး ကူလီသီး ခေါ်သည်၊ "သဘင်တော်ပွဲ၊ ရှုမရဲလျှင်၊ ပျော်မြဲ တသိုက်၊ က-မြင်းကိုယ်စီ၊ သိုင်းဖိုက်ကယ်ရှိ သည်၊ ဂူလီရိုက်လို့ အလိုက်ကယ်တတ်၊ ရွှေ နန်းတော်တွင်း၊ လွှတ်စာရင်းမှာ၊ စက်ခင်းပြ တဲ့၊ လရာသီမှာ၊ မှူရီငွေနှင်းက လျှံတော့တယ် (ဦးကြင်ဥ၊ ပြာသိုဘွဲ့၊ )ကဝိရတနာ-၁) "အဲ မောင်းချိုချို၊ အောင်းနိုနိုနှင့်၊ ဂူလီလွှင့်လိမ့်၊ တင့် ပစိမ့်ဟု" (စန္ဒကိန္နရီ-၂၃)၊ နန်းမြေညီ၊ ဂူလီ ပွဲ" (မြဝတီ၊ မြင်းခင်းဘွဲ့တျာ၊ ဂီတဝိသောဓနီ- ၁၆-၁၄)၊ ဂူလီပွဲ-ကူလီပွဲကို ကုန်းဘောင် ခေတ်နောက်ပိုင်း၌ ဗလီပွဲအခေါ် ပြောင်းပြန် သည်၊ "ဗလီရွှေလုံးလွှင့်လေကုန်" (ကုသ- ၂၆၃)၊ ဝေါခန်း ၇၂-ဗလီခတ်ရိုက်, နေမိ မဥ္ဆုစိုးခန်း ၆-ဗလီပြေးဘမ်း၊ ဤစာများ၌ အခေါ် ပြောင်းသည့်အတိုင်း ပြင်ကြဟန်တူ သည်၊ ဇာနက္ခာဝံသ ပြဇာတ်-၁၂၆,၁၆၆-တို့၌ လည်း ဗလီပွဲ-ဟုပင်ရှိသည်၊ ရိုက်ပုံအကြယ် ဇာနက္ခာဝံသ ပ-၂၂၂-၌ပါသည်၊ မပြုမပြင် ပုံနှိပ် သော စာများမှာကား ကူလီ-ဟုပင် ရှိသည်၊ "ဘန်းတီးမှတ်သည့်နေရာ၊ ကူလီပစ်သည့်နေ ရာ ...များကို ဝင်ရောက်ကြည့်ရှုကြပြီးလျှင်" (ကင်းဝန်ပြင်သစ်သွား မှတ်တမ်း ပ-၁၀) "ထီးရွက်မပေါ်တွင် ဂူလီလုံးမှုန်း ညက်ညက် လည်စေသည်" (ဇင်း-၃-၆၅)

www.burmeseclassic.com

www.burmeseclassic.com



**ကြူးနေမစ** (၆၇-တ) သာယာချေမ်းစွာ အသံမြည်ခြင်း၊ မိုးသံကြူးမှုမစသေး၊ မိုးသားမဖြစ်သေး၊ မိုးမဆင်မီ(အောင်ပါစေ)၊ ဝေါဟာရတ္ထပကာသနီ-၂၆၃-၌ ကြူးဇး, ကြူးရင့်-ဟု အရစ်ဆိုးဖြတ်သည်။

**ကြူးခေါက်** (၃၀-ပ) အလွန်အကဲဖြစ်ခြင်း၊ "ဖွေရှာ ကျူးခေါက်၊ လေရှူးမောက်၍" (ကဝိသေတ္တု-၁၉၈)၊ "လက်နန်းမတွင်၊ ချမ်းမြကျူးခေါက်၊ အွံမူးမောက်မျှ"(ဗိမာန်-ရတနာ မော်ကွန်း-၆)

**ကြူးလွန်** (၂၀-ဒ) အလွန်အကဲဖြစ်ခြင်း၊ ကြူးလွန်မေတ္တာ-ချစ်ခင်မှု မေတ္တာ အလွန်အကဲ ဖြစ်သဖြင့် မှာပါသည်။

**ကေသာ** (၂၀-တ,၅၅-ပ) ကေသျှင် (၈-ပ, ၂၀, ၂၂, ၃၄, ၃၅, ၅၁, ၆၂, ၆၆) ပါဠိသံသုံးလျှင် ကေသာ,သက္ကတသံသုံးလျှင် ကေသျှင်, ကေရှင်ဟု ရေးသည်၊ ကေဇ (ကေသျှ) ပုဒ်ပျက်-ဆံပင်ဟောချည်းသာ၊ "ကေသျှင် ကျေမြန်း၊ ဆီမွှေးသွန်း၍"(ဥက္ကာပျံကျေးစေရတု)၊ "ကျွန်တော်မကေရှင်မှာ၊ ဥကင်တော် ဖွင့်နေကျပန်း" (ရှင်မင်းတေးထပ်၊ ကဝိရတနာ-၄၈)

**ကေသရာ** (၄၃-ပ) ခြင်္သေ့၊ကေသ=ဆံပင်+ရ=ရှိသည်၊ လည်ဆံမွှေးရှိသောအကြောင်း၊ အထွဲ

www.burmeseclassic.com



တဒ္ဒိတ်ပုဒ်၊ ကေသရ–နှင့် ရာဇာပေါင်း၍ ကေသရရာဇာ (ကုန်းဘောင်ဆက် ၁၂၆)။ ကေသရာဇာခြင်္သေ့ရေးလျှင် အသုံးမှား၊ သို့မဟုတ် မြန်မာမှု၊ "သီဟရာဇာ၊ ကေသရာကို၊ ယက်ကာမြေခွေး"(မဃဒေဝ-၂၂၀)၊ ကေသရာ-သီ၊ ရွှေစာမြို့သို့ (၄င်း ၃၁၆)

**ကွေ** တွန်ကြုံးအော်မြည်သည်၊ "ဝမ်းပဲကကွေ၊ချမ်းမြိုင်ထွေ၍၊ ချေကလည်းဟောက်" (ဥမ္မာဒန္တီ-၁၄)

**ကွေ့လည်** (၂၉-၃ ဆန်းဆန်းပြားပြား ကြိုစည်သည်၊ "လိမ္မာကွေ့လည်၊ ဥယျာဉ်သည်လျှင်" (သံဝရ-၄၇)

**ကျေးနှုတ်** (၅၀-တ) သစ်ပင်တမျိုး၊ ကြက်တူရွေးနှုတ်သီးနှင့်တူပုံရသည်၊ "လေပြည်လွှင့်မှုတ်၊ ရွက်ဟောင်းပြုတ်က၊ ကျေးနှုတ်ဖူးသစ်" (နဝဒေး-၁၇၆) "မုန်ညင်းငရုတ်၊ ကျေးနှုတ်ခပေါင်း၊ စားကောင်းသမျှ" (ဘုံခန်း-၁၉)၊ "ရွှတ်ကျင်လေသုတ်၊ ကျေးနှုတ်ကယ် ဖူးသစ်၊ (ရာမရကန် ပ-၁၀၇)

**ကြေးမုံ** (၁-ပ) ကြည့်မှန်ကြေးပြားကို ကြည်ဖူးင်ခုံးခုံးလုပ်သောအရာ၊ကြေးပြားချော"မပြောဘူးတုံ၊ခုမကြုံ၊ကြေးမုံနောင့်သက်မပေး" (ကဝိလက္ခဏာ-၁၃၉)

www.burmeseclassic.com

www.burmeseclassic.com



**ကြေး** (၁၆-မ) အသံမြည်သည်၊ ရင့်ရှူ-သာယာစွာ မြည်၊ ရင့်ရှူကြွေး၊ မိုးနတ်သားက မိုးသီချင်း ဆိုသည်၊ နယုန်လ မိုးခြိမ်းသံမြည်ကြွေးသည်။

**ကောဇာ** (၄၀-ဒ)ရောက်ဆဲနှစ် သက္ကရာဇ်ကို ကော ဇာ,လွန်ပြီးအတိတ်နှစ်ကို ကောဝိန်၊ (ဂေါဇာ, ဂေါဝိန်လည်း ရေးသည်)။

**ကော်ဖရော်** (၆၅-တ)ရှိသေလေးမြတ်သည်။

**ကြုံ့ခိုင်** (၄၃-ပ)တောင့်တင်းခိုင်ခံ့၊ "မြင်းမိုရ်ခိုင်သို့၊ ကြုံ့ခိုင်ခန့်ညွှာ" (ဓမ္မပါလ-၃၂)

**ကြက်ရုံး** (၆၆-ဒ,၅၃-ပ)"ဆပ်သွားဂမုံး၊ ကြက်ရုံး ပြည်ဦးဖြူ" (ဘုံခန်း-၁၀၀)၊ "ဆပ်သွားကြက် ရုံး၊ ရစ်ကုံးသွယ်မြောင်"(ရင်း-၁၅၀)၊ တချို့ စာမှာ နသတ်စပ်သည်၊ "မှလေးကြက်ရုန်း၊ ဂမုန်းအနံ့" (ဘူရိဒတ်အလင်္ကာ-၃၂)၊ ပုဂံ ကျောက်စာလက်ရွေးစဉ် ၁၂၅-၌ လူမည် ကြက်ရုန်းဟု တွေ့ရသည်၊ တွင်းသင်းသတ် ညွှန်း ၄၃၆-(မှတ်စု ၂၂-၌) သေးသေးတင် ကိုပယ်သည်။

**ကွက်ကတ်** (၅၅-ပ) အကွက်အတန်းများ ဖေါ်၍ ရက်ထားသောအထည် (ဝေါသနီ-၆၂၇)၊ "ထုပ်ရေထည်လိပ်၊ တံဆိပ်လက်မှတ်၊ ကွက် ကတ်ကောင်းမျိုး" (တရုပ်သံရောက်-၃၄)၊ "ရတနာကွက်ကပ်၊ ကျောက်စပ်ဝတ်လဲ၊ ရွှေ ခါးထဲကလည်း၊ ရဲထိန့်ဝေ၏" (မွေ့နွန်းရကန် ၁၃)၊ ဤနှုတ်သျှင်နေ့ောင်ရတု "သင်းတွဲစိန်နှ

www.burmeseclassic.com


ပြည်၊ စုံခြည်ကွက်ကတ်" ဆိုသည်နှင့် တရုတ်သံရောက်မော်ကွန်းအရစပ်လျှင် တရုပ်ပြည်မှလာ တရုပ်ကတ် အထည်။ (တွင်းသင်း သတ်ညွန်း-၄) နောက်ဆက်တွဲ ၂၆၀,၅၅- ကြည့်။

**ကျင်လျှင်** (၅၉-ဒု) တတ်ကျွမ်းနားလည်သည်၊(ဓော်ရာဏဇ္ဇာတ်-၁၃၈) "တက်ရေး ကောက်လျက်၊ လက်မြှောက်လက်သင်၊ ကျွမ်းကျင်လျှင်၏" (တရုပ်သံရောက်-၂၄)

**ကြင်ညွှန့်မဖြော** (၁-ဒု) သို့ရာတွင် မယ်ကမှု ချစ်ခင်ကြင်နာခြင်းဟူသောအညွှန့် ဖြောမထွက်(ရက်စက်လှပါသည်။)

**ကျစ်လျစ်** (၇-တ,၄၅-ပ,၅၇-ဒု) သိပ်သည်းပိပြား၊(ဝေါဟာနီ-၁၀၉-၂၀၂)၊ ကျစ်လစ် ဟုလည်းရေး၊ သိပ်သည်းပိပြားစွာ ရေးထားသော(စပိပ်) သဝန်စာလွှာ။

**ကျည်းကဖြစ်သည်** (၃၅-တ,၃၄-ဒု) ကုလားပြည်ကလာသောအထည်၊ "ကျည်းကဆက်သည်၊ မည်းမျှတက်သည်၊ပည်းပြစက်ခြည်"(ရှင်သံခိုရတု-၁၅)၊ "ခဝါဖွတ်ကျည်း၊ ပိတ်ရထည်းနှင့်၊"(သခင်ထွေးချောင်း ၄၆)၊"ကျည်းဘွဲ့ဖြူနှင့်၊ ပစ္စူညည်မြီ" (တရုပ်သံရောက်-၅)

**ကျွတ်ထွက်ခါနီး** (၁၇-ပ) နေဥတုက ကျွတ်ပုန်း၍

**ကွပ်ကဲ** (၂၉-ဒု) စီမံအုပ်ချုပ်, ကြီးမှူးဆောင်အောင် "စောဒိုဒ်ရည်သည် အတွင်းမှူ ပြင်မှူများကို

www.burmeseclassic.com

www.burmeseclassic.com



တစမလလပ်ရအောင် ကွပ်ကဲစီရင်ရ၏"(အရေး
တော်ပုံ၊ ရာဇာဓိရာဇ်-၁၆၃)

**ကျွတ်ခေါက်** (၆၇-ပ)ကျိုက်ခေါက်ဘုရား၊ "ကျွတ်
ခေါက်မည်ပင်၊မှတ်ကျောက်ရည်ထင်" (နဝ
ဒေးရတု)၊", ကျွတ်ခေါက်ကျော်သည်း၊ နတ်
အောက်သော်လည်း၊(ရှင်း-၄၆)၊ "သံလျင်
မြို့မြတ်၊တောင်မတ်မတ်၊ ကျွတ်ခေါက်ဘုရားရှင်၊
(ကဝိလက္ခဏာ)၊ မြန်မာသံယောဂ-၁၄၁-၌
ကျိုက်ခေါက်။

**ကွန်** (၆၀-ဒ)ပျံတက်သည်၊" လေးငင်လှံဒှန်၊ ပျံ
ကွန်စွတ်စွတ်၊တချက်လွတ်သော်" (တရုပ်သံ
ရောက်-၁၁)

**ကွန်** (၁၉-ပ)အာကာကွန်တက်- ကောင်းကင်သို့
ပျံတက်သည့် အာကာသဂင်္ဂါ(နတ်မြစ်)

**ကွန်ရက်ခြည်စုံ** (၁-တ)ပိုက်ကွန်ကဲ့သို့ ခြည်ကို အ
ကွက်အကွက် ရက်ထားသော ဇာအထည်၊
"ရွှေကွန်ရက်နှင့်၊ ဘယက်သရဘူ၊ ရွှေချူရင်
လွှမ်း၊ ရွှေချည်မွမ်း၍" (ဘူရိဒတ် အလင်္ကာ
ခွဲထား ၂၅၃)၊ ခြည်စုံရက်သော ကွန်ရက်
ထည်ကဲ့သို့ရှင်း၊ ရောင်ခြည်တော် ပန်းငုံကဲ့သို့
ရှင်း တောက်ထွန်းလျှံပြောင်သော ဘုရားသုံး
ဆူ(ဥက္ကံသမာလာဖြေ-၁၀)

**ကြွန်** (၁၉-ဒ)အနီရောင်၊ "ပြောက်ကြားနီကြွန်၊
စိတ်ဖေါက်ပြန်သည်၊ ကျေနပ်ဟူပြီ" (ပလိပ်

www.burmeseclassic.com

www.burmeseclassic.com



စား-၅၁ ခွဲထား)၊ "အဖျားနီကြန်၊ နီလာ ကန်" (ကဝိလက္ခဏာ-၅၀၇)၊ "ခွယ်ရင်း မကျန်၊ သွေးကြန်ကြန်နှင့်" (မဃဒေဝ- ၂၅၄)၊ဝေါဟာရတ္ထပကာသနီ၌ကား အပင့် ကျန်။ ။အဖူးကလေးများ ရင့်၍နီလာသည်။

**ကြန်ရွှေဝါကျင်** (၁၀-တ)ကြန်=နီရောင်+ကျင်= ရင့်ယော်၊ရင့်ယော်၍နီသော ရွှေဝါရောင် ရှိ သောအရွက်တို့။

**ကျွန်မျှမဆင့်**(၂၄-၃) အစေအပါ ကျွန်များကိုပင် ဆင့်ဆို ပြောဆိုစေသည် မဟုတ်၊ ကိုယ်တိုင် နှုတ်ဖြင့်မှာသည်။

**ကြမ္မာ** (၆၁-တ) သက္ကဋ-ကြမ္မ၊ မူလနက်ရင်းမှာ ရာဇဝတ်သားတို့ကိုညှဉ်းဆဲပုံ၃၂-မျိုး(စတုက္က အင်္ဂုတ္တရ- အဝဇ္ဇာနုဝါဒသုတ် ၄၃၇-၁၂၁, ဒုကအင်္ဂုတ္တရ ဝဇ္ဇသုတ်, မူလပဏ္ဏာသ စူဠ ဒုက္ခက္ခန္ဓသုတ် ၁၂၉, ဥပရိပဏ္ဏာသ ဗာလ ပဏ္ဍိတသုတ် ၁၀၉)တို့၌လာသော ဗာဓိတ္တ သ ကံကြမ္မာ၊ နောက်သော် ကုသိုလ်ကံ-အ ကုသိုလ်ကံကို ကြမ္မာခေါ်ပြန်သည်၊ "လူတို့ မြေတွင်၊ ကြမ္မာငင်က၊ ကောင်းလျှင်ကောင်း ရောက်၊ အထောက်ထောက်လျှင်၊ ကံနောက် သိုက်ရ" (ဓမ္မပါလ ၃၈)၊ ဤ၌ ကြမ္မာဖန် ဆင့်၊ ရည်၍တင့်သား"ဟူသည် ကံဖန်တီး၍ တင့်တယ်သည် ဆိုလို၏။

www.burmeseclassic.com

www.burmeseclassic.com



**ကွန်းပြောက်သဘင်** (၁၅-တ)ဆေးရောင်ခြယ်သော နန်းတော်ကို ကွန်းပြောက်၊ "ရွှေတောင်ဖြိုး မောက်၊ ရွှေကွန်းပြောက်ထက်၊ မပျောက်မင်း ကျင့်" (မဃဒေဝ ၅၀၃)၊ အခမ်းအနားနှင့် ဗိုလ်ရှုခံထွက်သည်ကိုလည်း ကွန်းပြောက်ထွက် သည်ဆို၏၊ "ကွန်းပြောက်ကြီး ထွက်တော်မူ သော" (မင်းဗိုင်းကျောက်စာ၊ ညွန့်ပေါင်း ၁၀၅)၊ "မိုင်းမျဉ်း တဖန်၊ လွန်ပြန် ဗိုလ် ထောက်၊ ကြိုဆိုရောက်သည်၊ ကွန်းပြောက် သဘင် ရိပ်ဖွဲ့တည်း" (တရုပ်သံရောက် ၅)၊ (မြန်မာသံယောဂ ၁၃ဂ။)

**ကျွန်း** (၃-တ,၂၀-ပ,၅၃-ပ) ကုန်ခန်း၊ ကျိန်မျိုး ကျွန်း=ကျိန်စရာမရှိ ကုန်ခန်းပြီ၊ "မရှုန်း နှန်း၊ တုမဲ့ကျွန်းသည်" (ပါရမီ၁၉)၊ "ကျူး ကျော် ကုန် ခန်း၊ ကမ္ဘာ ကျွန်း လည်း" (မနော်-၃)၊ ကုန်ကျွန်း (တွင်းသင်း-၂၇၆) (သတ်ညွှန်းနောက်ဆက်တွဲပိုဒ်ရေ၂၀-ကြည့်)

**ကျွန်းတိုက်** (၂၀-ပ) တောမီးရှို့သည်၊ ကိုင်းမျက် သင်ပင် မီးရှိန်သင့်၍ မရှိစေရ၊ ကုန်ကျွန်း အောင် မီးတိုက်သည် (ဝေါသနီ-၅၂၄)၊

**ကမ်းနီမြစ်** (ဂ-ပ) တောင်ငူမြို့တွင် မြသိတင်ဘုရား ကမ်းနားၗရှိသော ချောင်းမြစ်၊ "သဉ်ဖြိ တာထက်၊ နားလှာဆက်၍၊ ဖလ်စက်နှသွင်၊ မြသိတင်ဟု၊ မွေ့ရှင်သိဂီ၊ မြစ်ကမ်းနီသို့"

www.burmeseclassic.com



(မင်းရဲနှရာချင်း-၃၈)၊ အပိုဒ်၁၉-တ"နီလာ မြစ်"လည်း ငှင်းပင်။

**ကျွမ်း** (၆၁-တ)မီးလောင်ပျက်စီး၊ "ကျွမ်းဝင်သည့် မီးတွင်ကျွမ်း"(ဝဏ္ဏဗောဓန ၁၅)၊ "ဆေးတ အိုးကျွမ်း၊ကွမ်းတရာညက်"(ဩဝါဒပျို့ နိဂုံး)

**ကြိမ်းခတ်** (၄၈-ဒု)သီချင်းဆိုသည်၊ မိုးနတ်ကတုယင် အင်္ကျီ, ခါးပန်း ဝတ်ဆင်လျက် မိုးသီချင်းဆို လိုက်လျှင် မိုးရွာသည်၊ (လက်ဝဲနော်ရထာ လျှောက်ထုံး)။

**ကြိမ်းဝါး** (၅၉-တ) ခြိမ်းချောက် ပြောဆိုသည်၊ "ကြိမ်းဝါးသိပ" (အလောင်းမင်းတရား အရေးတော်ပုံ ၅၅၃)၊ "ဟန့်ဆီးကြိမ်းဝါး၊ ချောက်ခြိမ်းတားသည်" (မဃဒေဝ-၁၄)။

**ကုန်အောင်** (၁၀-ဒု-၆၃-တ) အလုံးစုံ အားလုံး ကုန်၊ "အပေါင်း ပြည်ထောင်၊ မင်းကုန် အောင်ကား" (ဘူလင်-၁၁၂)၊ "လကုန် အောင်=လအားလုံးတွင် တပေါင်းလသည် အမြတ်ဆုံးတည်း။

**ကုံ** (၄၄-ပ) ပြည့်စုံသည်၊"ထမင်းဝရုံ၊ပစ္စည်းကုံ လိမ့်"(ဘူလင်၃၃၁)၊ လူကျွေးအစုံ၊ ချတုံ တုံလျှင်၊ ကုံ-ကုံမလျောက်"(နေမိမဲ့ ရှစ်ိုး၉၆) ဤ၌ လူမှုကုံ-လူရေးလူမှုကိစ္စ ပြည့်စုံအောင် ဆောင်ရွက်သည်-ဟုဖြေ။ (ဇာင်းသင်း ၆၀၀)

**ကိုကိုရှန်း** (၁၈-တ) ငြိမ်သက်သည်၊ "ရှန်းရှန်း ကိုကို၊ ပြင်ဆိုဆို၊ ဦးထိုနှောင်သွားချင်း"

www.burmeseclassic.com

www.burmeseclassic.com



(ကဝိလက္ခဏာ ၂၄၄)၊ "ရွယ်ဖွံ့ဖွံ့၍ တွံ့တွံ့ ကုံ့ကုံ့၊ ပြင်ဆုံ့ဆုံ့နှင့်" (ဘုံခန်း-၉)၊ "ညှိုး ညှိုးငြိမ့်မျှ၊ စိမ့်စိမ့်ကုံ့ကုံ့၊ ဆုံ့ရှုံ့၍၊ပုံ့ပုံ့ပွပွ၊ ဆွရရွလျှင်" (ဘုံခန်း ၂၆)၊ "ပြင်နုဆုံ့ဆုံ့၊ နောင့်ချစ်ထုံ့သည်၊ ကုံ့ကုံ့ငြိမ်သက်၊ သဘင် ထွက်က" (ဘုံခန်း ၆၇)။

**ကုန်းသွယ်** (၁၄-တ) ကုန်းတိုက်သည်၊ ကုန်းချော သည် (ဝေါသနိ ၇၃၃) ဂဇဗလ-ဂ၄,ဂ၅။

**ကုံးနစ်** (၉-ပ) စီခြယ်သည်၊ "ခိုင်ဖြိုးကုံးနစ်၊ပုလဲနှစ် သို့" (နဝဒေးရတု ၁၀၀-ခွဲထား)၊ "ပုလဲ သွယ်ဖြစ်၊ စီခြယ်နစ်သို့"(ဇနက ၂၃)၊ စီခြယ် ထားသော ရတနာပန်းကုံးတို့ဖြင့် သက်တင် ရောင်ကဲ့သို့ရှိသော စေတီ။

**ကုံးသိ** (၁-ပ) မေတ္တာစာ ရေးသား သီကုံးရသည် များလှပါပြီ။

**ကျောက်ဆောက်** (၂-ပ)တောင်ငူအနောက် ယခုအ ခေါ်ရှင်ပင် ကျောက်ဆောက်၊ သဝန်ကြီးသည် နတ်သာအင်းအနောက်တွင်ကျောက်ပုတ်လုံး ရှိသမျှကို ကောက်၍သွားသည်၊လမ်းတွင်မှလေး ပျင်းနှင့် ကုပ်ခွဲ၍ ခပေါင်း ချောင်းနားတွင် ဆောက်ထားခဲ့သည်ကို ကျောက်ဆောက်တွင် ၏"(မှန်နန်း-၃ ၁၇၉)၊ "သဝန်ကြီး ဒဲပိန် ငယ်တို့သည်....အရှေ့ဘက်၌ တရုတ်ညီ ညီ နောင်နှင့် မြို့ဟောင်းရှာ၊ မြေသာအရပ်နှိုက်

www.burmeseclassic.com

www.burmeseclassic.com



မင်းဝံတောင်ရိုး၊အနောက်အရပ်နှိုက်ကျောက်ဆောက်ဘုရား၊အရှေ့တောင်နှိုက် ခပေါင်းနှင့်ပေါင်းလောင်းမြစ်ဆုံကိုတွေ့၍ မြို့တည်သည်" (မှန်နန်း-၃-၁၇၄)

**ကြောက်ရွံ့ချုံး** (၆၃-တ) ရန်သူတို့သည် ကြောက်လန့်သဖြင့် ပိန်ချုံးသည်၊ ကြောင်နံ့ချုံး (ပါဠိ-၁၅)၊ကြောင်နှယ်ချုံး (ဥတေန-၁၀၁)၊ "ယွန်းပြည်မိုင်းဖိုး၊ ကြောင်နှယ်ချုံး၊ လက်နှင်းရှင့် ဖုန်းတန်း" (ကဝိလက္ခဏာ-၂၀၆) "ကြောင်ချုံး၏တူ" (ရဲတင်း-၂၄)၊ "ဖိုးချုံး"(ရေခါန်း-၆၁)တို့နှင့် နှိုင်းရှည့်။

**ကြောင်းလျှား** (၅-၃, ၂၀-တ, ၄၅-တ, ၆၄-တ) အကြောင်းအရာ၊ "ထိုကြောင်းလျှားကို၊မထားအိတ်သွန်၊ပြန်ပေရကား" (ဘူ-အလင်္ကာ-၉၉)၊ လျှောက်ထားရမည့်အကြောင်းအရာရှိသေးသော်လည်း ဘုရားရှင် မကြားလောက်၊ မကြားကောင်း မနာသာ ကြားရမည့် စကားဖြစ်၍ ရှေးကမလျှောက်ခဲ့ပါ။

**ကြောင်းဝန်** (၁၃-တ) အကြောင်းအရာ၊"သောကကြောင်းဝန်၊ ဖြစ်ဘို့ဟန်ကို" (နဝဒေးရတု-၁၁,ဆုတောင်းခန်း-၇၆)

**ကိုက်** (၂၄-တ) အညွန့်၊ အကိုက်၊ "ပုံမစိုက်သည့်၊ အကိုက်မြနည်း၊ ပေါက်တည်းက" (နဝဒေးရတု-၁၂၂)၊ အဦးအဆိုင်၊ ဝနှိုင်

www.burmeseclassic.com



တို့၊ ကိုက်စို့စီရရီနှင့်" (တောဘွဲ့သံချို၊ ပဒေ
သာ ၃-၂၂)

**ကြိုင်မွှန်း** (၅၈-ပ) ပတ်ဝန်းကျင် လွှင့်ပျံ့မွှေးကြိုင်၊
"နံ့သာကြိုင်မွှန်း၊ ကြာညိုပန်းသို့" (ဘူ-အ
လင်္ကာ-၁၂,မြန်မာသံယော၈-၁၇)

**ကျိုင်းစင်မြခဲ**(၁၁-တ)ကျိုင်းမြ(၅၅-တ,၄၇-တ)
ကျိုင်း=ဖွံ့ထွား+စင်=စင်ကြယ်၊ထွားကျိုင်း
စင်ဖြူ၍ မြခဲအရောင်ရှိသော စစ်ထွက်မောင်၊
"ကျိုင်းစင်မြရောင်၊ မွေးချစ်မောင်ကို" (နဝ
ဒေးရတု-၂၁၇)၊ "ကျိုင်းစင်မြဝါ၊ မတ်ကြီး
လျာကို" (ပုပ္ပါးနတ်တော်ဘွဲ့)

**ကိုယ်ထူး** (၁၇-တ,၄၉-မ) မိမိတကိုယ်ချင်း၊ တ
ကိုယ်တည်း၊ ကိုယ်တိုင်ကိုယ်ကျ၊ "မယုံမနှံ့၊
ကိုယ်ထူးကြံ၏"(ကိုးခန်း-၂၂၁)၊ ဖေါ်ဝေး
သူ တကိုယ်ထူး၊ မူးဝေလို့မှိုင်" (မြဝတီရေး
ပတ်ပျိုး၊ ဂီတဝိသောဓနီ ၉၈-၂။)

**ကိုးချက်နာရီ** (၁၄-ပ) ကိုးမောင်း, ကိုးနာရီ တီးရ
သောဝါဆိုလ၊"ပတ်သံတာရှည်၊ တီးသံမြည်၊
လက်ဆီကန့်စာရေး"လက်ာအရဝါဆိုလနိုက်
နေ့နာရီ ၃၆+ညနာရီ ၂၄=၆၀ ရှိသည်
ဖြစ်ရာ၊ နေ့နာရီ ၃၆÷၄=၉၊ နေ့လေးပဟိုရ်
တွင် တပဟိုရ်ကို မောင်းကိုးချက် တီးရသည်
တနာရီကျလျှင် နာရီမောင်း ကိုးချက်တီးရ
သဖြင့် ဝါဆိုလအခါ တပဟိုရ်၌ ကိုးမောင်း
ကိုးနာရီတီးရသည်ကိုရည်သည်၊(ဦးရွှန်းဖြေ)

www.burmeseclassic.com

www.burmeseclassic.com



နောက်ဒုတိယအပိုဒ်၌ "မုလေးစံပယ်၊နံ့ကြွယ် ကြိုင်ဖြည်း"ဟူသော စကားသည် နယုန်လ ရာသီပန်းကိုပြ၍၊ နယုန်လ၏ စန်းယှဉ်မှာ ဇေဋ္ဌ-နက္ခတ်တည်း၊ဇေဋ္ဌဟူသော နဂါးနက္ခတ် နှင့်လည်း နီးသည်၊ ကိုးမောင်းရိုက် ဝါဆိုလ အနီးအပါးလည်း ရောက်လာပြီ ဆိုလိုသည်၊ "မိုးသွေးမစီ၊ နာရီကိုးချက်၊ ရက်ကားချမ်း ချင်" (နဝဒေးရတု-၂၃၀)

**ကိုးထွေမျက်လည်** (၂၉-ပ,၄၇-ဒု) ကိုးမျက်ရည် (၅၇-ပ) နဝရတ် ကိုးပါးဟူသော အမျက် ကျောက် ကိုးမျိုး၊ "နီလာ, စိန်, ကြောင် ထိန်ပြောင် ပတ္တမြား၊ မြသား, ဂေါ်မုတ်၊ ဥဿဖယား, သန္တာ၊ ရတနာ၊ ပုလဲ၊ ထူးကဲ မွန်မြတ်၊ နဝရတ်ကိုးပါး"။

**ကိုးရပ်ပတ်လည်** (၁၅-ပ,၂၇-ပ) အရပ်ရှစ်မျက်နှာ နှင့် အထက်အရပ်။

**ကြိုးကာကာ** (၂-ဒု) အဖန်ဖန်-အဆက်မပြတ် ကြိုး စားပါသည်၊ "အတတ်ပညာ၊ ပွါးကာကာ လျှင်"(ပါရမီ-၄,၁၄၀) ကာကာကြည့်။

**ခ,ပေါင်းပေါင်းခန့်** (၁၇-ပ) ခ, ယ, ပေါင်းစည်းပြီး လျှင် ပေါင်းမိလွယ်အောင်ခန့်ရည်၍ လျှော် ဆက်တင်သော (ဦးရွှန်းဖြေ-၅၃)

**ခပေါင်းမြစ်ဝှန်** (၁-တ) အဝှန်=ရေအယဉ်၊ ရှင် ဥက္ကံသမာလာ,ဦးရွှန်းအဖြေနှစ်စောင်လုံး၌ပင် "ခပေါင်းမြစ် အဝှန် အယဉ်ဖြင့်" ဟု အနက်

www.burmeseclassic.com

www.burmeseclassic.com



ဖေါ်၏၊ (ဝေါသနီ-၅၆၉)၌ ၄နီ=ကျော်စောသည်၊ "နေလဗိမာန်၊ ရောင်ခြည်၄နီ၊ ယုဂန်ဗွေချက်ချာ"(ကဝိလက္ခဏာ-၄၉၂)၌ ဆိုသောကြောင့် ကျော်ဓစောသောခပေါင်းမြစ်ဟုလည်း ဖြေနိုင်သည်။

**ခပေါင်းမြစ်လည်** (၂-တ) သတ္တရဘန် စောင်စဉ်ခုနစ်လုံးသည် မြင်းမိုရ်တောင်ကို ရံသကဲ့သို့ ခပေါင်းမြစ်သည်လည်း၍စီးသည်၊ (ရှင်ဥက္ကံသမာလာ,ဦးရွှန်းအဖြေ)တောင်ငူသမိုင်း၌ကား ပေါင်းလောင်းမြစ်သို့ စီးဆင်းသော မြစ်ငယ် ခုနစ်စင်းချောင်းခုနစ်ခု၊ ခရိုင်,ခပေါင်း,ပုပ်ပဲ, ကျောက်မဆင်, ကျောက်ဆောက်, ပန်းရည်, ပန်းတောင်၊ ဤမြစ်ငယ် ချောင်းငယ်ခုနစ်ခုတို့သည်တောင်ကိုရံပတ်ခွေ၍ တောင်ငူတည်ရာသို့ လက်ျာရစ် လည်ကာ စီးသည်။

**ခဝဲပွင့်သော်** (၁၄-တ, ၄ဂ-ပ, ၅ဂ-ဒု) တန်ဆောင်မုန်းလ၌ ပွင့်သောခဝဲပန်း၊ တောခဝဲရိုင်း၊ နဘ်အိဉ်သော ဝါဆိုလမှ ခဝဲပွင့်သောတန်ဆောင်မုန်းလတိုင်မိုးဦးကသည် မိုးဖျားရောက်၍ မိုးသံကြူးသည်။

**ချရား** (ဂ-ပ) စာအရေးချရားကိုလောကခေါ်ခရေ၊ စေတီ၏ အစိတ်အပိုင်းဖြစ်သော အလယ်, အထက်အောက်ရှူး ခရေသီးပုံကို ချရားသီး၊ ယင်းကိုပင်၄က်ပျောဖူး,ဆပ်သွားဖူး,ဟင်းရိုးဖူး,ရှိရှားသီး-ဟု ခေါ်သေးသည် "ထီးချရား

www.burmeseclassic.com

www.burmeseclassic.com



သီးကသည် မြေတိုင်အောင် ရွှေထည့်တော်မူသည်” (မှန်နန်း တ-၄၂, ဦးကုလား ၃-၉၆)၊ “မြင့်မိုရ်တောင်မင်း၏ ချရားသီးကိုနီလှစွာသော တိမ်ဖြင့် ရစ်ဘိသကဲ့သို့” (မဃဒေဝ ကုဏ္ဍလ-၁၆)၊ “ဇမ္ဗူတိုက် ခရိုင်မှာ စစ်မြေပိုင် ချရားသီးတွင်မှ ထီးမိပတီ” (ဦးမင်းဆိုဗန္ဓုလဘွဲ့၊ ကဗျာဗန္ဓ-၅၇၆)၊ “မြင်းမိုရ်တောင်ဟု၊တော့ချရားသီး”(ဓမ္မပါလ-၁၀)

ခွံမြ (၆၆-ပ) ပြာသိုလ ရာသီပန်းဖြစ်သော ခွါညိုပန်း၊ ခွံညို,ခွံမြ,ခွါညို-အမည်သုံးခု—ပန်းတမျိုးတည်း၊“နုတ်ပန်း, ခွံမြ၊ပေါ်သည်လဝယ်” နဝဒေးရတု-၁၄၄၊နုတ်လကျွန်း၍-ချီ)၊ “နွယ်ပန်းခွံညို” (ရွှေဟသာ-၆)

ချံ (၅၉-၃) နင်းနယ်ချိုးဖဲ့ ဖျက်ဆီးခြင်း၊ “ကျူသားထရံ၊ ဆင်နင်းချံသို့၊ လွင့်ပျံအမိုး”(ပြာ ငှိုဟာခန်း)၊“ထင်းရောင်းချံသို့” ငရဲခန်း-၁၂ ဘူလင်-၁၄၂)၊ “ကုန်အောင်ဖျက်ချံ” (ကိုးခန်း)

ခုနစ်မည်ရပ် (၂၇-ပ) မြောက်အရပ်ကလာသောမိုး၊ အရပ်ရှစ်မျက်နှာတွင် မြောက်အရပ်ကို မိုးဆင်၍ မမြင်ရသောကြောင့်-မြောက်ကိုနုတ်၍

ခြူးကြာ (၅၇-တ) ခြူးပန်းခြူးနွယ်၊ ကြာရွက်ကြာပွင့်။(ပုဂံခေ ကျောက်စာ၌ အပင့်ချူးရှိသည်)

ခြူးစိပ် (၂၂-ပ) ခြူးပန်း ခြူးနွယ် စိပ်စိပ် ချက်သောပုဆိုး (ဝေါသနီ-၆၆၇)

www.burmeseclassic.com

www.burmeseclassic.com



**ခြူးနတ်** (၁၁-တ) ခြူးပန်းခြူးနွယ် နတ်ရုပ်။ ဤ၌ ချူးစိပ်, ချူးပန်း ချူးနွယ် ချူးနတ် တို့ကို တွင်းသင်းသတ်ညွှန်း ၄၇-၁၁၅ တို့၌ အပင့်နှင့်ချည်းတွေ့ရသည်၊ "ပေါင်းဆေးရေး ပေါင်းနောက် ချူးတက်" ဟု ရေးထိုးသော ပုဂံကျောက်စာညွှန့်ပေါင်း ၃၄-၁၄ ရွှေဘုံ သာကျောက်စာအရေးကို တွင်းသင်းက လိုက်ပုံရသည်။

**ချေ** (၅၀-ပ) မွဲ၊ မွတ်မွတ်=နူးညံ့+ချေ=မွဲ။ "မဲနည်လကျော၊ မွဲမည်းချေသို့" (ပါရမီ)၊ "မစွန်းမွဲချေ၊နတ်ခြေရွှေလည်း၊ခိုခြေသဖွယ်" (မဃဒေ၀-၄၇၄) နူးညံ့စွာ ရေးခြယ်ထား သကဲ့သို့သော မွဲရှိသည်၊ ဦးရွှန်းက-"မွဲစွန်း မပျောက်သော မျက်နှာ"ဟုဖြေသည်၊ရာဇ၀င် ၌ ဒွတ္တပေါင်မင်း၏မွဲရှင်ကိုအသရေယူသကဲ့သို့ ခေတ်၌လည်း စံပယ်တင်မွဲ စသည်ဖြင့် မွဲရှိ သောမျက်နှာကိုအသရေထင်မြင်စွဲမှတ်သည်။

**ချေလဲမသာ** (၁-တ) အချေအတင် လျှောက်လဲရန် ခွင့်မသာ။

**ချေးချေး** (၁၃၈-ပ) ရင့်ရင့်ရှူရှူအသံ(ဂဇဗလ-၁၃)

**ခြေဆွတ်** (၁၉-ဒု) ၀ဏ္ဏဗောဓနေ၌ "ချွေ၊ ချွေတာ" အပင့်၊ဝေါဟာရတ္ထပကာသနီ၌အရစ်ခြေဆွတ်။

**ခွဲချေရေးရေး** (၃၂-ဒု) ခေါင်းကိုဖိးသော ပခြင်း အရာ (ရှင်ဥက္ကံသမာလာဖြေ)၊ အလယ်မှာ ရေးရေးအကြောင်းထင်စေ၍ ခွဲဖိးသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဓြိ.ဓြိ.** (၂၈-ဒု)အကာအရံ၊ ပတ်ဝန်းကျင်မှ ပတ်ရံသည်(ဝေါဟာရီ-၅၃၀)၊ "မြို့ကြီးရွာခံ၊အရံဓြိ.ဓြိ."(တရုပ်သံရောက်-၄)၊"ဖူးချင်ငံ့လျက်၊ဝန်းဓြိ.ခြွေရွေ"(ငရဲခန်း-၁၃၅)

**ခါးမပတ်** (၃၄-ပ) ထိုးကွင်းမင်ကြောင် ခါးမှာပတ်မိအောင်မထိုး၊ တကွင်းတလေသာ စတိထိုးထားသည်။

**ခင်** (၆၇-တ) မီနှင့်တူသော ကြိယာဝိသေသနပစ္စည်း၊ "မသေခင်လျှင်၊ စားချင်သောက်ချင်"(ဘူလင်-၁၄၀)၊ ဝါလသဘင်၊ မဆန်းခင်ကို၊ ဉာဏ်ရှင်ရှုကြည့်" နဝဒေးရတု-၁၄)၊"ထိုဆောင်းဦးသို့၊မကူးခင်က၊ အလျှင်လူနှင့်ကွဲရတယ်" (သုံးထောင့်အိုင်)၊ "အသက်မသေခင် အသားကိုလှီး၍အစိမ်းပင်စားသောက်ကြသည်"(မှန်းနန်း တ-၃၉)

**ခြသေ့မင်းနံ** (၆၀-ဒု)နတ်သျှင်နောင်၏ မွေးနေ့နံကို ရာဇဝင်တို့၌မဆို၊ (မှန်နန်း-တ ၁၇၆)နတ်သျှင်နောင်မွေးနေ့ အင်္ဂါနေ့၊ တွင်းသင်းရာဇဝင်က"ခြသေ့မင်းနံ၊ရန်နှိလှစ်ခွင်း၊ အိမ်ရှေ့မင်း"ဟု၊စပ်ဆိုသည်အရ အင်္ဂါသားဆိုသည်၊ ယင်းအဆိုကို မှန်နန်းက(မှန်နန်း-တ ၁၇၆)တွင် ပယ်ထားသည်၊ မုံရွေးဆရာတော်စီသာရာဇဝင်ကျော်— ရွှေချပ်ဝမ်းကြောင်ကော်ပီစတုတ္ထတွဲ အတွဲ ၁-၇၇-၇၀-မှလည်း မှန်နန်းအတိုင်းပင်တွေ့ရသည်၊ ဤအရာ၌ မှန်နန်း

www.burmeseclassic.com

www.burmeseclassic.com



ပယ်ချက်မျှဖြင့် မရပ်တန့်သေးဘဲ တွင်းသင်းမင်းကြီးအဆိုကို ထပ်မံလေ့လာသင့်သေးသည်၊ နတ်သျှင်နောင်ရတု၁၂-ခေါင်ထွတ်ဆက်ကာချီ ရွှေမော်တောတိုင်ရတု ပဋ္ဌမပိုဒ်၌ "ပန်းလည်းနံ့သင့်၊သခင့်ရက်တူ၊ မဉ္ဇူမျှားရှင်၊ ဂမုန်းအင်" နှင့်စပ်ဆိုသည်ဖြစ်ရာ မဉ္ဇူ-၌ အဖျားနံ့အင်္ဂါသည် နတ်သျှင်နောင်၏ မွေးနေ့နံ ဖြစ်ကြောင်းဦးရှုန်းကဖြေသည်၊ "မဉ္ဇူမျှားရှင်"၌ ထပ်ကြည့်ပါ၊ ထို့ကြောင့် နတ်သျှင်နောင်မွေးနေ့အင်္ဂါဟူသည် တွင်းသင်မင်းကြီး အဆိုနှင့်ကိုက်ညီလေသလော။

**ခင်းနှီး** (၃၆-၃) ခင်းသောအဝတ်၊ "ခံတင်မွန်-၁၊ ခင်းနှီးအုံးအစုံ" (မြောက်ဂုဏ် ကျောက်စာ၊ လက်ရွေးစင်-၁၁၀)၊ခင်း+အနှီး။

**ခြင်းတ** (၄၄-၃)ဖြစ်ပေါ်ရင်းသဘော၊ စာအများ၌ အပင့် ချင်းတ ချည်း ရှိသည်၊ ချင်းတ—နှင့် ခြင်းတ—အနက်တမျိုးစီဖြစ်ပုံရ၏။

**ချင့်တာသုံးထောင်** (၆၃-ပ)ချင့်တွက်၍ရသောတာ။

**ချစ်ဆီတည့်ကျော်** (၆-တ)ချစ်+အဆီ။အဆီ=သင့်လျော်ခြင်း၊တည့်တည့်၊"ကြံ့ညိုနန်းနှင့်၊အဆီတည့်အောင်"(ရာမရကန် ၃-၆၀)၊ မျက်နှာလည်မော်၊ သည်သို့မျှော်သည်၊ မိုးပေါ်ငါတို့အဆီတည်း"(ဝိဓုရ-၂၄၄)

**ချစ်ထွတ်တင်သည်** (၁၀-ပ)မယ်က မိမိကိုယ်ကို မိမိချီးပင့်၍မောင်ကိုပြက်ရယ်ပြုစကား(တပေါင်း

www.burmeseclassic.com

www.burmeseclassic.com



ကျလျှင် နတ်သမီးနှင့်တူသူတယောက် ရောက်လာလိမ့်မည်။)

**ချစ်ပျက်ထွေးယူ** (၁၀-တ)အဖြေနှစ်ခု မှ ကွဲသည်၊ "အချစ်ပျက်သည်ဟုတွေးယူ၍" (ဦးရွှန်းဖြေ-၂၄)၊ "ချစ်ခြင်းကြောင့် နှလုံးမသာသဖြင့် နေကိုကဲ့သို့ ထွေယူ၍" (ရှင်ဥက္ကံသမာလာဖြေ-၄၂)

**ချစ်မိ မချစ်** (၃-ဒု)ချစ်မိသော ကျွန်တော်မတွင်သာမချစ်၊ အခြားတပါးသို့ အသစ်အသစ် ချစ်ပြန်သည်၊ အကျွန်ုပ်အား မေတ္တာမရစ်ပတ်ပါ။

**ခြစ်ခြစ်** (၂၁-တ, ၂၀-ဒု) အပတ်ပတ် အရစ်ရစ်ဆင်၍ ခြစ်ခြစ်ချင်ချင် မြည်သည်၊ မြည်သံ (ဦးရွှန်းဖြေ-၅၆)

**ခြည်** (၁၆-ဒု)အသွယ်အမျှင်ရိပ်ရိပ်ရေးရေး ထင်သောအရာ၊ "သာရှင်သည်မျှ၊ ခြည်မပြခဲ့" (ဇေယျရန္တမိတ်ရတု-၃)၊ "ဘန်းပြောင်းနှောင်ချည်၊ မိလေသည်ဟု၊ နှုတ်ခြည်သာလေး" (မနော်-၂၅)

**ချည့်** (၃၇-တ)ပျောင်းချည့်၊အားနည်းသည်၊"အသံညည့်ညည့်၊ ပြောင်းချည့်ချည့်၊မပြည့်မလင်ဝ" (ကဝိလက္ခဏာ-၁၆၁၃)၊ "ပူပူပင်ပင်၊လိုအင်မပြည့်၊နှလုံးချည့်လိမ့်"(သံဝရ ၅)

**ချည်းလျှ** (၃၆-တ,၃၇-တ)သာယာဖွယ်ရှုံးညှို့သည်၊ နွဲ့နှောင်းပျောင်းပျ၊ (ဝေါဟာရ-၅၇၇)၌အပင့်၊

www.burmeseclassic.com



အခြားစာများမှာ အရစ်ချည်း-ရှိသည်၊လျှလျှ ပါးပါးပျောင်းနွဲ့သော အမူအရာ၊ (ကဝိလက္ခဏာသတ်ညွှန်း-၁၇၅၊)သတ်ညွှန်း-၃၀ကြည့်။

**ချည်းလှပ်** (၂၀-ဒု)ချည်းလျ-လျချည်းနှင့် အနက်တူ၊ လျှလျှချည်းချည်း၊လှပ်လှပ်ချည်းချည်း၊ပျောင်းနွဲ့သောအမူအရာ(ဝေါဟာရ-၅၇၉)

**ခန့်မှန်းသက်သာ**(၆၇-တ)ခန့်မှန်းရည်ရွယ်ထားသည့်အတိုင်း(စစ်ရေးပြီးစီး၍)သက်သာခဲ့သော်။

**ချမ်းရှောင်ပူယှဉ်း**(၁၀-ဒု)အချမ်းရှောင်၍ အပူဘက်ယှိမ်းသော တပေါင်းလ၊ "တပေါင်းလလသရမ်း၊နွေပူ၍ညချမ်း"(စကားပုံ)

**ချိပ်** (၁၆-ပ)ညိုမောင်းရောင် (တွင်းသင်း-၁၁၃) မြအရောင်ကဲ့သို့ညိုမှိုင်းသည်၊"ထွန်းဝင်းရောင်ချိပ်၊ ရွှေညောင်ရိပ်၊ မာရ်နှိပ်ပြီးအောင်မြင်" (ကဝိလက္ခဏာ-၁၄၇၀)၊ "အဆင်းအားဖြင့် မောင်းမောင်းချိပ်ချိပ်-ကို စွဲ၍ချိပ်" (ဝေါဟာရ-၆၆၃)ပုဂံကျောက်စာခေတ်၌ ခြိတ်။

**ချိပ်ချိပ်** (၃၈-ပ,၃၈-ဝ) နီ, မည်း, ပြာမှိုင်း- ရော၍မောင်းသောအရောင်၊ "ညိုညိုချိပ်ချိပ်၊ ကြာတံဆိပ်၊ ပန်းလိပ်ဆူးရွှေပင်"(ကဝိလက္ခဏာ—၁၄၈၂,၁၄၉၉) "သက်နှံးအရိပ်၊ ချိပ်ချိပ်မောင်းရွှေး၊ သက်တင်မှေးသို့" (ဆုတောင်းခန်း-၁၆၈,မြန်မာသံယော၈-၁၀၅)

**ချိမ်းမောင်း** (၃၁-ပ) ကြိမ်းဝါး, ကြိမ်းမောင်းသည်၊ ကြိမ်းဝါး၍နှင်ထုတ်သည်။ "နှုတ်သံကြိမ်းနှင့်၊

www.burmeseclassic.com



နတ်ဝမ်းပူကြောင်း၊ ခြိမ်းမောင်းခဲ့ပြီး" (တို-
ခန်း-၁၀,၁၅၀)၊ "တစိမြင်ပြား၊ ခြိမ်း
ကားနှင့်"(တိုခန်း-၀၄)

**ခေါက်ရက်** (၄၀-၃,၄၅-၃) ခေါက်ရက်-သည်"မ
နှင့်တွဲသောခေါက်ရက်-နှစ်သက်စုံမက် တွယ်
တာခြင်း၊ "မခေါက်ရက်ကား၊ နှစ်သက်အ
ပြည့်" (တွင်းသင်းပေါရာဏလင်္ကာ)၊မ-နှင့်
တွဲ ထီးထီးနေသော ခေါက်ရက်-ကြိမ်ဖန်များ
စွာ ခဲယဉ်းစွာ—ဟူသော အနက်ကို ဟော
ခေါက်ရက်- ဝေါဟာရသမိုင်းကို အကျယ်
ဝင့်ရေးမှသာ ပေါ်လွင်သိသာနိုင်မည်၊ ဤန
သျှင်နောင် သုံးသော ကြိုးခေါက်ရက်-ခဲယ
စွာကြိုးစားရသည်၊ လွန်ခေါက်ရက်-လွန်
လှသည်ဟု-ခဲယဉ်းနက်သာထွက်သည်၊ "
မြူခေါက်ရက်၊ မွေးမြူကျိုးထင်၏" (ဝေါ
၄၆၉)၊ "အသိခေါက်ရက်၊ အဝင်နက
(စကားပုံ)၊"အနာရှိလျှင် ယင်အုံ၊ ထမင်း
မြင်လျှင်၊ ခွေးရောက်သတဲ့၊ ခေါက်ခေါက်ရ
ရက်"(စကားတောင်စား ဝတ္ထု- ၁၆
"ကျိန်ခေါက်ရက် ကြိသောအကြံ" (ဦး
လား ပ-၆၅)

**ခြောက်ထပ်ဘုံသာ** (၉—၀) ဤစွန်းတောင်ဘွဲ
နတ်ပြည်ခြောက်ထပ်တွင် ကြိုက်ရာတော
၍ ရနိုင်သည်။

**ခြောက်ဆိုင်မြစ်ခန်း** (၇—၃) နတ်ပြည်ခြောက်ထ

www.burmeseclassic.com

www.burmeseclassic.com


**ခြောက်ပါးအစွန်း**(၁၀-၈) ပဋ္ဌမပိုဒ်နိုက် "ခြောက်ယောက်နတ် နှောင်း" ဆိုသည်နှင့် အတူ နတ်သမီးခြောက်ယောက်တို့၏ အစွန်း ညီမ သဖွယ်ဖြစ်သောမင်းသမီး။

**ခြောက်ပြစ်လပ်သား** (၂၀-၃) အပြစ်ခြောက်ပါး ကင်းမဲ့၍ ကောင်းခြင်းငါးဖြာ ပြည့်စုံစွာသော မိန်းမ၊အပြစ်ခြောက်ပါးကားဖြူလွန်း,ညိုလွန်း, ဝလွန်း, ပိန်လွန်း, နိမ့်လွန်း, မြင့်လွန်းခြင်း၊ ထိုမှပြန် ခြောက်ပြစ်ကင်း။

**ခြောက်ဘုံလုံးက** (၆၇-၃)ဝေဟာဗွိုလ်ဘုံ ၁+သုဒ္ဓါ ဝါသဘုံ ၅=ပေါင်း ဖြဟ္မာ ၆-ဘုံ။

**ခြောက်ယောက်နတ်နှောင်း** (၁၀-၈) ခြောက် ယောက် နှောင်းမြင့် (၆၇-၈) ဇင်းမယ် ပဏ္ဏာသ၊ သုဓနုဝင်၊ သုဓိနုဇာတ် ၁၄၅-၌ လာသော ကေလာသတောင်ထိပ်(ငွေတောင် ပြည်) ဒုမမင်းကြီး၏သမီး ကိန္နရီမ ခုနစ် ယောက်တွင် အထွေးအငယ်ဆုံး ဖြစ်သော မနော်ဟာရီမင်းသမီးဟု အချို့က ယူဆကြ၏၊ "နှောင်းအောက်ထက်မြေဒ်၊လှမနော်၏၊ကြင် ဘော်ဟူလောက်" (နဝဒေးရတု-၆၄)ဥက္ကံသ မာလာအဖြေ-၄၂။

ထိုအယူကို၍၌မယူသင့်ကြောင်းဦးရွှန်းဖြေ ၄၁-တွင်အကျယ်ဆိုသည်၊ စေ့စပ်စွာလေ့လာ မှ ဦးရွှန်းအဖြေသည် တိကျပြတ်သားကြောင်း သိရသည်၊ သုဓနုဇာတ်လာရင်းမှာ အစ်မ

www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံးဟုဆိုသည်၊ ထို့ပြင် ဦးရွှန်းပြသော အကြောင်းမှာ ဤအရာ၌ နတ်ကိုဆိုသောအရာ ဖြစ်သည်၊စာခံမင်းသမီးမှာလည်း သမ္မုတိနတ် နွယ်သာ စာကဆိုသည်၊ ထို့ကြောင့် စာတု မဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနုရတိ, ပရနိမ္မိတဝသဝတ္တိ— ဤနတ်ပြည် ခြောက်ထပ်မှာ နတ်ဘုံ တဘုံစီက အလှဆုံး နတ်သမီး တယောက်စီ ရွေးချယ်ယူခဲ့၍ ထိုနတ် သမီးအစစ် ခြောက်ယောက်ကို အစ်မကြီးများ အရာပြုပြီးလျှင် ပြာန္တနှောင်း-ဟူသော သမ္မုတိ နတ်နွယ်-စာခံလှမင်းသမီးကို ညီမအထွေးအ နှောင်းပြု၍ နှိုင်းရှည့်လေ-ဟူ၏။

**ခြောက်ရောင်** (၁-က) ရွှေမုဒ္ဒေ့ဘုရား ဂုဏ်တော် ဖွင့်၊ရောင်ခြည်တော်ခြောက်ပါး၊ နီလ, ပီတ, လောဟိတ,ဩဒါတ,မဉ္ဇိဋ္ဌ,ပဘဿရ၊ ညို,ရွှေ, နီ,ဖြူ,မောင်း,ပြိုးပြက်။

**ခြောက်သွေ့ရွှေရွှေ** (၂၁-ပ) ခြောက်သရောင်း၍ ရွှေဝါရောင်ရှိနေသော သစ်ရွက်များ (ဦးရွှန်း အဖြေ-၅၉)

**ခေါင်ထွတ်ဆက်ကာ** (၁၂-ပ) အခေါင် အထွတ် ဖြစ်သော ဘုရင်တို့သာလျှင် အစဉ်မပြတ် ဆက်ကာဆက်ကာ ဆင်မြန်းလာသည့်နန်း စဉ်မကိုင့်သဖွယ်ဖြစ်သော မော်တေဘုရား။

**ချောင်းမမွှေတော်** (၅၄-ပ) တောင်ငူမြို့ရှိ ဘုရား ဘုရားတိုင် နဝဒေးရတုတွင် ယိုပ်စာတပ်သည်

www.burmeseclassic.com



နဝဒေးလည်း ချောင်းမမွေ့ရှင်, မောင်းမှူးရွှေစင်, ကြောင်းစထွေအင်-ချီ၍ (နဝဒေး-၆၇)တွင်ဆိုသည်၊နတ်သျှင်နောင်က နဝဒေးကို လိုက်သည်ဟု (ဦးရွှန်းအဖြေ-၄၂) ၌ဆိုသည်။

**ဂုမ္ဘာဏ်** (၁၉-ပ-၅၆-၃)ပါဠိ ကုမ္ဘဏ္ဍ-ပျက်ယွင်းခါ၍ ကုမ္ဘာဏ်ဖြင်ကြသည်၊မြန်မာမှုဖြစ်၍ မူအတိုင်းထားသည်။

**ငါးမည်ထွန်းလျှံ** (၁၈-၃) ကောင်းခြင်းငါးဖြာဖြင့် ထွန်းပလျက် စံပြုလောက်သောမယ်၊(ဦးရွှန်းအဖြေ-၅၁) ကောင်းခြင်းငါးဖြာ ဟူသည် ကေသ-ဆံပင်, ဝယ-အရွယ်, မံသ-အသား, အဋ္ဌိ-အရိုး, ဆဝိ-အရေ (ဓမ္မပဒအဋ္ဌကထာ) နှာရု-အကြော, ဝယ-အရွယ်, မံသ-အသား, အဋ္ဌိ-အရိုး, ဆဝိ-အရေ (တေလပတ္တဇာတ်အဋ္ဌကထာ။)

**ငါးရာ့ငါးမြစ်** (၁၉-တ) မြစ်ကြီး- ၅+မြစ်ငယ် ၅၀၀=ပေါင်း ၅၀၅။

**စတေ** (၆၇-၃-၆၂-ပ,၆၂-တ("ရှင်ပင့်စတေ၊ခုနစ်နေ့တည်း"၌၊ စတေ=အတူတူ+ရှင်ပင်=သက်ရှိဘုရား၊သက်ရှိဘုရားနှင့်တူသော ကျိုက်ခေါက်စေတီ၊"ရှင်ပင့်စတေ၊ လူ့ဆွေမျိုက်မှောက်၊ ပွင့်သစ်ရောက်သို့" (နဝဒေးရတု-၃၀)

www.burmeseclassic.com

www.burmeseclassic.com



**စထောင်း** (၄-ပ)ဖြစ်ခဲခြင်းပြု ကြိယာပစ္စည်း၊ "ကြား မှု မကြားဘူး၊ မမြင်စတောင်း မြင်ရသည် (မဏိ ကုဏ္ဍလ-၆၂၅) ဤ၌ မလျှော စတောင်း-တရံတခါမျှမလျှောက်ကြားဘူးပ

**စန** (၉-၃) အနည်းငယ်မျှ အစအန။ "လျှောက် များလှလည်း၊ စ-နရိပ်ခြည်၊မိန့်သည် ပွဲ့မွေး" (နဝဒေးရတု-၉)မျက်ဒေါသကို၊စနုပိတ်အုပ (ပါရမီ-၁၃၆)

**စနှစ်** (၃၂-ပ)ခေါက်ထားသည့်,ခေါက်ချိုးကျ၊ စ= အစသို့+နှစ်=တို့ပြန်။ "သစ်နက်အရေ ဆောင်စနေကို၊ပြေပြေပြစ်ပြစ်၊ခေါက်စနစ်၌" (ပါရမီ-၆၄) "လတ်လတ် သစ်သစ်၊ စနှ မပျောက်၊ ဝိတ်အခေါက်မြင့်"(ဘုံခန်း-၆၄) မိုးနတ်သား ဝတ်သည့်အင်္ကျီ-အခေါက်မပျေ သေး၊ မဝတ်ရသေး-ဟုဖြေ။

**စရုပ်** (၁၆-၃)ရွှာစရုပ်၊ရွှာတော့မည့်ပုံဟန်၊ "စေပါ လက်ဆုပ်၊ ငယ်စရုပ်နှင့်" (ကိုးခန်း-၉၄) "မင်းခေါင်ကြီး ပုဂံရွှေစည်းခုံသို့ သွားသော အခါ အရှေ့တောင်ထောင့်က သိကြားလု သောခြင်္သေ့ရုပ်သည် နားပေါ်ဦးလည်ထောင် အမြီးချီလျက်မြူးစရုပ်ပြု၏"(မှန်နန်းပ-၄၁၄)

**စသိပ်** (၇-တ,၈-တ,၃၅-ပ) အစသေသိပ်၊ "သဝ စသိပ်၊ ခွေစာလိပ်၊ ဆီးချိပ်မြဲအောင်တွယ်" (ကဝိလက္ခဏာ-၁၄၉၆)၊ "စေမြကျွန်ကိုးသ

www.burmeseclassic.com

www.burmeseclassic.com



ဝန်–စသိပ်၊ ခွေစာလိပ်နှင့်၊ ချစ်ရိပ်မှာလျက်၊ မယ်တို့ဆက်သည်”(မနော်–၇၉)
သတ်ညွှန်းနောက်ဆက်တွဲ(ဂ–၁၆ကြည့်)

**စာနာ** (၄၀-၃) ကိုယ်ချင်းစာ,နှိုင်းရှည့်ဆင်ခြင်၊ တချို့စာမှာ ဇာနာရှိတတ်သည်၊ “စာနာတွန့်တို၊ ဤသို့မကြံ”(ပါရမီ–၇၁)၊ “စူးစူးစမ်းစမ်း၊ ရှေ့နောက်လှမ်း၍၊ ခွဲခြမ်းစာနာ” (ငရဲ–၇၆)

**စာမရီ** (၃၂–၃) စာမရမည်သော သားကောင်၊ (အောင်း)မှ ဖြစ်သောအမြီးကို ခြင်နှင်ယပ် လုပ်၍ စာမရီ သားမြီးယပ်ဟု ခေါ်သည်၊ နောက်အခါ အမှတ်သညာပြောင်း၍ စာမရီ ငှက်အဖြစ်သို့ရောက်သွားသည်၊ နောက်ဇာမရီ၊ (တိဏ္ဍုကပျို ၉၁–၁၁)၊နောက်တဖန် ဇာမနီငှက်ဟုခေါ်သည်၊ သားလေ့,ငှက်လေ့များတွင်လည်း ဆာမရီငှက်လေ့ဟုပင်ရှိသည်၊ဤ၌ စာမရီငှက်ပုံ မန်းပြောက်ထုထားသော နေရာ–ဟုဖြေ၊

**စီလျှဉ်** (၅၁-၃)စီစီစဉ်စဉ်စီတန်းနေသည်၊တခုနှင့်တခု အဆက်မပြတ်စီနေသည်။ စီ+အလျှဉ်။ “စီစီ လျှဉ်လျှဉ်၊ ရေအယဉ်၊ နစ်စဉ်လှေ့နှင့်ဆယ်” (ကပိလက္ခဏာ–၁၇၁၅)

**စူဠာ** (ဂ-ပ)ယောင်ထုံး၊ “ရာမင်္ဂစူဠာ၊ ပျောင် ကေသာသို့” (မဃဒေဝ–၇၇) လူတကာ့ ယောင်ထုံးမှာ ဆင်ရသော ပြီသိတင်ဘုရား၊

www.burmeseclassic.com

www.burmeseclassic.com



**ဇေဒ္ဒ** (၈–တ) တာဝတိံသာ နတ်ပြည်ရှိ စူဠာမဏိ စေတီနှင့်တူသော မြသိတင်၊ ဘုရားလောင်း ယောင်ထုံး ဆံပင်ကို ဌာပနာ၍ တည်သော စေတီ၊ စူဠာမုနိ-လည်းခေါ်သည်။

**စူးစူး** (၂၉-တ) တည့်တည့်ဖြောင့်ဖြောင့်၊ "ဖိုလ်မင် နိဗ္ဗာန်စူးစူးတည်း" (ရှင်ရဋ္ဌသာရတောလား ၁–၂) "မြောက်စူးစူးသို့ ရှေးရှုခုနစ်ဘဝါး ဖြန့်သွားတော် မူသဖြင့်" (မဏိကုဏ္ဍလ– ၆၇၉) ဖြောင့်ဖြောင့်မတ်မတ်ဝင်သည်။

**စူးထိုး** (၂၀-ပ) ကောက်စိုက်တံစူးဖြင့် မြေ၌ ထိုး၍ မျိုးစေ့ချသည်၊ စူးထိုးစပါးစိုက်သည်။

**စေကျွန်** စေခိုင်းရန် ကျွန်-"မင်းမှုရန်ကြောင့်၊ စေကျွန် မနား" (နဝဒေး-၁၅၇)

**စေ့ရေ** (၄၄-တ,၄၅-ပ,၅၆-ပ) အစေ့အစုံ၊ "ဆော လျင်စေ့ရေ၊ မသိလေတည့်" (နဝဒေး–၂၂, ၅၄) "မျှော်သည့် နေ့က၊ တစေ့ ရေရေ၊ နောင်ဘုန်းဝေကို" (စလေ၊ ဝိဇယ)

**စွယ်ခေတ်သရေ** (၂၁–ပ) အသရေရှိ စွယ်တော် ခေတ်ဌာပနာသော သင်္ကျမဥ္ဇူ။

**စံကျွန်း** (၄၀-ဒု) ဿသောင်ခုံ၊ (ဝေါဟာရတ္ထပကာ သနီ-၃၃၃) သဲခုံ စံခုံ-စံကျွန်းသီတာ၊ စည်း သောင်ကျွန်း (နဝဒေးရေလား၊ ဗိဒေသာ-ဒု ၁၁၆)

www.burmeseclassic.com

www.burmeseclassic.com



**စဲညွန့်** (၃၈-၃) စည်းတန်း အဖျား၊ "ဆန်ကူး ပိုက်ဖြန့်၊ တက်သက်တန့်၍၊ စဲညွန့်ငွေပြင်၊ ပျော်ပါးရှင်လိမ့်"(နဝဒေး-၁၄၂)

**စဲစဲ** (၆၇-ပ) အသစ်စက်စက်၊ (ပေါရာဏဋီကာ-၂၄၈) ထောင်ထောင်ကြွကြွရှိခြင်း (ဝေါဟာ၃၈၃) "အသစ်စဲစဲ၊ လှပ်ဆဲဆဲ၊ သုံးစွဲမခန့်ညား" (ကဝိလက္ခဏာ-၉၇) "ရွှေရင်မညို့၊ စဲစဲကျိုးလျှက်၊တပ်ပို့ပျူးပျူး" (ဇေယျရန်နတ်မိတ်ရတု-၁) ဤ၌ "ဝိုလိုက်စဲစဲ" = အသစ်အသစ် ပန်းဝိုးများ ပေါ်သည်၊ ပန်းဝိုးများ ထောင်ထောင်ကြွကြွ လှပသည်။

**စဲမေးပြင်ခုံ** (၁၃-ပ) ပြင်ခုံ=သဲသောင်ခုံ+စဲမေး=စည်းကြောင်း အနားရေး၊ သဲသောင်ကျွန်းထွန်းလုနီးအခါ ရေပြွက် သဲပြွက် ကွက်ကွက်ရေးရေး ထင်သောနေရာ (ဝေါဟာ-၁၁၈)

**စံကား စံပယ်** (၇-၃,၁၁-၃) ယခုစကားပွင့်, စပယ်ပွင့်အခေါ်၊ဝိနည်းမိုရ်မင်စာ ၁၆၇-၌ စံကားဟု ရေးထိုး၏၊ "စံကားစံပယ်၊ ပန်းနှစ်သွယ်၊ စံပယ်သူတချက်" (သတ်ထူး-၃၆) စကားအခေါ်အရေး အတူတူ၊ "စထက်သေးတင်၊ ကတွင်အချာ" (စံတောင်လည်ရတု၊ ကဗျာဗန္ဓ-၁၄၁) နဝဒေး ၇၀-၌ကား သကြား, တရား,စကားဟု အသံတူစပ်သည်။

**စံပယ်** (၅၀-ပ) တင့်တယ်စွာနေသည်၊ "ဖက်ထစ်ကိုယ်ထံ၊ခြွေရွှေရံလျှက်၊ တစံပယ်၊ တိမ်စင်

www.burmeseclassic.com



ကြယ်သို့"(ဘုရလင်-၃၀)၊ "ကုံကုံထံထံ၊ခြွေရွေ ရံလျက်၊စံစံပယ်ပယ်(ကိုးခန်း-၁၀၉) "မတ်ရာဝန်းရံ၊စံစံပယ်ပယ်" (နေမိမ ဃ္ဃုစိုး-၀၀) စံပယ်-ကိုပင် စပယ်ဟုခေါ်သည်၊ ခေါ်သည့်အတိုင်းရေးသည်၊ "ရေးငြားရလျှင်၊ စလည်းဆင်မှ၊ပတွင်ယသတ်၊ဖြူဆွတ်ဆွတ်ကို" (နဝဒေးရတု-၁၀၃)၊ "စံ-ပါသမျှအမည်- စံပယ်ပန်း၊ စံကားပန်း၊ စံပါမွှေးမျိုး၊ စံပယ်သည်"၊ (ဝဏ္ဏဗောဓန)

**စံရာစံထက်** (၁၂-တ) စံအရာ ထားရသော စံပြနတ်သားသည် အထက်ဖြစ်သောနတ်ပင်သက်လာသည်ဟု (ရှင်ဥက္ကံသဖြေ-၅၅)

**စံရွှေ** (၁၀-တ) ဆယ်မူးရည်ရှိ စံပြုရသောရွှေ၊"မီးဆယ်ရေစံ၊သွေမလှန်ဟု၊ရွှေမှန်တိုင်ကို၊စံကိုင်ထုံးစု၊အနှုန်းပြု၍"(စလေ၊ဝိဇယပြဇာတ်-၇)

**စံလှော်** (၁၄-ဒု) လှော်ပြီး ဦးပြီးသော မင်းစံရွှေ၊ရွှေကို အရောင်ထွက်အောင်ကြိုသည်ကိုလှော်၊"ပန်းချီပုံ ချယ်လုပ်သော ဆယ်လှော်ခုတ်မင်းစံ"(စလေမေတ္တာစာ-၀၊မောင်ပေလိပ်-၄)

**စံ့** (၂၁-တ,၅၁-ဒု) မေးခြင်းအနက်ပုစ္ဆာပစ္စည်း (ဝေါသနီ-၅၃၂)၊ "ရှိပါတုံစံ့" (ဘုံခန်း-၅) "သဟောက်ညှီနံ၊ ဘယ်မူစံ့နည်း" (ကိုးခန်း-၃)

www.burmeseclassic.com



**စက်ထံဖူးသော်** (၇–ပ) ဘဝရှေ့စက် ထံရင်းဖူးသော ဆောင်းအလွန် နွေအစ တပေါင်းလ ညအခါ (ဦးရွှန်းဖြေ–၁၁)

**စက်မျှ** (၁-တ) စက်=နှိုင်းချိန်,ခြင့်တွက်, နှိုင်းရှည့်သည်၊ ဘဝင်နှင့်စက်မျှ ပျိုတက်လျက် (ဦးရွှန်း အဖြေ) အမြင့်ဆုံး နေ၀သညာ နာသညာဃ တနဘုံနှင့်အမျှ ထိုဘုံအရောက် ရောင်ခြည်ပျံ တက်စေနိုင်သည်၊ ရောင်ခြည်ခြောက်သွယ်၊ ဘဝင်ကယ်၊ အုံ့ဘွယ် ဆဲ့နှစ်ဖြာ"၊ (ကဝိ လက္ခဏာ-၁၀၁)

**စက်ရှင်** နတ်တို့ လက်နက်စက်အရောင် (ရှင်ဥတ္တမသ အဖြေ–၆၂)

**ရှင်** (၃-ပ)စင်-ပစ္စည်း၊"ကြောင့်ကြပြီးသည်ပင် ဖြစ်ပါလျက်၊ "မယ်တင်တင်မှာ၊ လူစင်လျက်ပါ၊ ပြည်သူ့ထွတ်ထား၊ ဘ ဘုရားက၊အားမနာ" (ဝိဇယ–၅၁)

**စစ်မာသာပင် ခန့်သည်လော** (၂၀-ပ)၊ စစ်တိုက်ရန် မာဃ-သကြားကိုပင် ခန့်လိုက်လေသလော။

**စည့်စည့်** (၂၆-ပ)အရောင်တောက်ပြောင်၊"စည့်စည့် ထွန်းပ၊ဘုရားလဟု"(ပါရမီ-၁၅၄)၊"တော လုံးပြည့်မျှ၊ စည့်စည့်-ပ-လင်း၊ ပင်ခြေကျင် နှင့်"(နဝဒေးရတု-၂၁၇)

**စွန်း** (၁၄-တ) ဆိုးရည်ဖြင့်ဆိုးသည်၊ပေကျံသည်၊ "စွေးစွေးသက်နီး၊ ဖန်ရည်-စွန်းသား"(ဘူ- အလင်္ကာ-၃၀၂)

www.burmeseclassic.com

www.burmeseclassic.com



**စွန်းစွန်းသစ်သစ်** (၁၈-ပ) စွန်းစွန်း=လွန်ထွက်နေသည်, ထောင်သည်၊ သစ်သစ်=မကြွင်းကျန်အားလုံး,သစ်ပွင့်ဟူသမျှအားလုံး စွန်းထွက်၍ပွင့်နေကြသည်။

**စွန်းတောင်ဘုရား** (၉-၃)မင်းဇေယျရန္တမိတ်ဆို ၁၃ "ထွတ်စွန်းအခေါင်"ချီရတုတွင်"စွန်းတောင်မွေမြတ်၊ မဟာနတ်ကို၊နေနတ်ဘုန်းခေါင်၊ရန်လုံးအောင်မှ၊ ရွှေဖေါင်စကြာ၊ ဖြန့်သောခါတွင်၊သစ္စာကြည်ဖြူ၊ ပင့်တော်မူ၍"ဟု သမိုင်းနှင့်တကွ စပ်ဆိုထားခဲ့သဖြင့် တောင်ငူတွင် "စွန်းတောင်ဘုရား"ဟူ၍ ရှိခဲ့သလိုလို ဦးရွှန်းကမူ မြတ်စောညီနောင်ကိုပင်စွန်းတောင်ခေါ်ကြောင်းအောက်ပါအတိုင်း ဖြေဆိုသည်။

မင်းရဲနရာ ချေင်းတွင် "တို့ဘုန်းထွတ်လည်း၊ လျှင်မှတ်လေအား၊တိမ်ညွန့်စားသည်၊ကြွားကြွားလက်မြှောက်၊ ရှစ်စီးနောက်ဝယ်၊မစောက်ရှုကြည့်၊နေစက်လှည့်သို့၊ပျံတည့်သောလား၊စက်ရထားထက်၊ နှစ်ပါးမကွာ"စကားကို နှစ်စဉ် တပေါင်းလတိုင်ရောက်လျှင် မြတ်စောညီနောင်ဘုရားသို့တောင်ငူမင်းထွက်တော်မူသည့်ကာလ ပြာသာဒ်, ရထားရှစ်စီးနောက်တောင်ငူမင်းစီးသောရထားပါ ကိုးစီး၊ ထိုကိုးစီးကိုပြာသာဒ်ကိုးပါးဆိုသည်ဟု တချို့ကြသည်-မသင့်၊ ဖြေဆိုခဲ့သော ပြာသာဒ်ကိုးပါးတွင် မြင်းရှစ်စီးကသော စက်ပြာသာဒ်ရထား

www.burmeseclassic.com

www.burmeseclassic.com



ထက်တောင်ငုမင်းစီး၍ထွက်တော်မူသည်သာ ယူသင့်သည်၊ (ဦးရွှန်းဖြေ-၁၄)

**စိတ်ရက်** (၂၄-တ, ၂၆-တ, ၆-တ) စိတ်ကိုပင် ဆိုလိုသည်၊ "မယုတ်မဆွန့်၊ ပေးလှူစွန့်၊ မတွန့်တိုစိတ်စက်" (ကဝိလက္ခဏာ -၇၇၉)။

**စိတ္တခါလည်** ((၂၇-တ) စိတြနက္ခတ်စန်းယှဉ်၍ တခါ ပြန်လာသည်၊တန်ခူးလ ရောက်ပြန်သည်။

**စိန့်ပြည်** (၅၅-ပ) တရုပ်ပြည်၊ စိနရဋ္ဌ- (မိလိန္ဒပဥှာ) ပါဠိရှိသောကြောင့် စိန်ပြည်-အရေးမှုလရင်း(ဝေါသနီ-၆၇၁) "စကြာလှည့်လည် စိန့်ဥဒည်ကို၊ ချီမည်သောခါ" (နဝဒေးရတု ၅၄) ချိန်ဆတွက်သည်၊ စိန်ကဆက်သည်၊ (ဥက္ကာပျံရတု၊ လက်ဝဲနော်ရထေ ပမူ—၆၂, ရှင်ဥတ္တမကြိုသ-၃၂)

**စုံခြေ** (၉-ပ) တောမြိုင်ခြေ၊ တော၏ အခြေအနေ၊

**စုံတသွန်း** (၁၈-တ) တောအားလုံး၊ တသွန်း= အလုံးစုံ "ချင်းတွင်းတသွန်း၊ ရန်မျိုးခန်းမှ" (မင်းတရားမယ်တော် ချေင်း-၄၄)

**စိုက်ခေါ်** (၂၀-ဒု) စုတ်သပ်၍ခေါ်၊ "ကြင်နာစုံမက်၊ ခေါ်-စိုက်စက်သား" (ဘုံခန်း ၇,ပိဋိရ-၁၃) "နွမ်းပါးညှိုးရော်၊စိုက်စက်ခေါ်လျှင်")ကုသ ၆၃)ခေါ်စိုက်(၄၆-ဒု)၅၂-ဒုရင်းအနက်ပင်။

**စောင်းငြင်း** (၁၇-ဒု) စောင်းနှင့်နဲ့ကဲ့သို့ မှုတ်ရသော တူရိယာ၊ ငြင်းငြင်း-မှာကြည့်။



www.burmeseclassic.com

www.burmeseclassic.com



**ဆိကာသာလျှင်** (၁၆-ပ) မြောက်အရပ်ဆိက၊ ဆိ= အထံသို့၊ "လှည်းသည်ရွာဆိကို" (ကဝိလက္ခဏာ-၁၆၆၉) "စည်ပုတ္တရာရွာဆိ" (၄င်း ၁၃၁၈) "ဘုရင်နေတော်မူသည့် အဆိသို့ ဦးခိုက်ပြီးမှ" အရေးတော်ပုံ၊ ရာဇာမိရာဇ်-၃၂၀)

**ဆီးမြောက်** (၁၅-ပ) ဆီးနှင်းတဖြောက်ဖြောက် ကျသည်။

**ဆီးသည်းနှင်းပြွမ်း** (၄၂-တ) ဆီးရည် အကျ လည်းသည်းထန်,နှင်းလည်းအကျများသည်၊ "ယိုပြိုက်မဆည်၊စီးကျသည်ကား၊ ဆီးရည်နှင်းသို့ ရွှမ်းသတည်း"(ဘူ-အလင်္ကာ-၃၇၅)

**ဆီးရွှမ်း** (၅၇-ဒ) ဆီးရည်များစိုရွှဲ၍ ချမ်းသည်၊ "ပြိုက်ပြိုက်ယိုရွှမ်း၊ မျက်ခွက်လျှမ်းမျှ" (ဇာတ်ပေါင်း-ဂ၆)၊ "ဆီးနှယ်ရွှမ်း၍၊ ချစ်ဝမ်းရှင်ပ" (ဆုတောင်း-၉ဂ)၊ "မြိုနံစတမ်းဟု၊ စွတ်ရွှမ်းမိုးလ၊ နှင်းဖြိုးကျလျက်" (ဘုံခန်း-၄၀)

**ဆေးလေး** (၆၃-တ) လေးလံနွေးဖင့်၊ "သရဏဂုံ၊ ကိုယ်လုံးထုံ၊ အာရုံငြိမ်ဆေးလေး" (ကဝိလက္ခဏာ-၁၅ဂ)

**ဆယ်ကျိပ်ထွတ်ထား** (၂၆-ဒ)တရားတပါးသောဘုရားရှိသည်ဆိုသောလောကစကားကိုစွဲ၍ရင်သည်၊ တကျိပ်လျှင် တဆယ်, ဆယ်ကျိပ်လျှင် တရာမင်းတရားတို့ထက် မြတ်သောဘုရင်မင်း,ကောရာဇ်

www.burmeseclassic.com

www.burmeseclassic.com



(ယခုကပင် သစ္စာယွင်းသည်၊ မင်းတရား အထွတ်အထိပ်ထားရသောကောရာဇ်ဘုရင်ဖြစ်ခဲ့မူ သာ၍ ယွင်းပေလိမ့်မည်။)

**ဆူမွန်**(၂၆) ကဝိလက္ခဏာသတ်ညွှန်း-၁၉၉-

**ဆယ်ခိုင်ပန်းနှင့်** (၂၀-တ)လက်ဆယ်ချောင်းကိုပန်းဆယ်ခိုင်၊သမာဓိအလင်္ကာ ဂုဏ်မြောက်သောအရေး၊ သက်ရှိကိုသက်မဲ့၌တင်စားဆိုခြင်း။

**ဆယ်မြွတ်အခေါင်** (၁၀-ဒ) တပို့တွဲလကိုဆိုသည်၊ တန်ခူးလစ၍ပြာသိုလအထိဆယ်လ၊ ဆယ်လနောက်အခေါင်ဖြစ်သော တပို့တွဲလ၊ တနည်းအားဖြင့်ယူပုံမှာ ကဆုန်လကစ၍ ရေလျှင် တပို့တွဲသည် ဆယ်လမြောက်၊ ကဆုန်ကစ၍ရေရသည်ကား "များစွာလဦး၊တန်ခူးဖြစ်က၊ကဆုန်လကို၊ အစရေ၍နော" ဟု ဗေဒင်ကျမ်းလာ သောကြောင့်တည်း၊ (ရှင်ဥတ္တမသမာလာဖြေ-၄၃) မှတ်ချက်ကိုလည်းကြည့်ပါ။

**ဆယ်မီးတင်** (၅၁-ဒ) ဆယ်ကြိမ် ဆယ်ခါ မီးဖြင့်ကြိုပြီးသောရွှေ၊ "ဆယ်ရည်နက်စံ၊ ရာဇမံနှင့်" ဥမ္မာဒန္တီ-၂)

**ဆယ်ရပ်ပန်း** (၃၈-တ) လက်ဆယ်ချောင်းဟူသောပန်း၊ ရူပကအလင်္ကာဂုဏ်၊ အတူပြုခြင်း။

**ဆယ်ရံ့ရံ့ဖန်** (၁၃-တ)တရံ့တခါ၊"ညွှန်စေး၌ဝယ်၊ ဆယ်ရံ့ရံ့ခါ၊ နင်းမိပါမူ" (ကိုးခန်း-၈၆)

www.burmeseclassic.com



**ဆံကျင်** (၅ဝ-၃) ဆံကျင်သည်-နားတောင်းဆံကျင်၊ ယောင်မှာထိုးသော ဆံထိုး ဆံကျင်ဟု နှစ်မျိုး။ "ဆံကျင်မြိတ်ချပ်၊ ရွှေနားကပ်၊ စွပ်တပ် ဆင်တန်းဆာ" (ကဝိလက္ခဏာ-၁၄၅၄)၊ "နားတောင်းဆံကျင်၊ သျှောင်ဆံကျင်၊ ဆံကျင်မျိုးတချက်" (သတ်ထုး-၄ဝ)၊ အမွေခန်း အွေသတ်-ဂ၄၌ ပါဠိ ဝေဏိသူလ-ဆို၏၊ ဝေဏိ= ဆံထိုး+သူလ=အချောင်းအတံဟောဖြစ်၏၊ "ပတ္တမြားဆံကျင်၊ တွေ့သည်မြင်က၊ အကြင်မိန်းမ" (မဟော်ပြည်ဃနာ-၉၉)၊ မှိုရွှေးမှတ်စု ၃၁၇-၌ "မင်းဆောင်တော်မှာ ဆံကြစ်ကား မိန်းမဆောင်၊ ကန့်လန်းထိုး ကြက်ခြေတ်တည်း၊ ဆံထိုးကား ယောကျ်ားဆောင်၊ ရှေ့က နောက်သို့ထိုးရသတည်း၊ တချောင်းတည်းဖြစ်သည်၊ ရွှေကိုလုပ်သည်" ဟုဆိုရာ ဆံကြစ်မှာ ဆံကျင်အရေးကို စာကူးမှားဖြစ်လေသလော။

**ဆံကြာ** (၂၆-ပ,၃၄-ပ) ဦးခေါင်း၌ ပေါက်သော ဆံပင်ရှိုးရှိုး၊ "ကေသွယ်ရှက်ညှာ၊ မြဆံကြာနှင့်၊ ပြင်လျှာဆို့စည်း" (ဘိုခန်း-၁၂ဂ)၊ "နှင်းဆီဆံကြာ၊ မွှဲခြောက်ထွာကို" (ဦးတိုရတု-၂၅)၊ "သဇင်နှင့်ဆံကြာ၊နံ့သာနှင့်ပန်း၊ နားတောင်းနှင့်နားကွဲသို့" (ရာမလေ်ာန် ၀-၂၁)၊ ဆံ၏လက္ခဏာအခြင်းအရာ (မြန်မာ သံယောဂ-၅၇)

www.burmeseclassic.com

www.burmeseclassic.com



**ဆံကြာကွင်းလျှော့** (၂၆-ပ) ဆံပင်ကို လျှော့ထား သည်၊ (မြန်မာသံယော၈-၅၇)

**ဆံခြည်** (၁၆-တ) ဆံခြည်မျှင်၊ "ဖြင်ပည်းခြွေရုံ၊ စံပ ရမည်၊ ထင်လတ်သည်ကြောင့်၊ ဆံခြည်မညှိုး" (ဘုံခန်း-၂၇) "သားလှရွှေချည်၊ မောင်မှက် တည်လေ့၊ ဆံခြည်ဆယ်ခြမ်း" (မဃဒေဝ- ၂၂၆)၌ လက်ဝဲနော်ရထာ မူအတိုင်း-အ ပင့်ချည်ထားလိုက်သည်။ ဝေါဟာရတ္ထပကာ သနီ-၅၈၀ ၌ အသွယ်အမျှင် ရိပ်ရိပ်ရေးရေး ထင်မြင်ကောင်းမသာအရာဖြစ်၍အရိပ်အခြည် ရောင်ခြည်, နန်းခြည်, ဝါခြည်, ပိုးခြည်-ဟု အရစ်တဖက်သာပြ၏၊ ရှင်ဥက္ကံသ မာလာ အ ဖြေမူမှာလည်း တဆံချည်ဟု အပင့်ပင်ရှိ၏၊ ရှင်ဥက္ကံသမာလာမူ အပင့်ရှိသည်ကား ယင်း ဆရာပင် ရေးသော ဝဏ္ဏဗောဓန သတ်အင်း၌ "ဆံချည်၊ ဝါချည်၊ ပိုးချည်၊ ကြိုးနှင့် ချည်ကို အပင့်အင်းမှာပြ၍ ရောင်ခြည်,ရိပ်ခြည်,နေခြည် ကို အရစ်အင်းမှာပြသည်၊ သို့နှစ်ထွေကွဲရာ— အရစ်ဆံခြည်-ဟု ပြင်၍ မှတ်သင့်သည်။

**ဆံရှိ** (၃-၃)—ပမာဏ နှိုင်းရှည့်ခြင်း အနက်၊ ည သတ် ရှည့်နှင့် အနက်တူ၊ "အမြင့်တောင်ရှိ ကျေးဇူးရှိသား" (ရွှေဟသ်ာ-၈၆) "နိုး ရှိမရှိ၊ မြွသတိဖြင့်၊ ဆံရှိမလေ" (ဇင်း-၁၇)၊ ဖြစ်သ ရွှေကို ဆံခြည်လောက်မျှ မချန်မထား ဖြည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြည်းသာသာ စေ့စေ့ငငငင ချိုးစည်းလျှောက်ပါမည်။

**ဆီတရွက်မျှ** (၄၅-၃) "တောင်ကြီးကော်ရွက်၊ယွက်ယွက်ပစ်လွှား၊မိုးကြိုးသွားသို့"(ဘုံခန်း-၉၀) "ဖြုတ်ခြည်းတွက်တွက်၊ ဆီတရွက်မျှ၊ ထွေးရှုက်မရှောက်၊ ချက်ခြင်းပျောက်ခဲ့" (ကိုးခန်း-၁၂၄) ဖီးထားသောဆံပင် အပြားအပြန့်-တချမ်းစာလောက်မျှဟု ဖော်သင့်သည်ထင်၏၊ ရွက်=အပြားအပြန့်၊ "သီးအူအသက်၊ ဆီတရွက်မျှ၊စိတ်ပျက်မတည်"(နဝဒေးရတု-၁၆၅)

**ဆက်ဓနအိုင်က** (၅၆-ပ) ဆဒ္ဒန် အိုင်အမည်၊ ဤ၌အရောင်ခြောက်မျိုးထွက်သောဆင်ခွယ်ဆိုလိုလျှက် တ-သက်မှ က-သက်သို့ ပြောင်းရွှေ့၍မြဲနေသည်၊"စောလူးစီးတန်၊ မျိုးဆက်ဒန်၊လျှင်ထန်မြင့်မဆွယ်" (မြင်စိုင်းကာချင်း၊ ကဗျာဗန္ဓ-၁၆၉) ဤနှုတ်သျှင်နော်ရတု အချိုကိုပင်ကိုး၍ဝေါဟာရတ္ထပကာသနီ၌ထုတ်ပြသည်မှာ "ကျုံနစ်ကြိမ်သံ၊ လူမသန်ကို၊ ဆက်ဒန် အားမြိုင်"၊ထို၌ဆက်ဒန်အိုင်သာ, ဖက်ရန်ပြိုင်လာ-ဟူ၍ကသတ်စပ်အင်းနှင့်အညီရေးလိုက်သည်၊ ဆဒ္ဒန္တပါဠိနှင့်အညီ ဆဒ္ဒန်ဟူ၍ သော်လည်း ရေးသင့်၏၊(ဝေါသနီ-၅၄၀) ဤဆက်ဒန်အိုင်သာ-ရတုကို လက်ဝဲနော်ရထာပင် ပြုစုသောရတုပေါင်းပေမူ ဃချပ်-၁၅၄၌ မင်းရဲနရာရေး-ဟုတွေ့ရပြန်သည်၊သင်္ညွှန်း၅၆-ကြည့်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်ကလာ၍ (၁၉-ပ) ဤနတ်သျှင်နောင်ရတုကို စုကူးသော လက်ဝဲနော်ရထာပင် ဤအပိုဒ်၌ ယုံမှားမကင်း၍ ၁၁၂၀-ပြည့် တော်သလင်းလတွင် ခင်ကြီးဖျော်အား လျှောက်သည်—"အနဝတတ်အိုင်တွင် တောင်မျက်နှာက ဆင်ခံတွင်းရှိကြောင်းကို အချို့ဆိုသည်၊ အချို့လည်း နွားလားဥသဘ ခံတွင်းဟူ၍ ဆိုသည်၊ တောင်ငူဆိုရတုတွင်လည်း "ဆင်ကလာ၍—ဆင်ရှိရာက"ဟု ဆိုသည်၊နွားခံတွင်း မှန်မည်၊ ဆင်ခံတွင်းမှန်မည်ကို အတတ်အကြပ်သိချင်ပါသည် (လက်ဝဲနော်ရထာအမေး)၊ "ဒက္ခိဏဒိသာ ဘာဂေ ဥသဘမုခတော" ဟူ၍ ဇိနာလင်္ကာရဋီကာတွင် ဆိုသောကြောင့် အနဝတတ်အိုင်တွင် တောင်မျက်နှာက ဆင်ခံတွင်းမဟုတ်၊ နွားလားဥသဘခံတွင်း ဖြစ်သည်ဟု မှတ်ရမည်၊ တောင်ငူဆိုရတုတွင် "ဆင်ရှိရာက၊ ဆင်ကလာ၍" စပ်ဆိုသည်မှာ ပြိုးချောင်းသည် ရှမ်းပြည် ဆင်တောင်က လာသောချောင်းဖြစ်၍ စပ်လေသည်၊ အနဝတတ်အိုင်ကလာသည်ကိုရည်၍မစပ်၊ထိုပြိုးချောင်းသည် အနဝတတ်အိုင်က လာသည့် ချောင်းမဟုတ်၊ ရှမ်းပြည် ဆင်တောင်ကလာသော ချောင်းဖြစ်သည်" (ခင်ကြီးဖျော်အဖြေ- လက်ဝဲနော်ရထာ လျှောက်ထုံး-၃၆)

www.burmeseclassic.com

www.burmeseclassic.com



**ဆင်-မရာတည့်** (၅၄-၃)ချောင်းမဘုရားစေတီကို ထိပ် ပေါ် ဆံကေသာမှာဆင်၍ မရာမထိုက်သော ကြောင့်။

**ဆင်းကြာနတ်** (၁-ပ)ကြာပွင့်ဝယ် သန္ဓေတည်၍ နတ် နှင့်တူသောမယ်သည် နတ်ကဖွင့်လှတ် မြွက်ဆို ခြင်းမပြုပါ။

**ဆည်းညတွင်** (၄၉-ပ) ညနေဆည်းဆာရောင်အချိန် တွင်၊ ဆည်း=နေရောင်ကို သိမ်းရုပ်ခြင်း+ ဆာ=အမြိတ်, အဆာ (ဝေါသနီ-၅၃၅) နံနက်နေတခြမ်းထွက် နံနက်ဆည်းဆာ, မွန်း တည့်ချိန် နေ့လည် ဆည်းဆာ, ညနေ နေ တခြမ်းဝင်ချိန် ညနေဆည်းဆာဟု သုံးမျိုး ရှိသဖြင့် ညနေဆည်းဆာ နေဝင်ရီတရောကို လိုသောကြောင့် "ဆည်း+ည-ဟုစပ်သည်။

**ဆွတ်ပျံ့ဘွယ်အောင်** (၁၆-ပ)အလိုက်ရတု၊နတ်သျှင် နောင်ရတုအချို့မှာအခံအလိုက်အစုံစပ်လေ့ရှိ သည်၊ ဆွတ်=လွမ်းဆွတ်+ပျံ့=ပျံ့နှံ့၊ လွမ်း ဆွတ်ခြင်း ပျံ့နှံ့ဖွယ်ရှိအောင်၊ နှစ်လိုဖွယ် ရှိ အောင် (ဦးတိုးအဖြေ)။

**ဆွတ်ပျံ့မယိမ်း** (၁၀-တ) ရောက်တော့မည့်ဘု တွေး လိုက်လျှင် ဆွတ်ပျံ့လောင်လင် ပူပင်မှုကို မယိုင်မယိမ်း (စိတ်ပြေမိပါသည်)

www.burmeseclassic.com

www.burmeseclassic.com



**ဆွဲတ်လွတ်** (၆-ပ, ၉-ပ, ၁၀-ပ, ၃၂-ဒု, ၃၃-ပ) လွမ်းဆွတ်သည်၊ "သည်းအူ ဆွတ်လွတ်၊ ပျောင်းခွေညွတ်မျှ" (နဝဒေးရတု– ၃၂)၊ "မင်းတကာလည်း၊သည်းချာဆွတ်လွတ်၊သေပြတ်ဘနန်း"(သခင်ထွေးချေင်း-၁၇)

**ဆန်း** (၃-တ, ၂၂-ဒု) သာမန်ဖြစ်ရိုးဖြစ်ခြင်းအနက်ရှိ ပစ္စည်း "ငါတို့ဘကို၊ ပြောပထက်ဝန်း၊ ဆိုဆန်းမဆို"၊(နေမိမ ႏွစ်ိုးခန်း-၉၈)၊ဆိုဆန်းမဆို=တော်လျော်ရုံ သည်မဟုတ်၊ အထူးတလည် သေချာစွာ ဆိုခဲ့ဘူးပါသည်။

**ဆောင်းထက်မယွန်း** (၁၀-ပ) ပြန်လာမည် လာခဲ့သောရက်သည် ဆောင်းဘက်သို့မယွန်း နွေဘက်မဆန်းသေး၊ လေပြည်မဝန်း ! လေ-ဝေ့မတိုက်မီ တပို့တွဲလ ပြန်မည် ဆိုခဲ့သည်နှင့်အညီ ရောက်တန်ပြီဖြစ်လျက် မရောက်လာ၊ (ရှင်ဥက္ကံသမာလာနှင့် ဦးရွှန်းအဖြေ)

**ဆောင်းမြီး**(၁၂-ပ)ဆောင်းဖျား (ဦးရွှန်းဖြေ-၁၄)၊ တပေါင်းလ (ဥက္ကံသမာလာဖြေ-၅၄)၊ မင်းလက်ဝဲနော်ရထာလျှောက်၍ ခင်ကြီးဖျော် ဖြေသည်ကား "ရာသီနီး၍၊ဆောင်းပြီးအလယ်" တောင်တွင်းလာပျို့မှာဆောင်းပြီးအလယ်ဖြစ်သော တပို့တွဲလဟု ဖြေသည် (လက်ဝဲနော်ရထာလျှောက်ထုံး-၁၇၄)၊ ဆောင်းမြီးနှင့်ဆောင်းပြီး နှိုင်းရှည့်။

www.burmeseclassic.com



**ဆောင်းလုနွေစ** (၇-တ) ဆောင်းနှောင်းအလု-နွေ အစ (တပေါင်းလ) အခါ ပန်းသစ်ပင်တို့ တ ညီတညွတ်တည်း ပွင့်သည့်အချိန်(ဦးရှန်းဖြေ-၁၂)

**ဆို** (၁၈-ပ) ဆို=ဆီးကြိုသည်၊ တိမ်နွယ်ဆို= တိမ်များက ဆီးကြိုသကဲ့သို့ဖြစ်သည်၊ တိမ်နှင့် နီးသည်၊"ဆီးတန်းဦးကြို၊ခရီးဆိုလျက်"(ဆု တောင်းခန်း-၁၆၂)."ခရီးဦးကြို၊ဆီးဆိုကိုင်း ညွတ်"(စလေပြဇာတ်၊ သီ၀လိ-၆၆)၊ "သူ မြတ်တို့ကို၊ခရီးဆို၍၊ ဆီးကြိုစောင့်ပင့်" (မဃ ဒေဝ-၅၇၄)။ ဤအပိုဒ်မှာ—

ကျိုက်ကို-နှင့်မြင်းမိုရ်ဟူသော ရှေ့နောက် ကာရန်အကြားတွင်(ဆို)ထား၍ ဦးရှန်း-ဖြေ သည်။

**ဆုံ.** (၂၃-ပ) "မိန့်လိုက်မှာသို၊ အာကာတိမ်ညို့၊ ဝန်းရစ်ဆို့သည်၊မြင်းမိုရ့်ထွလည်ဆင်တော့ သည်"ဟု အောက်မြစ်ကာရန်ဖြင့် ပိတ်ဆို့ မြင်းအနက်၊ ကောင်းကင်က တိမ်ညို့မှိုင်း၍ ဝန်းရစ်ပိတ်ဆို့သောကြောင့်မြင်းမိုရ်တောင်မှ အထွေထွေအလာလာ မိုးဆင်သည်၊ ဦးရှန်း ကဖြေပြန်သည်၊ စာဆို၏ အာဘော်ကိုက်၍ တမျိုးစီဖြေပုံ။

**ဇလထာ** (၂၁-ဒ) ဤပန်းကို ဝေါဟာရတ္ထဘေဒ-၂၅-၌ ဇလဋ္ဌက-ပါဠိဟု ပြသည်၊ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com


ဝေါဟာရတ္ထပကာသနီ ထာသတ်အင်း-၃၇၁ ၌ စလထာ-ဟူသည် သစ်ပင်၏ အမည်မျှသာ "စလထာကို၊ သူ့မှာအလို၊ ခေါ်ဆိုသာမော၊ စလထော"ဟူသည်ကို ထောက်လျှင် မွန်လူမျိုးတို့မှာစလထော် မည်ရင်းကဲ့သို့ရှိ၏-ဟု ဆိုသောကြောင့် စလထာ, ဇလထာ-ဟု အရေးဟောင်းရှိသည် ထင်ရ၏။

**ဇောတိရသ္မိ** (၁၉-တ) ဇောတိရသ်ကျောက်၊ ဇောတိ=အရောင်+ရသ=အရည်၊ အရည်လည်သောကျောက်၊ မနောမယလည်းခေါ်၊ "ဝေဘူတောင်မြတ်၊ ဇောတိရသ်၊ နတ်ပေါင်းဘယ်မျှစောင့်သနည်း" (ဗွယ်စုံကျော်ထင်-၄၅၃)

**ဇမ္ဗူရစ်သို့** (၁၂-တ) ဇမ္ဗုရတန=ဇမ္ဗူသပြေပင်မှ အသီးကြွေ၍ ရွှေဖြစ်သော ရတနာ၊ဇမ္ဗူရတ်-မှတ-သတ်ကိုစ-သတ်ပြောင်း၍ဇမ္ဗူရစ်။(လက်ဝဲနော်ရထာမူအတိုင်းမှာ စသတ်) တနည်း ဇမ္ဗူမည်သော မြစ်မှဖြစ်သော ရတနာရွှေ၊ ယခုဇမ္ဗူရဇ်ရေးသည်။

**ညာဖျား** (၇-ဒ)သကြားမင်း၏တောင်ညာစံ သုဇာမိဖုရား၊ အခံရတုဖြစ်သော ဖ-"ရှစ်ဆိုင်ရွက်ကြာ"၏ဒု-ပိုဒ်မှာ နတ်သမီးသာမန် ဆိုခဲ့သည်ကို အလိုက်ရတု၌ သုဇာ-ဟု ပြမြန်၏။

**ညီနှောင်စုံရှင်တော်တကား** (၁၉-ပ) မြတ်ဆော်ညီနှောင်နှစ်ဆူ။

www.burmeseclassic.com

www.burmeseclassic.com


**ညီနှောင်းနှောင်စော** (၁-ပ) ညီနှောင်း=နောက်မှဖြစ်သောညီ၊ ညီငယ်၊ နှောင်စော=နှောင်ကြီး၊ အစ်ကိုကြီး၊ စောကျိုင်း, စောကဲ, စောထီး ဆိုသည်တို့၌ကဲ့သို့၊ စော= အကြီးအမြတ်၊ ;အလျင်ပွင့်သော ဂေါတမဘုရားကို အစ်ကို, နောက်မှပွင့်မည့် အရိမေတ္တေယျကို ညီ—ဟု သုံးသည်၊ တပုဒ်လုံးအနက် ညီငယ်၏အစ်ကိုကြီးဖြစ်သော ဂေါတမဘုရား၊ (သက်တော်ထင်ရှား ဂေါတမဘုရားကိုယ်စားတည်သော) စေတီ။

**ညက်မွတ်** (၅၆-ဒု)နူးညံ့သည်၊ "ထွားညက်မွတ်မွတ်၊ ကြာဆံချွတ်သို့" (သံဝရ-၈၆)၊ ဝေါဟာ ၆၄၉-၌ကား တမွတ်၊ ထားမွတ်၊ ညက်မွတ်-ဟု ဟထိုးနှင့်ပြ၏၊ ထွားမွတ်-ဟူ၍ ဟ-မဆွဲပဲ ဆာမွတ်-ကဲ့သို့ အချို့ရေးမှတ်ကုန်၏၊ မင်းလျှာ, နှက်ကီ, အနှက်, ကျိန္နက်တို့၌လည်း ဟ-မဆွဲကုန်ပြီ၊ ဆိုသာမိန္နသာကိုစွဲ၍ ဟဆွဲပျောက်၏၊ (ဝေါဟာ-၆၄၉)၊ဝဏ္ဏဗောဓနေ-၌ တမွတ်၊ စမွတ်ပင်၊ ထွားမွတ်-ဟု ပြ၏။

**ညင်းညင်းပျပျ** (၅၂-တ,၆၄-ဒု,၁၇-ဒု) ဝေါဟာ-၅၄၈-၌ ဟထိုးမဲ့ ညင်းပျှဟု ပြ၏၊ "သံမြေနှုတ်ညင်း၊ ရွှေစောင်းငြင်းသို၊ မပြုမပြ" (မဃ ဒေဝ-၂၁၁) ညင်းနှင့် ညွှန်ရောထွေးလျက် ရှိစေကာ သာယာသောအသံ ဟော၌

www.burmeseclassic.com

www.burmeseclassic.com



ဟထိုးမဲ့၊ ဖြည်းညှင်း၍သာ ဟထိုးပါရမည်၊ "မိကျောင်းနှင့်ငြင်း၊ သံညင်းညင်းတီ၊ ဖြည်းညှင်းဆော်နှိုး" (မဃဒေဝ-၃၄၉-ခွဲထား) "ကချေစောင်းငြင်း၊သံညင်းချိုဇ" (ရှုသိသိဂ်၂-အသံတူခွဲထား)မြန်မာသံယောဂ-၉၅။

**ငြင်း** (၁၇-၃) နဲ့ကဲ့သို့ မှုတ်ရသော လေ တူရိယာ၊ (ဝေါသနီ-၅၀၁)"ဆက်ရက်မှာလည်း၊မြည်အာ သံညင်း၊ တီး လင်းကွင်းနှင့်၊ ငြင်းကားငှက်တော်" (နဝဒေး–၂၀၃, မဃဒေဝ– ၃၄၉, မြန်မာ သံယောဂ– ၆၇– ၇၆) သတ်ညွှန်း ၁၇။

**ညွှတ်နူးစိမ့်သား** (၁-တ)စိမ့်=စေအံ့၊မယွံ့နှလုံးညွှတ်နူးစေအံ့။

**ညွှတ်ရုံးကြာတူ** (၁၆-တ)နေထိကြာနှင့်အတူ ကိုင်းညွတ်ညှိုးနွမ်းသည်၊ ကျားသည် ရေ, မ-သည် ကြာ၊ရေနှင့်တူသော မောင် မရှိလျှင် ကြာနှင့်တူသော မ-ညှိုးနွမ်းညွှတ်ကိုင်းသည်၊ (ဦးတိုးအဖြေ)

**ညွန့်ကိုက်** (၆၇-ပ) အညွန့်အညှောက်ပေါက်သည်၊

**ညွန့်သစ်မြင်တိုင်း** (၁၉-တ) သစ်ပင်တို့၌ အညွန့်အသစ်အသစ်မြင်တိုင်း (လွမ်းဆွတ်ပါသည်)

**ငြိမ့်မွတ်** (၉-၃) ,ဝမ်းမြောက်သည်၊ ငြိမ့်-မူတည်၍ ငြက်,ညောင်း,လေး တွဲလျက်သာ အနက်ရှိသည်၊မွတ်နှင့်တွဲသုံးသည်ကား ဤတွင်ကသာ၊ နတ်သျှင်နောင်တွင် ကိုယ်ပိုင်သုံး ဝေါဟာရ။



www.burmeseclassic.com

www.burmeseclassic.com



**ငြိမ့်လေး** (၁၃-တ,၂၇-တ,၄၀-ပ,၅၆-ပ,၆၆-တ) စိတ်ငြိမ်သက်သည်၊ "အလွမ်းကြာဝေး၊ ပျော်ငြိမ့်လေး၏"(နဝဒေး-၁၉၂) "သဘောငြိမ့်လေး၊ စိတ်ကြေည်မြွေ" (မဃဒေဝ-၄၇၃)

**ညောင်းညွန့်** (၁၇-တ) ညှိုးနွမ်း ရင့်ယော်သော သစ်ညွန့်။

**ညိုသည်နန်း** (၃၂-ပ) မိုးနတ်သားနေရာ ညိုသော နန်းဗိမာန်။

**ညှိုးမြန်း** (၃-တ,၃၅-တ,၃၃-ဒု) ညှိုးနွမ်းသည်၊ (ဝေါသနီ-၅၅၆) "သဇင်ပျံ့မွှန်း၊ မှိုအုံးဝန်းဝယ်၊ညှိုးမြန်းရစ်ခွေ"(နဝဒေး-၃၀)

**တချေးချေး**(၅၇-ဒု)ရင့်ရှုသောအသံ (ကဝိလက္ခဏာ သတ်ညွန်း-၁၇၆)

**တဂုံ** (၇၇)ရန်ကုန်မြို့ ရှေးအမည် "သံလျှင်ဒဂုန် ဆန်စုန်ကူးသန်း၊မွေ့နွှန်းနတ်ရှင်" (ရှင်သံဒိ ရတု)"စမုန်ရေညာခရီးကိုဝ်၊ ဒဂုန်ကောသာ အနီးကိုဝ်"လက်ဝဲသုန္ဒရ ရတု-၃) "ချမ်းမြ လည်းတုန်၊ လေနှင့်စုန်၊ ဒဂုန်မရောက်သေး" (ကဝိလက္ခဏာ-၇၇၀) အချို့က နသတ်စ သည်၊ သို့ရာတွင် တလ,တဂုံအမည်များသည် ရှေးက ခေါ်နှင့်သော မွန်အမည်များဖြစ် နငယ်မသတ်ပဲလည်းရေးသည်၊ "သင်္ဂြိုဟ်,ဒဂုံ ဆမိတ်ခိုနှင့်"(ရာမရကန်,ဂဇဗလင္ကာ၀ ဇမ္ဗူ ဒီပ ဥဆောင်း—၇) "တွင်မည်ဒဂုံ၊လူနတ်ယ သည်"(နဝဒေးရတု—၅၀) "ဒဂုံမွေ့ရှင်,ခေ

www.burmeseclassic.com

www.burmeseclassic.com



မြပေချင်,အဟုံလေလျှင်” (နဝဒေးရတုအချို–၄၉)။ တွင်းသင်း ၄၁၀-၌ဒဂုမ်ကို အမှန်ဟု ပြသည်။

**တစ**(၆၅-တ)အနည်းငယ်အစအန၊ “ဖိုးလျက်ပြည့်သို့၊ တစမမြော်၊ နက်ကြိုတော်ကို” (ကိုးခန်း ၂၁၈) “မကောင်းတစ၊ ပျက်ဆယ်ဆဟု” (ပုံတောင်နိုင်–၁၅)။

**တဆဲ့နှစ်ခွေ**(၁၉-ပ)အနဝတတ်အိုင်ကို လှည့်စီးသော အာဝဋ္ဋဂဏ်၊ တမျက်နှာလျှင် သုံးပတ်ရစ်ခွေ စီး သော ကြောင့် (၄×၃=၁၂) အရပ် လေးမျက်နှာလျှင် ၁၂–ခွေ၊ “အနဝတတ် အိုင်၏ တောင်မျက်နှာ၌ ဥသဘန္တွားခံတွင်းရှိ သည်၊ထိုန္တွားခံတွင်းမှ သုံးပတ်လက်ျာရစ်လည် ၍ တောင်မျက်နှာသို့ ဖြောင့်ဖြောင့် ကျောက် ဖျာအပြင်ဖြင့် ယူဇနာခြောက်ဆယ် စီးလေ၏။ တောင်ကိုထိခတ်မိလေရကားကောင်းကင်သို့ တက်၍ အဝန်းသုံးဂါဝုတ် အလျားယူဇနာ ခြောက်ဆယ်စီးလေ၏၊ တိယဂ်လကျောက်ဖျာ ၌ ကျလေ၏၊ ထိုရေတို့တွင် အိုင်ကို သုံးပတ် လည်၍ စီးသည်ကို အာဝဋ္ဋဂဏ်၊ “တဆဲ့နှစ် ခွေ၊ပတ်လည်ရေ၌”ဟု စပ်သည်၊ကောင်းကင် သို့ ယူဇနာခြောက်ဆယ် 'ပျံတက်စီးလေသည် ကို အာကာသဂဏ်၊ “အာကာကွန်တင်၊ တိမ်သို့ရှုက်မျှ”ဟု စပ်သည်၊ အနဝတတ်အိုင် ၏ တောင်မျက်နှာ န္တွားခံတွင်းက စီးသည်ကို

www.burmeseclassic.com


"ယဉ်တွေ့သီတာ၊တောင်မျက်နှာက"ဟု ဆို
သည်(ရှင်ဥက္ကံသမာလာအဖြေ—၄၆)။

**တဆဲ့နှစ်ခွင်**(၂၀-ပ)မိဿ, မြိဿစသောရာသီကွက်
၌ရတုကား အပိုဒ် ၁၉၊ "တဆဲ့နှစ်ခွေ"အခ
ရတုကိုလိုက်သော အသံတူ အလိုက်ရတု
ဦးတိုးကဆိုသည်၊ မြို့သဒ္ဒါ၏အနက် အသံ
အရေးတူအနက်ကွဲယှဉ်ပြသောရတု။တဆဲ့နှ
ခွေ၌ပါသော"မြို့"မှာ— "ရှင်ချစ်ဘုန်းဒှန်"
ရွှေပုဒ်နှင့်စပ်၍ ဘုရားမြို့တော်မူရာဖြစ်၍သ
ထည်ချောင်းကိုမြို့ချောင်းတွင်သည်၊ တဆဲ့
နှစ်ခွင်၌ပါသောမြို့မှာ "ကျွန်းတိုက်စူးထိုး"
စသော နောက်ပုဒ်နှင့်စပ်၍ အဦးအစ အခ
ပော ရေဦးပေါက်၊မင်းနရာဇချင်း ၃၃-နှ
နှိုင်းရှု့၊ (စာမျက်နှာ ၁၉၅-မြို့နှင့် ယှဉ်
ကြည့်)။

**တပေါင်းရောက်လျှင်** (၁၀—က)တပေါင်းလတိုင်၍
မရောက်လျှင် မယ်ကို မေ့ကျန်ပြီ မှတ်တော
မည်။

**တမင့်** (၅—က) သော်လည်း အနက်ရှိပစ္စည်း၊ သူ
အမှုအရာ မသင့်သည် ဖြစ်လေသော်လည်း—
ဖေါ် "ကျွန်သာအရည်၊ ကောင်းသည့်တမ
ဖြစ်လင့်ကစား" (သီလဝ-၆၀) "ရှော်း
တမင့်၊မင်းကျင့်ကျင့်က" (မဃဒေဝ-၄၂၅)

**တမုတ်**(၁၄-တ)နီ,ဝါ,စိမ်းရောင်၊ အဆောင်စုံချည်မျှ
ရော၍ ကျစ်သောကြိုး၊ "ရွှေပေါက် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ခွေးမြီးဖုတ်၊တမုတ်ကြိုးနှင့်သီ"(ကပိလကျွတ္တာ ၁၂၇၂)

**တမွတ်** (၆၅-ပ,၄၈-တ)မြင့်မြတ်သည်၊ "သခွတ်ကတဲ့ပွင့်စချိန်၊ တမွတ်ကယ် စံတော်မြေက" ဦးအိခွန်းထောက်၊ ဂီတဝိသောဓနီ-၂၆၄)

**တမျှ** (၁၄-ပ,၆-ဒု)အတူတူ၊"နတ်တူတမျှ" (နဝဒေးရတု) "အမိတမျှ၊ နှမမရွှန်း" (မဃဒေဝ-၃၁၂)

**တရှူ** (၅၈-ဒု)တမ်းတသည်၊ တ=တမ်းတ+ရှူ=အသံ၊ရှူတနှင့်အပြန်အလှန်(ဝေါဟာရသနီ-၃၅၆) "ချီးကကျူ၍၊ တရှူညွှတ်ပျောင်း" (နဝဒေး-၈၆) ဆို။

**တရှည့်** (၅-ဒု, ၂၉-တ, ၃၉-ပ) ထပ်တူထပ်မျှ၊ "ညီညွတ်တရှည့်၊ကြိုးကုန်လှည့်ဟု၊တည့်တည့်သွားလာ" (ဘုံခန်း-၉၆-၁၄၂) "မိုးနှင့်တရှည့် မတ်မတ်တည်း" (ဇင်း ၁၄-အချ) အာကာတရှည့်၊ အာကာသ=ကောင်းကင်၊ မယ်ဖျာပါ ကြောင့်ကြမှာကား ကောင်းကင်နှင့်ထပ်တူ မိုးပြင်ပြည့်မျှ ရှိပါသည်။

**တသီးလျှံခြည်** (၈-ဒု)နေလတို့တပါးတပါးစီ အသီးအခြားထွက်သော ရောင်ခြည်သည် ဘုရားရှင်ရိုက်ရာ မြသိတင်ဆီသို့ ရောက်ခိုက်၊ ကြိုက်ကြိုက်ချင်မြှပ်ချည်, ဖယ်သွားချည်, နိမ့်ချည်, ကွေ့ဝိုက်ချည် စိတ်မှာထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



**တသွန်** (၃၀-ပ) တလျှောက်၊ တဆက်တည်း၊ အာကာတသွန်=ကောင်းကင်တလျှောက်လုံး။

**တသန်းနေနှင့်** (၃-ပ) အနေကသချာဖြစ်၍ နေ-တသန်းတိတိမယူရ၊ နေ-သန်းပေါင်းများစွာနှင့် လ-သန်းပေါင်းများစွာကဲ့သို့ တင့်တယ်သည်၊ (ရှင်ဥက္ကံသမာလာဖြေ-၄)

**တသောင်းရှစ်မြန်** (၁-က) တသောင်းရှစ်မည် (၂-က) အပိုဒ်-၁-သည် အခံ,၂-သည် အလိုက်၊ တောင်ငူ စာတော်များမှာ အခံအလိုက် တစုံစပ်လျှော့ ရှိသည်၊ အခံနှင့် အလိုက်လည်း အဓိပ္ပါယ် တူမြဲ၊ (ဦးတိုး အဖြေ—၁၀)။ ၁၀၀၀၀+၈=ရှစ်သောင်း၊ ဂုဏ်တသချာနည်း၊ တသောင်းကို—ရှစ်နှင့်မြှောက်၊ အစွန်းလေးထောင် ပေါင်း။

**တသောင်းနေ၌** (၁၈-ဒု) ထွန်းလင်းရှိန်စက်သော အသရေရှိသည့် ဇမ္ဗူဒီပါ တသောင်း၌ (ဦးရွှန်းဖြေ—၅၃)

**တိမှာယှက်လိမ့်** (၁၉-ဒု)အဘယ်မှာ ယှွင်းပျက်လိမ့်နည်း။

**တုကျွန်း** (၄၃-ပ) အတုမရှိ၊ (ဝေါသနီ-၅၂၄) "ပုံချတုကျွန်း၊ နိတုံသွန်းသို့"(နဝဒေး-၁၃၄)

**တုဿိတာ** (၆၅-ပ) ပါဠိ တုဿိတာ-မြန်မာ ပြန်၍ တုဿိတာ-လေးဆင့်မြှောက်နတ်ဘုံ။

**တုလွတ်** (၃၃-ပ) တုလွတ် အထည် (ဝေါသနီ-၆၃၅)

www.burmeseclassic.com

www.burmeseclassic.com



**တူရှည်** (၅၆-တ) နှိုင်းရှည့်ခြင်း၊ အတူ၊ "ငါသို့ သူကို၊ အတူအရှည့်၊ ဖြိုင်ကြ၏ဟု" (ဘူလင်-၁၀၄) "လှမျိုးဟူက၊ဖြိုင်သူခက်၏၊ ဦးချွမှည့်သို့၊ တူရှည့်မထင်" (နဝဒေး-၃၆)

**တွေ** (၁၅-တ) အခဲ၊ လျှပ်ပန်းများ အခဲအခဲ ဖြက်ခန့်လော (ရှင်ဥက္ကံသဖြေ-၆၂)

**တွေ** (၁၉-ပ) တွေ=တွေတွေ-မပြတ်စီးခြင်း၊ "မွန်ရည်ဖြင်ညီး၊ တွေတွေစီး၏၊ (ငရဲခန်း-၅၅)"မဲဇာတောင်ခြေ၊ စီးတွေတွေတည့်" လက်ဝဲသုန္ဒရတု၊ "ခက်တုတ်ယဉ်တွေ၊ ချောင်းနားနေ၍" (ပါရမီ-၇၇)

**တွေးချိပ်** (၂၂-ပ) တွေး=အနီရောင်+ချိပ်-အညိုရောင်၊ နီညို-မောင်းသော အဆင်အဆန်း။

**တွေးဆမရက်** (၅၆-၃) မဆွေးတော ရက်နိုင်၊ မတွေးဝံ့။

**တောမြင်မြင်လည်း** (၁၈-တ) မြင်မြင်သမျှ-မြင်လေသမျှသော တောတို့၌ (ဦးရွှန်းဖြေ-၅၃)

**တံ့စံ့စမ်းသို့** (၃၂-ပ) တည်တံ့စွာ နေနိုင်ပါစံ့ဟု စမ်းသပ်သကဲ့သို့။

**တံ့ယောင်ချုပ်ဖြေ** (၁၇-တ) စိတ်တည်တံ့ယောင် (တည်တံ့သလိုအယောင်ဆောင်၍)ချုပ်တည်းဖြေဖျော်နေရသည်။

**တျာ့းတျား** (၂၉-၃) အလွန်နီးကပ်သော အချိန်၊ "ဝင်လုတျာ့းတျား၊ဆဲဆဲသားသွင်" (ဝိဇယ—

www.burmeseclassic.com

www.burmeseclassic.com


၁၇)"သည်ကြို့ပင်မှာ၊သေချင်လု တျှားတျှား နှင့်"(ရာမရကန်–၃–၅၅)

**တင့်မေ** (၁၂-ပ) မေ=အလွန်။ ရောင်စုံရော၍ အလွန်တင့်တယ်။

**တင့်ရုံပြင်လျှာ** (၁၈-ဒု) အပြင်အလျှာ ကောင်းမွန်သော သတ္တုသမီးတို့ဖြင့် ခြံရုံ၍ (သခင့်ထံ ရောက်လှာသည်။

**တင့်ရည်း** (၁၇-ဒု,၂၂-တ,၃၁-တ,၃၄-ပ,၃၅-ပ, ၄၈-ဒု) တင့်တယ်သည်၊ (ရှင်ဥက္ကံသမာလာ ဖြေ) နတ်သျှင်နောင်ရတု "နွေနှောင်းရက် လျှင်"ချီ၌နတ်တင့်ရည်း၊"ဘဝဂ်လုံးလျှင်"ချီ၌ တင့်ရည်းဆင်နှင့်စသည်။

**တင့်ရည်းဆင်နှင့်**(၂၂-ပ)အတင့်ရဲသည်၊ မိုးနတ်သား အတင့်ရဲရဲ တန်ဆာဆင်သည်၊ နှင့်-ကား မြစ်ခြင်း၊အတင့်တရဲမဝတ်မဆင်ပါနှင့်၊အတင့် တရည်းမဆင်နှင့်၊ (ဦးရွှန်းဖြေ-၅၈) မာ့ွယ် မရာ တင့်တရည်း(ရာမရကန်ဒု-၁၄) "လော ကဓံယာဉ်ပွဲမှာ၊ (တင့်ရဲသည် ဆိုရော့မည်" (ရင်း၃–၁၆)

**တင့်လှုပေဟန်** (၅၀-ပ)ပြိုင်ရန်ဘက်မရှိ၊ တင့်တယ် လှပသော ဟန်ပန်ရှိ ရာဇဓာတုကလျှာ။

**တင်းကျွမ်း**(၅၄-ဒု)အပြည့်၊ပြည့်လျှမ်းသည်၊(ဇော်ါသ နီ-၅၂၁)"မြစ်ရေတင်းကျမ်း၊ အပြည့်လျှမ်း၊ ကြော့ကြမ်းမကူးနိုင်"(ကဝိလက္ခဏာ-၃၉၄)

www.burmeseclassic.com

www.burmeseclassic.com


**ထည့်** (၁၃-၃,၁၅-၃,၁၆-ပ)မြဲမြဲခြင်း အနက်ဟော ပစ္စည်း၊ ဤပုဒ်လယ်ရှိ-တည့်ပစ္စည်းသည် မြဲမြဲ မှန်ကန်ခြင်း အနက်ပြဟု အရှင်ဥက္ကံသမာလာ အဖြေ၌ အထူးပြည္ထန်းသည်၊ ဥသြတည့်မှန်= ဥသြဇကျသည် မြဲမြဲမှန်ကန်သော အကြောင်း ကိုညွှန်ပြသည်၊ ထို့အတူ ဖန်စကြာလျှင်ချီ-၅ လွှမ်းလှရာတွင်ချီ ၆၂-တို့၌ တည့်အနက် မှိုင်း တည့်ရိပ်၍-ကေန်မှိုင်းရိပ်သည်ဟု ရှင်ဥက္ကံသ မာလာဖြေသည်။

**တန်ဆောင်** (၁-၃)ရွှေတန်ဆောင်, ငွေတန်ဆောင် (လေးမျက်နှာ ကျောက်စာ ညွန့်ပေါင်း-၃၆) မူလက ဝိသဇ်မဲ့ ရေးခဲ့သော်လည်း နှောင်း အခါ ဝစ္စပေါက်ထည့်လိုက်ကြသည်၊ "တန်း ဆောင်-ရွှန်းရောင်"အချ(ဇေယျရန္တမိတ်၁၅-၁၂)"ထွန်းပြောင်အာနီ၊တန်းဆောင်ရာသီ" (နဝဒေး-၉) "တန်းဆောင်မုန်းလျှင်၊ ထွန်း ပြောင်ဘုန်းအင်" (ငှင်း-၃၃) "ဘိုထွတ်နန်း တောင်၊ ကြာနတ်တန်းဆောင်" (နတ်သျှင် နောင်၊တင့်လှပေဟန်ချီ)ယခုခေတ်၌လည်း ဆီ မီးပေါ၌တန်ဆောင်ဟုပင် အရေးတွင်သည်။

**စွန့်တို့** (၅၅-၃)နောက်သို့ဆုတ်နစ်သည်၊ "အသက် စွန့်၍၊ မတွန့်မတို့၊ ကိုယ်ဘို့မရှာ" (ဘု-အ လင်္ကာ-၂၄၅)

**တမ်း-သဘောတမ်း** (၂၂-ပ) တရားတမ်း ကဝိ လက္ခဏာ-၃၀၈)လောင်းတမ်း(မှိုင်း-၄၁၃)

www.burmeseclassic.com

www.burmeseclassic.com


ဘုရားတို့တမ်း (ဇင်း-၄၁၅) အားမနာတမ်း (မဃဒေဝ-၃၁၂)

**ထိမ်ညိုကာမိုး** (၂၂-၃) မိုးနှစ်မျိုး- ရေပေါက်မိုး, ဝဿနက်၊ ထိမ်ထပ်မိုး,မေဃ,ဝလာဟကနက်၊ ထိုနှစ်မျိုးတို့တွင် ထိမ်ထပ်မိုး (ဦးတိုးဖြေ-၁၂)မိုးကြည့်ဦး။

**တိမ်နှယ်ဆိုသည်** (၁၈-၀)မြင့်မိုရ်တောင်ဆီက တိမ်တို့သည် ဆီးကြိုဘိသို့ ကျိုက်ကို ဘုရားသည် မြင့်မား၍ တိမ်နှင့်နိုးသည် (ဦးရှန်းဖြေ-၅၃)

**တိမ်းညွှတ်** (၂၉-တ)ယိမ်းယိုင်၊ "တိမ်းညွှတ်မတည်၊ လွှမ်းရသည်မှူ" (နဝဒေး-၁၂၈)

**တိမ်းမှူး** (၄၆-တ) ယိမ်းယိုင်၊ "ဝမ်းပါးတိမ်းမှူး၊ မနေ့ဘူးတည့်" (နဝဒေး-၁၉၂)

**တုံ့မမြွက်** (၁-၃)စကားတုံ့မပြန်၊ မဆိုမမြွက်၊ ကြီးစားရခက်သည်။

**တောင်စွန်း** (၉-၃) တောင်၏အစွန်း၌ တည်သော စွန်းတောင်ဘုရား၊ သာမန်ဆိုသော်လည်း– ဒုပိုဒ်၌ သဇင်နှစ်ခိုင်ဖြင့် ပူဇော်သည်ဆိုသော စကားကိုထောက်၍ နှစ်ဆူဖြစ်ပုံရသည်၊ ယခု မျက်မြင်မထင်သော်လည်း ဇေယျရန္တမိတ်က "တို့ဝပ်သောင်းသောင်း၊ ဂုန်ရိုက် ခြောင်းသည်၊ စွန်တောင်းမွေမြတ်"ဟု "ထွတ်စွန်းအခေါင်"ချီရတု စွန်းတောင်ဘုရားတိုင်တိုင်မိုင်း နှင့်တကွစပ်ဆိုထားသောကြောင့် ဆိုခေတ်က ရှိမည်ပင်ဖြစ်၏။

www.burmeseclassic.com



**တောင်ပြန်ရစ်လည်** (၁၀-၃) တောင်လေ ရစ်ဝိုက် ပြန်တိုက်၍ နှင်းပေါက်အညွန့်နည်းလကဆွတ် ခူး၍ ရင့်မာနီကြန်သော ပန်းတို့သည် ရွှေကုံး ရွှေနစ်သဖွယ်တင့်တယ်သည် (ရှင်ဥတ္တမကျော်သဖြေ-၄၃)

**တောင်း** (၂-၃) ဖြစ်ခဲသောသဘောပြ၊ မလျှောက် သင့်တောင်း-အဘယ်အခါမျှ မလျှောက်သင့်။

**တိုင်းထက်မဆောင်** (၃၂-၃) အတိုင်းထက် အလွန် မဆောင်၊ နဂိုရှပ်ထက် မဆောင်၊ မပြုပြင်။

**တိုင်းမဲ့ပသည်** (၄-ပ) အတိုင်းမသိ ကျော်စော ထွန်းပသည်။

**ဌာပနာ** (၁-ပ) ပါဠိ ဌပန=ထည့်သွင်းထားခြင်း၊ ရှင်ဥတ္တမကျော်သမာလာ အဖြေမှု၌ ဌာပနာ၊ ဦးရွှန်း အဖြေမှု၌ ဌပနာဟု နှစ်ထွေရှိသည်၊ လေး မျက်နှာ ကျောက်စာညွှန့်ပေါင်း ၃၅-တွင် ဓာပနာ, မြစေတီ လက်ရွေးစင် ၄-တွင် ဌာ ပနာရှိသည့်အလို-ထပ-ဓာတ်, ယု ပစ္စည်းဖြင့် ထပန ပါဠိမှပြောင်း၍ ထာပနာရေးနဲ့ဟန် တူ သည်၊ ထို ထပန- ဌပန ပါဠိတို့ကို မြန်မာမှု ပြုသဖြင့် ဌာပနာနှင့် ဌပနာ ဒွိဟ,ရသာအထူး မရှိ။

**ထွေထွေစွန်းက** (၁၁-ပ) စိမ်းလိုက်ဝါလိုက် အထွေ ထွေ ကောင်းကင်ကို ဆိုးထားသကဲ့သို့ရှိသည်။

**ထားပြည့်ဝန်းရံ** (၅၄-တ)ထား လက်နက် အပြည့် ဝန်းရံသည်၊

www.burmeseclassic.com

www.burmeseclassic.com



**ထစ်ထစ်** (ဂ-ပ) ထင်ရှားသည်၊ "ယုံကြည် မျက်မြင် ထစ်လစ်တည်း" (ငရဲခန်း-၁၃၁) ကမ်းနီ မြစ်ထိပ်တွင် ထင်ရှားသော မြသိတင်စေတီ။

**ထွန်ရေးစပ်** (၄၁-ပ) ထွန်သွားရာချင်း စပ်မိအောင် ဆွဲသည်။

**ထွန်းပြောင်လျှံဝါ** (၁-ဒ) မျက်စိ၌ အရောင်အဝါ တောက်သော။

**ထိန့်ရှိက်သပြေ** (၂-ပ)ထိန့်ရှိက်=ထိန့်ထိန့်တုန်လှုပ် ဆူညံသည်၊ (ဝေါသနီ-၆၆ဂ) "ဟိုးဟိုးထင် ပေါ်၊ထိန့်ထိန့် ကျော်သည်" (ဆုတောင်း-၂၃) "ချီလေးသာအိန့်၊ နှုတ်တော်မိန့်၊ ထိန့် ထိန့်ကျော်သံဝေ" (ကဝိ လက္ခဏာ-ဂ၆၅) သပြေ=ကျွန်းဦး၌ သပြေပင် ပေါက်သော ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း။

**ထိန်းယရွှေဖော်** (၁-ပ)အထိန်း,အယ,ရံရွှေတော်အ ဖော်တို့ကို လျှောက်စေပါသည်၊ ထိန်းယ—ခွဲ ထား၊(မြန်မာသံယောဂ-၁၇)သတ်ညွှန်း၆၃။

**ထုံပျံ့** (၁၁-တ) အခိုးအထုံဖြင့် ပျံ့နှံ့အောင်ပြုသည်။

**ထုံးသားရေ** (၅ဂ-တ) အထုံး အမြိတ် အသား အရေကား ကြည့်တိုင်းတင့်။

**ထောင်မွန်းနေတူ** (၅-ပ)မွန်း=ပြန့်နှံ့သည်၊ဝေါသနီ- ၅၅၆-၌ကား အမွန်အစဖြစ်သည်၊ အမွန်အစ ဖြစ်စေသည်၊ မွန်း-ဟုဆို၏၊ ထို့ကြောင့်ရောင် ခြည်တထောင် အစဖြာ ထွက်စေသော နေနှင့် တူသည့် ဘုန်းညွန့်လူမင်း။

www.burmeseclassic.com

www.burmeseclassic.com



**ဒုယင်** (၄၈–ဒ) အကောအညွတ် ပါသော မင်းခမ်း ဝင် အင်္ကျီတုယင် (ပုဂံ ကျောက်စာများ) "အင်္ကျီဒုယင်၊ ရွှေနန်းခွင်ဝယ်၊ တုရင်နေမျိုး" (မဃဒေဝ-၂၇၆)

**ဒေဝရာ** (၄၁-ပ) ဘန်းစကား နတ်၊ မိုးနတ်သား၊ "လွှမ်းကြွယ်တဲ့သည်ခါကို၊ ဒေဝရာ မဖန်သေး ပါနှင့်၊ ဆွေးလှပါပေါ့" (ခင်ဆိုမိုးဘွဲ့၊ ပဒေ သာ ဒ-၃၂)

**ဒေဝါပဇ္ဇုန်** (၁၇-ပ) ၎င်းအနက်။ "မိုးဒေဝါ၊ချိန်ခါ လေ ဟုတ်ဘဲ၊ ရွာဖွဲ့ စွေလိုစွေ" (မြဝတီ မိုးဘွဲ့ပတ်ပျိုး၊ မဟာဂီတ-၉၈)

**ဓိဌာန်** (၂၈-တ) အဓိဋ္ဌာန (ပါဠိ) ဆောက်တည်၊ ရည်ရွယ် သတ်မှတ်။

**နဂါးနီးပြန်ခဲ့တကား** (၁၄-ပ) "ထက်စွန်အာကာ၊ ယုဂန်ချာက၊ စကြာလှည့်သွား၊ လရထားနှင့်၊ နဂါးနီး၍၊ ရာသီတွေ့သော်" (နဝဒေးရတု- (၁၃၈)အနုရာဓ, ဇေဋ္ဌ,မူလသုံးလုံးကိုကြယ် နဂါး၊ (ရှင်ဥက္ကံသ မာလာဖြေ-၅၉) ဇေဋ္ဌ- နက္ခတ်သည် နယုန်လ၏ စန်းယှဉ်နက္ခတ်ဖြစ်၍ လသည် နယုန်၏စန်းယှဉ် ဇေဋ္ဌဟူသောကြယ် နဂါးနှင့် နီးတော့မည်၊ နယုန်လ ရောက်တော့ မည် ဆိုလိုသည်၊ ဇေဋ္ဌဆိုသည်မှာ ကြယ်နဂါး ချက်၊ (ဦးရွှန်းဖြေ-၃၁) "ကင်းတာရာ ကြယ် နဂါးနှင့်၊ပုဏ္ဏားတဲ့တသွယ်" (ဦးဖြေဥ-ပဒေ



www.burmeseclassic.com

www.burmeseclassic.com



သာ၁၈)ဗြိစ္ဆာရာသီရုပ်နဂါးတွင်လည်ဆစ်ကို အနုရာဓ, ချက်-ဇေဋ္ဌ, အမြီးကောက်-မူလ "နဂါးလည်ဆစ်၊ ဇေဋ္ဌကားချက်၊ ခွေလျက် မြီးဖျား၊ ခေါ်ငြားမူလ" (နက္ခတ်လင်္ကာ)

**နဂိုဦးကိုင်** (၁၃-၃) မူလရင်းသဘောကို နဂို,ပင်ကို ပင်ကိုသဘောအားဖြင့်ပင်မြွတ်သည်၊ "ကျွန်ုပ် ကိုလည်း၊နဂိုအောင်ချာ၊ မယ့်နေရာသို့" (နဝ ဒေးရတု ၆၂-ခွဲထား) မူလရေးနကိုဝ်။

**နဇမျက်ခြည်** (၄၃-ပ)၌ရတုသည် နတ်သျှင်နောင်၏ ညီတော်အကြီး မင်းရဲကျော်စွာနှင့် မင်းသမီး ခင်မရွှေတိုးကို ရည်ငံရင်းရှိရာ မင်းရဲကျော်စွာ တွင် ထိုးကွင်းမင်သေ မရှိသေးသောကြောင့် မင်းသမီးက ပြက်ရယ်ပြု၍ ကျေးစေဟန် နတ်သျှင်နောင် ဖွဲ့ဆိုသည်-ဟူ၏။

**နဝတတ်** (၅၆-ပ) အနေ၁တတ်ရေ၊ အနဝတတ္တ- ပါဠိ၊နဲ+ဩတတ္တ၊ ရေ-မစွဘ်စိုနိုင်။

**နိတုံ** (၅၀-၃) နိတ္တုန ပါဠိပျက်၊ နိတုံ (ဝေါသနိ- ၇၄၃) ပဒုမာကြာ ဝတ်ဆံနှင့် တူသောရွှေ "အင်းဝစည်းခုံ၊ ထုပါရုံ၊ နိတုံရောင်ဖွေးဖွေး" (ကဝိလက္ခဏာ-၁၂၇)

**နီလာမြစ်သို့** (၁၉-ပ)"မနီးရုံလည်"ချီရတု၌ပါသော ကမ်းနီမြစ်ကိုပင်ဆိုသည်၊ နီလာရောင် စိမ်းညို အဆင်းရှိသောမြစ်။

www.burmeseclassic.com

www.burmeseclassic.com



**နေကိုတူသည်** (၁၀–တ) နေနှင့်အတူ စိတ်ပူပင်သည်၊

**နေစည့်စည့်** (၂၆-ပ) စည့်စည့်= တောက်ပြောင်ခြင်း၊နေစည့်စည့်= နေထွက်သည်၊ နေရောင်လင်းသည်၊ စည့်စည့်"ထွန်းပ၊ ဘုရားလဟု" (ပါရမီ-၁၅၄) "တောလုံးပြည့်မျှ၊ စည့်စည့်ပဝင်း" (နဝဒေး–၂၁၇)

**နေလရစ်လည်** (၉-ပ) ဥပမာ ဥပမေယျ နှစ်ဖက်ရသိလေသ အလင်္ကာနည်း၊ (အလင်္ကာကျမ်း–၂ဂ၉) ဥပမာနအဘို့၌ သက်ရှိမြတ်စွာဘုရား, ဥပမေယျ အဘို့၌ ယင်းဘုရားကိုယ်စား စွန်းတောင်ဘုရား (က) နေ,လတို့၏ ရစ်လည်ရာဖြစ်သော မြင့်မိုရ်တောင် ယုဂန္ဓိုရ်တောင်တို့သည် ဘုရားရှင် ခြေတော်ချလျှင် လက်ျာရစ်လှည့်ပိုက် ဦးနှိမ်ဆိုက်ကုန်၏၊ဘုရားရှင်တာဝတိံသာသို့ တက်သောအခါ လက်ျာခြေတော်ချလိုက်လျှင် ယုဂန္ဓိုရ်တောင်သည်အလိုလိုခြေတော်အောက်သို့ ညွတ်၍ခံလှာ၏၊ လက်ဝဲခြေတော် ချီကြွပြန်လျှင် မြင့်မိုရ်တောင် ညွတ်၍ခံလှာပြန်၏-ဟုကျမ်းဂန်စကားအရ စပ်သည်၊ (ရှင်ဥက္ကံသမာလာဖြေ-၃၇) (ခ) ထို့အတူ စွန်းတောင် ဘုရားသည်လည်း တောင်ထိပ်ထက်၌ ရှိသဖြင့် နေ,လ ထွက်သော အခါစေတီကို ဦးခိုက်ထွက်သည်။

**နေလုလင်** (၂၉-ဒု,၄၃-ဒု) နံနက်ဖက် ထွက်ခါစပျိုနုသောနေ။

www.burmeseclassic.com

www.burmeseclassic.com



**နွေသို့ပါ** (၅၇-တ) နွေဘက်ယိမ်းသည်။

**နေသင့်မဆိုင်း** (၁၇-တ) နေသင့်-နေရောင် ထိခိုက်၍ ဆီအရည်နှင့် နှိုင်းလောက်သော သစ်ရွက်တို့သည်မြေသို့(ကျကုန်ပြီ)၊ ပင်တိုင်းမှာ အရွက်တို့ ညှောင်းရှာကြပြီ (သမာဓိဂုဏ် အလက်ာ ရှိသောအစပ်) သက်ရှိသဖွယ်ကို သက်မဲ့၌ တင်သည်။

**နွေနှောင်းရက်လျှင်**(၁၇-ပ) "ဆွတ်ပျံ့အွယ်ဖြော်၍ ချီ-ကို အခံ၊ ဤ"နွေနှောင်းရက်လျှင်"၌-တို့ အလိုက်ဟု ဦးတိုးက ဆို၏၊ အသံဖွဲ့ပြီး၍ ... တူလိုက်၊ နွေလေးလတွင် အနှောင်း ဖြစ်သော နယုန်လ။

**နွေနှောင်းလ** (၁၆-ပ) နွေ၏ အနှောင်း ဖြစ်သော နယုန်လ။

**နေ့ လ ချီးလက်** (၅-တ) နေ့,လ,ရက်ကို လက်ချိုး ရေတွက်သော်။

**နွဲ့နောင်း** (၁၀-ပ, ၂၇-တ,၃၃-ပ) ပျောင်းပျောင်းပျော့ သေးသွယ် ချောမောသည်၊ "စံမြောက်နွဲ့နောင်း၊ လျှော်ရွှေမောင်းသို့၊ ရှင်နှောင်းမည်ရင်း၊ မြတ်စိုးမင်းလည်း" (နဝဒေး-၁၀ ခွဲထား)။

**နံ့သင့်** (၁၂-ပ) မွှေးနေ့နံ့နှင့်တူသောပန်း၊ မွှေးနှင့် လှသောပန်းနံ့ နေ့အမည်ချင်းတူသည်၊

www.burmeseclassic.com



**နားတော်နှင့်မလျော်ခက်** (၅–ပ) ဘုရားနားတော်မှာ အကြားမလျော်ခက်ပတ်ပါ၊ ဒုပိုဒ်အစ၌ "မကြား လောက်၍"ဟု ထပ်ဖွင့်သည်။

**နားတောင်း** (၂၉-တ) ကောင်းမှုတော် ရာဇမဏိ စူဠကျောက်စာ ကျောက်ဘက်၌ နားဒေါင်း၊ ကုသသမုတိကျောက်စာ ညွှန့်ပေါင်း ၁၁၃-၁၀၂-၌ နားတောင်းရေးထိုးသည်၊ "ကြက်ရုပ်နားတောင်း၊ ပန်းနားတောင်း၊ နားတောင်း မိုးမြွှင်းပက်"(သတ်ထူး-၉၂)

**နှစ်** (၁၁-၃) ချယ်စီသည်၊ "ခိုင်ဖြိုးကုံးနှစ်၊ ပုလဲ နှစ်သို့" (နဝဒေးခွဲထား-၁၀)

**နှစ်ကြုံမရှေ့ပေါက်** (၈-၃)အကြိမ်နှစ်ခုမပေါက်၊ ဒွိဟမရှိ။

**နှစ်ခြိုက်** (၆၃-၃) စုံမက်နှစ်သက်သည်၊ "မရှောင် နှစ်ခြိုက်၊ မစင်ကြိုက်သို့" (မဃဒေဝ-၁၂၆)

**နှစ်ပြိုင်ဖက်ရှာ** (၆-၃) တာဝတိံသာ နတ်ပြည်မှ သကြားမင်းသည် နှစ်ယောက်တူစုံ စုံပြုအံ့ဟု စုံထဲဲ့ဆောက်သော နတ်သမီးကို ရွေးချယ် ကောက်ယူ သန့်ခြားထားသည်။

**နှစ်မည်မုဲထောက်** (၆၇-တ) နှစ်ယောက် ပြိုင်ဘက် မရှိ စုံဖြစ်သောမင်းသမီး။

**နှစ်ဟူပေသင့်** (၁၅-တ)တနှစ် ဆိုပေသင့်သော်လည်း (ရှင်ဥက္ကံသဖြေ-၆၂) တနှစ်ဟု ဆိုသင့်၍ (ဦးရွှန်းအဖြေ-၃၀)

www.burmeseclassic.com

www.burmeseclassic.com



**နှစ်သစ်မဆန်း** (၉-တ) နှစ်သစ်မဆန်း, သစ်သစ်မဆန်း-ဟု မူနှစ်မျိုးရှိရာ့ရှင်ဥက္ကံသမာလာက နှစ်ဖန်အသစ်မဆန်း၊မယွန်းပြီ-ဟု ဖြေသည်၊ ဦးရွှန်းက့်သစ်သစ်မကြွင်းမကျန်-ဖြင့်ဖြေသည်၊ ဤစာတည်းသူ အလိုမူ တဖန်အနက်ဟော နှစ်ဆစ်–ထင်၏၊ "နံတောင်းဖီရင်၊ မကြွင် နှစ်ဆင့်၊ နင့်မူညစ်ဟု" (ပါရမီ-၉၃, ဘုံခန်း ၆၉,ဆုတောင်းခန်း၅၀-၁၄၈) "ငရဲမှကား ပြိတ္တာသို့၊ ပြိတ္တာမှကား ငရဲသို့ လူ့ရွာ နှစ်ဆက် မပြန်" (မင်းဝိုင်း ကျောက်စာ ညွှန့်ပေါင်း-၁၀၄)အကျွန့်မှာဖြစ်လျှင် တဖန် တမျိုးတမည်မဆန်းပြား၊ အစက အတိုင်း မယွန်းမယွင်းမယို၊ ကံက ညွှန်းပို့ဆောင်ပါမှ (လိုရာရောက်ပါမည်)ဟု အနက်ဖြောင့်သည်၊

**နည်း** (၁၄-ပ) ချစ်ခင်သည်၊ နောင်နည်း-ချစ်ခင် အပ်သော နောင်တော်၊ ဆွေနည်း, မောင် နည်း,မယ်နည်း,ညီနည်း(ပုံစံ)

**နတ်အောက်မဟူ** (၈–၃) နတ်အောက်=နတ်သား ထက် အောက်ကျသူဟု+မဟူ=မဟောရ, မဆိုရ။ "ရုပ်ဝါအလှ၊မဟူရတည့်" (ကိုးခန်း ၁၃၇)နတ်ထက်အောက်ကျသူဟုမဆိုရသော လှမဥ္စူနတ်သျှင်နောင်။

**နတ်အောက်မနိမ့်** (၃၀-တ) နည်းတူ–ဖြေ

**နတ်ကရည်၍** (၁၇-ပ) ငှက်မြည်ခြင်း စသည်ဖြင့် နတ်များက နိမိတ်ပြ။

www.burmeseclassic.com

www.burmeseclassic.com



**နတ်အိပ်ခဲ့သေး** (၁၄-တ) နတ်လည်းနိုးခဲ (၁၄-ဒ) နတ်ကြီး ၁၅-ပါးသည် ဝါဆိုလဆန်း ၁-ရက်နေ့ကစ၍ အိပ်သည်၊ တန်ဆောင်မုန်းလပြည့်မှနိုးသည်၊ နတ်ကြီး ၁၅-ပါး (ကုသ-၃၀)၊ ထိုနတ်ကြီး၁၅-တွင် ဗိဿနိုးနတ်အိပ်သည်ကိုသာ အခါပေးဗေဒင်ဆရာတို့ ဆိုကြသည်၊ ဦးရှန်းဖြေ-၃၆)တော်သလင်းလဖြစ်၍ နတ်များအိပ်ဆဲပင်၊ရင်းမာမွေး၍ ဟူသည်လည်းတော်သလင်းလ။ ဝါဆို, ဝါခေါင်, တော်သလင်း, သီတင်းကျွတ်,ခဲပွင့်သော တန်ဆောင်မုန်းလတိုင်နတ်လည်းနိုးခဲသည် (ဦးရှန်းဖြေ-၁၅)

**နတ်လည်းစက်ဝါ**-ရင်းမာထွေလည်၊ယင်းနည်းရင်းမာပွင့်သောတော်သလင်းလနတ်ကြီးအိပ်စက်ဆဲ၊

**နတ်ကျော်မဿ** (၁၇-ပ) မိုးနတ်သားက မိုးသီချင်းကျူး၍ရွာလျှင် မိုးရွာ၊(လက်ဝဲနော်ရထာဖြေ-၁၅၀)

**နတ်နန်းလုလင်** (၂၂-တ) မိုးနတ်သား ပဇ္ဇုန်နတ်။

**နတ်လကျွန်း၍** (၆၆-ပ) နတ်တော်လ ကုန်၍။ (နဝဒေး-၁၄၄)

**နတ်လည်** (၈-ပ) စေတီ အစိတ်အပိုင်း၊ ပစ္စယာအထက် နတ်ကြည့်-လည်းခေါ်သည်။

**နတ်သားနီးကြ** (၁-ဝ)နတ်သားဟု သာမန်ဆိုသော်လည်း လ-၏ရန်သူဖြစ်သော နတ်သားကိုယူ၊ ဆီးနှင်း, မြူ, တိမ်, သူရိန်, အခိုး-ရှိနှဲသူငါးမျိုး

www.burmeseclassic.com

www.burmeseclassic.com



တွင် အသူရိန်နတ်ဟူသော ရာဟုသည် လ၏ ရန်သူဖြစ်၏၊ ထို့ကြောင့် တသောင်းရှစ်မည် ရှိ အလိုက်ရတုတွင် "ရန်နတ်နီးခိုက်"ဟု စပ် သည်၊ လကိုရာဟု အသူရိန်ဖမ်းခြင်း(ကျွန်းဂန် အခေါ်)လပေပ်ဖမ်းခြင်း (လောကအခေါ်) လကိုရာဟုဖမ်းသောနေ့ဟု တနေ့လုံးအတွင်း ဆိုသောကြောင့် "နီးကြသောကာလ"ဟု စပ် သည်၊တနေ့လုံးအတွင်း အခါသုံးပါးလုံးတွင် ပင် အနီးအစပ် အလယ်ဖြစ်၍ "နတ်သားနီး ကြ"ဟု ဆိုသည်၊(လက်ဝဲနော်ရထာ လျှောက် ထုံး-၁၆၁)

**နန်းရန်** (၅၄-တ) ထီးနန်းဆက်ခံရန် သတ်မှတ် ရည်မှန်းထားခံရသော အိမ်ရှေ့မင်းသား"သူ ငယ့်မာန်ဖြင့်၊ နန်းရန်ပွင့်ညွှာက်")နဝဒေး-၁၁၈) ရန်=ရည်ရွယ်သည်။

**နှုတ်မဥ္စူ** (၁၅-တ) ပန်းပေါမဥ္စူ, သာယာခြင်း အနက်ပေါမဥ္စူ၊ဤ၌သာယာဘွယ်နှုတ်ထွက် သံ (ဦးရွှန်းခဖြ-၃၈)

**နှုတ်ပျူဟာ** (၅၅-တ)အားထုတ်ဆိုသော နှုတ်ထွက် စကား။

**နှုန်းဆွယ်** (၈၃-ပ,၅၄-တ) နှိုင်းပြိုင်သည်။

**နောင်တော်ညီကို** (၉-၃) သဇ္ဇဝ-ဂေါတမဘုရားကို နောင်တော်၊ကိုယ်စားစွန်းတောင်စေတီကိုညီ။

**နှောင်းစွန်းမြော်သည်** (၂-တ) သစ္စာမမှန်မည်ကို တွေးခေါ်ခြင်း,နောင်အခါ သည့်ထက်ကို မြင်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဟူသော အနှောင့်အရှက်သည် စိတ်မှာ အညို စွန်းလိမ့်မည်၊ (ရှင်ဥက္ကံသမာလာဖြေ-၁၄)၌ မြော်-စာကိုယ်အရေးကို မြင်-ဖြင့် ဖြေခြင်းသည် မြော်နှင့် မျှော်တို့၏ အနက်ကွဲပုံကို ဆရာတော်ပြခြင်း ဖြစ်၏။

**ပစာ** (၁၀-ပ) ဘာ-ဘယ်ဟာ၊ "ပစာတည်သည်၊ ပမာမည်ဟု" (နဝဒေး-၁၀၀)

**ပတိုး** (၃၆-၃) အခင်းပိတ်၊ (ပေါရာဏကထာ ဋီကာ-၁၁၅)ပါဠိ-ပါဝါရအနက်။

**ပျံမြန်းမရှင်** (၃၂-၃) မြန်း=ညိုးမြန်းသည်-နွမ်းသည်+ပျောင်းပျ ခွေညိုးသော ရုပ်သွင်ဖြင့် မရှင်လန်းနိုင်၊ (ဝိဘဇ္ဇဠပိတ-၂၃၁)

**ပြဆန်းမဆင်** (၃၂-ပ) ဆန်း=သာမန် ဖြစ်ရိုးမျှ၊ ပြဆန်း=ပြရိုးသာ ပြသည်၊ ရွာမည်ဟူ၍ မိုးမဆင်၊ ဝိဘဇ္ဇဠပိတ-၂၃၁)

**ပြတင်း** (၆၄-၃) လေသာပေါက်၊ မွန်ဘာသာ ဗတင်းမှ-ပတင်း၊ တဖန် အရစ်ဝင်၍ ပြတင်းလည်း ရေးသည်၊ "လေသာပြူဖြင့်၊ ပြတင်းဖွင့်၍ (ဥမ္မာဒန္တီ(၅၅) ဆင်းနတ်တူလျှင်၊ ပြူပြတင်းပေါ်၊ လေညှင်းဆော်လျက်" (လောကဝိဒူ-၁၁၀) ပြူပြတင်း, ပြူပေါက်, ပြတင်းပေါက်-အရေးသုံးမျိုး အနက်ကွဲ။

**ပြယား** (၆၃-ပ) ပြာလွှလွ အရောင်ရှိကျောက်၊ "ထိပ်ပြင်ပြသား၊ ပါးကားနီလာ" (နဝဒေး

www.burmeseclassic.com

www.burmeseclassic.com



၈၂)"သန္တာ၁နွတ်ဖျား၊ပြယားတဝန်း၊ဦးစွန်း မြသွင်။ (နဝဒေး-၈၃)

**ပါကြိုက်သရွေ့** (၆-ပ) မျက်စိအလိုသို့လိုက်၍ နှလုံး ပါကြိုက်သရွေ့ ကြည့်မြော်မိသည်၊ (ရှင်ဥက္ကံ သဖြေ)

**ပြသာဒ်** (၂၆-ပ) စက်ပြသာဒ်, သက်မှတ်,ဖက် အလွတ်-ဟု သံတူပိုဒ်စုံ စပ်သောကြောင့် ထိုခေတ်က ပြသာဒ်လည်း ရေးပုံပေါ်သည်။

**ပြာသာဒ်ကိုးပါး** (၉-၃) စာတုမဟာရာဇ် နတ်လေး ယောက်+အထက် ငါးဘုံ၌ ငါးယောက်၊ ဤ နတ် ကိုးယောက်တို့သည် ကိုယ်စီယာဉ်ရထား ကိုးစင်းဖြင့်ညွှတ်ခလာရသောစေတီ (ရှင်ဥက္ကံ သမာလာအဖြေ (ဦးရွှန်းကမကြိုက်၍ ရေး ရတုတပုဒ် ထုတ်ပြသည်မှာ "စက်ဝန်းအစ၊ အုပ်ဆောင်းလှတိ၊ ခြညရာသီ၊တဗြိခိုနန်း၊တန် ဆောင်းဝန်းနှင့်၊ ပန်းပြာသာဒ်နည်း၊ ကြေး, ကျည်း,တမွတ်၊ ဝေယန်မြတ်ဟု၊ ပြာသာဒ်ပုံ ဟောင်း၊ ကိုးပါးပေါင်းတွင်"ဆိုသည်။ မင်းမှ တပါး၊ ဆင်းရဲသားလည်း၊ညွတ်သည်ပင်၊ပြာ သာဒ်ရထားနှင့်ဖြစ်လျှင် မင်းသာ ညွှတ်သည် ယူရမည်၊ နတ်မင်းကိုသာ တွေးဆဆိုသည်မှာ ခေါင်လှသည်၊ (ဦးရွှန်းအဖြေ) ပြာသာဒ် ကိုးမျိုးဆိုသည်မှာ စက်,အုပ်ဆောင်း ခြညရာ သီစပါးပုံ, ခိုနန်း, တန်ဆောင်း, ပန်း, ကြေး, ကျည်း, ဝေဇယန္တာ-ဟူ၏- (ဦးရွှန်းဖြေ-၁၅)

www.burmeseclassic.com

www.burmeseclassic.com



**ဖြိုး** (၅-ပ,၁၇-တ, ၅၃-ပ,၄၉-ပ) ဖြိုးမှပြောင်းသောပြီ။ ဖြိုးကိုပြန်မြစ်၍အောက်မြစ်ထည့်လျှင်ရသဿကာရန်စပ်ဖြစ်သည်၊ "ထိုမှငါ့မိ၊ ထိုဖြိုမင်းဒေါင်")ကိုးခန်း-၈၀) "ရက်ခြားမရှိ၊ တနေ့ပြိုတုံ"(၄င်း-၈၁)

**ဗိဗိ** (၁၀-တ,၃၀-ပ,၃၇-ပ)"ဆွေဗိဗိလျှင်၊ အဖြိုအဖြို၊ ကိုယ်မှီလည်ရှက်" (ဘုံခန်း-၃၄) "တင်းစိုးဗိဗိ၊ ငှါလျှင်ဖြို"ဟု (မဃဒေဝ-၁၇၂)"ဘုရားဗိဗိ၊ ပိုင်ခဲ့ပြီသား" (အောင်ခြင်းပျို့ ကဝိမဏ္ဍန-၁၁၉)

**ပျူငှါ** (၄၈-တ,၄၉-တ)ချစ်ခင်ဘွယ်ဆိုစကား၊ နူးညံ့မူရာ၊ ပျူငှါလက်ဆောင်ကိုပါးလိုက်သဖြင့် (မဏိကုဏ္ဍလ-၂၀၆)"ပျူငှါချေမြ၊ ကြောင်းခြင်းတကား"-(နေမိမဏ္ဍိုး-၇၀)"ပျူငှါထူးဆန်းကြယ်၏တည်း"(ပါရမီ-၁၅၁)

**ပျူဟာ** (၅၅-တ) ထူးဆန်းသောလုပ်ရည်ကြံရည်၊ စစ်ဆင်နည်းပါဠိ-ဗျူဟာ၊မြန်မာမူ၌ ပျူဟာ၊ နာရီပျူဟာ,ရာဇဝေါဟာ၊ကျင့်စရာသား၊ ပျူဟာထွေပြား" (ဘူရိဒတ် အလင်္ကာ-၁၄၅, ဝေါ-၃၀၄၌ ထုတ်ပြသောပုံစံ) "လွမ်းသည်ပျူဟာ၊ဖြစ်ခြင်းရာကို"(နဝဒေး-၃၃)

**ပွဲတောင်** (၆၅-ပ) လူအများရှေ့—ပွဲသဘင်လယ်၊ "ငါသည့်မင်းကို၊ မဲ့တင်းပွဲတောင်၊ဆီမက်ယောင်မျှ"(ဘုံခန်း-၄၄)

www.burmeseclassic.com

www.burmeseclassic.com



**ပေါ်ထပ်စည်းနှင့်** (၅၀-ပ)အပေါ်ကထပ်၍ရင်စည်း ဝတ်ထားသည်။

**ပေါ်နွေလလျှင်** (၁၁-ပ) နှစ်သစ်ပေါ်၍ ကဆုန်လ ရောက်လျှင်(တောင်အရပ်ကမြိမ်း၍မိုးသံကြား ရသည်။)

**ပျံ့ဖြည်း** (၃၇-တ)သာယာပျော်ငံးပျ၊ "မိုးသောက် ထဝယ်၊မြမြပျံ့ဖြည်း၊တခွန်းတည်းဖြင့်" (နဝ ဒေး-၂၀၅)"တဖြည်းပျံ့ပျံ့၊ နောက်ဆွယ်ငံ့၊ ရွာပံ့ပြင်ကျေးစပ်"(ကဗိလက္ခဏာ-၃၇၇)

**ပျံ့ရှား** (၃၂-ဒု,၆၃-တ)မွှေးပျံ့သည်၊ "တောလုံး ဝင်းမျှ၊ ကြိုင်ရှင်းပျံ့ရှား၊ ပွင့်သည်များကို" (နဝဒေး-၇၃)

**ပျံ့ရှားမဉ္ဈူ** (၁-တ)အရပ်လေးမျက်နှာပျံ့၍မွှေးကြိုင် သောပန်း။

**ပျံ့ရှင်း** (၁၃-ပ) ပျံ့ရှန်းသည်၊ အရပ်မျက်နှာသို့ပျံ့ မွှေးသည်။

**ပျက်ခေါင်တိုင်လည်း** (၅၄-ဒု)အပျက်ကြီးပျက်သော် လည်း။

**ပြင်ခုံ** (၁၃-ပ)သဲသောင်ခုံ၊ပြင်ကျွန်း=သဲသောင်ပြင် ကိုရေတိုက်စား၍ ကုန်သည်။

**ပြင်စပြင်ထိပ်** (၁၀-ဒု)ပြင်-(ပေါရာဏ)မြစ်လယ်၌ ထွန်းသောသဲသောင်၊ "သဲပို့ပြင်ကျွန်း၊ မြစ် လယ်ထွန်းသော်"(ကိုးခန်း-၅) "ရွှေသဲပေါ်

www.burmeseclassic.com

www.burmeseclassic.com



ထွန်း၊ပြင်သာကျွန်းထက်" (ငှင်း-၂၇၆)သဲ သောင်ထိပ်၌လည်း ကျေးငှက်တို့ လည်ချင်း ရှက်၍ အိပ်စက်ပျော်ပါးကြလေပြီ။

မြင်ထွန်း (၂၀-ပ) သဲသောင်ထွန်းသည်။

မြင်တပါးသို့ (၂၀-တ) သူတပါး သူစိမ်း မြင်ပသို့ (စိတ်မရောက်)

မင့်ရုံးရွှန် (၁၁-တ) ရွှန်ရှူကလေးပင့်၍ ထုံးသော ဆံထုံး။

ပွင့်ညီဆိုင်ကုံး (၃၂-ဒ) တညီတည်းရှိ ပန်းပွင့်များ ကို ညှာဆိုင်ကုံးသီ၍ ချည်ဆောင်စောင်းထက်ထား သည်။

ပစ္စူ (၆၀-ဒ)ထီးဖြူ၊ပစ္စူရိပ်ကာ=ထီးဖြူဆောင်း၊ "ပစ္စူလှပ်လှပ်၊ သုံးထပ်မိုးမိုး၊ အရှိုးလက် လက်" (နေမိမဲ့ရွှေစိုး-၁၀)

ပဇ္ဇုန် (၁၇-ပ, ၂၆-တ, ၃၁-ပ,၄၀-တ, ၄၆-ပ) ပဇ္ဇုန္န-မိုးရွာချသောမိုးနတ်။

ပြစ်ခြည် (၁၅-တ,၄၀-ပ) အပြစ် အနာ အဆာ၊ "လွှင့်ပြောင်းပြစ်ခြည်၊ ထွန်းလျှံ ကြည်သား" (နဝဒေး-ဂဂ) "ပြစ်ဟူသည်ကို၊ ပြစ်ခြည်စဉ် ထား" (နဝဒေး-၁၉၅)

ပြစ်တိဖွေဖွေ (၂-ဒ) ညှိုးနွဲ့နောင်းလည်၊ အပြစ်တိ ကို (အပြစ်ချည်းကို) ရှာဖွေ၍ရိုက်ချော် မြွက် ကာသာ နေဘိသည်၊ (ရှင်ဥက္ကံသာမြေ-၁၃)



www.burmeseclassic.com

www.burmeseclassic.com



**ပည်းမျှ** (၂၀-ပ,၂၀-ဒု,၃၃-ပ,၆၄-ဒု) ပေါများ
သည်၊ အများအပြား "ဥစ္စာမြစ်တိ၊ ပည်း
ရှိလည်း"(ကိုးခန်း-၁၇၄-၂၇၁)

**ပတ်သည်ဖြစ်ကို** (၄၅-ပ) ခါးမှာ ထိုးကွင်းမင်သေ
ပတ်မိအောင် ထိုးပြီးပြီ။

**ပတ်ခြုံ့** (၁၆-ဒု)ပတ်ဝန်းကျင်၊ပတ်ကုံး၊ အရပ်လေး
မျက်နှာ၊ "ဂန္ဓာရနံ့၊ တိုက်လိုးပျံ့သို့၊ ပတ်
ကြည်းရေ" (ဦးမင်းလေးချိုး၊ ပဒေသာ-
၂၇-၃၄)

**ပတ်ခြုံ့ကွယ်မှောင်** (၁၆-ဒု) ပတ်ဝန်းကျင် အရပ်
လေးမျက်နှာ မှောင်သည်။

**ပတ်မျှပိပိ** (၁၉-တ) ၁၅-နာရီတပတ်၊ လေးပတ်
တနာရီ၊ တနာရီ၏ လေးပုံတပုံ၊ ၁၅-မိနစ်
တပတ် (တပါဒ်) မျှလောက် ခေါင်းအုံး
မမှီနိုင်ပါ။

**ပတ်ဝက်** (၆-ပ,၃၀-ဒု) တပတ်(တပဒ်)၏ တဝက်
တဆယ့်ငါးမိဇနာလျှင် တပါဒ် (တပတ်)
၍ခုနစ်မိဇနာသုံးပြန်အချိန်လောက်မျှ (အ
မလပ်)

**ပြဋ္ဌာန်း,ပြဋ္ဌာန်း** (၅-ပ) ပဋ္ဌာန—ပါဠိတွင် ပ
သံဝင်၍ ပရိဋ္ဌာန၊ ယင်းမှပြဋ္ဌာန်းဖြစ်သည်
ကပိလကွဏ္ဏသတ်ပုံ-၁၁၆၀—၌ "မချ
ဆတ်၊စကားတတ်၊ပြင်ပြင်ဌာန်းဌာန်းငင်"

www.burmeseclassic.com



သံယုတ်နှင့်အစပ်ပြုသည်၊ပါဠိသက္ကဋပျက်အရာ ပါဠိ၌ သံယုတ်ရှိလျက် မြန်မာမှ သံယုတ် ပျောက်သော အရာ၌လည်းရှိသည်ဖြစ်ရကား ပြဋ္ဌာန်း,ပြဌာန်းနှစ်ထွေသင့်။

**ပြုတ်ပြုတ်ဆက်ဆက်** (၂၄-၃) ဆက်ဆက်ပြန်ခဲ့မည်ဟု ပြတ်ပြတ်သားသား ရက်ကိုခန့်တွက်ပြောနေကျ။

**ပြုတ်မူးအကြောင်** (၁-၃) ပြတ်မူး= အလွန်အမင်း သည်းအူပြတ်မျှ+ အကြောင်= ချစ်ခင်ကြင်နာခြင်း။ "သည်းအူပြတ်မူးမျှ အချစ်အကြင်ကို ပန်းကုံးကဲ့သို့ လည်တွင်ခွေပတ်၊ ဆင်မတတ်ပြု၍" (ဦးရှန်းဖြေ-၇)

**ပွတ်လဲ့ကြည်သို့** (၅၀-၈) ပယင်းကို ပွတ်ဖန်များလတ်သော် အရောင်တလဲ့လဲ့ ကြည်လင်သကဲ့သို့ "ပွစ်သစ်ရောင့်နှယ်" (ဥမ္မာဒန္တီ-၁)

**ပလ္လင်** (၈-ပ)စေတီအောက်ခံအပြင်၊(စေတီအစိတ်အပိုင်း)

**ပြန်ပြန်ကြိုးခက်** (၁-၃)အဖန်ဖန်ကြိုးစားရန်ခက်ဘိတောင်း။

**ပြန်သက်ရာစင်** (၁၃-၈) အနှစ်တရာစင် အသက်ကို ပြန်၍ဝေငှမတတ်ဖြစ်။

**ပန်း** (၈-ပ) ပုပန်းကြီးအင်=ဖူးချင်လွန်း အားကြီးသဖြင့် ရောက်ရပါသည်၊"အများထွန်းလျက်၊

www.burmeseclassic.com

www.burmeseclassic.com



လိုပန်းကြီးမြွတ်" (ပါရမီ-၇၂) "သူ့ရှုဆန်း၊ ကြိုပန်းမကြီး" (ကိုးခန်း-၉၁)

**ပန်းဦးမဥ္စူ၊ ဆက်လှူသဘင်** (၁၄-တ) မြသိတင်ဘုရားမှာ တော်သလင်းလကို မဥ္စူပန်းဦးမင်းကိုယ်တိုင်တွေ့လှူရှိ၏။ "မင်းလည်းနတ်ပြီးအောင်းရေသီနှင့်၊ ရွှေညီလော်မြောက်၊ စွန်းစွန်းရောက်ထ၊ စံမြောက်ရှစ်ဆိုင်၊ မဥ္စူခိုင်ကိုကိုယ်တိုင် အာသာ" (မင်းရဲနန္ဒာ ချေင်းဦးရှန်းဖြေ-၃၅)

**ပန်းထွတ်ချစ်** (၁၆-တ) ပန်းဖြင့် ဥပမာပြုသော ဥစမေချီချများမှာ ရှင်ဥတ္တမသာလကာ စေတီတော်, ဦးတိုးက ဆီးဖြူတော်, ဦးရွှန်းကစယ်တော်, အချို့က မြသပိတ်နတော်ဟု အမျိုးမျိုး ဖြေကြသည်။

**ပန်းကာဖပတ်လိမ့်** (၁-၃) ...ယူဇနာတသောင်း ကျယ်ပြောသော ဇမ္ဗူဒိပ်ကျွန်းတစ်ဝိုက်၌ လှည့်ပတ်ရှာဖွေသော ... ပန်းကာသာရှိမည်၊ (ဤမယ်မျိုးကိုမတွေ့)

**ပန်းမန်** (၂၁-တ) ပင်စောက်မှပွင့်လျှင်ပန်း၊ နွယ်ပင်မျိုးမှပွင့်လျှင် မလ်၊ မန် (ဝေါသနီ-၅၅၆) တချို့ "မှန်"လည်း ရေးသည်၊ (သမန္တစက္ခု-ပ-ဂ)

**ပန်းရောဆံကြာ**(၅၄-ပ)မဖီးမထိမ်း၊ ပန်းရောရောနှံ့ထိုးသောဆံထုံးတွင် ကြာခိုကြာခွေ ခွေသက်

www.burmeseclassic.com



သို့မပြုမပြင် ပကတိအတိုင်း ဆံမြိတ်ချထား သည်၊ (ဦးရွှန်းဖြေ-၅၂)

**ပန်းလည်းနွေလ** (၂၁-၃) နွေရာသီတွင် ပေါ်သမျှ ပန်းများ။

**ပန်းလျှဆန်းသာ** (၁၄-၃) နွမ်းရိမောပန်းသည်၊ ပင် ပန်းကာမျှသာ။

**ပန်းလွတ်ကျော်** (၅၄-၃) ငါးပါးသီလ-သီလပန်း၊ (ဦးရွှန်းဖြေ-၃၉)

**ပန်းသတ်** (၂၁-ပ,၃၆-၃) ပန်းရနံ့ အမွှေးအကြိုင် ထုံထားသည်၊ "ပန်းဖြိုးပန်းသတ်၊ဖန်ရည်စွတ် သား၊ပန်းဝတ်ကိုယ်တွင်၊ တထပ်ဆင်လည်း" (ဝိခုရ-၃၇) "ပန်းသတ်ညောင်ရေ၊ သပြေနီ မြန်း" (ဥမ္မာဒန္တီ-) ၇၈၀လ-၇၇)

**မြန်း** (၅-ပ) အကျိန်မျိုး သောင်းထောင် ကျိန်ကာ အသက်နှင့်ထပ်တူကြင်မည်ဟုဆိုလျက်မကြင်၊ သူ့အသက်ကို မပြန်းမမျှ မဝေဌခဲ့ပါ-ဟုဆိုလို သည်၊ ပျှမ်းမျှကို အပင့်,မသတ် ရေးလေ့ရှိ သည်၊ ဝဏ္ဏဗောဓနေသတ်အင်းတွင် "လက် ပမ်းလုံးပြမ်းမျှ"ဟု အရစ်,မသတ် အင်း၌ပြု သည်၊ ဝေါဟာရတ္ထပကာသနီ၌ကား အရစ် နသတ် နောက်ဆက်၍ ဝိသဇ္ဇနီသံကားပြန်းမျှ သည်ဟု အလွတ်ပြောဆိုသောအရာသာ ဖြင့် ၏ဟု ရေးပြီးမှပြန့်ကိုပြသည်၊ ထို့ကြောင့် ဝေါ သနီပြသောပြန်းမျှသည် ဤရတုအရေးအသား

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကိုက်ညီသည်၊ ဤ၌လည်း များမပြန်းဟု ရှိရာ "များ-မပြန်းတည့်"ဟု ရှိလျှင် အသက်ကို ပြန်းများဝေဌခြင်းမရှိဟု အနက် ဖြောင့်သည်။

**ဖြိုးရိပ်ညွန့်ကြောင့်** (၁၉-ပ) တရထည်ချောင်းသို့ ဘုရားကြွရောက်လာ၍ ဖြိုးတော် မူဘူးသည့် အရိပ်နိမိတ်ကြောင့် တရထည်ချောင်းကို ဖြိုး ချောင်းခေါ်သည်၊ "ရွှေးခါလွန်လေ၊ကျင်လည် စေမှာ၊ ဉာဏ်ရွှေဖြစ်ပျက်၊ ဖြိုးခဲ့မြွက်သား၊ မြစက်သီတာ၊ လက်ျာရစ်လည်၊တရထည်နှင့်" (မဖိုးရဲနရာ ချောင်း-၃၃)။ ဤအကြောင်းမှာ မိမိအလျှင်ရှေးကရှေးကျသော အယူအဆဟု အခံရတု "တဆဲ့နှစ်ခွေ"မှာ ပြသည်၊ အလိုက် ရတု တဆဲ့နှစ်ခွင်မှာကား—ဖြိုးအနက်တမျိုး ပြသည်။

**ဖြိုးရေဆိုက်** (၂၀-ပ) ဂဇဗလ သတ်ညွှန်းမှာ— ဖြိုး—ဝသည်၊ မင်းရဲနရာချောင်းတွင်"ချွန်သီး မဖြိုး၊ခြေလုံးနှင့်သာ၊ ယိမ်းတိုင်းပါ၍"၊ မင်း နဝဒေးဆို အုံမူးပေရာချီသည့်ရတုတွင် "ရိပ် ခြည်မဖြိုး၊ မိန့်လိုက်တုံးသည်၊ ဝါလုံးလင့်ရှ ဦးမည်လော"ပြည်စုန်တွင်"နံနက်မိုးဘုံး၊ကျွန် တော်ဖြိုးသည်၊မင်းဆုံးသုံးလူ့ အမူးတည်း" မင်းနဝဒေးဆို နှစ်ဟူလုဘွယ်ချီသည့် ရတုတွင် "ဆောင်းဝယ်အစ၊ ချီခဲ့ရသော်၊ ဂိမ်လုံးလုံး ဝဖြိုးလိုလို"ဟု ဆိုရာများမှာ ဝသည်ကိုဖြိုး သည်၊ မဝသည်ကိုမဖြိုးဆိုရိုးရှိသည့် အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



မ-သတ် (ဂဇဗလ သတ်ညွှန်း) ကဝိလက္ခဏာ သတ်ညွှန်း-၁၇၃၊ ဝဏ္ဏဗောဓနေ သတ်အင်းတွင် "ရွှင်ပြုံး၊ တောင်ပြုံးရွာ၊ ပွါးပြုံး၊ ချွန်သီးပြုံးသည်၊ ပြုံးစပြုသည်" ဟု ပြသည့်အလို-ပြုံး=အစမူခြင်းဟုအနက်ရသည်ထင်ရစေကာမူ ပြုံးအနက်ကို- ရယ်ပြုံး, ပွါးပြုံး, တိုးတက်ပြုံး, အခိုင် အပြွတ် ပြုံးသာ ရှိသဖြင့် ဝဏ္ဏဗောဓန- ဆိုသော(စ)သည် ဂဇဗလဆိုသော(ဝ)လေလောပေမူတင်ရာ၌ အပြောင်းအလွဲအကူးမှားလေသလော၊တွေးတောဘွယ်ရှိခဲ့သည်၊ဂဇဗလဆိုသော (ဝ) သည်လည်းတိုးတက်ခြင်း သဘောပင်၊ ပြုံးရေ=တိုးတက်လာသောရေ-ရေဦးပေါက်-ကဆုန်,နယုန်မှာကျွန်းတိုက်-ကိုင်းမီးရှို့၊စူးထိုး-ကောက်စိုက်၊မျိုးစေ့ချကြသည်၊ "ရေလာပြုံးပွက်၊ ကဆုန်ရက်ကား" (ဘုံခန်း-၂) ဤပြုံးရေနှင့်ဆက်စပ်၍ ပြုံးထိုး, ပြုံးပွက်, ပြုံးပြောရွာဆိုသောဝေါဟာရများ ရှိသေးသည်၊ ပြုံးထိုး- ရေဦးပေါက်ထိုးသည်၊ဟံသာဝတီက ၁၂၅၆-ခုနှစ်ရိုက်သော ဆုတောင်းခန်းမှ ၁၇၅-၌ "မြင်သားဆင်းရဲ၊ရေယဉ်ဝဲသို့၊ ကျလဲ့ပြုန်းထိုး၊ ရေတပိုးသို့"ဟု နသတ်ပြုန်းရှိသည်၊ ယင်းဆုတောင်းခန်း ပျို့အဆိုကို လိုက်၍ တွင်းသင်းမင်းကြီးက ဇနကပျို့ အစ ၁-တွင် "မဟာသာဂရ၊ အဏ္ဏဝဟု၊ အစမဲ့၊ ဆိုးမမြင်

www.burmeseclassic.com



သည်၊ ယဉ်ရှင်နက်ကျယ်၊ ပင်လယ်ရက်သဲ၊ လှိုင်းမထဲ၌၊ကျလွဲပြန်းထိုး၊တံပိုးလွှမ်းပစ်၊မွန်းကျနစ်သား”ဟု စပ်သည်၊ ယင်းသည့် ဆုတောင်းခန်းပျို့၊ဇနကပျို့များ၌ န-သတ်ပြန်းကိုမကျနပ်သဖြင့် လိုက်လံရှာဖွေရာ ၁၂၂၅-ခုကူးသော ဇနကပျို့ပေမူ၌ “ပင်လယ်ရက်သဲ၊ လှိုင်းမထဲ၌၊ ကျလွဲပြီးထိုး၊ တံပိုးလွှမ်းပစ်၊ မွန်းကျနစ်သား”ဟု မ-သတ်သေးသေးတင်နှင့်တွေ့ရမှအမှန်သိရသည်၊ “ရေဝဲလှိုက်ပြီး၊ကုလားကျုံးနှင့်၊ မိုးဘုံးထက်မှာ” (နတ်ရှင်မယ်တော်ချေင်း-၂၄) “တောင်ကျင်လွှမ်းဖုံး၊ထိုငါးလုံးမှ၊ပြီးခဲ့မြစ်သောင်” (လောကဝိဒူမော်ကွန်း-ဂ၆-၉၃) ပြီးထိုး=ရေရှူးပွါးများတိုးတက်လာသဖြင့် ထိုးစီးလာသော ရေ၊ ပြီးပွက်=ရေရှူးပွက်သည်၊ “မြုံးပုံ ခုန်လွှား၊ ရေးကစားသော်၊ရေသားပြီးပွက်၊ ဗလုံတက်၍”တိမ်တိုက် တောင်လုံး၊ ပြီးတပွက်ပွက်၊ ဂယက်ရေပန်း၊ တင်းကျမ်းပြင်းခပ်၊ ကြယ်ခွပ်ခေါင်းဖြူ၊ကြွက်ကြွက်ဆူ၏”၊ပလုံထိုး၍၊ တံပိုးပြီးပွက်၊ ရေပန်း တက်က”၊ တောင်ဖီလာဆရာတော်ရေး လောကစာတံပုံ ရွှေကြေးမုံလက်ာ။ ။ပြီးပြောရွာ=ရေပွက်ပေါ်များသောရွာ၊ဤသို့လျှင် ပြီးထိုး, ပြီးပွက်, ပြီးပြော–ဝေါဟာရတို့ကိုထောက်၍ဤနတ်သျှင်နောင်ဆိုပြီးရေ-ဟူသည် အခံရတု၌ ပြီးခဲ့ခြင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မြုံးချောင်း၊ အလိုက်ရတု၌ သမိုင်းကြောင်းအရ ကန်ရေ အပြင်-ရှမ်းပြည် ဆင်တောင်မှ ရေရှူးဆင်းကျ၍ ရေဦးပေါက် ဆင်းလာသော ကြောင့် မြုံးကြောင်း အရေးတူ၊ အသံတူ အနက်ကွဲ ခွဲခြားကိုပြသည်ဟုမှတ်ဖွယ်တည်း။

**မှော်ပါက်ပြ** (၁၆-တ) ကျော်စောထင်ရှားသည် "မဟာဓမ္မပါလ၊ ပေါက်ပြကျော်ထင်၊ ပညာရှင်" (ဓမ္မပါလ-၃၀)

**ပေါက်လဲ**(၁၃-ပ,၅၀-ပ) ပေါက်ပင်နှင့်လဲဝါလက်ပံပင်၊(ဦးရွှန်းဖြေ-၂၉၂) "ပေါက်လဲလည်းငုံ၊ ရာသီကုံ၊မြူဖုံမထသေး"(ကဝိလက္ခဏာ-၁၃၀) "လဲပန်းနှင့်ပေါက်ပန်း၊အနန်းနှင့်စွယ်တော်" (ရာမရကန်ပ-၁၁၇) ပေါက်ပန်းနှင့်လဲဝါ၊ တမာနုံသစ်၊ကျေးဥနှစ်ကဲ့နှယ်"(ငုင်း-၂၀၇) လဲ=လက်ပံပင်မှရသောမှို့၊ ပေါက်နှင့်လဲ တ မြွားစီယူရသော သာကေများ။

**မှော်ခြစ်ညှုံးသားမြေ** (၁၇-၃) မိုးသားမြေခေါ် အိညီ၊ တအေးအေးထစ်ချုန်းသည်၊ (ဦးရွှန်းဖြေ-၅၇)

**မျှော်ဥှင်းပျံ** (မြန်မာသံယော၀-၁၃)မရှင်လန်းမှသော့၊ လက္ခဏာ။

**မျှော်ဥင်းသမ်း** (၃၅-တ) မျှော်ဥင်းရိုသည်၊သတ်ညွှန်း ၂၀-ကြည့်။

**ပိုက်ခြုံ**(၆၄-စ)ရစ်ပတ်ဖုံးလွှမ်းခြင်း(ဝေါသနီ-၃၀) "မြေတော်စုံကို၊ ပိုက်ခြုံဖက်ယှဉ်"(သံဝရ

www.burmeseclassic.com

www.burmeseclassic.com



၃၀)"ဝမ်းထဲပိုက်ခြို၊တရားရုံသား" (ဘုံခန်း ၃၀)

**ပိုက်ဖြား** (၁၁-တ,၃၇-တ) ယုယသည်၊ ကျုံးပိုက်ဖြား=ယုယုယယ သာယာစွာ ပြောဆိုသည်၊ "ကျွန်မကိုမြှောက်စား၊စေတနာ ထပ်ပွား၍၊ ပိုက်ဖြားသည့်လက္ခဏာ" (စလေမေတ္တာစာ ၃၈) "ပိုက်ဖြားရင်ခွင်၊ တင်ထက်တင်၍" (နဝဒေး ၂၄,ဘုံခန်း ၃၀-၅၇)

**ပြိုက်ကျ** (၁၁-ပ)၊ မျက်ရည်တပြိုက်ပြိုက်ကျသည်မှာ နှင်းရည်ထက်သာသည်၊ ယိုကျသည်" (မြန်မာသံယော၈-၁၃)

**ပြိုက်စက်** (၃၃-ဒ) ပြိုက်=ညီညာ၊ "ပြိုက်ပြိုက် ကျလျက်၊ပြိုက်စက် ပြိုက်ရွှမ်း" (ကဗျာသာရတ္ထ ၅၂)

**ပြိုက်ရွှမ်း** (၄၂-တ,၅၃-တ) မျက်ရည်ရွှမ်းရွှမ်းစိုမျှ တပြိုက်ပြိုက်ကျသည်၊ "ကောင်းရည် ထိုက်လိုက်၊ရွှမ်းရွှမ်းပြိုက်စွာ၊ အုပ်ပိုက်တပေါင်း", တရုပ်သံရောက်-၁၇)

**ပျိုး** (၂၂-ဒ)ပွားများသည်၊ ဗျာပါပျိုး၊ ပူဆွေး ဗျာပါပွားများ၊"ရန်ကိုရန်ငြိုး၊ရန်တို့ပျိုး၍" (မဃဒေဝ-၂၀၆)"သင်တိုင်းခြို နတ်မောင်ငယ်၊ ကြီးဆောင်ဖွဲ့ဖန်ပျိုး" (ပဒေသ၁-ပ, ၂၁၇)"သရေထိန်ပြိုး၊လုလင်ပျိုးတို့" (မဃဒေဝ-၆၄)

www.burmeseclassic.com

www.burmeseclassic.com



**ဖြိုးထွေ** (၇-ပ) အများအပြား၊"ရေဆိုမနိုင်၊ စည်ခိုင်ဖြိုးထွေ၊ မင်းဆွေစိုးမျိုး" (မင်းရဲဒိဗ္ဗ-၈) မှမ်းစိုင်လည်း အများအပြားအဟောပင်။

**ဖြူညွန့်ရှက်ဆိုင်** (၇-ပ) ရှစ်ဆိုင်ရှက်ကြာချီကို ထပ်ဖွင့်သောအလိုက်ရတုဟု ဦးတိုးကဆို၏၊ ထီးဖြူရိပ်ဆိုင်ဝန်းလျက် တိမ်အထွတ် အဖျားတိုင်ရောက်အောင် ပျံမတတ်ရှိသော ပြာသာဒ်၌ရှိနိုးပူဇော်ခံ၍စံနေခိုက်အခါဦးရှုန်းဖြေ(-၁၁)

**ဖြူမြိတ်စို့လည်း** (၁၄-၃)မြိတ်လွှတ်မဟုတ်သေး၊မြိတ်စို့သာဆိုလိုသည်၊ (ရှင်ဥက္ကံသမာလာဖြေ) "ဆွေသည်ဝင်းညို့၊ ဖြူမြိတ်စို့လည်း၊ မြသိုမယွင်း၊ သွယ်ခွံရှင်းနှင့်" (နဝဒေး-၁၇၆) မြိတ်စို့အငယ်၊ မြိတ်လွှတ်အကြီး၊ ဆံပင်များမှာနားရွက်နောက် ညွှတ်နေဆဲဖြစ်၍ မြိတ်လွှတ်ရွယ်မရောက်သေး။

**ဖြေဆည်** (၂၇-၃-၆၂-၃) အလွမ်းဖြေသည်၊ "စက်နှယ်လည်သည်၊ ဖြေဆည်လည်းသမ်း၊ ညိုးလည်းသမ်း၊(နဝဒေးရတု-၁၈၆)

**ဖြေဆန်းဗျာပ'ါ** (၁၀-တ) လာခါနီးပြီဟု မယ်၏ကြောင့်ကြဗျာပါပြေရှုံဖြေဆန်းဖြေသည်၊ /ဝတ်ကြေဝတ်ကုံသာဖြေသည်။

**ဖျေမျှင်** (၁၈-ပ)တားဆီးသည်၊ (ဝေါသနီ-၀၆) "မိစ္ဆာဖြေမျှင်၊ ပညာယှဉ်က") ဆုတောင်း-၁၀၈)"စိတ်ဝိညာဉ်ကို၊ ဖြေမျှင်ချုပ်တည်း"

www.burmeseclassic.com

www.burmeseclassic.com



(ပါရမီ-၇၁)ဖြေဖြည်-လည်းရှိသည်၊ "မရှင်မူနည်း၊ညှိုးငယ်သည်ကို၊ဖြေဖြည်ဆို၍" (နဝဒေး-၁၀၈-၃၆)

**ဖွေနှည်** (၄-တ,၂၃-တ,၅၁-တ,၅၇-တ) အနံ့ရှာဖွေခြင်း၊ ဖွေနှောက်ခြင်း၊ (ဝေါဟာနီ-၄၂၅-၅၉၀)"စိုစိုပြည်ပြည်၊ကြာမြင့်ရှည်၊ ဖွေနှည်စိတ်စက်လေး" (ကဝိလက္ခဏာ-၁၅၈၁) "အာဇာနည်၊ ကျင့်မူနည်၊ ရေနည်၊ ဖွေနှည်သည်၊" (ဝဏ္ဏဗောဓန-နှည်သတ်အင်း)

**ဖေဒ်နည်းသူကို** (၁၆-တ) "နွေနှောင်းရက်လျှင်" ၏အလိုက်။

**ဖြား** (၃၈-၃,၃၈-တ) သွေးဆောင်ခြင်း။

**ဖြားယောင်း** (၆၂-၃)"နှစ်သက်ဖြားယောင်း၊ ရင်ငွေ့ပေါင်းလျက်"(ဘုံခန်း-၄၃)

**ဖက်မျှရည်တူ** (၄-၃)"မိမိကိုယ်ကိုဟူကအဖက်မျှသူ အရည်တူသသူမရှိ၊မည်သူမျှမတန်၊ ဆိုစဟန်နှင့်"ဟု ( ရှင်ဥက္ကံသဖြေ-၂၇) ရှိသောကြောင့် သက်မျှရည်တူကွဲကိုအလေးမပြုသင့်။

**ဖျင်** (၆-တ)ပေါ်များသည်၊"များဖျင်၊ဖျင်မျှ"(ဝဏ္ဏဗောဓန၌ အမှင့်) မြန်မာသံယောဂ (၇၃) စသော အခြားကျမ်းက အရစ်ပြုကြသည်။

**ဖင့်နွဲ့**(၃၈-၃)ကြာနှေးလေးဖင့်သည်၊"ဒေဝါက်ကျွတ်မှုထား၊ဖင့်နွဲ့သွားလျက်"(ဘူဒလင်္ကာ-၅၆)

www.burmeseclassic.com

www.burmeseclassic.com



**ဖြစ်** (၉-၃,၉-တ)ဖြင့်,လျှင် အနက်ရှိ ကြိယာဝိသေသနပစ္စည်း၊ "ကျွန်ုပ်မှာလျှင်" ငါးရွာတင်ချက်၊သည်အတိုင်းဖြစ်၊ခက်ကရော့မည်" (ရာမရကန် ပ-၂၃)

**ဖြည်းပျ** (၄၂-၃) ဖြည်းသက် (၂၇-ပ)နှေးသည်, သိမ်မွေ့သည်။

**ဖွတ်လျှာ** (၄၇-၃,၆၀-ပ) စကားနှစ်ခွပြော၍ ဖွတ်လျှာနှင့်တူသည်။

**ဖန်စကြာ** (၁၃-ပ)အတွင်းကား ရွှေ, အပကား ဖန်ဖြင့်ပြီးသောနေ။

**ဖြုတ်ခြည်း** (၁၇-၃,၃၇-တ,၃၆-တ) ရုတ်တရက် အလျှင်အမြန်၊ "လိပ်ခဲတည်းလည်း၊ တချက်တည်း၊ ဖြုတ်ခြည်းရုတ်ခြည်းဆို" (ကဝိကဏ္ဍဏ ၁၆၅၄)

**ဖောင်းကျည်** (ဂ-ပ)စေတီအစိတ်အပိုင်း။

**ဗဟို** (၄၁-ပ)အလယ်မန်တိုင်၊ (ပေါရာဏကထာ ဋီကာ ၁၄၀)

**ဗျာဒိတ်** (၅-တ)ရည်ညွှန်းဆိုစကား။အမိန့် (သဏ္ဌရ ဗျာဒေဈ)

**ဗျာပါ** (၁-၃,၂၂-၃,၂၇-၃,၂ဂ-၃,၃၃-ပ,၃၅-၃) ပါဠိ-ဗျာပါရ=ကြောင့်ကြစိုက်ခြင်း၊ ဗျာပါရှိန်ခွဲ=ကြောင့်ကြစိုက်မှုကိုချန်ထားသည်၊ တဖက်ပေးသောစာကို ကြောင့်ကြမစိုက်။



www.burmeseclassic.com

www.burmeseclassic.com



ဗျာပါယူပန်း(၂၂–တ)ဇာန္ဒာဝံသ ပ–၂၂၈, ကုသ ၂၉၅၊သစ္စာပန်းလည်း ခေါ်သည်။

ဗျာပါရည်နှင့် (၂–ဒ)ကြောင့်ကြဗျာပါရဖြင့် ရည်ရော်သည်။

ဗွေ (၂၀–ပ,၄၀–တ) အလယ်ခေါင်၊ ဇေယျရန္တ မိတ်ရတု–၄)

ဘနန်း (၃–တ,၂၉–ပ,၅၄၁)လုလု,မတတ်၊ "စက် မီးယံသို့၊ ထက်ယံ ညီးထွန်း၊ လောင်ဘနန်း တည့်" (နဝဒေး ၃၃)

ဘဝဂ် (၁–တ) ဘဝ+အဂ္ဂ၊ဘဝ=ဘုံ+အဂ္ဂ=အ မြင့်ဆုံး၊ အမြင့်ဆုံးဘုံ၊ တဝဂ်သုံးပါး (က) ပုထုဇ္ဇန်ဘဝဂ်=ဝေဟပ္ဖိုလ်ဘုံ (ခ) အရိယ ဘဝဂ်–အကနိဋ္ဌဘုံ (ဂ) သဗ္ဗဘဝဂ်=နေဝ သညာနာသညာယတနဘုံ။

ဘဝဂ်ရှည့်ညီ (၂၄–ပ)ဘဝဂ်နှင့်နှိုင်းရှည့်သော် ညီ နေသည်။

ဘယ်နံ့ (၁၀–တ)အဘယ်အချိန်ခါ၊ "ထွက်ဖြူဘယ် နံ့၊ပေါ်လတ္တံ့နည်း"(ဇာတ်ပေါင်း–၁၇)

ဘွယ် (၂–ဒ) အင်းဝခေတ် နောက်ပိုင်း၌ ဘကုန်း ဟူသမျှကိုဖအုပ်ထုပ်သို့ပြောင်းလိုက်ကြသည် ဤလက်ဝဲနော်ရထာ ရေးကူးစုံသောမှ ဘ– ကုန်းချည်းရှိရာ ဥပမာဟောကိုသ ဖ–အု ထုပ်ပြောင်း၍ ကြိယာဝိသေသနပစ္စည်း ဘွယ် ကိုကား ဘ–ကုန်းအရေးပင် ရေးသူဟော

www.burmeseclassic.com



တို့အစွဲသန်ပုံရသည်၊ "သေပြီးသဖွယ်၊ သနား ဖွယ်သို့၊ အကယ်မျက်မြင်" (မဃဒေဝ–၃၄၂) ရှေးဥပမာဖွယ်၊ နောက်ဘွယ်ကား ဘ-ကုန်းသတိထားကြကုန်၊ (မန်လည်ကိုယ်တိုင်ရှင်းခဲ့သောမဃဒေဝလင်္ကာဒီပနီ-၂၀၃)

**ဘွယ်သာပည်း၏** (၅-တ) ဝမ်းနည်းဘွယ်သာများ သည်၊ ပည်း=များပြားသည်။

**ဘက်** (၁၉–တ)ပစ္စပည်းသည်ဘဲသို့ပြောင်းသကဲ့သို့ ပင် နှင့်တူသော ပစ္စည်းပက်မှ ဘက်ပြောင်း သည်၊ "မီးပန်းဖော်နည်းပက်" (ကဝိလက္ခဏာ ၂၉၉) ခနမိရကန်-၁၄-၂-၌ဘက်ပစ္စည်း။

**ဘုံမြင့်နန်းသူ** (၃-ပ)ခါတုကလျာ ဘုတောင်းရေး စသ်သောမောင်ဘွဲ့။

**ဘုံဝန်းအုံး** (၃၂–ဒ) ဘုံလျှိုအုံးဝန်း' (ရှင်ဥက္ကံသ မာလာအဖြေမူ၌ ဖုံ-ဖုံလျှိုရှိသည်။)

**ဘုန်းစက်ဗျာဒိတ်**(၁-ဒ)ဘုန်း-ဘဂအနက်၊ယခုခေတ် ဖုန်းရေးသည်၊ စက်=အာဏာစက်+ဗျာ ဒိတ်-အမိန့်။

**ဘုန်းချင်းဆုံကို** (၁-ပ) ဘုန်းကံချင်းဆုံသောမယ်။

**ဘုန်းဟော့** (၂၆-က) ဘုန်းကံရှိသည်၊ဟော့=ဟိ=ရှိ။

**မကန်**(၇-ဒ,၃၄-တ,၃၅-ဒ)မဆန့်၊ပြည့်လျှံမိုမောက် သည်၊ "ရှစ်သောင်းမကန်၊ လေးထောင် လွန်၍"၊ (လောကဝိဒူ ၁၆) (သတ်ပုံနှိုင်း ၃၄ ကြည့်။)

**မကိုဋ်** (၁၂-ပ)မကုဋ်-ပါဠိ၊ အထွတ်သရဖူ။

www.burmeseclassic.com

www.burmeseclassic.com



**မကျူးထင်ထင်**(၁၁-ဘ)ကဆုန်လကိုမလွန်စေရပါ။

**မကြောက်ခြည်မြူ** (၅-ပ) "သစ္စာ ပျက်ယွင်းမည်သို့ ဆံခြည်လောက် မြူမှုံလောက်မျှ မကြောက် လန့်သူ၊ အချို့ "သစ္စာကျိန်မကြောက်သော ကြောင့်" ကျိန်ထားသောသစ္စာစကားကျိန်စာ ကို မကြောက်။

**မစိတ်ိုလျှဉ်-မစဉ်တို့တတ်** (၂၄-၃)မစီမစဉ်တတ်။

**မဆံ** (၆၇-၃) မဆက်ဆံ၊မရောနှော၊ (ဝေါဟာရနီ- ၅၃၇).

**မဆင့်လေပဲ့** (၁၉-ပ)မေတ္တာရစ်ခွေခြင်းသည်မဆင့် မထပ်လေပဲ့ နေလေသည်ကား စစ်မြေပြင်၌ ဖျော်ဖြေသူ ရှိနေလေပြီထင်သည်၊ (ဥက္ကံသ မာလာဖြေ-၄၂)

**မတန့် ပြက်၍** (၂-ဘ)သူမတူတန်အောင် အရောင် တောက်ပသည်၊ ပြက်=အရောင်၊ "ကြာနှေ ပြက်သို့"(စလေမေတ္တာ-၄၆) သူမတူအောင် အရောင်အဝါ တောက်ပစေနိုင်သောရှင်ပင် ကျောက်ဆောက် ဘုရားသည် ကောင်းကင် ပုံတက်၍ ကွန်ရက်ရောင်ခြည်ပြပါဦးလော့။

**မတုံ့ဖဲသည်** (၁-ဘ) တုံ့ပြန်မှုမပြုဘဲဖဲ့ကြဉ်ခဲ့သည်။

**မတည်မှန်ယွန်း** (၂၄-ပ) စကားမတည် အမှန်မှ ယွင်းပျက်ခဲ့သည်၊ ယွင်း=ယွန်း အနက်တူ နသတ်နှင့် င-သတ်ပြောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



**မထောက်ရည်တူ**(၅-တ)အရည်အခြင်းတူသောသူကို မျှမထောက်ညှာ၊တချို့မူမှာ မတောက်ရှိသည်၊ မတောက်ချ၍ မတောက်ချီ, မထောက်ချီလျှင် မထောက်ချ-မြင်းဆက်ခွ စံပယ်ချီ စံပယ်ချဟု ဦးတိုးကဆို၏၊(ဆွတ်ပျံ့ဘွယ်အောင်ဖြေ-၁၀) မကြောက်-ချီခဲ့၍ မကြောက် ချသောကြောင့် စကြာလည်။

**မနီးရံလည်**—အာကာကွန့်ရစ်၊ (ဂ-ပ)အနဝတတ်အိုင် ကိုတောင်ငါးလုံးရံနေသည်၊သုဒဿနတောင်, စိတ္တကူဋ်တောင်,ကာလကူဋ်တောင်,ဂန္ဓမာဒန တောင်,ကေလာသတောင်, ထိုတောင်ငါးလုံး တို့သည် တတောင်နှင့်တတောင် မနီးကုန်၊ထို တောင်ငါးလုံး၏ အထွတ်တို့သည် အနဝတတ် အိုင်ရှိရာ ရှေ့သို့သာညွတ်၍ တည်ကုန်၏၊ အနဝတတ်အိုင်၏ တောင်မျက်နှာ နွား(ဥသဘ) ခံတွင်းမှ ထွက်သောရေသည် သုံးပတ်လက်ျာ ရစ်လည်၍ တောင်မျက်နှာသို့ ဖြောင့်ဖြောင့် ကျောက်ဖြာအပြင်ဖြင့် စီးသွားသည်၊ တောင် ကိုခတ်မိသောအခါ ကောင်းကင်သို့တက်ပျံ၍ ယူဇနာ မြောက်ဆယ်စီးပြီးလျှင် ကျောက်ဖျာ အပြင်၌ ကျ၏၊ ထိုရေတို့တွင် အိုင်ကိုသုံးပတ် လည်စီးသည်ကို အာဝဋ္ဋဂင်္ဂါ၊ ကျောက်ဖျာ အပြင်၌ စီးသည်ကို ကဏှဂင်္ဂါ၊ကောင်းကင်သို့ ပျံတက်သည်ကို အာကာသဂင်္ဂါ၊ အာကာသ ဂင်္ဂါကိုရည်၍"အာကာကွန့်ရစ်"ဟု စပ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ဆင်ရှိရာက ဆိုသောစကားသည် ဆင်ရုပ်ရှိသော တောင်က စီးလာသည်ကိုရည်၍ စပ်သည်၊ (ရှင်ဥက္ကံသမာလာဖြေ-၄၈) အနဝတတ်အိုင်မှ စီးလာသော အာကာသဂင်္ဂါသည် ဆင်ရုပ်ရှိရာတောင်မှ စီးလာသကဲ့သို့ ကမ်းနီမြစ်သည် ရှမ်းပြည်ဆင်တောင်မှ စီးလာသည်။

**မဏိစူဠာ** (၆၂-၃) တာဝတိံသာရှိ စူဠာမဏိစေတီ။

**မပျံ့** (၂-ပ) နားမှာမပျံ့လာ၊ နားမှ လေသံ့မကြား။

**မပျောင်းရစ်တည်**(၂-၃)မယ်၏စိတ်သည် မပျောင်း မပျော့ မေတ္တာဖြင့် မရစ်ပဲ တည်တံ့ခိုင်မြဲလှ၏။

**မပြုပျောင်းရုပ်**(၂၁-ပ)"မပျောင်းရစ်ဟန်"(၁-၃) ပျောင်းပျော့သော ရုပ်သွင်ကို မပြု-စည်းချုပ် ငြိုးလျှင်(ဦးရွှန်းဖြေ-၅၆)

**မဖူးကြားကာ** (၆၇-၃) ကြားရုံသာ ကြားရသည် မဖူးရပါ၊ ကုလားစေင်ကာ ဆောင်ယူ၍ သံလျှင်ရောက်မှ ဖူးရပါသည်၊(ဦးရွှန်းဖြေ-၅၀)

**မဖွယ်ချစ်နေ** (၁၉-၃) မဖွံ့ဘဲ ချစ်သောအနေကဲ့သို့ (ဦးရွှန်းဖြေ-၅၅)

**မမီလွန်ခဲ့** (၁၁-၃)ပန်းများပေါ်လျှင် လက်နှင့်ဆင် ပေးမည် ရည်ရွယ်လျက် အချိန်မမီ၊ လွန်ခဲ့ပြီ။

**မယွက်** (၂၀-တ,၅၃-၃)မယွင်းမသွေမပျက်မကွက် (သံယောဂ-၆၄)သတ်ညွှန်းမှတ်စု၁၉-ပြည့်

**မရာသိ** (၃၇-ပ) သိ=နီး၊ မနီးလှပါ၊ ဆိုရာသည်မရှိပါ၊တပေါင်းလစင်တိုင်ရောက်အောင် ဝေးလွန်းလှသည်၊ "နွေဦးဗိဗိ၊ မရာသိခဲ့၊ လွမ်း

www.burmeseclassic.com

www.burmeseclassic.com



ညီနှင့်ကိုယ်၊ဖူးချင်လိုပါ၊” သံတော်ခံရာ၌နန္ဒ ဆို ကျည်းရှင်စောနှင့်ချီရတု။(ကဗျာဗန္ဓ-၁၆)

**မယွန်း** (၁၂-၃) မတိမ်းမယိမ်း၊ ထပ်တူ၊ “ရွှေရည်ပုံသွန်း၊ စိမထွန်း၊ မြို့ဝန်းလှည့်ကျက်ခြေ” (ကဝိလက္ခဏာ-၇၀၂)

**မရက်သွားချင်** (၁၀-၈)မြသိတင်ဘုရားရှေ့တော်မှ ထွက်ခွာမသွားရက် မသွားချင်ပါ။

**မရည်းမထင်** (၅၀-ပ) ရည်ရွယ်ထင်မြင်ချက်မရှိ။

**မရွံလေနှင့်** (၆၅-၃) မကြောက်လေနှင့်၊ “ထိုးထိတ်မရွံ့၊ လက်ငံမြောက်မြား” (ပါရမီ-၁၀၀)

**မရှုတောင်း** (၁-ပ) တောင်းပန်သည်း၊ ဖြစ်ခဲသောသဘောပြ၊မြင်နိုင်ရန် ခဲခက်သော သစ္စာကို မြင်နိုင်ခဲ့မျှဖြစ်သော ဘုရား “ငါ-မရတောင်းရသည်”(မဏိကုဏ္ဍလ-၃၄)

**မရှိမ်းမသွယ်** (၁၀-၈) မှိန်း၍ နေသည်ကို ရှိမ်း၊ “နေ့ကိုလွန်၍၊ ခါထန်နေငြိမ်း၊ ရှိမ်းတုံဆည်းဆာ” (ဆုတောင်းခန်း-၇၉) “ညွတ်ရှိမ်းရာနွေ” (ကဝိလက္ခဏာ-၄၇၂) ရောက်လာတော့မည်အရေးတွေ့လျှင် မမှိန်းတော့ပြီ၊ဖိန်းရှိမ်းခြင်း မရှိပြီ။

**မလွန်ခေါက်ရက်** (၁-၈) ခေါက်ရက်သည် မ-ပဋိသေဓနှင့် တွဲလျှင် နှစ်သက်ခြင်းအနက်၊ မတွဲလျှင် ခဲယဉ်းစွာ ကြိမ်ဖန်များစွာအနက်၊ မလွန်ခေါက်ရက်=မုဒ္ဒောသရုးရှင်ကို လွန်သွားရန်ခဲယဉ်းလှပါသည်၊မလွန်မသွားချင်ပြီ၊

www.burmeseclassic.com

www.burmeseclassic.com



**မဟောသရီ** (၄၀-ပ) ဘုရားဟော မဟောသီကို မဟော၊ ကျက်သရေဟော သီရိကို သရီ စပ်သည်၊ အသရေရှိသော မဟောသီဘုရား၊ နောက်က ကပ်လျက် နောင်တော်ညီ-ရှိသည်၊သက်တော် ထင်ရှားဂေါတမ၏-သီဖြစ်သောစေတီ။

**မျှသက်ဝေမြဲ** (၃-၃) ချစ်သူတို့တံတွာ အသက်ကို ဝေမျှထားမြဲ။

**မြမြ** (၁၉-၃) မြစ်တခွင်လုံး မြအရောင်ကဲ့သို့ စိမ်းမြကြည်သောရေရှိ။

**မြမြမြေး၍** (၆၁-ပ) နဝဒေးရတု ၂၁၃-၌နဝဒေးရေးဟု ဆိုသည်။

**မြရည်ကြေးစိမ်း** (၅၀-၃) မယ်၏ အကြောသည် မြရည်ကဲ့သို့ စိမ်းသည်။

**မြလွှမ်းစောင်ဝန်း** (၃၂-ပ) မြကဲ့သို့ ညိုသောစောင် အဝန်းကို လွှမ်းသည်။

**မြဝန်းရစ်သီ** (၆-တ) မြပုတီးကို ဝန်းရစ်၍သီကုံး၍ ဆင်သကဲ့သို့ မယ်၏အမိန့်ကို ဆင်မြန်းချင်ပါသည်၊(ရှင်ဥက္ကံသမာလာအဖြေ-၃၀) ဦးရွှန်းက ဤအဖြေကိုပယ်၍ "မိုးမဆင်မီ"ဟု ယူဆသဖြင့်အောက်ပါအတိုင်းရေးခဲ့သည်၊"မြဝန်းရစ်သီ"ဟူသောစကားကိုမြပုတီးကုံးဟုရှေးအဖြေတွင် ပါသည်၊ စာခွေဟူ၍လည်း ယူဆကြသည်၊ ထိုသို့ ဖြေယူကြသည်မှာ မသင့်၊ "ကျူးမြှောက် မြစင်၊ မဆင်ခဲ့ဝယ်၊ သခင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့သာ၊ ကြားရပါမူ” ဟူသော-နောက်-၇-အလိုက်ရတုမှာ မိုးဟု ယူသင့်သည်၊ (ဦးရှုန်းအဖြေ-၁၁)ဦးရှုန်းအဆိုကိုယူ၍ စလေဦးပုညက “မြဝန်းရစ်သီ၊ မြူခြေသန့်၊ ဆူကြွေကမန့်တာအကြို”ဟု မိုးဘွဲ့တေးထပ်စပ်သည်၊(တေးထပ်ပေါင်းချုပ်–၃၃၁)

**မြသီတင်** (၈-ပ)မြသီတင် နှစ်မျိုးရှိသည်(က) သရေခေတ္တရာပြည်မြို့၌ ဒွတ္တပေါင်တည် မြသီတင်၊ “စွေ့စွေ့ထင်ထင်၊ မြသီတင်သည်၊ခေတ်ဗုဒ္ဓိုး” (ပြည်မင်းမျက်နှာရှည်ဆို ပြည်ဘွဲ့၊ ကဗျာဗန္ဓ ဧ၂) ဝန်တောင်လည်ဆို မြသီတင်ဘွဲ့ (ရှင်း ၁၄၀) ရာဇာဓိရာဇ်အရေးတော်ပုံ-၂၆၉, ၁၇၉–၌ဆိုသော ပြည်၌ မွန်မြန်မာစစ်ချင်းဆိုင်သည် မြသီတင်တမျိုး။ ။(ခ) ဤမြသီတင်ကား-တောင်ငူမြသီတင်၊ တောင်ငူအရှေ့မြောက်ဘက် ရှစ်မိုင်ကွာခန့်၊ ပေါင်းလောင်းမြစ်အရှေ့ဘက်ကမ်းပေါ်မှာတည်သည်၊ ကမ်းနီရွာကိုဖြတ်၍ စီးသွားသောချောင်းကိုကမ်းနီမြစ်၊ ဘုရားကို ကမ်းနီဘုရားခေါ်၏၊ နရပတိစည်သူလက်ထက် နော်ဟေးမြနှင့် စောသီတင်ကရင်မောင်နှမတို့ ကြီးမှူးတည်ရာတွင် ဘုရားအပြီး မောင်နှမနှစ်ဦးလုံးသေ၍ နတ်ဖြစ်ရာနရပတိစည်သူက ကျသောင်းဝါး ပေါက်ရာဒေသကို နတ်ကွန်းထားကာ ပူဇော်စေသောကြောင့် ကျသောင်းတောင် မောင်နှမနတ်တွင်

www.burmeseclassic.com

www.burmeseclassic.com



သည်၊ နော်ဟေးမြနှင့် စောသိတင်တို့တည်၍ မြသိထင်၊ (အရပ်ပြောစကား)

**မြသွင်လိုလို** (၈-ဒု) မြအသွင်ကဲ့သို့ ညိုသောအရောင် ထင်ရသည်။

**မြဟန်ရောင်ချိပ်** (၁၆-ပ) သုံးထိပ်တောင်ကြည့်။

**မာဃ** (၂၃-တ, ၂၈-ပ, ၄၆-တ) မာဃသဘင်(၄၈-ဒု)မာဃမလွတ်(၂၃-တ) မာဃသူဇာ(၂၈-တ) မာဃနတ်ကျော် (၁၇-ပ) နတ်သျှင်နောင်ရတု၌ အချို့နေရာမှာ မိုးနတ်သား, တချို့နေရာမှာ သကြားမင်း၊ ရှေ့နောက် အဆက်အစပ်လျော်ရာ ယူရသည်၊ မိုးကိုဆိုလိုသည့်အခါမေဃ-ရေးရမည်ဖြစ်လျက် စာကူးမှားဟန်တူသည်။

**မှာခဲ့ရက်လျှင်** (၁၁-ပ) ဤရတုမှာဇင်းမယ်သို့ နတ်သျှင်နောင် စစ်ချီသွားစဉ် ဓာတုကလျာက တန်းတပုံဆို၊ (တပို့တွဲလဦးရှန်း-၇၂)

**မိတည်းရှေးလျှင်** (၅၃-ဒု)အရိမေတ္တေယျဘုရား၏ရှေး ဂေါတမဘုရား။

**မိနတ်တန်ဆောင်** (၆၇) သိလျှင်မင်းသမီး မွေ့နွှန်း။

**မိမိ** (၁၁-တ)ဝိဇ္ဇာအနက်၊စိစစ်မိမိ၊အကြိမ်များစွာ စိစစ်ဆင်ခြင်မိသည်။

**မိ** (၆-တ) ပစ္စည်းမီ၊"ခုမှနောက်မှိ၊လွှမ်းကာမိစိမ့်" (ဆုတောင်းခန်း-၈၅) "မသော်ဝယ်၊ ခိုမှီ တော့ကျောင်း" (မဃဒေဝ-၁၆၉)

www.burmeseclassic.com

www.burmeseclassic.com



**မီးရေလေဆုံး** (၆၇-၃) ကမ္ဘာပျက်ချိန်ကို ပြသည်၊ ၁ ပဌမရျာန်သုံးဘုံမီးဖျက်, ၃-ရေဖျက်, တ-လေဖျက်။

**မီးရေတက်ပျံ့** (၈–၃) ရေအစုံမီးအစုံ ယမိုက်တန်ခိုးပြာဋိဟာ။

**မြီးသွန်း**(၄၃-ပ) အမြီးသွယ်သည်။

**မုနော** (၁၅–တ) တင့်တယ်ခြင်းအသရေ၊ "ဘိသိက်တင်သော၊မုနောလည်းဆောင်"(နေမိမဏ္ဍစိုး ၁၄) ၌မုနောကား မ-သက်သက် မရေးရ၊ အတင့် အသရေ မုနောဖြစ်သည်၊ မ-ကို တချောင်းငင်၍ မုနော ရေးရမည်၊ (ဦးရွှန်းဖြေ–၃၈)

**မုလေး** (၇-၃)မလေး, မြတ်လေးခေါ်ကြသောပန်း၊ "မလေးနှစ်ပွင့်၊အဝေးရစ်ဆင့်၊တရေးချစ်ခွင့်" (နဝဒေးရတု-၃၀) "မလျှင်အစ၊ရလည်းခွေရစ်၊အသစ်တခါ၊ တ–မှာတမူ၊တမ်းခွန်ထူ၍၊ အတူမကွေ၊ သဝေသေးသေး၊ လရေးပီမှူ၊ ဗိန္ဒုနှစ်ဖြာ" (နဝဒေး–၅၆)

**မုလေးခတ္တာနှင့်ရင်းမာပွင့်နိုး**(၂၄-၃)ရာသီပန်းများ၊ မုလေး=ဝါဆို၊ ခတ္တာ=ဝါခေါင်၊ ရင်းမာ=တော်သလင်း။

**မုလေးစံပယ်** (၁၄–၃) နယုန်လ ရာသီပန်း။

**မြုတေ** (၄၈-တ,၅၆-ပ)အမြုတေ-အမငြေ-တင့်တယ်သည်၊အသရေရှိသည်၊ "မြုတေရုပ်သွင်၊ လှဆင်းမြင်ကား" (နဝဒေး–၁၇)

www.burmeseclassic.com

www.burmeseclassic.com



**မှုန်နှည်** (၁၅-တ) အမှုအရာ သွင်ပြင်ဟန်ပန်၊ "ပေါ်ချော မှုန်နှည်၊ စည်းစိမ်သည်လည်း" (ပါရမီ-၈၀)

**မှူရှ** ၁၈-ဒု) အမူအရာ၊ "ကြည့်ရှုမှူရှ၊ သားရွှေကျုံးသို့" မနော်-၅၄)

**မှူချည်** (၅-ဒု) မှုံမှုန်အရောင်။

**မှူတာ** (၂၁-ပ) အိုးငယ်၊ အလယ်ပူ၊ အထက်အောက်ရှူး သောင်ရေအိုး၊ "မှူတာအိုးပျစ်၊ ညာသစ်ခမိုး၊ ကြာသွတ်အိုးလည်း၊ (ဆုတောင်း-၁၂၃)

**မူးမူး** (၁၀-ဒု) အလွန်နီးကပ်ခြင်း၊ လုနီး၊ လုမတတ်၊ "ပြစ်မှားရှေးဦး၊ စားမူးမူးဝယ်" (ပါရမီ-၁၇)ချီသွားမူးမူး=ဖစ်ချီခါနီး ရွှေတရက်က။

**မူးမော်ဘနန်း** (၄-ပ) အမူးအရူး ဖြစ်လုခမန်း။

**မွေ့ဓါတ်** (၉-ဒု) မွေ=အမွေ+ဓါတ်=အရိုးတော်၊ "ဓာတု,အဋ္ဌိနှစ်ပါးပင်အနက်တူ၊ အရိုးတော်ကို ဓါတ်-ဟုဆိုသည်၊ မွေတော်မှာ မြန်မာမှု ဘုရားရှင်၏ အမွေအနှစ် ဖြစ်၍ မွေတော်၊ (လက်ဝဲနော်ရထာလျှောက်ထုံး-၁၉၃)ဘုရားအရိုးတော်ကို ဓာတ်တော် မွေတော် နှစ်မည်လုံးခေါ်၊ ရဟန္တာသာဝကတို့ အရိုးကိုကား မွေတော်မခေါ်၊ ဓာတ်တော်သာ ခေါ်သည် (ဝေါဟာရ-၄၄၀)

**မေ့ကျန်** (၃၁-ဒု, ၃၃-ဒု, ၃၅-တ, ၃၆-ပ) မေ့လျော့သည်၊ "ပေါ့ပေါ့တန်တန်၊ ... မေ့ကျန်၊ စရန်မသတ်သာ"၊ (ကဝိလ...ဏာ-၆၂၂)

www.burmeseclassic.com

www.burmeseclassic.com



**မေးမြို့** (၄-တ,၅၆-ပ)မေးခြင်းအနက်၊ မြို့အနက်မဲ့၊ "ပုံစံမွေးမြို့"(ဝေါ-၄၄၀)"မံနုံမြို့ဝယ်၊ မေးမြို့စိစစ်(နဝဒေး-၁၂၂)

**မွေးတုကင်း** (၁၆-၃) အမွေးတွင် အတုမရှိသော ပန်း၊ဤ၌ ပန်းကို သကျမဥ္စုဘုရား,စွယ်တော်စင်မှာတင်သော စွယ်တော် မြသပိက်၊ သို့မဟုတ် ပန်းဟု အမျိုးမျိုးဖြေကြသည်၊ ရှင်ဥက္ကံသမာလာအဖြေ၌ စေတီတော်။

**မယ်သို့ရည်နီး** (၁၇-တ)နီးလွယ်အောင်မယ့်ကိုရည်၍ လွမ်းပန်းကြီးဘိသည်(ဦးရွှန်းအဖြေ)

**ဖယ့်ထူး** (၃၅-၁)မယ်တယောက်တည်းသာ။

**မယ့်ထက်ချစ်ရန်** (၄-တ) "မယ့်ထက်ချစ်ရမည့်သူ အခြားရှိပြန်သောကြောင့်"(ဦးရွှန်းဖြေ)ဤအလိုမယ့်ထက်ချစ်ရန်၊"အလုံးစုံသောအသက်ကို စုနှင်းဆက်သ၍ မယ်တို့မေတ္တာ အလုံးဆက်သဖြင့် ချစ်အံ့ဟု ခန့်ရန်သည်၊ (ရှင်ဥက္ကံသမာလာဖြေ)ဤအလို "မယ့်ဆက်ခန့်ရန်" ရှိစေလိုသည်၊ ဝါဒနှစ်မျိုး။

**မော** (၃-ပ) ဆိုမော=အဖန်ဖန်ဆိုသော်လည်း။

**မော်တောမည်ရှန်း** (၁၂-ပ) ယခုရွှေမော်ဓော်ခေါ်သောဘုရား၊ မွန်ဘာသာ ကျာတ်မောက်တ် (ကျိုက်မှုံးတား) ကျာတ်- ကျိုက်= ဘုရား+ မောက်=ပေါ်သည်+ တ်=နေသည် ပေါ် နေသောဘုရား ပေါ်တော်မူ၊ "မော်ဓော်မွေရှင်၊



www.burmeseclassic.com

www.burmeseclassic.com



ကျော်စောမြေပြင်၊ မျှော်မောပေချင်"(နဝဒေး ၄၄)

**မြော်ပြန်မြင်နှိုင်း** (၆-၃)တွေးမြင်လိုက်တိုင်း၊ မယ်၏ မျက်နှာကိုသာ မြင်နေရသည်၊ မြော်မြင် အရေးသာဓက)

**မြော်သိ** (၅-ပ) ဉာဏ်ဖြင့်မြင်၍ သိပါလျက်မတိုင်ကြားမိ၊ မြော်သည်မြင်ခြင်းအနက်ရှိ၏၊ မြော်မြင်ရေးကို လက်ညွှန်းပြသည်။

**မျှော့နတ်နှောင်းစွန့်** (၁၀-၃)အမျှားနတ်နှောင်းစွန့်ဆက်တင်သော (ဦးရှန်းအဖြေ—၅၃)

**မျက်မည်း** (၅၀-ပ) အရွယ်ဆယ်ပါးတွင် စာခံသုမ်ယ်သည် ၁၅-နှစ်ရွယ် မျက်မည်း ဖြစ်ပါသည်။

**မြွက်ဆိုဟာခဲ** (၁-တ) စိတ်မဖြူ-ညို၍ ရှိမည်ကိုလည်း အသမ်းအမဲ့မရှိပဲ့"(ရှင်ဥတ္တမာသမာလာအဖြေ) သမ်းမဲဖြင့်ဖြေသည်၊ မြွက်ဟာဖြင့်မဆိုခဲ့၊ မတုံ့မပြန်နေသည်၊ (ဦးရှန်းအဖြေ) ဟာခဲ့-ဖြင့်ဖြေသည်။

**မင်သေ့** (၄၃-၃) ထိုးကွင်းမင်ကြောင်၊ ပေါင်တွင်ထိုးသောထိုးကွင်းတွင်မက၊ လက်စသော အခြား၌ရေးထိုးသမျှလည်းမင်သေ့၊ သေ့=ပွတ်သွင်းခြင်း၊ မင်သွင်းထိုး၍ဆိုးခြင်း (ပေါ်သနီ—၄၉၅)မင်သေ့မှာ အရှပ်, အပြောက်နှစ်မျိုးရှိသည်၊ "ခွေးလင်းစားလည်းမင်သေ့ခါးပြတ်

www.burmeseclassic.com

www.burmeseclassic.com



ပြက်နှင့်" (မှန်နန်းတ-၆၅)လက်မောင်းတွင် မင်သေ့ဆေးနှင့် လက်ဝဲလက်ယာ ထိုးမှတ်ရသည်။(မှန်နန်း-တ၉၉)မိမိတို့လက်တွင် ကာကဟန် မင်သေ့ထိုးသည်၊ (မဏိရတနာပုံ-၂၉၄)

**မြင်တော်မြင်ထင်** (၃၉-ပ,၃၉-တ) ဘုရားနှစ်ဆူ (နဝဒေး ၁၅၀,၂၃၁)"မြင်ထင်မြင်မိ၊ထွန်းညီလျှံပတ်၊တောင်ထွတ်တောင်ဦး၊ ဖြူးရရှူးတိ၊ ဆန်ကူးစကြာ၊ဒေသစာဖြင့်၊ ရှေးခါလွန်လေ၊ ကျင်လည်ပေဟု၊ ဉာဏ်ရွှေဖြန့်လျက်၊ ပြီးခဲ့မြွက်သား၊ မြစက် သီတာ၊ လကျ်ာရစ်လည်၊ တရထည်နှင့်၊ ရောင်ခြည်တသန်း၊ ဆိပ်သာကျွန်းထက်၊ ဦးစွန်းနှစ်ဘော်၊ ညီနောင်ကျော်သည်၊မြင်တော်တည့်နီးဝေး၊စုံကမေး"(မင်းရဲနရာ ဧချင်း-၃၃)အလို မြတ်စောညီနောင်ကိုပင် ရေးစပ်လိုသည်။

**မြင်သူမူးမော်** (၆-ဒ) အတွေးအခေါ်ခက်၍ အမူးအရူး ဖြစ်ဘိသည်။

**မဥ္ဇူ** (၁-ပ,၂-တ,၅၁-ပ,၅၆-ပ, ၅၇-တ,၅၈-ဒ) မဥ္ဇူကိုအသံအားဖြင့် ရှေးက ညကြီးသတ်သံဖတ်၏၊"သာရမဥ္ဇူ၊ ဝါကသည်မူ၊ ရှာမျှရည်တူ"၊ (ဇေယျရန္တမိတ်ရတု-၆) သကျမဥ္ဇူ သက်မျှရည်တူ၊ မြွက်ဟာသည်မူ" နတ်သျှင်နောင်-၁) အချီ-အသံတူစပ်သည်၊ အနက်

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် မဥ္ဇူသည် နန္ဒမူလိုဏ်ဝပေါက် မဥ္ဇူသကပန်း, ရှေးကမဲဆူ-နောက်မည်ဇူ-နောက်မြေဆူခေါ်သောပန်းပင်ငယ်, ပန်းပင်သာမန်သုံးမျိုးဟောကြောင်း (ဝေါဿနီ-၃၅၀)၌ ဆိုသည်၊ ယင်းသုံးနက်ပြင် သာယာခြင်းအနက်ကိုလည်းဟောသည်၊ မဥ္ဇူတွေ့လျှင် ယင်းအနက်လေးမျိုးတွင် လျော်ရာအနက်ယူ။

**မဥ္ဇူခြည်မောင်း** (၂၂-တ) ပန်းကဲ့သို့မောင်းသော အရောင်တောက်၊ မန်းပင်သာမန်။

**မဥ္ဇူကဲ့သို့ ညွတ်လိမ့်မည်** (၁၀–တ) နေထိပန်းကဲ့သို့ ခွေလိမ့်မည်။

**မဥ္ဇူသက** (၅၆-ဒု)နန္ဒလိုဏ်ဝ၌ ပေါက်သောပန်း။

**မဥ္ဇူများရှင် ဂမုန်းအင်နှင့်**(၁၂-ပ) မဥ္ဇူခေါ် မြေဆူပန်းနှင့် ဂမုန်းအင်ပန်း "သက်မှာမဲ့ငြား၊ အဖျားအကွရာ"ဆိုသည့်အရ မဥ္ဇူ၌ ဇ-အင်္ဂါနှံ့, ဂမုန်းအင်နိုက်-အ တနင်္ဂနွေ၊ အင်္ဂါသား အတွက် မဥ္ဇူ,တနင်္ဂနွေသမီးအတွက် ဂမုန်းအင်ဖြင့် နေ့သင့်,နံသင့် ပူဇော်သည်။ (ဦးရွှန်းအဖြေ-၂၇)၌အလို နတ်သျှင်နောင် အင်္ဂါနံ့,ခါတုကလျာ တနင်္ဂနွေနံ–ဟု ရိပ်ဖွဲ့ပြောဆိုရကျသည်၊ "ထိုမင်းနေ့နံကို ရာဇဝင်များမဆို" သံလျင်ရောက်မင်း၏ နေ့နံကို မရှာ (မှန်နန်း-တ-၁၇၇) တွင်းသင်းရာဇဝင်က အင်္ဂါနေ့ဟု"ခြင်္သေ့မင်းနံ"ဟုရှိ၍ (၆၀-ဒု) ဝေယန္တာတွင် ချီရတုကို ထိုး၍ ဆိုသည်၊ ဤ

www.burmeseclassic.com

www.burmeseclassic.com



"မဥ္ဇူမျှားရှင်၊ ဂမုန်းအင်နှင့်"ရတုကိုကိုး၍ဆို ရမည်လည်းမတိကျလှသေး၊ အကြောင်းသော် ကားနဝဒေးဆို-၆၁"မြင်းမိုရ်လက်ျာချီ"ရတု တွင်လည်း"မဥ္ဇူမျှားရှင်၊ ဂမုန်းအင်နှင့်၊ ဖူး ချင်ဆောက်တည်၊ မယ်သို့ရည်သည်"ဟု စပ် ဆိုပြီးရှိနှင့်လေပြီ။

**မင်းနေညီနောင်** (၁-တ) တောင်ငူကို အစဦးတည် သဝန်ကြီး,သဝန်ငယ်။

**မင်းရဲကျော်စွာ** (၄၃-ဒ)မင်းရဲကျော်ထင် (၆၀-ဒ) နတ်သျှင်နောင်၏ညီများ (နိဒါန်းကြည့်)

**မင်းလွင်** (၁၁-ပ,၅၂-ပ,၅၈-ဒ) မြေမှထွက်သော မြုမှုန့်၊ မြူခိုးထသည်၊ "သိမ့်သိမ့်ရိုက်ကျူး၊ မင်းလွင်မြူးလျက်၊ (ပါရမီ-၁၄၀)

**မင်းဝံ** (၅၇-ပ)မန္တလေးမှအထက် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းခြေရှိတောင်တန်း။

**မြင်းမိုရ်ကျေး** (၅၇-ပ) မြင့်မိုရ်တောင်ထိပ်နေ၍ သကြားဆက်ဟန်။

**မြတ်မုဋ္ဌော** (၁-ပ) တောင်ငူမြို့အနောက်ဘက် မိုင် ၂၀-ခန့်ကွာရှိ ကျောက်ဆောက်မုဋ္ဌောဘုရား "တသောင်း ရှစ်မည်"ချီ အလိုက်ရတုမှာ "ကျောက်ဆောက်လျှံပြောင်"ဟု စပ်သည်၊ လှည်းထောင်ကျောက်စာ ညွှန့်ပေါင်း ၄-နှင့် တကွ ကျောက်စာအများ၌ မထော-ရှိသော ကြောင့် ဘုရားစေတီကိုမုဋ္ဌော, တန်ဆောင်းအား ဖြင့်"မုဋ္ဌောကိုးတန်၊ မရကန်၊ ဗိုန်းကန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



မြွတ်စွာ" (ကဝိလက္ခဏာ-၆၄၀)၌ ဆိုသော အတွင်းအပြင် မုဋ္ဌောကိုးဆူ လက်ဆုပ်-မုဋ္ဌိ နံ့သာသားကို လက်တဆုပ်ရာမျှစီ ဖြတ်၍ ဆင်းတုထုလုပ် ဌာပနာသောကြောင့် မုဋ္ဌော ဤနှတ်သျှင်နှောင်ရတု၌ ဆိုသော မုဋ္ဌောမှာ လွှတ်မြောက်ခြင်း အနက်ဟော၊ လကိုရော ဖမ်း၍ လွှတ်သော ခဏ၌ ပြီးသောကြောင့် မုဋ္ဌော၊ လငပုပ်ဖမ်းစဉ်တည်ဆဲ၊ လွှတ်သော ခဏ၌ တပြိုင်နက်ပြီးသည်၊ ထို့ကြောင့် မုဋ္ဌောဘုရား (ရှင်ဥက္ကံသမာလာဖြေ-၆)

**မွှတ်ချေမျက်နှာ** (၁၇-တ)ပကတိမြဲတိုင်း မျက်နှာထား၍နေသည်၊ (ဦးရွှန်းအဖြေ-၅၀)မျက်နှာကိုလိမ်းမြဲလိမ်းချေသည်၊မွှတ်ညက် (၂-ပ) နူးညံ့သည်၊ မလ္လာ(၁၁-တ,၅၇-တ,) မလ္လာပကျွန်းဖြစ်နံ့သာ (ရှင်ဥက္ကံသမာလာဖြေ-၅၁)

**မှန်ကင်း** (၂၉-တ, ၃၇-တ, ၅၀-တ) အတွင်းအမြတ်၊ (ဆင့်ပွါး) ပြာသာဒ်တုရင် အဖျားတွင် တပ်ဆင်ရသော အဆင်တန်ဆာ။

**မြန်း** (၁၄-တ) ညှိုးနွမ်းသည်၊ (ဝေါဟာရ-၅၅၁) ညှိုးနှင့်တွဲ၍ဆိုလေ့ရှိသည်၊ ပုံစံ—သူစိမ်းမြန်း

**မြန်းရွှက်မကြွေ** (၁၀-တ) မြန်း—ရင့်ရော်(ဝေါဟာ-၅၅၅) ရော်မြန်းညှိုးနွမ်းသော သစ်ရွက်၍ မကြွေသေး (ဦးရွှန်းအဖြေ)

**မွှန်းချက်အထွေ**(၁၀-ပ)ကောင်းကင်အချက်အလက် မွှန်းတည့်ချိန်။

www.burmeseclassic.com

www.burmeseclassic.com



**မှန်းစိုင်** (၇-ပ) မှန်းဖျင် (၆၄-တ) အများအပြား မှန်းကိုမူတည်၍ ညိတ်,ထပ်,ထိတ်, ဖျင်, မှု— ဆက်လျက် သုံးသည့်နည်းတူ စိုင်နှင့် တွဲသုံး သည်။သတ်ညွှန်းမှတ်စု-၅၈-ကြည့်။

**မြိတ်ခွေ** (၃၂-ဒု) ကြက်ရိုးပန်းကိုဆင်၍ ဆံမြိတ်ခွေ ချထားသည်။

**မြိတ်လွှတ်** မြိတ်စို့ (၆၂-ပ) နန်းတွင်းမင်္ဂလာဆံထုံး ခုနစ်မျိုး မြိတ်ဖြူ,မြိတ်စို့, မြိတ်လွှတ်, စုလည်း, ယဂင်, လုံးတင်, မြိတ်ရစ်, မြိတ်ဆံ၊ (အဘိဓာ နဋ္ဌ ဝိသောဓနီ ၁၄၈) "ဖြူမြိတ်စို့လည်း၊ နားတို့သွယ်ညွတ်၊မလွှတ်ခင်က" (သမုဒ်ရော ချီ ၁၄-စာတော်) "ကေသာနက်မည်း၊ ယဂင် ပည်းမျှ၊ စုလည်း သွယ်ပတ်၊မမီတတ်၍၊မြိတ် လွှတ်မထုံး" (ဘုံခန်း—၅၅)

**မှုတ်ပဲ** (၃၁-ပ) မဟုတ်ပဲ၊ မနှင့်ဟုတ်ကိုသန္ဓိစပ်၍— မှုတ်၊ "ထို့ကြောင့် မှုတ်လော") ကိုးခန်း ၂၉၄, တိန္ဒု၊က-၈၉,မဃဒေဝ-၁၅၇)

**မြုံလည်ရေဒွန်** (၁၉-ပ) စာအများ၌ "ပတ်လည်ရေ ဒွန်"ဟု ရှိနေသည်၊ "တဆဲ့နှစ်ခွေ၊ မြုံလည်ရေ ဒွန်" (ရှင်ဥက္ကံသမာလာအဖြေမှု—၄၆-၄၀) ရှိသည်၊ ဤကဗျာကိုလိုက်၍ စပ်သောဩက ဝိဒူမော်ကွန်း "နေတိုင်းစေလျက် ခုနစ်ခွေ မြုံ၊တောင်နေရုံကို၊ တပြုံပြုံမြည်း၊ (အပိုဒ် ၃၇-ကိုထောက်၍ ပေမူအတိုင်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



**မှုံ့ဖျင်ဝတ်၍** (၃၂-ပ) ပန်းအမှုံနှင့်တူသော ဖျင်ကိုဝတ်၍ (ရှင်ဥတ္တမကျော်ဆိုသဖြေ-၃၃) ကဝိလက္ခဏာ သတ်ညွှန်း ၁၇၀-မှတ်ချက်ကြည့်။

**မုန်းဘွယ်မများတောင်း** (၅၄-ပ) မုန်းစရာမများစဖွယ်များပါသည်၊ (ကဝိလက္ခဏာ သတ်ညွှန်း ၁၀၉။

**မှူန်း** (၂၁-တ) ချေဖျက်သည်၊ "ကတောင်ပမုန်း၊ လှည့်၍မှူန်း၊ မင်းတုန်းတင်လပ်ပွဲ" (ကဝိလက္ခဏာ-၄၁၃။)

**မြောက်သို့ချဉ်း၍** (၁၃-ပ) နွေအခါ အနွောဝိထိအတွင်းလမ်းသို့ ဥတ္တရာယဉ် မြောက်ခရီးဖြင့် ချဉ်း၍သွားသည်၊ ပြာသိုလဆုတ် ၁-ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့တိုင်အောင် နေသည် ဗာဟိရဝိထိမှ အနွောဝိထိသို့ ဝင်သွားသည်၊ (ရှင်ဥတ္တမကျော်သမာလာအဖြေ)

**မောင်းမျှရွှေလှော်** (၅၄-ဒ) လှော်ပြီး ဦးပြီးစ—မောင်းမောင်းအရောင်ရှိသော ရွှေကဲ့သို့။

**မြိုးမြွက်** (၅-ဒ) "မြေဖြင့်မိုးထက်၊ ဝေးလံစက်၍၊ မြိုးမြွက်ရိပ်ခြည်၊ ကြာရမည်မျှ၊ ဝိုက်လည်ခဲစွာ၊ မသိသာငဲ့" (နဝဒေး-၂၉)

**မိုးဖွဲ့သီဆွတ်** (၃၂-ပ) မိုးသီးမိုးဖွဲ(၂၄-ပ)မိုးဖွဲ့သီ၍ (၁၇-ဒ)မိုးနတ်သားသည် မိုးရွာစေလိုသော် တိမ်ညိုအဆင်းရှိသော အဝတ်အထည်ကိုဝတ်၍ တထည်ကိုရုံပြီးလျှင် မိုးသီချင်းသီ၍ အရှေ့လောကဓာတ်သို့ပြေးသော်မိုးရွာသည်၊ (ကေ

www.burmeseclassic.com

www.burmeseclassic.com



နိပါတ်၊ မဇ္ဈိမဗြာဟ္မဏဇာတ်အဋ္ဌကထာ,မင်းလက်ဝဲ နော်ရထာလျှောက်ထုံး-၁၁၁)

**ယမန်** (၆၀-ပ) ရှေးလွန်ပြီးအချိန်၊ "မျက်စိကြွန်မျှ၊ ယမန်လတွင်၊ ချစ်ကျွမ်းဝင်သည်" နဝဒေး-၁၇၄)

**ယုဂန်** (၁-ပ,၃၀-ပ) ယုဂန္ဓရ-ပါဠိ၊ ယုဂ=အစုံ၊ နေလတပြိုး၊ + ဓရ=ဆောင်သည်၊ မြင့်မိုရ် တောင်ကိုရံနေသော တောင်စဉ်ခုနစ်ထပ်တွင် အမြင့်ဆုံးဖြစ်သည့်တောင်၊ နေလတို့ လှည့် ပတ်နေရာဖြစ်၍ နေလအစုံကို ထမ်းဆောင် ထားသည့်တောင်။

**ယုဂန်ခေါင်က** (၁၆-ပ)ယုဂန်တောင်အမျှမြင့်သော ကောင်းကင်အခေါင်အထွတ်က ထွက်သည့် နေ၊ (ဦးရွှန်းဖြေ)

**ယုယ** (၁-ဒု, ၂၀-တ, ၅၇-ဒု, ၁၃၈-တ, ၆၂-ပ) ဖြည်းညှင်းသာယာ ပျောင်းပျည့်သက်စွာ ပြုမူ ခြင်း၊ (ဝေါဟာရ-၄၅၈) "နုနယ်ယုယ၊ ရှေ့ သွားရ၏"(မနော်ဗွဲထား-၂၃)

**ယူသန့်စက်ပိုင်** (၇-တ) အယူသန့်သောစိတ်ဖြင့် ပိုင် ပိုင်ဆက်လိုသောလက်ဆောင်ခိုင်ကား(ဦးရွှန်း ဖြေ-၁၂) အဓိပ္ပာယ်ကိုလိုက်၍ အောက် မြစ်သည်။

**ယူသိုကျုံးသည်** (၆-ပ) ယူကျုံးသိမ်းယူသိမ်းစည်သည်၊ "အာဏာကြီး၍၊ ယူကျုံးဖျက်ဆီး" (မဃ ဒေဝ-၄၃၇)

www.burmeseclassic.com

www.burmeseclassic.com



**ယူးယူး** (၁၂-ပ,၂၁-တ)လုလု,နီးနီး၊ "ငါ့ခေါင်း ဦး၌၊ ယူးယူးနင်းလု" (ပါရမီ-၄) "ယူးယူး မိုးလတ်၊ မြပြာသာဒ်နှင့်"(နဝဒေး-၂၃၀)

**ယား** (၆၀-တ,) ရွှေရှားသည်၊ "ထိုကဆီးတား၊ သည်ကယားလျက်" (ငရဲခန်း-၁၄)

**ယွက်** (၃-ဒု) ယိုးယွင်းပျက်စီး၊ "တံခါးရွက်လည်း၊ ယွက်ယွက်ကုန်ငင်" (ဘုံခန်း-၅၈) မေတ္တာ ယွက်=မေတ္တာယိုယွင်းပျက်စီး။

**ယောင်မွတ်ညက်ပြာ** (၁၂-တ) မြန်မာ သံယောဂ ဒီပနီ- ၁၂၃,၁၂၁ တချို့မူမှာ ရောင်မွတ်ရှိ သည်၊ ဤ၌ ယောင်သည် ဩဘာသ အနက် ရောင် မူလရင်း ပဋ္ဌမ-ရောင်လွှတ်မှာ အရောင် အဝါလွှတ်၊ ဒုတိယ ယောင်မှာ ပြူယောင် မူယောင်၊ သတ်ညွှန်းမှတ်စု-၁၂ ကြည့်။

**ယပ်စောက်** (၄၇-ပ)ယောက်စောက်မြို့၊ကဝိလက္ခဏာ သတ်ညွှန်း ၁၀၅-၌ ရပ်စောက်-ရာဇဝင်၌ ဆိုသော ယောက်စောက်မြို့၊ သတ်ညွှန်း-၃၇- ကြည့်။

**ယုံကျွန်** (၃၇-ဒု,၄၇-ပ) အခိုင်းအစေ၊ "ရတု ရကန်၊စာသဝန်၊ယုံကျွန်မရောက်လာ" (ကဝိ လက္ခဏာ-၅၀၉)

**ယုံမှယုံမှား**(၃၂-တ)ယုံမှားကို စကားဖိုမ စပ်သည်။

**ယောင်** (၄-ပ)ဥတ္တာနော ဘာသော-စသည် ဩဘာ သဖြင့် ဟောသောကြောင့် ရကျောက်နှင့်တော်

www.burmeseclassic.com

www.burmeseclassic.com



ရောင်ဟု ရေးသင့်၏၊လောက၌ ယပက်လက်သံ အလေ့အလာ များသောကြောင့် တော်ယောင် ရေးသည် (ရှင်ဥက္ကံသမာလာဖြေ- ၂၇, မြန် မာသံယောဂ-၁၂၁)"ကလသအိုးအယောင် နှင့်တူသော" မင်းနန္ဒသူ လေးမျက်နှာ-ပုဂံ ကျောက်စာ၌ကား ယပက်လက်ယောင်။

**ယိုးယိုးမယ်မယ်** (၂၂-တ) အပြစ်တင်စရာအကြောင်း ရှာ ပြောခြင်း၊ "ချဝတ်ကလည်းတသွယ်၊ ယိုး ၍လည်းမနေရ"(ကျည်းကန်မေတ္တာစာ-၁၆)

**ရဂုံ** (၂၀-ဒု, ၄၁-ပ) တောပရိယာယ်။

**ရန့်** (၃၄-ဒု) ဂန္ဓ-အနက်--အနံ့၊ ဂန္ဓာရုံ။

**ရဝေခန်းဆောင်** (၅၄-တ) နန်းတော်တိုက်ခန်း။

**ရာစင်း** (၆၀-ဒု)မင်း ၁၀၁-ပါးရှိရာ၊ ကိုယ်စီထီးဖြူ ဆောင်းသော မင်းတရာတို့ထက် မြတ်သော ဘုရင်တဆူ၊ "ပစ္စုရာစင်း၊ မင်းတို့တံဆိပ်" (နဝဒေး-၂၃၂,၇၇)

**ရွာရုပ်လိုနှင့်** (၃၄-ပ) ရွာတော့ မလိုလို။

**ရှိ**(၅၅-တ,၆၅-ဒု) နှိုင်းရှည့်ခြင်း ပမာဏနက်၊"ရဲရဲ ညိသာ၊ ထန်းရှိနှင်နှင် (ရဲခန်း--၁၆)

**ရှိရှား** (ဂ-ပ)စေတီအစိတ်အပိုင်း၊ ချရားသီးဟင်းရံ ဖူး၊ငှက်ပြောဖူး၊ ဆပ်သွားဖူးလည်းခေါ်။

**ရီ** (၁၆-တ,၂၀-တ,၂၇-တ,၁၀၆-ပ) အရောင် ဖျော့တော့သည်၊"ညဆည်းဆာရီကို" (ကဝိ လက္ခဏာ-၁၆၄၄)

www.burmeseclassic.com

www.burmeseclassic.com



ရှုမြင်နေကျ (၁-ပ)ကျ=အလေ့အလာအနက်ဟော ပစ္စည်း၊"ယခေါင်ရှေးက၊ ဆိုစကြရှင့်၊ နေကျ မယုတ်"(ပလိပ်စား-၄၅)

ရှုတ (၄၂-တ,၅၀-တ) နှုတ်မြွက် တမ်းတသည်၊ ရှု=အသံမြည်၊"ဆုကြီးငါလျှင်ယူလတ်တည်း၊ ငိုလည်းငိုတရှုလတ်တည်း" (ဝေဿန်၁၄၄-အချခွဲထား)

ရွှေဝန်းရီည (၂၀-တ)ညနေရီတရောရုံရွှေတော်များ ဝန်းရံကာ။

ရွှေနှယ်နစ်မျှ (၅၀-တ)ရွှေနှင့်စနစ်ချသည် (ဦးရွှန်း ဖြေ)

ရွှေလျှော်၊ (၄၅-တ)အရောင်ထွက်အောင်လျှော်အပ် သောရွှေ-ရွှေကိုအရေကြိုလျှင်လျှော်။

ရွှေဝါဖိတ်ရွှင်း (၅၀-ပ) အရောင်တဖိတ်ဖိတ် ရွှန်း ရွှန်းတောက်၍ ဝါသောအင်္ကျီ (ဦးရွှန်းဖြေ)

ရေငန်းဖွဲ့ (၃၄-)ငန်းဖွဲ့၍အမရေးငင်သည်။

ရဲကျော်စွာ (၅၉-တ)နတ်သျှင်နောင်၏ညီ (နိဒါန်း ကြည့်)

ရှဲ (၆၃-ဒု)ရှောင်ခွါသည်၊"သူ့မြေခွါရှဲ၊ ပန်းအလွဲ တွင်၊(နဝဒေး-၁၂၂)

ရွံ့ရှာ (၂၉-ဒု)ကြောက်ရွံ့သည်၊ရှက်သည်၊"ထိနက် တံကို၊မရွံ့မရှာ၊ ဆိုပါကုန်လေ့"(ကိုးခန်း ၂၀၃)

www.burmeseclassic.com

www.burmeseclassic.com



ရက်ယှူဝတ်၍ (၁၀-ဒု) ပန်းရက်ပန်းဝတ်မှုများကို စုတ်ယူကြလေပြီ။

ရှက်ကျုံး (၆၇-ဒု)ခေါင်းမှာတင်ရှက်ဦးခိုက်သည်။

ရှက်ရှင် (၁၅-တ)တခါးရှက်အရှင်၊ (ဦးရွှန်းဖြေ— ၃၇)

ရင် (၉—ဒု,၃၀-တ)အတင့်အတယ် အခမ်းအနား ပြင်ဆင်ဆင်ယင်သည်၊ပွဲကြီးရင်သည်၊ "နတ် မြင်းပုံယင်၊မျှားစိမ့်ရင်၍"(ဥတိန္န—၀၅)

ရင့်ကျူး ( )ကြွေးကြော်ပြောဆိုခြင်း၊ "တီးမြည် ရင့်ကျူး၊ နတ်မထူးအောင်၊ ရိုက်ကြူးဆော် ညောင်း" (မဃဒေဝ-၂၂၄) ဝေါဟာရတ္ထ ပကာသနီ၌ ရင့်ကြူး။

ရင့်မျှရွှေကြန် (၅၀-ဒု)ရင့်၍နီသည်၊ကြန်=နီသော အဆင်း။

ရှုရင့် (၃၃-တ, ၃၄—တ, ၃၆-ပ, ၃၇-တ) သာ ယာစွာမြည်သည်၊"အောင်ပွဲယူ၍၊ရင့်ရှု ငါး မည်၊(ပလိပ်စား-၆၃)

ရင်းမာဦး (၄၇—တ)ရင်းမာပန်းပေါ်စ။

ရင်းမာကျေး (၅၉-ပ)

ရင်းမာ (၅၅—တ)တော်သလင်းလရာသီပန်း။

ရှင်း (၂၉-တ)အရောင်ရှန်းသည်(သေတ်နှင့်နသတ် ပြောင်း)

ရစ်ခွေသုံးပတ် (၁၈-ဒု)ကျိုက်ကိုဘုရားကိုလာ၍ချာရစ် သုံးပတ်လှည့်၍ ဦးညွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ရစ်ဝုတ် (၆၇-ပ)ခွေပတ်ရှုက်လည်သည်၊(ဝေါသနီ-၇၂၀)

ရှစ်ဆိုင်ရှက်ကြာ (၆-ပ)ရာဇဓာတုကလျာကိုနတ်ရှင်နောင်ဖွဲ့ဆိုတမ်းတပုံရတု၊(ဦးရွှန်းဖြေ-၁၁)

ရှစ်မည်ဂြိုဟ်မူ(၂၀-တ) ဂြိုဟ်ရှစ်လုံးပင်မြင့်မိုရ်တောင်ကို လက်ျာရစ်ချည်းလည်သည်၊ (မင်းလက်ဝဲနော်ရထာလျောက်ထုံး-(၃၀)

ရည်ငံ့ (၆၅-ပ) ရဲရင့်သည်၊အကျွမ်းတဝင် ရဲရဲဝံ့ဝံ့ပေါင်းသင်းသည်၊"ပြည်သာအဲထံ၊ ပို့ပိမ့်ကြီသည်၊ရည်ငံလိမ္မာ၊သုမေဓာ" (ပါရမီ-၉၉)

ရည်းငံ (၄၁-ပ)ကာမစိတ်ဖြင့်ချစ်ကြိုက်ခြင်း၊"နောင်နှင့်ရည်းငံ၊ချစ်အားသံ၊များကြီမတူပဲ" (ကဝိလက္ခဏာ-၂၆၄)"ရှုစိမ့်ဘွယ်ချည်း၊ အပည်းပည်းနှင့်၊ချစ်ရည်းမငံတို့ပြီဘူး" (မဃဒေဝ-၂၁၅)

ရည်စောင် (၂-ပ)ရည့်ရွယ်မှန်းထား၊"ကြည်ဖြူရည်စောင်၊ပန်းလက်ဆောင်သည်"(နဝဒေး-၁)

ရန်နှည် (၁၁-တ)ရှင်ဘုရင်၊ "ရန်နှည်ဘုရား "(ရှုတင်းမော်ကွန်း-၃)

ရန်မာန်အောင်မြေ (၁-တ) တောင်ငူမြို့ဘွဲ့ကိုတိုက်ရိုက်အနက်ပြန်ချက်၊"ဇေယျာဝဍ္ဍနတိုင်း၊ ...တုမတီ တောင်ငူပြည်(ဦးကုလား၃-၁၅၁)

ရန်း (၄၆-တ,၂၅-ပ)အရောင်၊"ဖန်ရည်ဆိုးစွန်း၊သက်တင်ရန်းသို့"(ကိုးခန်း-၂၀)

www.burmeseclassic.com



ရှမ်း (၁၇-တ) ဆီရွှဲရွှဲလိမ်းသည်။

ရိပ်ခြည်(၄၇)-တ,၄၈-တ)အရိပ်အယောင်၊ရိပ်ဖမ်း သိဖမ်း၊ "မေတ္တာနှောင်ချည်၊ ဖွဲ့ပြန်သည်ဟု၊ ရိပ်ခြည်တွေးတို့" (မဃဒေဝ-၅၁၄)မြန်မာ သံယောဂ-၉၅။

ရှုပ် (၃၄-ဒ) သိမ်းသည်၊ "လက်ဝါးရုံးရှုပ်၊ ဆက် ချောင်းရှုပ်၊ ရှိအုပ်ပန်းဆယ်ခိုင်" (ကဝိလက္ခ ဏာ-၁၅၅၃)

ရောင့်ရဲ )၅၀-ဒ) ခံစားရသမျှ အာရုံ၌ နှလုံးချ၊ (ဝေါသနီ-၄၆၈)တင်းတိမ် အားရသည်။

ရိုက်ကြည်း (၃၀-ပ) မြည်သံ၊ "ပွဲတင်ရိုက်ကြည်း၊ တေ်သံဟည်း၊ မိတည်းပွင့်မည်ကို" (ကဝိ လက္ခဏာ-၁၆၄၁)

ရိုက်ဆော်မိုးသား (၁၄-ဒ) မိုးသားကြူးသည်။

ရှိုင်း (၅၀-တ) နိမ့်သည်၊(ပုံစံ)ကိုင်းရှိုင်း၊ ပြစ်မျိုး ရှိုင်း၊ အပြစ်ကင်းသည်။

ရှိုးရိပ် (၃၅-ပ) ထင်ယောင်မြင်ယောင်ရှိသည်၊(ဝေါ သနီ-၆၇၇) "ဆေးကျားကြောင်အအိမ့်နှင့်၊ ရှိုးရိပ်မျှမထင်" (ပါပဟိန်—၆၈) သတ်ညွှန်း မှတ်စု-၃၅ ကြည့်။

လရထား (၁-ပ,၁၄-ပ) အရပ်လေးမျက်နှာ လှည့် လည်သည်ကိုစွဲ၍လရထား(လက်ဝဲနေ်ရထာ လျှောက်ထုံး-၂၀)

လနတ်ပြည့်ဝန်း (၂၁-ပ) နတ္တေ်လပြည့်ကျော်။

www.burmeseclassic.com

www.burmeseclassic.com


**လမြော်ကြာ** (၃၇-တ,၃၆–တ) လပကြာ၊ လရောင်ထွက်မှပွင့်သောကြာ၊ ကုမုဒြာ ကြာဖြူ–ကြာကမုတ်၊ "လှိုင်သင်းနို့သာ၊ လမြော်ကြာနှင့်" (ဇနက-၅၆) မန္တလေးဘွဲ့–မော်ကွန်း။

**လှမျှားစံကျွန်း** (၆-တ) အလှများ၏ အလယ်တွင် စံပြုစရာ မရှိလောက်အောင် လှပသောမယ်။ ကျွန်း–ကုန်ခန်း၊ ပြိုင်စံရှားနှင့်အနက်တူ။

**လာမှသွန်းလော့** (၂၂–ပ) ချစ်သူ ပြန်ရောက်လာမှ ရွှာသွန်းပါ။

**လျှာ** (၆-ဒု,၂၀-တ,၂၇–ပ) လာစေသည် ဟူသော ကာရိုက်နက်–လျှာ။ တစုံတခုသော ပယောဂကြောင့် ရောက်လာခြင်းနှင့် အနီးအစပ် ကပ်အောင် ရောက်လာခြင်းကို ဟထိုးနှင့်–လျှာ "ဆရာရောက်လာသည်နှင့် ပျော်လျှာသည့်အချက်မှာ" (ရှင်ဥက္ကံသမေတ္တာစာ-၁၀) "ငါ လျှင်လာ၍၊ ဆိုလျှာသည်ချည်း" မမ္ဘပါလ–၂၅)

**လျှာ** (၆-တ) ရည်မှန်းထားသည်၊ "ဟင်းလျှာ မင်းလျှာ လောင်းလျှာတို့၌ကဲ့သို့ ချစ်ပိုင် ဆက်ပိုင်အောင် ဆက်စရာရည်မှန်းထားသော လက်ဆောင်လျှာကား အသက်သာဖြစ်သင့်သည်" (ရှင်ဥက္ကံသမာလာဖြေ-၃၀)

**လီလီ** (၃၆-ပ) နီးနီးဆဲဆဲ၊ "ပြတ်ကျင်လီလီ၊ ပျော်ချေပြီ့လည်း" (နေမိမဉ္ဇူစိုး-၂၀,၄၄,၆၇)

www.burmeseclassic.com

www.burmeseclassic.com



**လုလင်** (၃၅-ပ,၄၆-ဒု,၅၁-တ) မျိုးနွယ်သောအရာ၊ နေလုလင် သမီးလုလင်-ထန်းလုလင် စသည်။

**လှူလှူ** (၂၈-တ,၄၀-ပ)အလျှင်အမြန်၊နိုးနိုးကပ်ကပ် ဖြစ်သည်၊"ခွင့်လမ်းပြမှ၊လှူလှူကြိုလျက်"(ကိုးခန်း-၉)၊"တယောက်လှလှူ၊သဗ္ဗညုဟု၊ ပွင့်လု စားစား (ဥတ္တိန္ဒ-၈၁)

**လှူချင်းဝယ်သော်** (၆၇-တ)လှူပြည်မှာသော် ရှာမရ သောမယ်။

**လှူမျိုးထင်လိမ့်** (၁၄-ဒု)လူတမျိုးတစား-ထင်ယောင် ထင်မှား ဖြစ်လိမ့်မည်။

**လေညှောင်းရှက်ဆင့်** (၁၇-ဒု) ရှက်ရော် ရှက်ရင့်ကို လေတိုက်၍ ပြုတ်ကျသည်၊ အပင်၌ အခက် ချည်းရှိသည်။

**လေသို့ယား** (၃၃-တ)လေကဲ့သို့ရွေ့ရှားသည်၊"လေ ဖြင့်ယား" (ကုသ-၃၁၂,ဥတ္တိန္ဒ-၄၂-၁၇)

**လေလျင်ယောင်းက** (၁၉၊ပ) လျင်မြန်သောလေ အ သစ်အသစ်တိုက်သည်။

**လေလေ**(၁-ဒု)လေလေ=ဝိတ္တဝစကား၊မပြတ်ဖြစ်ခြင်း၊ ကမ္ဘာ့အချင့်၊ တည်သဖြင့်လျှင်၊ ပွားမြင့်လေ လေ"(ဆုတောင်းခန်း-၁၃၈)

**လေသွန်း**(၈-ဒု,၁၄-ပ,၁၃-ပ,၆၀-တ,၄၀-တ)နား မှလေသံ့ တဆင့်ကြားရသည့်အတိုင်း အလွန် မြင်ရသည် (နှတ်သျှင်နှောင်ရိုးပိုင်အသုံး)

www.burmeseclassic.com



**လေးငြိမ့်**(၃၀-တ)ဖြည်းညှင်းသာယာစွာ၊(ဝေါဟာရ-ဇ၇၈)

**လေးထောင်တည်ကို** (၂-ဒ)ရှစ်သောင်းလေးထောင် မြင့်သော ယုဂန္ဓိုရ်တောင်ကို။

**လေးပင်စံမြောက်**(၁၀-ပ)သကြားမင်းသမီးအာသာ, သဒ္ဓါ,သီရိ,ဟိရီ နတ်သမီး လေးယောက်နှင့် စံနိုင်းလောက်သည်၊လေးလေးနက်နက် တွေး ဆ၍ စံထားသည်ဟုလည်း တချို့ကယူဆ၏။

**လျော** (၃၂-တ,၂၂-တ)တူသည်။

**လျော** (၅-ဒ)လိုက်လျောသည်၊ အလိုလိုက်သည်။

**လျောလျော** (၈-ဒ)သူ့အလိုက်လိုက်သည်၊တူသည်၊ "မြူဟန်လိုလို၊ရွှေကိုလျောလျော" (နဝဒေး ၂၆)ယခုခေတ်၌ လိုက်လျောဟု သုံးသည်။

**လျှော်သစ်** (၅၀-တ, ၄-တ, ၁၅-ဒ) လျှော်ပြီး ဦးပြီးစ အသစ်ဖြစ်သောရွှေ။

**လုံ** (၁၃-ဒ,၅၇-တ) ဝေးလံသည်၊သူနှင့် အလွန် ဝေးသည်။

**လွှံ့ပတ်**(၅၉-ပ)ပတ်ရန်းကျင်ထင်ရှား၊ "လူများနတ် ဟု၊ လွှံ့ပတ်ကျော်ထိတ်"(ကိုးခန်း-၁၃၉)

**လျှား** (၂၄-ဒ)ရှည်သည်၊ပုံစံ၊ ရှည်လျှား၊ ကြောင်း လျှား။

**လက်သင်** (၁၁-တ,၂၀-တ,၃၄-ပ,၅၇-တ,၅၁-ပ, ၃၅-ပ, ၆၂-ပ) ဆယ်နှစ် ရွယ်၌ ထိုးသော ဆံထိုး၊ဆံထိုးထုံး သင်စအရွယ် "အပြင်လျှ ချည်း၊ ဆယ်နှစ်တည်းက၊ လည်းလက်သင်၊

www.burmeseclassic.com

www.burmeseclassic.com



ထုံးစတွင်၌''(နဝဒေး-၂၀)''ထုံးသစ် ကေရှင်၊လက်သင်ခေါက်ကြိုက်၊ရောင်မြိုက်နွဲ့နောင်း၊ရွယ်ရှိပေါင်းမျှ''(မင်းရဲနရာဇချင်း-၃၆)

**လက်သင်မ** (၁၁-တ,၅၇-တ) ဆံထုံးသင်စ-မ စ ရသည်။

**လျှဉ်** (၁၈-ပ, ၂၉-တ)အလျှဉ်-အယဉ်-တစဉ်တတန်း၊ အဆက်မပြတ်။

**လှည့်သွား** (၁-ပ) ယုဂန္ဓိုရ်တောင်နှင့် ညီမျှသောကောင်းကင်ခရီး၌လှည့်သွားသောလ၊ ရှင်ဥက္ကံသမာလာတို့ခေတ်က, "ယုဂန်ရှည့်သွား"ဟုမူကွဲရှိကြောင်း၊ ထိုမူအရ-ယုဂန္ဓိုရ် တောင်ထွတ်နှင့် အမျှ အရှည် ရှိသောခရီး၌ သွားသည်ဟု ပမာဏ-နှိုင်းရှည့်ခြင်းအနက်(ဥက္ကံသဖြေ-၆)

**လွှတ်ဦးသဘင်**(၃-ပ)လွှတ်ဦးသဘင်ချီသည် အခံရတုသကျမဥ္ဇူချီသည်အလိုက်ရတု၊ အဓိပ္ပါယ်သာတူ၍ အသံကွဲလိုက်သည်(ဦးတိုးဖြေ-၃)လွှတ်တော်၏ ညာလက် လက်ယာဘက်ဝယ် ပလ္လင်တော်ပေါ်၌ ထီးဖြူအုပ်မိုး၍ ထားသော နန်းတွင်းဆင်းတုတော်ကို ဓာတုကလျာက တိုင်သည့် ရတု တစုံ။

**လှပ်** (၁၆-တ) အရောင်ဟပ်သည်၊ "နေပူတံလှပ်ထင်လျှပ်လျှပ်၊ တပ်တပ် မဖြစ်သာ''(ကဝိလက္ခဏာ-၁၃၇၅)၊"ထားဝယ်အရောင် ခရှုပ်၊ဖြူလှပ်ဆွဲဆွဲဝါ'' (ဇင်း ၁၄၄၅)

www.burmeseclassic.com

www.burmeseclassic.com



**လှုပ်လှုပ်** (၂၀-ဒု,၂၃-ပ)အရောင်တောက်ပသည်။

**လျှပ်မျှမကျန်** (၇-တ) လျှပ်စစ်တပြက်မျှ အချိန်မကျန်မလပ်၊ (ဦးရွှန်းဖြေ-၁၂)

**လျှပ်တပြမျှ** (၇-ပ)ငင်းအတိုင်းဖြေ၊လျှပ်စစ်ပြက်၍ အရောင်ပြသည့် အချိန်တခါမျှလောက်။

**လျှပ်လျှပ်** (၃၈-ပ) အလျင် အမြန်– ချက်ခြင်း၊ "ကိုစ္စလျှပ်လျှပ်၊ ပြီးစေအပ်၊အားလပ်မငံ့ရာ" (ကဝိလက္ခဏာ ၁၄၄၁, ကိုးခန်း– ၁၀၆, မြန်မာသံယောဂ-၁၀၅) သတ်ညွှန်း မှတ်စု ၁၁,၃၆-ကြည့်။

**လွန်ကြူး** (၂၈-ပ)အလွန်အကျွံပြုခြင်း၊ရှုတ္တဲညွှန်ကြ။

**လှန်း** (၅၁-ဒု)သွေ့ခြောက်စေသည်၊နေလှန်းသည်၊ ဝေါဟာရနီ-၅၆၅)၊ "သစ်သီး မရန်း၊ အသွေ့လှန်း၊ ချဉ်ပန်းသုပ်ပါလေ" (ကဝိလက္ခဏာ ၇၂၉)

**လွှမ်းခေါင်တိုင်** (၁၉-တ) လွှမ်းခေါင်ထိ (၆၂-ဒု) အလွှမ်းကြီး လွှမ်းသည်၊ အခေါင်တိုင်ရောက်လွှမ်းသည်။

**လိမ်းချေမွှတ်နှင့်** (၃၂-ဒု) လိမ်းချေစရာ ချောမွှတ်အောင်လိမ်း။

**လုံးချုံ** (၃-တ,၆၆-ဒု,၆၆-တ) ဤဝေါဟာရမှာ စာအများ၌ပင် လုံးခြုံ-ရှိနေသည်၊ ဦးရွှန်းသည်ပင် "အလုံးခြုံ၍ အသက်ကို စုနင်းဆက်ပါသည်"ဟု ဖြေသည်၊ ရှင်ဥက္ကံသမာလာကမူ

www.burmeseclassic.com

www.burmeseclassic.com



"အလုံးစုံသောအသက်ကို ဆက်ပါချင်တော့သည်" ဟု ဖြေသည်၊ လက်ဝဲ နော်ရထာ ပေမူရင်း၌လည်းအပင့်နှင့် လုံးချို-မင်ရှိသည်၊ "ဝန်းချို-လုံးချိုဟူသည်ကား ခပ်သိမ်းအလုံးစုံဟူသောအနက်၊လွှမ်းခြို-စေးခြိုအရစ်၊လုံးချို ဝန်းချို၊အပင့် (ဝေါသနီ-၇၃၈) "ရောဝန်းချို၊ မြစ်လုံးစုံကို၊ ရန်ခြိုရန်မြစ်"မင်းတရားမယ်တော်ချေင်းကို ဝေါသနီ—က ကိုးပြသည်၊ "တိုင်းခြေလုံးချို၊ အလုံးစုံတွင်" (မဟာဥပရာဇာချေင်း-၆၇)

**လိုက်ဖက်** (၅၀-၃)သင့်လျော်သည်၊လိုက်လျောသည်၊ "စုလျားခွက်နှင့်၊လိုက်ဘက်မှုကား"မနော်—၂၅)

**လိုက်သပ်** (၉-၀)အဆင်ပြေသည်၊သင့်လျော်သည်ကို လိုက်ဖက်ဟုသုံးသည့်အရာလိုက်လျော၍ သပ်သပ်ရှင်းရှင်းဖြစ်သည်ဟု ထွင်သုံးသောနတ်သျှင်နောင်ကိုယ်ပိုင်သုံး၊"လျှလျှချပ်ချပ်၊ သပ်သပ်ရှင်းရှင်း"(ဘူရိဒတ်အလင်္ကာ-၃၀၇)

**ဝါကသည်လျှင်** (၉-တ) ဝါဆိုလကစ၍ လျောက်သည်၊ နေသည်လည်း တောင်သို့လည်ခဲ့ပြီ၊နွေဥတုရောက်ခဲ့ပြီ၊ (ရှင်ဥက္ကံသမာလာဖြေ—၄၀၊ ဦးရွှန်းဖြေ-၁၄)၊ တောင်လည်ပြန်ဆွတ်ဟူသည်ကား ဝါဆိုလပြည့်ကျော်တရက်နေ့မှစ၍ အစဉ်အတိုင်း အနွေ့ဝါဝီထိ သွားတွင်းစွန်းမှ

www.burmeseclassic.com

www.burmeseclassic.com



တောင်သို့တိုး၍တိုး၍ နေသွားသည်ကိုရည်၍ "တောင်လည် "ဆိုသည်၊ တနည်းကား က ရကင့်ရာသီကစ၍နေသွားသောကာလ ဝါဆို လကစ၍ လျှောက်ဆိုသည်၊ သိန်, ကန်,တူ, ဗြိစ္ဆာ,ဓနု,မကာရ,ကုံ,မိန်,မိဿဟူ၍ အစဉ် အတိုင်းတောင်သို့ရာသီပြောင်း၍ လည်သည်၊ မိဿသို့ပင် ပတ်၍ နွေရောက်ခဲ့ပြီဆိုလိုသည်၊ (ရှင်ဥက္ကံသမာလာဖြေ-၄၀)

**ဝါတို့ယွန်း** (၂၄-၃) ဝါလတို့ယွန်းသည်၊ကုန်ခဲ့ပြီ။

**ဝါသို့ယွန်းသည်** (   )ဝါဆိုလသို့ပြောင်းခဲ့လေပြီ။

**ဝါလုံးစင်သည်** (၁၄-၈) တဝါတွင်းလုံးပင်သို့စင် ကြာအောင်လွှမ်းနေရသည်။

**ဝါရက်ဝယ်ပင်** (၁၄-၃) ဝါတွင်းဖြစ်သော လရက် (ဦးရွှန်းဖြေ-၃၅)

**ဝေယန္တာ** (၄၁-ပ,၄၄-ပ,၆၀-ပ) ဝေယန္တာ ကို ပင်, ဝေယန်,ဝေယန္တာစပ်သည်၊"ဝေယန္တာ ဝယ်၊ ဒေဝါရုံဝန်း၊ နတ်ကြဌာန်းသို့" (မင်းရဲ ဒိဗ္ဗချောင်း-၁)

**ဝှန်** (၇-၃)များပြားသည်၊ လွှမ်းမိုးသည်၊ "ကျေး ဖူးပြည့်ဝှန်၊ ဂုဏဝန်၊ သာမန် မမှတ်သာ" (ကဝိလက္ခဏာ-၆၁၇)

**ဝှန်ဝှာ** (၆၃-၃) အရောင့်ထွက်သည်၊ ကျော်စော သည်၊ "ထိုသို့ဝှန်ဝှာ၊ ကျော်စော စွာလျက်" (ဆုတောင်းခန်း-၁၃၆)

www.burmeseclassic.com

www.burmeseclassic.com



**ဝမ်း** (၁၇-တ)စိတ်နှလုံး (ဝေါဟာရနီ-၅၆၉)၊ "မဖြောင့်စိတ်ဝမ်း၊ ဦးပြည်းရှမ်း၊ အံကျွမ်းမဝင်နိုင်"(ကဗိလက္ခဏာ-၃၉၃)

**ဝမ်းပါး** (၁၃-တ,၂၀-ဒု,၃၈-ပ)ဝမ်းမြောက်ဝမ်းသာခြင်း၊ "ဝမ်းပါးဝမ်းကွဲ၊ ဆင့်ကဲလွမ်းမူ" (ဇေယျရန္တမိတ်ရတု- ၈-၁၂)၊ "ပျော်သည်ကြွားက၊ဝမ်းပါးစိတ်ရှင်" (ဟန်လင်းသမိုင်း-၉)၊"နှစ်သက်ဝမ်းပါး၊ ကြည့်ရှုစား၏"(ဇင်း-၁၈)

**ဝိုက်လည်** (၆-တ၊၆၂-ဒု)ဝေ့ကာဝိုက်ကာ၊ဝေ့ဝိုက်လှည့်ပတ်ပြောသည်၊"မြိုးမြွက်ရိပ်ခြည်၊ကြားရမည်မျှ၊ဝိုက်လည်ခဲစွာ၊မသိသာခဲ့" (နဝဒေး-၂၉)

**ဝိုးဝါး** (၃၄-တ,၅၁-ပ)မသေမချာ-မကွဲပြား"ငယ်လွန်းသေး၍၊ကြီတွေးနှစ်ပါး၊ ဝိုးတဝါးလျှင်" (နဝဒေး-၁၅၄)၊"ပေါက်ကျေးနှစ်ပါး၊ ပန်းဝိုးဝါးလည်း"(ဗုံဝရိမော်ကွန်း-၃)

**သဇင်နှစ်ခိုင်** (၉-ဒု) ခါတုကလျာ၏ မွေးလသည် နတ္တော်လ၊ ထို့ကြောင့် မွေးလရာသီပန်းဖြစ်သော သဇင်ပန်းနှစ်ခိုင်ဖြင့် စေတီနှစ်ဆူကို ပူဇော်ပုံရသည်။

**သတိချုပ်ဆည်** (၁၁-တ) သတိနောင် ဧရှုံးစိတ်ကျေသဖြင့် သတိဖြင့်ချုပ်ဆည် ချုပ်

www.burmeseclassic.com

www.burmeseclassic.com


တည်းလိုက်ရသော်လည်း ပြေပြည်ဝေးစွ၊ တရေးရေးမြင်သည်၊ (ရှင်ဥက္ကံသမာဒလာဖြေ)

**သတောင်း** (၃၃-ပ,၅၅-ပ,၅၇-တ) ထီးရွက်ကြာယပ်၊ "စိမ်းဝါနိုမောင်း၊ သတောင်းရွှေခြည်၊ ကိုယ်ထည်တင့်ဆုံး" (နဝဒေးရတု-၁၈)၊ "ညီးညီးလျှပ်လျှပ်၊ နေလလှပ်မှ၊ သလပ်သတောင်း၊ ရွှေပေါင်းရွှေသွယ်" (မင်းရဲနရာချင်း-၃၆)

**သနစ်** (၁၂-ဒု)အကြောင်းခြင်းရာ၊ "မေးလျှင်မထိမ်၊ သာချမ်းငြိမ်၊ ပရိမ္မသနစ်" ကဝိလက္ခဏာ-၄၄၉)

**သပြေမြရည်** (၁၈-ဒု) ဇမ္ဗူရစ်ရွှေနှင့်မြရည်ရော၍ သွန်းပြီးလျှင် (ဦးရှန်းဖြေ-၅၃)

**သဘောတမ်း** (၂၂-ပ)သဘောဓမ္မတာ၊ရှေးဖြစ်ရင်းတံထွာ။

**သဘင့်ချိန်ဆိုင်း** (၃၂-ပ) မိုးနတ်သားသည် နတ်သဘင်သွားရန် အချိန်စောင့်ဆိုင်း နေသေးသည်။ (မိုးမရွာသေး)

**သမိုက်** (၆၂-ဒု) ခေါ်ဝေါ်ပြောဆိုခြင်း၊ သမုတ်သည်၊ "ညောင်းညောင်းရိုက်မျှ၊ သမိုက်မော်ထွန်း"(ဘုံခန်း-၅၉)

**သရီ** (၉-ဒု)ပုထိုးစေတီ၊သရီရဓာတ်တော်၊ "ပုထိုးစေတီ၊ မြတ်သရီ၌၊ အောင်ပြီကြားရန်" (ဦးတိုးရတု-၅)၊ "တောင်ထွဋ်ဖျား စေတီ၊

www.burmeseclassic.com



ရွှေစေတီ၊သရီရဓာတ်စွယ်"မြင်စိုင်းကာချင်း, ကဗျာဗန္ဓသာရ-၁၆၉)

**သရီကိုယ်ထည်** (၅၅) အသရေရှိ ကိုယ်ဝတ်အထည်။

**သရေ** (၁၅-၃) ကျက်သရေရှိသည်၊ "ပြည့် သရေသည်၊ ရှိသေ ကြည်ညွတ်" (နဝဒေး-ဂ)၊ "ချက်ပွင့်သရေ၊ လဆန်းနေလည်း" (ငှင်း-၂၃၂)

**သရစ်** (၂၅-၃, ၅၁-၃, ၆၁-၃) အချိန် အခါ၊ "ကြူးဇာသာယာ၊အခါသရစ်၊ သည်အဖြစ်ကို" (ဦးတိုး ၁၂,ဂ၁,၉)

**သရစ်** (၄၀-၃) ပုရစ်ဖူး၊ သစ်ပင်၏ အဖူးအညွန့်၊ "သရစ်ရွှေညွန့်၊တွန့်ရရွှန့်သည်"(ဘုံခန်း-၄)

**သရွှေ** (၁၀-၃,၂၅-၃) သမျှအနက်ရှိ ကြိယာဝိသေသနပစ္စည်း၊"ဉာဏ်မီသရွှေ၊ ဆည်းပူး၍လျှင်" (မဃဒေဝ-၂၂၅-၄၂၂)

**သလင်း** (၃၄-၃, ၃၅-တ,၃၇-၃) အဖြူရောင်ပိတ်ချော၊"သလင်းအတူ၊ ရွှက်လူလူသား၊ ထီးဖြူ ၃၃"(နေမိမဥ္စစိုး-၁ဂ)၊ "ဒါသာသလင်း၊ အောက်နှီးခင်းလျက်"(ရခိုင်မင်းသမီးချင်း)

**သလင်း** (၆၀-ပ) ကျောက်စလင်း, ပန်းပုလက်ရာ ကြာပွင့်၊"ဆားဖုံးမသိန်၊ သလင်းစိန့်၊ ဖိုးချိန်မမှီယွင်း" (ကဝိလက္ခဏာ-ဂ၂၅)၊ "ကျယ်သည်ဝင့်နှင့်၊သလင်းစိုက်ထောင်၊တိုက်ရှောင်ရှက်သန်း" (ဇနက-၁၇)၊ "တူရွှေချာထပ် ဆင့်၊သလင့်းပမာ၊နာရကာနှင့်"(ပဝဒေး၄၇)

www.burmeseclassic.com



**သလင်းတောင်** (၄၃-ပ,၄၃-ဒု) ကြာနုကြာရင့် ဏာကြီးပုံ မုံရွေးမှတ်စု-၁၄၈)ဘုရားစေတီ, မင်းခမ်းဝင် သလွန်တော်,လင်ပန်းများတွင် ကြာဖက်ကြီးနှစ်ခုအကြား ကြာဖက်ငယ်တခု ချပ်ကာဏာကြီးပုံထုလုပ်ထားသောပန်းပုလက်ရာ၊ "သာကျယ်ဝင်းဝင်း၊ သလင်းတောင်စိပ်၊ ရွှေအိမ်အိပ်သား၊ ချမ်းရိပ်စံနေ" (ဘုံခန်း-၄)

**သဝ်န်စာ** (၆၄-တ)အဝေးမှပေးစာ၊ သဝဏ်လည်းရှိသည်၊"ရတုရကန်၊စာသဝန်၊ ယုံကျွန်မရောက်လာ"(ကဝိလက္ခဏာ-၅၈၉)"သဝဏ်စသိပ်၊ ခွေစာလိပ်၊ ဆီးချိပ်မြဲအောင်တွယ်" (ဇင်း-၁၄၉၆)

**သာလျောင်းမွေကို** (၅၆-တ) လျောင်းတော်မူ ရုပ်တုတော်၊ "အရှေ့သာလျောင်း၊တောင်ပေါင်းလောင်း၊နောက်စောင်း နေရဗာ၊မြောက်ကူသိနှာ"။

**သိခန့်စိုး၍** (၁၇-တ) ဆွေမျိုးညီမ သိမည်စိုး၍ဟန်ဆောင်နေရသည် (ဦးရှန်းဖြေ-၅၈)

**သီတာမယိမ်း** (၇-တ)မယိမ်း=မယွင်း=အတူတူ+သီတာ=ရေ၊ ရေချမ်းအေးနှင့်အတူ စိတ်ပုံငြိမ်းအေးရပါမည်။

**သီနှစ်** (၄၁-တ) သီကုံးသည်။

**သူဇာမောင်** (၄၁-ပ) တာဝတိန်သား သူဇာသက်ထား သကြားမင်း။

www.burmeseclassic.com

www.burmeseclassic.com



**သူဇာဆွဲ** (၄၀-တ) သကြားမင်း၊ သူဇာမိဖုရား၏ ဆွေရင်း။

**သူ့ပြင်သားသို** (၁၉-ဒ)သူတပါး အပြင်လူနှင့် အတွင်းလူ စည်းသားခွဲခြားသကဲ့သို့(ဦးရွှန်းဖြေ ၅၅)

**သွေဖည်** (၂၃-ဒ) ရှောင်လွှဲသွေဖယ်သည်၊ "ရှောင်လွှဲသွေဖည်၊ ကြဉ်ခဲ့သည်ကို" နဝဒေး-၅၄-၁၇၈)

**သွေးသီ** (၂-ဒ) ပြောဆိုခြင်း၊"သွေးသီတသုန်၊ ချီးမွမ်းဟုန်ဖြင့်" (ကိုးခန်း ၂)၊ ဦးရွှန်းအဖြေ၌ သွေးဆောင်သီကုံး၍ဖြေခြင်း,ရှင်ဥက္ကံသဖြေ-၁၃-၌ သွေးသီပက်ပါ-ဟုဖြေသည်။

**သာကာလဝယ်** (၁-ပ) ဖြတ်သင့်ရာ၌မဖြတ်သောကြောင့် ယတိဟီနဒေါသ သင့်သည်ဟု စွပ်စွဲဘွယ်ရှိသော်လည်း "နတ်သား နိုးကြသောကာလဝယ်"ဟု တပုဒ်တည်းဖြစ်၍ ကြအထိ အက္ခရာလေးလုံး,ဝယ်အထိအက္ခရာလေးလုံး၌နောက်အနေကဝဏ္ဏဖြစ်သောကြောင့် ထိုဒေါသမသင့်(အလင်္ကာပါဠိ-၄၇)

**သာကမ္မော** (၁-ပ) မဇ္ဈိမဒေသ ဇာနပ္ပဒ်၌ ပါဠုလိပုတ်ပြည်သီရိဓမ္မာသောကမင်းကြီးကိုဆိုသည်။ (ပါရာဇိကကဏ် အဋ္ဌကထာ) လပြည့်ကိုမခံနေ့တည်း၍ လွတ်သောနေ့ တနေ့တည်းပြီးသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ရွှေမုဋ္ဌော-မှည့်သမျှ သိရိမ္ဗာသောကတည်ဟု ယေဘုယျနည်းအမှတ်ပြုကြသည်။

**သော်တာ** (၆-ဒု,၅၇-ပ,၆၂-တ) လ၊ "လနေ သော်တာ၊ ထွန်းလျှံပါလည်း" (နဝဒေး-၇၁)၊ "တိမ်စွန်ဘွေဦး၊ရောင်စုံကွန့်မြူး၊မျှော်မှူးလသော်တာ" (ကြိုး-ဂီတဝိသောဓနီ-၂၂)

**သော်တာ့ရောင်နှယ်** (၆-ဒု) လအနီးအနားများစွာသော ကြယ်ကဲ့သို့။

**သံခြေ** (၄၂-ဒု, ၆၃-တ,၆၄-တ) သာယာသောအသံ၊ သာယာခြေင်ပြောစကား၊(ဝေါဟာရ-၂၀၀)၊သံခက်တတွေ၊သံခြေတပါး၊ သံဖြား ညည်းညည်း" (ဘုံခန်း-၅၅)

**သား** (၁-ပ) သော- ဝိသေသန ပစ္စည်းအနက်၊ (ဥက္ကံသ-ဖြေ-၅)

**သကျမဥ္စူ** (၄-ပ)သကျ=သာကီဝင်နွယ်+မဥ္စူ=သာယာခြင်း၊သာယာစွာ မိန့်မြွက်တတ်သောသကျသာကီဝင်နွယ် ဂေါတမဘုရားကိုယ်စားဆင်းတုဖြစ်၍ယင်းအမည်ဘွဲ့တပ်သည်၊ (ရှင်ဥက္ကံသမာလာဖြေ-၂၀) အခြားတနေရာမှာရှိသောဘုရားမဟုတ် ရွှေလွတ်တော်ရှေ့မှာ ရှိကြောင်း လွှတ်ဦးသဘင်ချီရတုကို ထောက်၍ သိရမည်ဟု ဦးတိုးက ဖြေသည့်ဦးရှန်းတက လည်း အောက်ပါအတိုင်းဖြေသည်၊ "တောင်ငူမင်းနှင့် စာဆိုဘက် ဇေယျရန္တမိတ်ဆို သာ

www.burmeseclassic.com



ရမည္ဘူ၊ဘွဲ့တွင်"သာရမည္ဘူ၊မည်တော်ဟူသား၊ ရိပ်ဖြူစကြာ၊မင်းတကာတို့၊ညီလာသဘင်၊ နေ့တိုင်းရှင်သည်၊လွှတ်ရင်ပြင်နန်း၊ရွှေတော်ထွန်းက"ဟုဇင်း၊ဇင်းဆို မြတ်နန်းရဝေ ချိုပိုဒ် ပတ်ဝန်းသပြေ ပုဒ်တွင် "ဥကင်သထိပ်၊ ရှစ်စင်း ရိပ်ဝယ်၊မာရ်နှိပ်ပယ်ဖျောက်၊ စောရွှေမှောက်ကို၊ ရံခြောက် မတ်ပေါင်း၊ရှုမညောင်းသည်" ဟု နန်းကိုပင် အတပ်ဆိုသည်။

**သက်တင်** (၇-ပ) စက်တန့်၊ နေ၏အရောင်သည် မိုးမှုန်တိမ်တိုက်တို့ကိုခွဲ၍ နီဝါစိမ်းရောင်ထင်သည်၊ ပါဠိ ဇာနုစာပ-သိကြား လင်းလေး သက်တင်ရေးဟု မြန်မာမှုဆိုသည်၊နံနက်အခါအနောက်မှာပေါ်လျှင် စို့, ညနေချမ်းအခါ အရှေ့မှာပေါ်လျှင်သက်တင် စက်တန့်,မွန်းတည့်ကောင်းကင်လယ်၌ပေါ်လျှင် ကြိတ် (စွယ်စုံကျော်ထင် ပ-၃၆)၊လေးကိုင်းသဏ္ဍာန်ရောင်စုံရောလျက် အရှေ့ကောင်းကင်မြင်ရသောနေရောင်အရေး (သတပဒိက ပုစ္ဆာအဖြေ-၈)

**သက်နှင်း** (၅၈-ပ)သက်လွှယ်(၃၄-တ,၆၁-၃)ကြင်သူမယား၊ သက်နှံ့-အသက်ကို နှင်းအပ်-လဲလှယ်ထားခြင်း။

**သင်တိုင်း** (၃၂-ပ)အင်္ဂါရှိသည့် "မိုးနတ်သားဝတ်နှီလာရောင်အညို"၊"အချာရှုပ်ဆိုင်း၊သင်တိုင်းဆင်ဝတ်၊တင့်လှဖြစ်မှု"(ဘုံခန်း-၂၅)

www.burmeseclassic.com



**သင်းချောပမာ** (၄၈-တ) အပြောက်အပြောက်ချယ်ယှွန်းထိုးထားသောအထည်ဝတ္ထုကဲ့သို့၊ "အပြောက်အပြိန်း၊သင်းချောလိန်း၊တလိန်းမတိုက်နိုင်"(ကဝိလက္ခဏာ-၈၄၀)၊ "လဲ့ရှိမ်းရီချောသင်းချောမဟုတ်၊ပင်အစုတ်ကို"(နဝဒေး-၂) စင်းလုံးချော။

**သင်းတွဲ**(၅၅-တ;၆၃-ပ)တကောင်းမြို့ ပတ်ဝန်းကျင်သင်းတွဲပြည်၊ ဤကိုရည်၍ "တရုပ်သင်းတွဲပြည်ကဖဲ၊ပေါ်ထဲထူးတခြား" (ကဝိလက္ခဏာ ၆၄)၊"ပန်းစုံကြိုသည်၊သင်းတွဲဘုံသာ၊ ကတ္တီပါဝယ်" (မင်းရဲနရာချေ်င်း-၄၉)

**သစ်သစ်** (၁၈-တ,၂-)မကြွင်းမကျန်၊ "တံတားထစ်သည်၊ သစ်သစ်ကုံကုံငွေတည်း"(ပါရမီ-၂) "ရာဂညစ်ကို၊ သစ်သစ်ကြွင်းမဲ့" (ငရဲခန်း-၁)

**သည်ကိုဆန်၍** (၁-တ)ရှင်ဥက္ကံသမာလာအဖြေ ၁၀-တွင် ဤသည်မြို့ကိုလွန်၍၊ဦးရှန်းအဖြေ၌ "အဖန်သည်းစွာစီးသော ခပေါင်းမြစ်ကိုဆန်၍-ဟု ဖြေသည်၊ဤနှစ်ရပ်တွင် ဦးရှန်းအဆိုသည် ရာဇဝင်နှင့် ကိုက်ညီ၏၊ "သဝန်ညီနောင်တို့သည် တလိုင်းကျေးဗျူရွာကထွက်ခဲ့၍ ပေါင်းလောင်းမြစ်ကို ဆန်ကြလေသည်၊ ပေါင်းချောင်းပေါက်ကိုရောက်လျှင် ခပေါင်းသို့ ဝင်လေ၍ ဆန်လတ်သော် တောင်ငယ်အငူတွေ့၍ ဤတောင်ငူကား ငါတို့အားမှာခဲ့သော အရပ်

www.burmeseclassic.com

www.burmeseclassic.com



တည်းဟု တောင်ငူငယ်ကို တည့်လေ၏၊ (မှန်နန်း၃-၁၇၃)

**သည်ရင်း** (၂၉-တ)သည်လျှာ(၄၁-ပ) အချင်းချင်းချစ်အပ်သောဇနီး၊ "သည်ရင်းမျိုးဆွေ၊ဖူးကြစေဟု"(နဝဒေး-၁၉၂) "ဟုတ်တည်းဆွေရင်း၊ ဟုတ်တည်း သည်ရင်း" (မြင်စိုင်းကာချင်း)

**သည်းကြား** (၂၆-၃, ၆၁-၃-၆၄-ပ)ချစ်ခင်အပ်သူ၊ အသည်းနှလုံးအကြားရှိအရာကဲ့သို့၊ "မင်းတို့သည်းကြား၊ ထွတ်ထား စံတင်" (နဝဒေး-၇၈)၊ "သည်းကြား ပြတ်မျှ မူးမေ့ ရခဲ့" (နဝဒေး-၁၀၀)

**သည်းဆူး** (၁၇-တ) အသည်းခိုင်မှာ ဆူးဆူးရှရှရှိသည်။

**သတ်** (၁၅-တ) ပန်းစုံသတ် အမွှေးထုံသည်။

**သွတ်လှယ်** (၃၇-၃) မပြတ် မစဲ၊ လူးလာခတ်ခြင်း၊ "တုံ့ပယ်တုံ့ပယ်၊ရက်ကန်းရှယ်၊ သွယ်လှယ်ပြန်လူးလာ"(ကဝိလက္ခဏာ-၁၁)

**သန်ကားပိပိ** (၃၀-၃) ဝသန္တဥတုပိပိ-မိုးများသည်။

**သန်ဦး** (၅၅-ပ) ဝသန္တဥတု—မိုးဦးကျ။

**သန်သို့နိုးက** (၁၇-ပ) ဝသန္တဥတုနီးပြီ၊ (နောက်၌ "ကဆုန် နယုန်"ရှိ၏)

**သန္တာ** (၂၁-ပ,၄၉-တ,၅၁-၃) ရေထဲမြုပ်သန္တာ ကောင်မှဖြစ်သော ကျောက်၊အနီရောင်"ကနကဒက်၊ ရွှေနှင့်ဖန်၊ မြမှန်စိန်သန္တာ" (ကဝိ

www.burmeseclassic.com



လက်ာ-၄၉၅) သန္တာအဝါလည်း ရှိသည်၊ ရွှေလား-ရွှေနှင့်တူသော အဝါရောင်။

**သဏ္ဌာန်** (၁၆-ဒု,၃၆-တ,၃၇-တ) ပုံပန်း အသွင်အပြင်၊သံ+ဌာန၊ သံ=ကောင်းစွာ+ဌာန=တည်။"တည်ရာ သဏ္ဌာန်၊ တ သန္တာန်၊ရေးရန် နည်းနှစ်ချက်" (သတ်ထူး-၁၇၄)

**သန္ဓေ** (၁၅-တ) စွဲစပ်တတ်သော အမှုအရာ (ဥက္ကံသဖြေ-၆၂)

**သန်ဘက်** (၄၅-ဒု,၄၀-တ) ယနေ့မှသုံးရက်မြောက်နေ့"သန်ကောင်ညဥ့်ခါ၊ သန်ဘက်ခါ၊ သန္တာ သန္တာန်နက်" (သတ်ထူး-၁၇၆)

**သန်လျက်** (၅၇-ပ) ရေထဲသို့ ထိုးထွက်နေသောအငူစွန်း၊သန်လျက်စွန်းနှစ်ခုရှိသည်၊(အင်းဝ)ရွှေဝတီ,ဒုဋ္ဌာဝတီ,ပန်းလောင်မြစ် သုံးခုတို့၏ဆုံရာ၊(သန်လျှင်)ပဲခူးချောင်း, မှော်ဝန်းချောင်း, ဒေါပုံချောင်း သုံးခုတို့၏ဆုံရာ၊ ဤ၌ အင်းဝကိုဆိုလို၍ မင်းဝံချက်ဝယ်ဟု စပ်သည်။

**သမ်းညှိုး** (၃၇-တ,၄၂-ဒု) ညှိုးနွမ်းသည်၊ "ညှိုးညှိုးသမ်းသမ်း၊တနွမ်းနွမ်း၊ယမ်းစမ်းမြွေရှာတိုင်" (ကဝိလက်ာ-၄၂၆)၊ "စိုက်ခေါ်ယောင်ယမ်း၊ နောင်ငဲ့ကို စမ်း၊ ညှိုးသမ်း တမှိုင်မှိုင်" (ဇင်း-၃၀၀)

**သမ်းမဲ**(၁၃-ဒု)ညှိုးနွမ်းခြောက်သွေ့၊"သမ်းသမ်းမဲမဲ၊ အိပ်ပျော်ခဲ၊မဲဇလီနှင့်စား"(ကဝိလက်ာ-၉၀)

www.burmeseclassic.com



"ကြွမူးဆဲဆဲ၊ သမ်းမဲ့ပျောင်းပျ၊ ချီခဲ့ရသော်"
(နဝဒေး—၁၉၆)

**သိန်ခရာဇ်လျှင်** (၄၁-ပ) သိဒ်ပုံချီ-ဘွဲ့ စသည်၌ ကဲ့သို့ ဦးစွန်းဟောသိဒ်ပုဒ်နှင့်ရာဇပုဒ်တွဲ၊သိဒ်—ခြတ်သော+ရာဇ—မင်း၊သေတ်ကိုနသတ်ပြုသည်။

**သိင်္ဂစံလျှော်** (၄-ပ) လျှော်ပြီးစ စံပြုသော သိင်္ဂီရွှေ။

**သိင်္ဂါချပ်စီ** (၂၁-၃) သိင်္ဂီရွှေဝါရောင်အချပ်အလွှာ စီထားသကဲ့သို့။

**သုန်သုန်—တသုန်သုန်**(၃၁-ပ,၄၆-ပ)အဆက်မပြတ်၊ တလစပ်၊"တောမှာမြောက်ယုန်၊ပြေးသုန်သုန်၊ အခုန်မမြောက်သေး" (ကဝိလက္ခဏာ-၈၇၁, ၈၇၄, ၈၇၆, ၈၈၈) "တလိုင်းသူပုန်၊ ကြောက်၍တုန်၊တသုန်တည်းသာပြေး"(ဇင်း-၈၉၀)

**သုံးချိုကြူးလတ်** (၃၀-၃)သုံးပဟိုရ် ကျော်လွန်သည်၊ မိုးသောက်ခါနီး၊ လင်းအားကြီးအချိန်။

**သုံးတိုက်ပယ်မှောင်**(၁-၃)ကာမ, ရူပ, အရူပ-ဘုံသုံး တိုက်၌ အမှောင်ကို ပယ်ဖျောက်တတ်သော မုဋ္ဌေဘုရား။

**သုံးထိပ်တောင်ချော** (၁၆-ပ) မြင်းမိုရ်ရ တောင်ကို ကျောက်တောင်ထွင့်သုံးခုထောက်ခံထားသည်၊ မြင်းမိုရ်တည်ရာမြောက်အရပ်ကမိုးဆေးသည် (ဦးတိုးအဖြေ-၉)၊ တနည်းအားမြင့်မြနှင့်တူသောတိမ်စိမ်း,ချိပ်ရည်အဆင်ရှိတိမ်နီ, နီလာ

www.burmeseclassic.com



အဆင်းရှိတိမ်ညို တိမ်သုံးထပ်ရှိ၍ သုံးတိမ်တောင်"ရွှေက မြဟန်ရောင်ခြိပ်" ဟု အထူးပြုထားသည်။

**သုံးပါးနောက်ကို** (၁-တ) ကကုသန်, ကောဏာဂုံ, ကဿပဘုရားသုံးဆူတို့နောက်ပွင့်သော ဂေါတမဘုရား၊ ထိုဂေါတမ ကိုယ်စား တည်သော ရွှေမုဋ္ဌော။

**သုံးမြောင်ရုံကာ** (၅၄-ပ)အရွယ်သုံးပါးရှိ မောင်းမမိဿံများ ခြံရံသည်။

**သုံးရွှေဘောင်** (၆၆-တ) အရွယ်သုံးမျိုး ရံရွှေတော်များအလယ်၊ ဘောင်=အလယ်။

**သုံးပါးညီနောင်** (၅၄-ဒု) သုံးပါးနှောင်းကို (၂၂-တ) ရှုနည်းဖြေ။

**သောက်ရှူး** (၁၂-ပ)သောကြာကြယ်၊ သောက်=လင်း၊ပုံစံမိုးသောက်၊ ရှူး=လင်း ပုံစံ မိုးရှူး၊ မိုးသောက်နီး အလင်းရောင် ဖြာထွက်သောကြယ်၊ပါဠိ-သြသဓိ၊ ဆေးတူးကြယ်၊ စိုင်များမြူးတူးချိန် အရောင်တောက်ပ၍ စိုင်မြူးကြယ်၊ သောကြာကြယ် တခုတည်းကိုပင် အမည်သုံးမျိုး။

**သို့စင်ကြိုက်ဝယ်** (၁-ဒု) မင်းသမီးစိတ်၊ယင်းသို့စင်ဖြစ်နေသော အခိုက်၊ "ဘယ်ဂုဏ်အင်ဖြင့်၊ သို့စင်ကြို့ခိုင်လေသနည်း" (ဃ၀၇-၁၃၂)

www.burmeseclassic.com



**ဟူးဟူး** (၁၄-ပ,၂၇-ပ,၂၇-ဒု,၂၇-တ,၂၈-ဒု) တောက်ပြောင်သည်၊ "လိုရာစူးစူး၊မြင့်ဖြိုးဖြိုး လျှင်၊ ဟူးဟူးခါတွင်" (ကိုးခန်း-၂၅၀)

**ဟေမရာသီ** (၆၁-ပ) ဆောင်းရာသီ–ဆောင်းဥတု။

**ဟောဝန်** (၆၃-တ) တော "ပျို့မွေးလေသွန်၊သရက္ခန်၊ ဟောဝန်သုံးထောင်မှာ"(ကဝိလက္ခဏာ-၅၂၁) "ဆီးနှင်းလည်းထန်၊ တောဟော်ဝန်၊ သေန် သည်ထောင့်မှာ" (ဇင်း–တ–၆၀၆)

**ဟော့** (၂၆-တ, ၆၀-ဒု) ရှိသည်။

---

www.burmeseclassic.com

www.burmeseclassic.com

# သတ်ညွှန်းခွဲထားအဆို
နှင့်
# နတ်သျှင်နောင်ရတု

၁။ ဂဇဗလ ၄။ မိုရွေး
၂။ ရှင်ဥက္ကံသမာလာ ၅။ မြန်မာသံယောဂ
၃။ တွင်းသင်း ၆။ ဝိဘင်္ဂဒ္ဒပိတ ခွဲထား
၇။ ရွှေနားတော်သွင်း

ဤခွဲထား သတ်ညွှန်းခုနစ်စောင်တွင် အောက်ပါ အချိုပိုဒ်တို့နှင့် တွဲဘက်၍ "တောင်ငူမင်း"ဆို–ဟု ချည်း ဖော်ပြသည်။

(၁) **တသောင်းရှစ်ပြန်**။ ။မဆည်မတန့် ရှိသည်ကို "မေတ္တာမတန့်၊ သက်လုံးခန့်သည်၊ ကြည်ညွှန့် မပြာရက်သောကြောင့်" (တွင်းသင်း-၁၉၇)

(၃) **လွှတ်တော်သဘင်**။ ။"ပလ္လင်ပြောင်ရှန်း၊ဖြူရိပ် ဝန်းထက်၊ တသန်းနေနှင့်"စပ်သောကြောင့် ပြောင်ရှန်း၊ ရှန်းရှန်းစားစား၊ တင့်ရန်း စက် ရှန်း နသတ် (တွင်းသင်း-၃၄၆)

(၄) **သကျမဥ္စူ**။ ။ရှန်းစက်သည်ကို"ပလ္လင်ရွှေနန်း၊ လွှတ်ညာစွန်းက စက်ရှန်းမိုးကျ"(တွင်းသင်း- ၃၄၄)

(၅) **မကြောက်ခြည်မှု**။ ။လေသံ့စကားကို"ရှု့နား လေသံ၊မပျံ့ခတွးတော၊နေစမောရှင်" (တွင်း



www.burmeseclassic.com

www.burmeseclassic.com



သင်း-၂၀၁)၊ နေမွန်းတည့်သည်ကို“မူးမေ့စိတ်ပန်း၊မျှားမမြန်းတည့်၊ထောင်မွန်းနေတူ” (တွင်းသင်း-၃၂၀)

(၇) **ဖြူညွှန့်ရှက်ဆိုင်။** ။အစသတ်သည်ကို“ချစ်တိမ်းမညွတ်၊စမသတ်တည့်” (တွင်းသင်း-၁၀၃) မကန်-သည်ကို“နွေတိုင်းမျှော်လွှန်၊ လွမ်းသာဖွန်သည်၊မကန်မိုးမြေထင်တော့သည်၊“မည်းမျှဆင်သည်”ရှိ ရတုတွင် “သူ့သို့ရောက်ပြန်၊ မကန်မြေမိုး”ဟု စပ်ဆိုသည်၊ မြေမိုးမက အကျူးအလွှန်ဆိုသည်ကိုပင် မကန်-ဟုလိုသည်။

(၈) **မနီးရုံလည်။** ။အစသိပ်သည်ကို “မေတ္တာစသိပ်၊နှုတ်မရိပ်ခဲ့၊ သုံးကျိပ်သုံးမည်” (တွင်းသင်း-၁၃၇)၊အပန်းကြီးသည်ကို“ဆင်ရာဦးစွန်း၊မြတ်တုကျွန်းကို၊အပန်းကြီးအင်”(တွင်းသင်း—၃၁၂)

(၉) **နေလရစ်လည်။** ။သွယ်သွယ်သပ်သပ်ကို“လိုက်လိုက်သပ်သပ်၊ ကြာချပ်ချရား” (တွင်းသင်း-၁၀၆)၊ စွေစထစ်မြည်၊ နွေလရစ်လည်” (ဝေါဟာရတ္ထပကာသနီ-၃၃၁)

(၁၁) **ပေါ်နွေလလျှင်။** ။လျှပ်ပြက်သည်ကို“ထိုးညိုမှိုင်းထပ်၊ ပြက်လျှပ်ပြကာ” (တွင်းသင်း-၉၇)၊ အမွေးနံ့သာ ပန်းနံ့ဖြင့် သတ်ခြင်းကို “မလ္လာရနံ့၊ထုံပျံ့ပန်းသတ်၊ ချူနတ်ဆင်ကိုး” (ဂဇဗလ-၈၈)

www.burmeseclassic.com

www.burmeseclassic.com


(၁၂) **ခေါင်ထွတ်ဆက်ကာ**။ ။"ရောင်လွှတ်စက်ဝါ၊ ယောင်မွှတ်ညက်ပြာ"ဟု ရှိလေသည်မှာလည်း ရောင်လွှတ်စက်ဝါ- ဝယ် ရောင်ဆိုသောစကားသည် အရောင်အဝါ ဆိုလိုသည်၊ ထိုအရောင်သည် ဘုရားရှင့်အရောင်တော် ဩဘာသ သဒ္ဒါ၏အနက်ဖြစ်သည်၊ ရေးထုံးမှာ ရကောက်။ ယောင်မွှတ်ညက်ပြာ၌ ယောင်-စကားသည်လည်း ဩဘာသသဒ္ဒါ၏ အနက်အရောင်ပင်မူလရင်းဖြစ်သည်၊ တိမ်သောအရောင်ရှိလျှက် နက်၏၊ နက်သော အရောင်ရှိလျှက် တိမ်၏-ဆိုသော စကားကဲ့သို့ပင် ဖြစ်သည်၊ ယောင်မွှတ်ညက်ပြာ၌ ယောင်-ဟု ယပက်လက် ရေးလေသည်ကား ဆင်းယောင်လက္ခဏာ-ဟူ၍လည်းကောင်း၊ ယောင်ယမ်းသည်၊ ပြူယောင် မူယောင် ဆိုယောင်-ဟူ၍လည်းကောင်း၊ ပညာရှိတို့ ရေးသားဖတ်ရွတ်ရိုး အစဉ်ပြု၍ တွင်လေသည်၊ ယင်းသို့လျှင် ရောင်လွှတ်နှင့် ယောင်မွှတ်သည် သဘောတချက်တည်းပင်ဖြစ်သော်လည်း ရေးထုံး ဖတ်ရွတ်နည်း ကွဲပြီဖြစ်၍ အသုံးအဆောင် အခေါ်များရာ လိုက်၍ ဝေါဟာရ အားဖြင့် (ယောင်-ရောင်) ခွဲထားစပ်လေသည်၊ (သံယောဂ-၁၂၁-၁၂၂)

(၁၃) **ဖန်စကြာလျှင်**။ ။တောင်ငူမင်းဆို "ဖန်စကြာလျှင်"ရှိသည့်ရတုတွင်နောက်ပေါ်စပ်နည်း၊

www.burmeseclassic.com

www.burmeseclassic.com



သိရိလျှံ့ဝဲ၊ ရွှေရည်စွဲသို့၊ ကုံစဲမည်ရ၊ သမ္ဘုဒ္ဓ ဝယ်''(ဥက္ကံသ-၂၅)၊ ရှင်ဥက္ကံသမာလာသတ် ညွှန်းဆိုသော်လည်း ဤအပိုဒ်ကိုမတွေ့ရ။

(၁၄) **သမုဒ်ရော**။ ။အိပ်နေသည်ကို''ရေပန်းမြစ် ဆိပ်၊ပွင့်မျှောရိပ်က၊နတ်အိပ်ခဲ့သေး'' (တွင်း သင်း-၁၀၉)၊ဝေါဟာရတ္ထပကာသနီ-၇၂၂ ၌''ကမုတ်ပြေဝါ၊ ကမုတ်ရွှေကြာ၊ သမုတ် ရော'' ဟု မတချောင်းငင် တသတ် မုတ်သုံး ချက်ထုတ်ပြသည်။

(၁၅) **လွှမ်းလှရာတွင်**။ ။အမှုံ့ကို သေးသေးတင် အမြစ်စပ်သည်ကားတောင်ငူမင်းဆို''လွှမ်းလှ ရာတွင်''ချီသည့်ရတုတွင်''အာကာဟိမ်ထွတ်၊ ခေါင်နေနတ်သျှင်၊ဖြန့်းဆွတ်မှုံ့မှုံ့၊ဖြူအို့ဝေမှိုင်း၊ လျှပ်ပန်းဒိုင်းသည်''ဟုစပ်သည်၊သို့စပ်သော် လည်းအမှုန့်ကိုနသတ်အမြစ်သာအစပ်အဟပ် များသည်၊ ရေးထုံးလည်း ကျသည်၊ နသတ် အမြစ်မှတ်ရမည်၊ (ဂဇဗလ-၁၄၇)။ ။ ''မုနေသခံမြောက်၊ ဘိသိက်မြှောက်၍၊ ကွန်း ပြောက်သဘင်'' ဟု စပ်သည်၌ မြောက်, မြှောက်,ပြောက်,ကာရန်သုံးချက်လုံး၊ရရစ်ချည်း ဖြစ်၍ဖက်၍စပ်လေသည်၊(သံယောဂ-၁၃၀)

(၁၆) **ဆွတ်ပျံ့ဘွယ်အောင်**။ ။အရောင်မည်းမည်း ချိပ်ချိန်းကို''မြဟန်ရောင်ချိပ်၊ မှိုင်းအည့်ရိပ်က၊ သုံးထိပ် တောင်ချာ'' (တွင်းသင်း-၁၁၃)

www.burmeseclassic.com

www.burmeseclassic.com



သုံးထိပ်တောင်ကို"တိမ်တောင်ပတ်ရစ်၊ မှိုင်းတည့်ရိပ်က၊ သုံးထိပ်တောင်ချာ" (တွင်းသင်း ၁၂၈)။ ။ကြိုက်ဆိုကို ကြမ္မာ ကြိုက်ဆို၊ မြော်ရတိုက၊ အာရုံရှင်ကြည်" (တွင်းသင်း-၄၁၅)၊ မိဋ္ဌာန်သုံးကို"မှတ်သည်တရှိုး၊ မိဋ္ဌာန်သုံးသည်၊ နှလုံးမြဲသည် ပီတော့သည်"(တွင်းသင်း-၄၄၁)

(၁၇) **နွေနှောင်းရက်လျှင်။** ။နွမ်းနယ် သည်ကို "ကေသာဆီရွှမ်း၊ ပူသည်ဝမ်းကို၊ မနွမ်းရအောင်" (တွင်းသင်း-၃၀၄)၊ "သာလေးညင်းညင်း၊ နတ်စောင်းမြှင်းလည်း၊ ကခြင်းသာညီ"ဟု စပ်လေသည်ကား ပုံတောင်နိုင်တွင် "ရွှေစည်သံညင်း၊ ရွှေစောင်းမြှင်းနှင့်" စသောဆိုခဲ့ပြီးသော အမိပ္ပါယ်နှင့် နည်းတူယူ (သံယော၇-၇၆)

(၁၈) **မှန်းချက်အထွေ။** ။"သက်လည်းသည်မှာ၊ မပါလွမ်းလျှဉ်၊ ကြာရေစဉ်၌၊ ဖြေဖျဉ်တားဆည်၊နတ်ကရည်၍"(ဥက္ကံသ-၂၃)၊ တသွန့်းကို "ရှင်ပင်ထက်ဝန်း၊ စုံတသွန်းမူ၊ စွန်းစွန်းသစ်သစ်"ဟု နသတ်၊ ပန်းသွန်းပင်၊ ပေါင်မသွန်းစပါး (တွင်းသင်း-၃၆၂)

(၁၉) **တဆဲ့နှစ်ခွေ။** ။တောင်ငူမင်းဆိုသည့် မငွဲချစ်နေချိသည်-ရတုတွင် "နည်းများမလွှက်၊ စိတ်မယွက်တည့်၊မြွက်ရိပ်ညွှန့်" ဟု စပ်လေသည်ကား စိတ်မယွက်မှာ၊ မငွင်းမယွန်းဆို

www.burmeseclassic.com



လိုသည်ဖြစ်၍ ယပက်လက်နှင့်ရေး(သံယောဂ ၆၄)

တဆယ် နှစ်ဆယ်စသည်ဖြင့် ယသတ်လိုရင်းကို မြစ်သံကြိုက်ခါ နောက်ပစ်အသံနှင့်တူသည်၊ ရေးမှတ်လွယ်သည်ကိုစွဲ၍ နောက်ပစ်ကုန်သကဲ့သို့ရှိ၏၊ (ဝေါဟာရတ္ထပကာသနီ–၁၄၇)

(၂၀) **တဆဲ့နှစ်ခွင်။** ။ကုန်ကွန်းသည်ကို "နွေလည်း ကုန်ကျွန်း၊ ဝသန်ဆန်းက၊ လျှပ်ပန်းတိုင်ပြင်"(တွင်းသင်း-၂၇၆)၊ ကိုင်းကျွန်းကို "ကန်ချောင်း ကိုင်းကျွန်း၊ ပြင်ထွန်း စဲ၄" (တွင်းသင်း-၂၇၇)

(၂၁) **အောက်မေ့ ချေချေ။** ။ပျောင်း သမ်း ကို "တောင်မူခို –အောက်မေ့ ချေချေ-ချီတွင် "မပျောင်းမသမ်း၊ မတမ်းရကုံ"(တွင်းသင်း (၁၅၆)

(၂၂) **ဘဝက်လုံးလျှင်။** ။အသေး အကွေး စိပ်သည်ကို"ဆင်ဆန်းတွေးချိပ်၊လွမ်းဖွယ်ရိပ်က၊ ချူးစိပ်စိန်ခက်(တွင်းသင်း-၁၁၅)၊ အရည်စွန်းသည်ကို" ညိုစင်ရည်စွန်း၊လာမှယွန်းလော ဆင်ဆန်းတွေးချိန်" (တွင်းသင်း– ၂၆၅) သွေယွန်းကို (ဇင်းကွင်းသင်း-၁၃၁)ကြက်ရှန်းပန်းကို ဘုရိဒတ်လကာ်တွင် "မုလေး ကြက်ရှန်း၊ ဂမုန်းနံ့ကြွယ်"ဟု စပ်သည် ရွှေဟသ်ာပျိုတွင် "သစ်ကြက်ရှန်း၊ ဂမုန်း

www.burmeseclassic.com



ပုံ့ကြွယ်”ဟုတပည့်တော် ရှင်တေဇောသာရလည်း ထပ်၍စပ်တော်မူပြန်သည်၊ တောင်ငူမင်းဆို ဘဝဂ်လုံးလျှင်-ချီ ရတုတွင် “မွေ့ရာကြက်ရုံး၊သဇင်အုံးထက်၊နှလုံးဝယ်ပ၊ပျောင်းပျမဲ့ဟန်”ဟု စပ်သည်သို့ လိုက်၍ သေးသေးတင်ရေးမှတ်ပြုကြလေသည်၊ဆင်ခြင်။

(၂၄) **ဘဝဂ်ရှည့်ညီ။** ။အနန်းပင်ကို “တောင်ငူဆို ဘဝဂ်ရှည့်ညီရတုတွင် “စကားအနန်း၊ ဒန်းလည်းပုံ့မွေး”(တွင်းသင်း-၃၀၁)

(၂၆) **စက်ပြသာဒ်လျှင်။** ။စက်ပြသာဒ်၊ သက်မမှတ်၊ဘက်အလွတ်”(ဝေါဟာရတ္ထပကာသနီ-၇၀)ခုန်သည်ကို “ထက်မြစ်တိမ်မှုန်၊ ကမ္ဘူးခုန်သည်၊ပစ္စုန်ခါလွန်ဘိသောကြောင့်”(ဂဇဗလ-၁၁၄)အုံပြသတ်ကိုတောင်ငူမင်းဆိုရတုတွင်“စက်ပြသတ်လျှင်၊ဖက်အလွတ်ပင်၊သက်မမှတ်ချင်” (တွင်းသင်း- ၁၀၁)၊တ ကျိပ်နှစ်ကျိပ်ကို“အာဏာစက်ရိပ်၊ လွှမ်းမိုးနှိပ်က၊ ဆယ်ကျိပ်တွတ်ထား” (တွင်းသင်း-၁၁၁)

(၂၇) **ယခုကစင်။** ။တွေ့ဆန်းကိုတောင်ငူမင်းဆိုရတုလည်း ယခုကစင်ချီတွင်“လျှပ်ချီမိုးပန်း၊ပြလှာ သန်းသည်၊ တွေ့ဆန်းစီမျှ ဖြာပွင့်သော”(တွင်းသင်း ၂၉၃)

(၂၈) **ထစ်မည်လိုမူ။** ။ထိမ်ကွယ်ထိမ်မြုပ်သည်ကို “ဖျောက်လျက် ဆည်ငြိမ်မြုံချုပ်ထိမ်လည်း၊

www.burmeseclassic.com



တကြိမ်ရှေးဦး”(တွင်းသင်း-၃၇၃)“မြင့်မိုရ် လက်ယာ၊ လှည့်ကြရာဝယ်၊ ဖန်ဝါသီးညီး၊” တောင်ငူဆို ရှေနှားတော်သွင်းခဲ့ထား-၂၆၅

(၁၀) **အာကာတသွန်။** ။ချည်းချည်းဟူ၍ ညသတ် စပ်သည်ကားတောင်ငူမင်းဆိုအာကာတသွန် ချီရတုတွင် “ထွတ်ထွတ်လန်းလန်း၊ရွှန်းရွှန်း ချည်းချည်း၊တို့လည်းအသက်၊ ကြင်ဘက်ကြင် သူ” ၎င်းဆိုရတုတွင် “မည်းမျလာသည်၊ ကြည်းကပါသည်၊ ချည်းလျပျာသည်” (ဂဇ ဗလ-၁၅)၊ခြည်းခြည်း ရွှန်းရွှန်းကို တောင်ငူ မင်းဆို အာကာတသွန်ချီတွင် ထွတ်ထွတ် လန်းလန်း၊ ရွှန်းရွှန်းခြည်းခြည်း” (တွင်း သင်း-၂၀၀)

(၁၁) **တပေါင်းကစင်။** ။အဟုန်ကို တောင်ငူမင်း ဆိုတပေါင်းကစင်ချီရတုတွင်“ကြိမ်းချွတ်စက် ဟုန်၊ တဖျင်သုန်လျှင်၊ပဋ္ဌုန်မျက်သန်း” ဟုသို နသတ်စပ်ရာမှာ ပြင်းသည်-လျှင်သည်- အရှိန် အဟုန်ဆိုသည်၊ သေးသေးတင် အဟုံမှာ ပြောသည် များသည်၊ (ဂဇဗလ-၁၀)။

(၁၂) **ပြဆန်းမဆင်။** ပျ=ပြ“ပြဆန်းမဆင်၊ပျမြန်း မရှင်”တောင်ငူ (ဝိဘင္ဍ-၂၃၂)၊ ပြဆန်းမ ဆင်=ဖေါ်ပြသည်၊ နေဝယ်လှန်းပြသည်-ပ- ရရစ်၊ ပျမြန်းမရှင်-ပျောင်းပျသည်၊ မှိုင်းမှိုင်း ပျပျ-(သံယော၁၀-၅)၊ ရွှန်းရွှန်းခြည်းခြည်းကို

www.burmeseclassic.com

www.burmeseclassic.com



ပြဆန်းမဆင်ချီရတုတွင် "လေးလေးရွှန်ရွှန်၊ ကျူးတန့်ကျူးမြောက်" (တွင်းသင်း-၂၀၀)

(၃၃) ကြာမည့်ရက်လည်း။ ။ကြန့်သည်ကို "တွားတွားမကြန့်၊ သန္တာခန့်ကို၊ မြည့္ဒန့်ရစ်ဝေ"၊ မကြန့်ကား မရင့်သေး၊(တွင်းသင်း-၁၉၁)

(၃၄) မည်းမျှဆင်သည်။ ။မကန်-သည်ကိုတောင်ငူမင်းဆို မည်းမျှဆင်သည်ချီရတုတွင် "သူသို ရောပြန်၊ မကန်မြေမိုး" စပ်သည်၊ မြေမိုးမက အကျူးအလွန်-ဆိုသည်ကိုပင် မကန်၊ (တွင်းသင်း-၂၁၄)

(၃၅) မည်းမျှရစ်သည်။ ။ရှိုးရှိုးရိပ်သည်ကိုတောင်ငူမင်းဆို မည်းမျှဆင်သည် ချီရတုတွင် "ငှက်ခွေစသိပ်၊ ရှိုးရိပ်ချည်မျှ" အရိပ်အချည်ကို ဆန့်ပြန်ပျို့တွင်မူကား "မန္တရွှံ့မထိတ်၊ ခြသေ့စိတ်သို့၊ မင်းရိပ်မင်းချည်"ဟု တသတ်စပ်မှားလေသည်၊တွင်းသင်း-(၁၃၀)

(၃၆) မည်းမျှလာသည်။ ။တောင်ငူမင်းဆို "မည်းမျှလာသည်" ချီသည်ရတုတွင် "မြည်လာဖြုတ်ချည်း၊ရင့်ရှုကြည်းသည်၊နေ့တည်းရောက်နေသင့်သည်လော"(ဥက္ကံသ-၂၂)

(၃၇) မည်းမျှပတ်သည်။ ။အမွှေးနံ့သာ ပန်းနံ့ဖြင့်သတ်သည်ကိုတောင်ငူမင်းဆိုရတုတွင် "မည်းမျှပတ်သည်၊ ကျည်းကသတ်သည်၊ ရည်းလျှည့္ဆတ်သည်"(ဂဇဗလ-ဂဂ)

www.burmeseclassic.com

www.burmeseclassic.com



(၃၈) **မင်းသာခနေ့မှတ်။** ။"ချိပ်ချပ်လျပ်လျပ်၊ ထိန်ထိန်လျှပ်မျှ၊ တိမ်ထပ်မဆီး" ဟု စပ်လေသည့် စကားကိုလည်း ချိပ်ချိပ်လျပ်လျပ်မှာ လျှင်သည်လျပ်သည်ကိုယူလေ၊ လ-ယပင့်၊ ထိန်ထိန်လျှပ်မှာ တောက်သည့် လျှပ်ကိုယူလေ၊ လယပင့်ဟာထိုး"(သံယော၈-၁၀၅)

(၄၁) **သိခ့်ရာဇ်လျှင်။** ။သိန်ခရစ်လျှင်၊ ချိန်အသစ်လျှင်၌ချိန်အသစ်ဟူသည်န-သတ်သည်နှင့် အညီသိခ့်ရစ်ဟူသည်မှာလည်းန-သတ်ခြည်မြို့၊ မဥ္ဇူမှာ ည-သတ်ရေးအံ့၊ ထိုသို့သောအရာတို့၌သော်လည်း မပျက်တန် ပျက်လေအံ့သည်၊ ဤသို့အရာရှိတိုင်းစပ်အင်ရှိတိုင်းရေး၍မတော်အံ့သည်ဖြစ်၍ ပါဠိပါဠိဖြစ်သောအရာ, သူဟောင်းတို့ရေးထုံးရှိသောအရာကိုပမာဏပြု၍ စွဲသုံးရာသည် ဖြစ်၏၊ (ဝေါဟာရတ္တ ပကာသနီ-၃၆၂) သိခ့်-ဟူသော င-သတ်ဆိုလျက်ကိုမျှ ချိန်အသစ်ဟု န-သတ်စပ်တုံသေး၏၊ ဝေါဟာရတ္ထပကာသနီ-(၆၈၅)

(၄၄) **နံ့ဝမျက်ခြည်။** ။"တုကျွန်းလွတ်မြှင်၊ ကျေးမြစိုင်"ကိုထုတ်၍ ကြေးဟူသည် ကြက်တော, ဖေါင်ခါးငှက်အထူး၌ ပြချက် (ဝေါဟာရတ္တ ပကာသနီ-၂၅၅)

(၄၆) **မဖြောင့်ဖြည်းပါ။** ။အရန်း အဘားကို တောင်ငှဆို မဖြောင့်ဖြည်းပါချီတွင် "သုံးပါး

www.burmeseclassic.com

www.burmeseclassic.com



ဦးစွန်း၊ ဉာဏ်ခြည်ရန်းလေ၊ လျှပ်ပန်းလျှံဖုံ"
တွင်းသင်း–၃၃၀)

(၄၇) **ယပ်စောက်မည်သာ**။ ။ခပ်ပြုခပ်မူ- ခပ်မျိုး ပ-သတ်အစပ်၊ တောင်ငူမင်းဆိုရတုတွင် "ရပ် စောက်မည်သာ၊ ထပ်လျှောက်ကြည်စွာ၊ ခပ် ကောက်ဖည်ခွါ" (ဂဇဗလ-၇၀,တွင်းသင်း- ၂၁၊) မို့သမ်းကို "အံမွေမြူခြိမ်း၊ မို့သမ်း စိတ်က"ဟု မ-သတ်စပ်သည်၊ (တွင်းသင်း- ၃၅၇)

(၄၉) **တာရက်လကို**။ ။ထောက်လှမ်း မျှော်လှမ်း ကို တောင်ငူဆို တာရက်လကို ချီတွင် "နတ် လည်း ရှမ်းဆော်ဘိ၏သို့၊ မဝေးလှမ်းမျှော် ဘိ၏သို့၊ ကျေးငှက်လွမ်းဖော်ညို၏သို့၊ (တွင်း သင်း–၃၂၅)

(၅၀) **တင့်လှပေဟန်**။ ။ရှိမ်းသည်ကို"မြရည်ကြော စိမ်း၊ လတ်လတ်ရှိမ်းလျက်၊ ခပ်သိမ်းကလျှာ၊ ရှုဘွယ်သာလျှင်" (ဂဇဗလ-၁၂၀)၊ နိတိုး ရွှေကို "သက်ပေါင်းထက်ပုံ၊ လှနိတုံလည်း၊ ပန်းစုံရောရှက်၊ ထုံမြရှက်နှင့်" (ဂဇဗလ– ၁၅၄)၊ နိတုံရွှေကို တောင်ငူမင်းဆို တင့်လှ ပေဟန်ချီ ရတုတွင် "သက်ပေါင်းထပ်ပုံ၊ လှနိ တုံကို၊ ပန်းစုံရောရှက်"ဟု သေးသေးအိုင် စပ်သည်၊ ရာဇမဏိစူဠာ ကျောက်စာမှာကား နိတ္တုန်-ဟူ၍ ထဆင်ထူးနှင့် နသတ်၍ ရေးလေ သည်ကားမသင့်၊ (တွင်းသင်း-၄၁၇)

www.burmeseclassic.com

www.burmeseclassic.com



(၅၂) **ရေဖြန်းသဘင်**။ ။"ရေဖြန်းဟူသည် ရေတို့ဖြင့် နှံ့ပြားသည်ပင်" (ဝေါဟာရတ္ထ ပကာသနီ-၅၅၃)၊ သွေ့ယွှန်းကို တောင်ငူမင်းဆို ရေဖြန်းသဘင်ချီ ရတုတွင် "ရက်လွဲလကျွန်း၊ သွေ့ယွှန်းခုမူ"၊ ဤယွှန်းကား နေ့ ရက် နှစ် လ ရွေ့ရှား၍ ယိုခဲ့ပြီဆိုလိုသည်။ (တွင်းသင်း-၃၃၁)

(၅၄) **ချောင်းမမွှေတော်**။ ။တောင်ငူမင်းဆိုချောင်းမမွှေတော်ချီသည်ရတုတွင် — ကုန်းသွယ်မသွားတောင်းကိုလည်း ဟူ၍ စပ်ရာမှာ ကုန်းတိုက်ကုန်းသွယ် လျှောက်သည့်စကားသည် မသွားမနားတောင်း ဆိုလိုသည်။ (၈၈၇လ-၈၅, ဝေါဟာရတ္ထပကာသနီ-၇၃၃)

(၅၅) **ရက်လခါကျော်**။ ။တောင်ငူမင်းဆို ရက်လခါကျော် ချီရတုတွင် "သင်းတွဲစိန်ပြည်၊စုံခြည်ကွက်ကတ်၊ တုလွတ်မျက်နှာ"ဟု စပ်သည်အတိုင်း တသတ်၊ကွက်ကတ်ကား တရှပ်ကတ်ဆိုလိုသည်။ (တွင်းသင်း-၄)

(၅၆) **ဆက်ဒန်အိုင်သာ**။ ။အကြောင်းတန်မတန်၊ ဆက်တန်၊ ဤ၌"ဆက်တန်အိုင်သာ၊ ဖက်ရန်ပြိုင်လာ"ဟူ၍ ကသတ် စပ်အင်နှင့်အညီ ရေးလိုက်သည်၊ ဆဒ္ဒန္တ-ဟူသော ပါဠိနှင့်ညီဆဒ္ဒန်ဟူ၍သော်လည်း ရေးသင့်၏၊ (ဝေါဟာရတ္ထ ပကာသနီ-၅၄၁, ရွှေနန်းတော်သွင်းခွဲထား-၂၆၆)

www.burmeseclassic.com

www.burmeseclassic.com



(၅၈) နွေရက်နီးလျှင်။ ။မေတ္တာမွမ်းကို တောင်ငူမင်းဆို နွေရက်နီးလျှင်-ချီ ရတုတွင် "တမ္ဗူဆိုတမ်း၊ မေတ္တာမွမ်း၍၊ စစ်လမ်းမြေတာ" (တွင်းသင်း-၃၂၃)

(၅၉) ခုနစ်တောင်စွန်။ ။"လက်မြန်သူက၊ စက်မီးကျသို့၊ စကြဝ္ဝသခင်" ခုနစ်တောင်စွန် ချီ၊ တောင်ငူ (ဝိဘဇ္ဇဒိပိတ-၂၁၅)

(၆၁) ချင့်တာသုံးထောင်။ ။"မင်းဘွယ် စိုးယ၊ သိက္ခမ်းလှသည်၊နရိစံတည်၊ ကျေးမြရည်"ဟု စပ်လေသည်ကား ယ-သည် အထိန်းအယ ဆိုသကဲ့သို့ ဖြစ်သည်၊ အချို့လည်း မင်းဘွယ် စိုးရ-ဟု ရကောက်နှင့်ရေးသားဖတ်ရွတ်ကုန် သည်၊ ရကောက်နှင့် ရေးလျှင် စကားလည်း မယဉ်မချေး၊ နရိစံတည်-ဟူသော တတိယ ကာရန်နှင့်လည်း ရ-ချင်းထပ်သည်၊ ယင်းသို့ လျှင်"မင်းဘွယ်စိုးယ-ယပက်လက်၊ နရိစံတည် ရကောက်နှင့်ရေးမှလည်း ရေးထုံးမှန်စကား လည်းယဉ်၊ နာလည်းနာသာသည်၊ အလင်္ကာ ဒေါသလည်း လွတ်သည်၊ (သံယောဂ-၁၇)

(၆၂) ဖြန့်ဝန်းစကြာ။ ။တောင်ငူဆို ဖြန့်ဝန်းစကြာ ချီသည့်ရတုတွင် "ဇမ္ဗူဘိုးမျှ၊ ဝေပူမြိုင်သိမ်ဲ့တဝက်"ဟု စပ်ရာမှာ ဇမ္ဗူဘိုးမျှဝယ် မျှသည် မ-တွင် ယပင့်ဟထိုးနှင့်၊ ဝေပူမြိုင်ဝယ် မတွင်ရရစ်၍ရေး၊စကားတွဲသောကြောင့်စပ်လေ သည်၊(သံယောဂ-၁၀) ဒုနှိမ်ကို တောင်ငူ

www.burmeseclassic.com



မင်းဆို ဖြန့်ဝန်း စကြာချီတွင် "ရစ်ဝုတ်ရှက်စုန်၊ ဒဂုန်မည်မှတ်" ဟု စပ်ရာမှာ ပင်လယ်ရေနှင့်မြစ်မရေပေါင်းရှက်၍စုန်သွားသည် ယူရမည်၊ (တွင်းသင်း-၄၁၀)

**မတွေ့ရသေးသောတောင်ငူဆိုရတုများ**

(က) တောင်ငူဆို"တရာ့တမည်" ချီသည့် ရတုတွင် "လှည့်ပတ်သံညင်း၊ ကြိမ်ကြိမ် ငြင်းလည်း၊ သက်နှင်းစုဝေး" ဟု စပ်လေသည့်စကားကိုလည်း တန့်တားဦးတည်တွင် "ထွက်သံသက်သက် ညင်းညင်းတည်း၊ အောင့်ကျင်ဆန်ဆန် ငြင်းငြင်းတည်း" ဟုစပ်သော ဥဒါဟရုဏ်၏အမိပ္ပါယ်နှင့်နည်းတူ ယူလေ (သံယော၈-၇၃)

(ခ) တောင်ငူဆို"တောက်မြှောင်စက်နေ" ချီသည့် ရတုတွင် "စုန်မည့်နေ့ရက်၊ မိန့်တော်ချက်ကို၊ ဆက်ဆက်မပြ၊ ရိပ်ကာမျှလည်း၊ ပျောင်းပျမိန်းမှိုင်းမိတော့သည်၊ ပြ—ပကာသ ဌာအနက်ပြသသည်၊ ပြည့်ညွှန်းသည်၊ နေရောင်မှာလှမ်းပြ၊ ပျောင်းပျသည်ဆိုသည့်စကားမှာ ပျမြန်းမရှင်ကဲ့သို့ ပ—ယပင့်(သံယော၈-၁၃)

(ဂ) တောင်ငူမင်းစာ"သည်တဖြစ်တွင်" ချီသည့်ရတုတွင်-"ခွဲဖဲ့ဝေသဲ့၊ သူ့သို့ကဲ့လည်း၊ ဖွင့်သောဟန်၊ ဖန်ဖန်ကြိမ်ခေါက်" (ရှင်ဥတ္တမသမာလာ၊ သတ်ညွှန်း-၂၆)

www.burmeseclassic.com

www.burmeseclassic.com

## နှုတ်ချင်နောင်ရတု ခွဲထား

၅၅။ ခ-က၊ ၊နှုတ်လူညွှတ်ခ၊တောင်းတိုင်းရသည့်၊ လောကထွတ်တင်။

၅၉။ ကျ-ချ၊ ၊ရဲနေကျလည်း၊ လက်ချမှိုင်တွေ၊ ရှုံးလှချေသည်။

၅၉။ ကျ-ကြ၊ ၊မီးစက်ကျသို့၊ စကြဲ့သခင်၊ ဘဝ ရှင့်လည်း။

၁၅။ ကျာ-ကြာ၊ ၊သောင်းခွင် လကျာ၊ ကျွန်း အောင်ခြာဝယ်၊ စကြာရဟတ်။

၉။ ကြာ-ကျာ၊ ၊ထံစကြာသို့၊ လကျာလှည့် ပိုက်၊ နှိမ်၍စိုက်သား။

၃၉။ ကြင်-ကြင်၊ ၊သူနှင့်ကြင်၍၊ မကြင်မွေ့ခဲ့၊ စေ့စေ့မြွက်ပုံ။

၅၆။ ကြည်-ခြည်၊ ၊ရိုသေညွှတ်ကြည်၊ ဝေးက ရည်၍၊ ပြစ်ခြည်ကင်းလွတ်။

၄၀။ ကြည်-ခြည်၊ ၊ညက်မွတ်မြွာကြည်၊ ပြစ်ဟူ သည်လည်း၊ရိပ်ခြည်ဝေးလင့်၊

၅၀။ ကျန်-ကြန်၊ ၊ရင့်မှုရွှေကျန်၊ ရွက်မပြန် တည့်၊ ဝါကြန်နီမောင်း။

၅၆။ ချေ-ချေ၊ ၊မိုးခြည်တိမ်ခြေ၊ ပုံနှင့်ချေလော့၊ မြူတေငယ်သွေး။

၆။ ခြား-ကြား၊ ၊ရွေးခဲ့ခြား၍၊ သိကြားတမျှ ပြိုင်လာသလည်း။

---

မှတ်ချက်။ ။ရှေ့ဂဏန်းများဖြင့် ပုဒ်စဉ်နံပါတ်ကိုညွှန် ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



၉။ ခြည်-ကြည်၊ ၊စနရိပ်ခြည်၊ မည်သို့သည်မျှ၊ ဝင်းကြည်ငြိမ်မှတ်။

၃၆။ ခြည်း-ကြည်း၊ ၊ကျိုးနက်သံသာ၊ အာလှာဖြုတ်ခြည်း၊ ရင့်ရှုကြည်းသည်။

၆၃။ ခြိုက်-ကြိုက်၊ ၊တင့်စံနှစ်ခြိုက်၊ နေသောကြိုက်ဝယ်၊သောင်းထိုက်ရပ်သား။

၆၇။ စံ-ဆံ၊ ၊တူကြောင်းစံလည်း၊ မဆံဝေကြီး၊ တိမ့်ထပ်ဆီးသို့။

၁၀။ စက်-ဆက်၊ ၊မြေတော်စက်သို့၊ တင်ဆက်မတတ်၊တိမ်းမူးညွတ်လျက်။

၄၉။ စက်-ဆက်၊ ၊ရွှေနှယ်စက်သား၊ ဆက်ဆက်တိုင်းပင်၊ လွန်၍ကြင်သည်။

၆၇။ စက်-ဆက်၊ ၊ကုံးလားရွှေစက်၊ ထိမူးဆက်၏၊ ဘဝဂ်ရပ်သူ။

၁။ စုံ-ဆုံ၊ ၊နွဲ့မီတူစုံ၊ ဘုန်းချင်းဆုံကို၊ ကြေးမုံအသွင်။

၇။ စိုင်-ဆိုင်၊ ၊ဖြိုးထွေ မွမ်းစိုင်၊ သွယ်လုံးဆိုင်၊ သက်ပိုင်စိုးစေချင်တော့သည်။

၆။ ဆက်-စက်၊ ၊ရှိညွတ် ရည်ဆက်၊ ဖူးသည်ရက်ဝယ်၊ စိတ်စက်နှလုံး။

၃၃။ ဆင်-စင်၊ ၊မယ့်လက်စီရင်၊ ပန်ရဆင်အံ့၊ သို့စင်မြဲကြာ။

၄၂။ ဆို-စို၊ ၊သမ်းညှိုး တဆို၊ ငွေမ်းသည်ကိုလည်း၊ ရှမ်းစိုမပြေ၊

www.burmeseclassic.com

www.burmeseclassic.com



၄။ ဇူ-ဆူ၊ ၊သကျမဥ္ဆူ၊ထိန့်ရွှက်ဆူသား၊ ရှိပ်ဖြူ
မြွက်ရှင်။

၁၇၊ ညင်း-ငြင်း၊ ၊သာရလေး ညင်းညင်း၊ နှတ်
စောင်းငြင်းနှင့်၊ကခြင်းသံညီ။

၃၃။ ထက် တက်၊ ၊မှာသည်ထက်ကို၊ ဆတက်
ပွါးဖြန်၊ လလုံးလွှန်သော်။

၇။ ထင်-တင်၊ ၊တစ်ထစ်ရောင်ထင်၊ မြသိတင် ,
ဟု၊ ပလ္လင်ဖေါင်းကြည်။

၁၀။ နှောင်း-နှောင်း၊ ၊ခြောက် ယောက် နှတ်
နှောင်း၊ ပြာန္တနှောင်း
သည်၊ တပေါင်းရောက်
လျှင် မှတ် လိမ့်မည်။

၂၁။ ပေ-ပြေ၊ ၊စစ်ဝယ်ပေကာ၊ မပြေညှိုးခြောက်၊
မအောက်မေ့ရက်။

၃၂။ မျှ-မြ၊ ပျမြန်းမရှင်၊ ညှိုးရှပ်သွင်ကို၊မထင်
မပြု။

၅၂။ ပြာ-ဖြာ၊ ၊စိမ်းနုညှိုပြာ၊လွှတ်နှိုင်းသာသည်၊
သွယ်ဖြာညောင်သစ်မြ
တကား။

၉။ ပြစ်-ဖြစ်၊ ၊မပြောင်းကျိုးပြစ်၊ ကျွန်ုပ်ဖြစ်မူ၊
နှစ်သစ်မှဆန်း၊

၄၄။ ပျောက်-ဖျောက်၊ ၊ကြွင်းမဲ့ပျောက်အောင်၊
ဖျောက်စီနှံစေရှင့်၊
သမြေပြတ်ကိုး။

www.burmeseclassic.com

www.burmeseclassic.com



၁၉။ ဖြေ-ပြေ၊ ။အလဲ့ရစ်ဖြေ၊ သုံးလည် ခွေ၍၊ မပြေမည့်။

၆၂။ ဖြေ-ပြေ၊ ။ဆည်ဆည်ဖြေဖြေ၊ ပြေစိမ့် ဖြားယောင်း၊ ညွတ်ခွင့်တောင်းလည်း။

၄။ ဖျော်-ဖော်၊ ။မပြေဖြေဖျော်၊ တိုင်မြွက်ဖော်သည်၊ ဉာဏ်တော်သိစေချင်သော့ကြောင့်။

၄၁။ ဖျော်-ပျော်၊ ။ရှင်ကြောင်း ဖျော်၍၊ မပျော်ပိုက်ရာ၊ သာသနာကို။

၁။ ဖြာ-ပြာ၊ ။စက်ပတ် လျှံဖြာ၊ အရောင်ဝါလည်း၊ စိမ်းပြာရစ်လျက်။

၂။ ဖြိုး-ပြိုး၊ ။တက်ပျံဖြိုးဖြိုး၊ ပြိုးပြိုးပြောင်စက်၊ မတန့်ပြက်၍။

၂၁။ ဖြိုး-ပြိုး၊ ။ကုသိုလ်ရည်ဖြိုး၊ ထပ်၍ ပြိုးသည်၊ ချစ်ကြိုးတင်ညီ ညီစေသော။

၆၁။ ဘို့-ပို့၊ ။သခင့်ပန်ဘို့၊ စီရင်ပို့၍၊ စိမ်းညို့ရွက်ထပ်။

၃၁။ မဲ-မြဲ၊ ။ခြိမ်းမောင်း ရိုက်မဲ၊ ခါမှတ်ပဲလျှင်၊ လွမ်းမြဲကိုလျက်။

၆၆၊ မူး-မူး၊ ။လွမ်းဟန်မိန်းမူး၊ မပြောဘူးတည့်၊ ရှူးမူးလျှံဝေ။

၅၁။ မြေ-မျှ၊ ။တေရှင်သွယ်မြေ၊ စည်းစကပင်၊ သက်မြဲပေ။

၅၇။ မျှ-မျှ၊ ။စံရာနှိုင်းမျှ၊ မွတ်မွတ်လည်သည်၊ ဆွတ်မျှရှင်ဖော်မူလိမ့်မည်။

www.burmeseclassic.com



၃၆။ မြူ-မူ၊ ၊စွေ့ရေမေးမြူ၊ မိန့်တော်မူကား၊မဟူ ပွင့်ခက်။

၄၁။ မြည်-မည်၊ ၊ရုပ်ဆောင်ရွှာမြည်၊ ဟန်သာ ရည်၍၊ပျော်မည်အရာ။

၃။ မွတ်-မှတ်၊ ၊ပြောင်မြည်ညီမွတ်၊ လှည့်စားမှတ် ဖြင့်၊ဝတ်ပတ်ဝန်းဝန်း။

၆၀။ မှန်-မန်၊ ၊သိချင်အမှန်၊ ရှုံးနိုင်ဟန်ကို၊ ယမန်ကြောင်းရေး။

၆၃၊ ယ-ရ၊ ၊မင်းဘွယ်စိုးယ။သိကျွမ်းလှသည်၊နရ သံတည်။

၁၂။ ယူး-ရူး၊ ၊ထီဆိုက်ယူးယူး၊ မိုးညွှတ်ဦးဝယ်၊ သောက်ရူးရောင်ခြည်။

၂၀။ ယွက်-ရွက်၊ ၊စိတ်မယွက်တည့်၊မြရွက် မြိုက် ညွှန့်၊မဖြန့်လက်သင်။

၁၀။ ယိမ်း-ရှိမ်း၊ ၊ဆွတ်ပျံ့မယိမ်း၊ မရှိမ်းမသွယ်၊ အုံးဝယ်အာပ။

၉။ ရ-ယ၊ ၊သိပါရမှု၊ ခယတွေတွေ၊ ချေသော် ကျေ၏။

၁။ ရာ-ရာ၊ ၊ဘက်လွတ်စံရာ၊ရစ်သန်းဖြာသား၊ ရောရှက်ရုံ။

၅၆။ ရာ-ကျာ၊ ၊ဆက်စရာဟု၊ လက်ျာထပ်ဆင့်၊ ခိုင်လှောင့်ကို။

၁။ ရာ-ရှာ၊ ၊လှည့်ယူကြိုက်ရာ၊ရွေ့ရှာလည်း၊ စကြာရဟတ်။

www.burmeseclassic.com

www.burmeseclassic.com



၄၉။ ရာ-ရှာ၊ ၊နှုန်းဆိုစရာ၊လှည့်၍ရှာလည်း၊စကြာ
နှင့်ပင်။

၁၀။ ရှာ-ရာ။ ။တစ္ဆေရှာရှာ၊ နောင်ခြင်းရာကို၊
ဆယ်မြွာရှိလတ်။

၅၄။ ရှေး-ရေး၊ ၊မိတည်းရှေးလျှင်၊ အရေးကယ်
တူ၊ဖြည့်တော်မူလော့။

၅၂။ ရင်-ရှင်၊ ၊တာသစ်ရင်က၊ ကြွေးရှင်ဝတ်ချေ၊
ငှက်ပေါင်းရွှေနှင့်။

၃၀။ ရင်-ရှင်၊ ၊ပန်းလည်းသဘင်၊ ခါသင့် ရင်၍၊
မရွှင်သည်လည်း၊ ရှုဘွယ်ဖြိုး။

၅၇။ ရစ်-လျစ်၊ ၊လက်ျာရစ်လျက်၊ ကျစ်လျစ်ပင့်
သေး၊ခိုင်လုံးမွေးကို။

၄၃။ ရည်-ရည်၊ ၊ရစ်လည်းရည်လျက်၊မရည်ရက်ခဲ့၊
ကိုးမြက်လျှံဆုံး။

၆၃။ ရည်-ရှည်၊ ၊ကျေးမြရည်....ကျူးရှည်မြေခြား၊
နိုင်ငံပြားသည်။

၃၇။ ရှည်-ရည်၊ ၊ရက်များမရှည်၊ ပြန်လျှင်းမည်
ဟု၊မြရည်သက်ရှည့်။

၃၈။ ရှန်း-ယွန်း၊ ၊ပြာသာဒ်ပြောင်ရှန်း၊ မြို့ဘုံ
နန်းနှင့်၊ထောင့်ယွန်းရွှေဘက်။

၄၅။ ရောက်-ယောက်၊ ၊ထွတ်တိုင်ရောက်၍၊ နှစ်
ယောက်ယှဉ်ဖေါ်၊စုံကြ
သော်လည်း။

၁၄။ ရှိမ်း-ယိမ်း၊ ၊ရွှေကိုရှိမ်းရှိမ်း၊ ဖြစ်ခေမ်းကင်း
နေ၊ သွယ်ရွှေရှက်ညို့။

www.burmeseclassic.com

www.burmeseclassic.com



၆၂။ လဲ-လှဲ၊ ၊ထပ်မျှဖန်လဲ၊ကျွန်ဘာလှဲ၍၊ ဆက်ချစ်ဝန်။

၄၀။ လစ်-လျှစ်၊ ၊ကျူးရှည်မြင့်လစ်၊နှစ်ပင်ဖြစ်ခဲ့၊ ကျစ်လျှစ်ပျပျ။

၅၆။ လည်း-လှည်း၊ ၊ဖြိုရိုက်စည်လည်း၊လက်နက်လှည်းကာ၊သိမ်းဆည်းကုံးမြောင်။

၂၀။ လှပ်-လှပ်၊ ၊ခြောက်ပြစ် လပ်သား၊ ချည်းလှပ်ညှိဝါ၊မွတ်ပြာလဲ့လဲ့။

၂။ လျှား-ရား၊ ၊ပျံလှည့်လျှင်လျှား၊ ညီကျေးသားသည်၊ဘုရားသို့ရည်၊ရောက်လိမ့်မည်။

၃၇။ လှပ်-လပ်၊ ၊သတင်းပိတ်လှပ်၊ စိတ်တိုင်းထပ်လည်း၊ရင်လပ်ချမ်းအေး။

၂၀။ လွှတ်-လွှတ်၊ ၊ချောင်း ချောင်း လွှတ်လျက်၊ ကြွင်းလွှတ်မဲ့ဘူး၊တန်ပါဦးလော့၊

၂၆။ လျှော့-လျှော့၊ ၊ဆံကြာကွင်းမလျှော့၊ နေစတော့ရှင့်၊ကြင်လျှော့မှတ်မြွ။

၇။ လျှံ-လံ၊ ၊ဖြိုးပြည့်လလျှံ၊ ကြယ်နှယ်ရံလိမ့်၊ဘက်လံခြားဝေး။

၂၅။ လျှင်-လျှင်၊ ၊နယုန်သို့လျှင်၊ ရောက်မည်လျှင်ဟု၊မထင်ရှေ့ကာ။

၂၅။ လျှောက်-လျှောက်၊ ၊တုံ့ပြန်သောလျှော့၊ လျှောက်သရွှေပြည်း၊ လွမ်းနှုတထူး။

www.burmeseclassic.com

www.burmeseclassic.com


၃၉။ **လျှောက်-လျှောက်၊** ၊နားတော် မလျှောက်၊
ကြောက်လည်းကြောက်၏၊
မလျှောက်နေလည်း။

၆၁။ **ဝန်-ဖွန်၊** ၊ဆေးလေးကြောင်းဝန်၊ လျှောက်
လိုက် ဟန်ကို၊ဘုန်းဖွန်နတ်တူ။

၅၂။ **သာ-သာ၊** ၊မင်းလွှင်လေသာ၊ ဝန်းဆင်လာ
သည်၊မယ်သာပျောင်းရစ်စွတကား။

BURMESE CLASSIC

www.burmeseclassic.com